


တင်ပြုံး

# တက္ကသိုလ်တင်မြင့်

## မြောက်သို့လားသော်


စာမူခွင့်ပြုချက်အမှတ် — [illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — [illegible]

၂၀၁၁ ခုနှစ် မတ်လ

ဒုတိယအကြိမ်

တန်ဖိုး — ၁၀၀၀/

အုပ်ရေ — ၅၀၀ အုပ်

ထုတ်ဝေသူ — [illegible]

ပုံနှိပ်သူ — [illegible]

၈၉၅.၈၃

တက္ကသိုလ်တင်မြင့်

မြောက်သို့လားသော်/တက္ကသိုလ်တင်မြင့်၊ ရန်ကုန်။

ပေတနာစာပေ၊ ၂၀၁၁။

၃၄၈-စာ၊ ၁၂ x ၁၈ စင်တီ။

မြောက်သို့လားသော်


**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး






# တက္ကသိုလ် တင်မြင့်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## ၁

၁

အမှုးတော့ ပြေသေးသည့် မဟုတ်ပေ။

အလွန်အမင်း ရေပော်လာသောကြောင့်သာ နီးလာခြင်း ဖြစ်ပေမည်။

ရင်မှာပူ၍ ခေါင်းမှာ တစစ်စစ်ကိုက်ခဲလျက် ရှိနေသေးသည်။

လဲလျောင်းရာမှ ဖြည်းညင်းစွာ ထထိုင်လိုက်မိသည်။ မျက်လုံးများ ဖွင့်ကြည့်လိုက်မိသည်ဆိုလျှင်ပင် ကျွန်တော်၏မြင်ကွင်းဝယ် အဆန်းတကြယ်များကို တွေ့ရတော့သည်။

ကျွန်တော်သည် သခင်မြိုင်၏ အိပ်ခန်းထဲသို့ရောက်ရှိနေလေ၏။ သခင်မြိုင်သည် ကျွန်တော်၏ တရားဝင်ဇနီးပင်ဖြစ်ပါသည်။ ကိုယ့်ဇနီး၏ အခန်းထဲသို့ ကိုယ်ရောက်နေသည်မှာ အဆန်းတကြယ် ကိစ္စတစ်ရပ်ဟူ၍တော့ မဆိုစကောင်းပေ။

သို့သော် ...

ဇနီး သခင်မြိုင်နှင့် ကျွန်တော့်မှသည် ခတုတူမအိပ်ကြသည်မှာ သုံးလလောက်ပင် ရှိနေပေပြီ။ တစ်အိမ်တည်း အတူ

[illegible] ကိုယ့်အခန်း၊ သူ့အခန်း ခွဲအိပ်ခဲ့ကြ၏။ သာမန်အား [illegible] လင်မယား သဘောထားမတိုက်ဆိုင်သောကြောင့် [illegible] တိုတိုနှင့် လွယ်လွယ်ဖြေရပါမည်။

ယခုမူ ကျွန်တော်သည် ဓနီးသစင်မြင့် အိပ်ခန်းထဲသို့ရောက်နေလေပြီ။ ညက မူးမူးရူးရူးနှင့်မို့များ ကိုယ့်ဟာကိုယ်ဘာလုပ်မိမှန်းမသိသည့် အချိန်၌ သစင်မြင့်အခန်းသို့ ရောက်လာမိလေသလား မပြောတတ်။

ရှိစေတော့၊ ကိုယ့်အခန်းသို့ ကိုယ်ရောက်လာမိခြင်းသည် ဆန်းဆန်းကြယ်ကြယ်ဟူ၍လည်း မမှတ်ယူစကောင်းပေ။

ဆန်းကြယ်နေလေသည်မှာ ...

ကျွန်တော်ရော သစင်မြင့်ပါ အိစက်ညက်ညောသော ဖဲမွေ့ရာထက်တွင် မဟုတ်ကြဘဲ နှစ်ဦးစလုံး ကြမ်းခင်းပျဉ်ပေါ်၌ ရောက်နေခြင်းပင် ဖြစ်တော့သည်။

သစင်မြင့်ကို ကျွန်တော် ကြည့်လိုက်မိသည်။ ကျွန်တော့်ဘက်သို့ ကျောပေးထားပြီး ခွေခွေခေါက်ခေါက်လေး ရှိနေ၏။

အင်မတန် အကောင်းကြိုက်၊ အလှကြိုက်၊ အသန့်ကြိုက်ပြီး ဟန်ပန်နှင့် မာန်တွေကြီးလှသော သစင်မြင့်သည် မည်ပုံမည်နယ် အကျွတ်တရားတွေရ စိတ်ပြောင်းသွားလေသည်မသိ၊ ကျွန်တော်နှင့်အတူ ကြမ်းပြင်ထက်၌ပင် အိပ်စက်နေပေပြီ။ ကြမ်းပြင်ဖုန်မှုန့်ကပ်မည်စိုး အိမ်တွင်း၌ပင် ဖိနပ်မချွတ်တတ်သော သစင်မြင့်သည် ကြမ်းပြင်ပေါ်၌ပင် လဲလျောင်းဖော်ရနေပါလေပြီကော။



ပြောင်းလဲသွားသော ဓနီးသစင်မြင့်အား ကျွန်တော်သည် မြိုး၍ကြည့်နေမိသည်။ ပြီးမှ သူမ၏လက်မောင်းသားကလေးကို ဆုပ်ကိုင်ကာ လှုပ်၍နှိုးကြည့်မိတော့သည်။

တုတ်တုတ်မျှ မလှုပ်ပေ။ သစင်မြင့်၏ လက်မောင်းသားများသည် အေးစက်နေလွန်းသည်။ ကျွန်တော်သည် သစင်မြင့်အား ကျွန်တော့်ဘက်သို့ ဆွဲလှည့်လိုက်မိသည်။ ပက်လက်အနေအထားကို ရောက်သွား၏။

မြင်ကွင်းသည် ချောက်ချားစရာ ဖြစ်လာရတော့သည်။

သစင်မြင့်၏ရင်တစ်ခုလုံးမှာ ရဲရဲနီနေသည်။ ယခင်ကဆိုလျှင် လောက်ျားသားမှန်သမျှကို အလွယ်တကူ ညှို့ယူဖမ်းစားနိုင်စွမ်းသော ဤမျက်လုံးများသည် ယခုမူ အရောင်ပင်မထွက်တော့ပြီ။

သက်ရှိတို့၏ လှုပ်ရှားမှုမှန်သမျှ ရပ်ဆိုင်းသွားခြင်းကို ချုပ်ငြိမ်းခြင်းဟု ခေါ်ဆိုရပါလျှင် သစင်မြင့်သည် အသွေးမလှုပ်၊ အသားမလှုပ်၊ အကြောမလှုပ်ဖြင့် အပြီးအပိုင် ချုပ်ငြိမ်းလေပြီသာတည်း။

ကျွန်တော်သည် ရင်မှုနေပါသေးသည်။

သို့သော် ရေသောက်ရန် မေ့သွားပါလေပြီ။ ခေါင်းမှာလည်း ကိုက်နေပါသေး၏။

သို့သော် အမူးတော့ လုံးဝပြေချေပြီ။

ကျွန်တော်၏ လက်တစ်ကမ်းအကွာ၌ ရှိနေလေသည့် သေနတ်ပြားကို ကောက်ယူကြည့်မိပြန်သည်။ ကျွန်တော်

လိုင်စင်နှင့် ကိုင်ဆောင်သော ဒသမသုံးနှစ် ဂျာမန်မော်စာပစ္စတို ကလေးပင် ဖြစ်ပါသည်။

ပြောင်းဝကို နမ်းကြည့်မိသည်။

ယမ်း၏ဒြပ်နံ့ ထွက်နေဆဲပင်။ မဂ္ဂဇင်းကျည်ကတ်ကို ဖြုတ်ကြည့်ပြန်သည်။ ငါးတောင့်သာ ကျန်ရှိကြောင်း တွေ့ရ၏။ နှစ်တောင့်သော ကျည်ဆန်သည် လျော့နေပါပြီတည်း။

ဤနှစ်တောင့်သောကျည်၏ ထိပ်ဖူးဆန်များသည် သစင်မြင့်၏ ရင်ထဲဝယ် နီအောင်းနေလေပြီး ထင်ပါတော့သည်။

ကိုယ့်ဟာကိုယ်ပင် သံသယများ ဖြစ်လာ၏။

ကျွန်တော်ကိုယ်တိုင်များ ဇနီးသစင်မြင့်ကို ပစ်သတ်မိလေပြီလား။ သစင်မြင့်အား ကျွန်တော်က အသေပစ်သတ်ချင်လောက်အောင် သစင်မြင့်၌ အကြောင်းပြစ်ချက်တွေကော ရှိလေသလား။

လုံလုံလောက်လောက်ပင် ရှိနေပါ၏။

သစင်မြင့်ကဲ့သို့သော ဇနီးတစ်ယောက်အပေါ်တွင် မည်သည့်လင်ယောကျ်ားကမဆို အသေပစ်ချင်မည်မှာ မလွဲကေန် ရှိနေပါတော့သည်။

သို့သော် လူသတ္တဝါဆိုသည်မှာ ချုပ်တည်းခြင်းနှင့် ဟန်ဆောင်ခြင်း အတတ်ပညာများကို တတ်ကျွမ်းနားလည်လေသည့် သတ္တဝါတစ်မျိုးပင် ဖြစ်ပါ၏။

ဤအတတ်ပညာများကို မေ့လျော့သွားတတ်သူမှာ အရူးသာလျှင် ဖြစ်သည်။

သို့မဟုတ်ပါက အမူးသမားသာလျှင်တည်း။



ညဥ့်ဦးပိုင်းက ကျွန်တော်သည် အမူးသမားဖြစ်ခဲ့ပါသည်။ ဖွဲ့ခဲ့သောဝိုင်းကို ကျွန်တော် ပြန်လည်စဉ်းစားမိ၏။

ဝိုင်း၏ကာမှာ ကိုစိန်လှမောင်ပင်။ သူ့၌ဝှိုက်လေဘယ်(လ်)နှစ်လုံး ရရှိထားသဖြင့် ဆွဲယူလာခဲ့သည်။

ဝိုင်းတော်သားများသည် မြို့နယ်စိုက်ပျိုးရေးအရာရှိ ကိုကျော်သူ၊ ခရိုင်စိုက်ပျိုးရေးအရာရှိ ကိုသိန်းဖံ၊ ကိုတင်အောင်လွင်နှင့် ကျွန်တော် ဆောက်လုပ်ရေးမှ အင်ဂျင်နီယာ ကိုခင်မောင်သက်တို့ ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် တစ်ခါတစ်ရံ ဤသို့ပင် ဝိုင်းဖွဲ့တတ်ကြပါသည်။ ဝိုင်းဒကာမှာ အလျဉ်းသင့်သလို တစ်ယောက်တစ်လှည့် ဖြစ်ပါ၏။

ယနေ့ညဥ့်ဦးပိုင်း၌ ကျွန်တော့်အိမ်တွင် ဝိုင်းကြသည်။ ဝိုင်း၏ဦးတည်ချက်မှာ ကျွန်တော်နှင့် ဇနီး သစင်မြင့်တို့ အစေးမကပ်သည်ကို ဇေ့စပ်ပေးရေးအတွက်ဟု ဆိုကြပေသည်။

ကျွန်တော်နှင့် သစင်မြင့်၏ မပြေမလည်ကိစ္စများကို သူတို့ထဲ၌ ကိုတင်အောင်လွင်ကမှ သိလောက်ပါမည်။ ဤသူများထဲတွင် သစင်မြင့်အား ပတ်သက်ခဲ့သူမှာ ကိုတင်အောင်လွင်ပင် မဟုတ်ပါလား။

ဝှိုက်လေဘယ်(လ်)ပုလင်းကြီးနှစ်လုံးကို လူငါးယောက် မြိုကြရာဝယ် တစ်ပုလင်း ကုန်သွားပြီ။ နောက်တစ်ပုလင်းအကူးတွင် တော်တော်ပင် ရေချိန်ကိုက်နေကြပြီဖြစ်၏။

ငင်းအချိန်ထိ ကျွန်တော်သည် သတိလက်မလွှတ်သေးပေ။ ဇေ့စပ်ရေးသမားများသည် သစင်မြင့်အား ခေါ်ကြပါ

သည်။ သစင်မြိုင်သည် သူမ၏အခန်းထဲမှ ထွက်မလာခဲ့ပေ။ စေ့စပ်ရေးကို လက်မခံသော အသွင်သာ ဖြစ်ပါ၏။

ကျွန်တော်ကတော့ ...

"လုပ်မနေကြပါနဲ့တော့ဗျာ"

ဟုသာ ရှက်ရှက်နှင့် ပြောနေကြောင်း သတိရမိသည်။

ဝိုင်းတွင် တင်အောင်လွင်သည် ရှိုထားပေ၏။ သူများနှစ်ခွက်ကုန်၍ သူက တစ်ခွက်မကုန်တတ်သေး။ ကိုတင်အောင်လွင်သည် ဝိုင်းမှထကာ နောက်ဖေးဘက်ဆီသို့လည်း မကြာခဏ ထသွားတတ်သည်။ အဲဒီအထိ ကျွန်တော် သတိရနေသေးပါ၏။

ထို့နောက် ဒုတိယပုလင်းအရှိန်ကောင်းလာပြန်သည်။

သစင်မြိုင်က ထွက်မလာသောအခါ သူတို့သည် ကျွန်တော့်အား သစင်မြိုင်၏အိပ်ခန်းဆီသို့ အတင်းတွဲထုကာ ပို့ပေးသည်။ သစင်မြိုင်၏ အိပ်ခန်းဆီသို့ အတင်းတွဲထုကာ ပို့ပေးသည်။ သစင်မြိုင်သည် အခန်းတံခါး ချက်မချထား၍ အထဲသို့အထိ ကျွန်တော် ရောက်ခဲ့သည်ထင်၏။

ငင်းနောက်တော့ ကျွန်တော် ဘာမှမသိပါလေတော့။

ဘာမှမသိတော့အောင်ပင် ကျွန်တော် မူးခဲ့သည်။

အမူးသမားတွင် ချင့်ချိန်ပြီးမှ ချုပ်တည်းထားရသည့် ချုပ်တည်းခြင်းများ ရှိပါသေး၏လော။ ဟန်ဆောင်ခြင်းများတော့ ရှိနိုင်ပါဦးမည်လော။

ကျွန်တော်သည် ချုပ်တည်းခြင်းများ ကင်းကွာပြီး ဟန်ဆောင်ခြင်းများ ပျက်ပြယ်ရလေသော အမူးသမားစစ်စစ်ဖြစ်သွားခဲ့ရပြီ ထင်ပါသည်။



ဇနီး သစင်မြိုင်ကို ကျွန်တော်က ကျေနပ်ခဲ့သည်လည်းမဟုတ်။

သစင်မြိုင်တွင် သန္ဓေသား ရှိပါပြီဆိုသည့် အချိန်မှစ၍ သစင်မြိုင်အား ကျွန်တော်သည် မသတီတော့ပေ။ ယခု သစင်မြိုင်တွင် သန္ဓေသား သုံးလရှိနေလေပြီ။

ဤသန္ဓေသား ရသည့်အချိန်မှစ၍ သစင်မြိုင်ကို ကျွန်တော် မုန်းသည်။

သတ်ပစ်ချင်လောက်အောင်ကို မုန်းသည်။

ဤသန္ဓေသားသည် ကျွန်တော်နှင့် လားလားမျှမဆိုင်။

အဘယ်ကြောင့်ဆိုသော် ထိတ်ထိတ်ကြဲ ဆရာဝန်ကြီးများထံ ကျွန်တော်သည် သားသမီးလိုချင်၍ ချဉ်းကပ်ခဲ့လေသည်။ ဆရာဝန်ကြီးများ၏ တညီတည်းသောအဖြေမှာ ကျွန်တော် မည်သည့် အမျိုးသမီးနှင့်မဆို သန္ဓေသား ရရှိနိုင်သူတစ်ဦးမဟုတ်ကြောင်းပင် ဖြစ်ပါလေတော့၏။

ကျွန်တော်သည် ယောက်ျားအမြဲပေတည်း။

ဤအချိန်ဝယ် သစင်မြိုင်သည် တင်အောင်လွင်နှင့် တတွဲတွဲ ဖြစ်နေသည်။ တင်အောင်လွင်သည် ရုပ်ဖြောင့်၏။ ဖြောင့်လိုက်သည်မှ တင်အောင်လွင်ကို ယောက်ျားချင်းကပင် နှစ်ခါလောက် ပြန်ကြည့်ရသော ရုပ်မျိုးဖြစ်သည်။ အပြောအဆိုမှာလည်း ညင်သာသည်။ မိန်းမကြိုက် အပြောမျိုးဖြစ်၏။

သစင်မြိုင်သည် အလှကြိုက်၊ အကောင်းကြိုက်၊ အချောကြိုက်။

တင်အောင်လွင်က ရုပ်ချော အပြောကောင်း။ ထို့ပြင် မိန်းမသုံး မိန်းမကြိုက် ပစ္စည်းများတွင် နှံ့စပ်သည်။ နိုင်ငံခြားလုပ် ကောင်းမွေ ညွှန့်မွေ မိန်းမသုံး မိန်းမကြိုက်ပစ္စည်းများ ရှာတတ် ဖွေတတ် ပေးကမ်းတတ်ပေသည်။

တင်အောင်လွင်အား သစင်မြိုင်သည် မျက်နှာသာပေးလွန်း၏။ ကျွန်တော် သံသယဖြစ်မိသည်။

သစင်မြိုင်သည် ကျွန်တော့်ဘာသာ ဆရာဝန်ကြီးများထံ အစမ်းသပ်ခံထားဖူးကြောင်း လုံးဝသိထားခြင်း မရှိခဲ့ပေ။

ထို့ကြောင့်ပင် လွန်ခဲ့သော သုံးလက သူမ၌ သားသားလေး ရတော့မည်ဟု ဆိုလာခဲ့သည်။

တုန်လှုပ်ရသူမှာ ကျွန်တော်ပင်။

ကျွန်တော်နှင့် သစင်မြိုင် အကြီးအကျယ် စကားများရတော့သည်။ ကျွန်တော့်ရင်ထဲဝယ် ခံပြင်းလိုက်ရသည့်ဖြစ်ခြင်း။

ဤသန္ဓေသားသည် ကျွန်တော်၏ သန္ဓေသားပင်ဖြစ်ကြောင်း သစင်မြိုင်က ခွတ်အစမ့ ခွဲချက်တင်လာသည်။

နောက်ဆုံး ကျွန်တော်သည် ဘယ်သောအခါမှ သန္ဓေသား မပေးစွမ်းနိုင်သော ယောက်ျားအမြုံဖြစ်ကြောင်း ပြောပြလိုက်တော့သည်။

ဤအချက်များကပင် ကျွန်တော်သည် သစင်မြိုင်အား သတ်ပစ်ရန် အကြောင်းအချက် လုံလောက်လျက် ရှိပါသည်။ သို့တိုင် ကျွန်တော် ချုပ်တည်းရပါ၏။ အခြားတစ်ပါးသော ယောက်ျားနှင့် ဖောက်ပြန်လေသော စနီးမယားအား အဘယ် ယောက်ျားသည် မခံပြင်းဘဲ နေပါမည်နည်း။



သို့သော် ကျွန်တော်သည် ချုပ်တည်းခဲ့ပါသည်။

ယင်းသည့်တိုင် ညက သတိကင်းလွတ်အောင် မူးသွားခဲ့လေပြီး ချုပ်တည်းစိတ်ကင်းကာ ကျွန်တော်သည် သစင်မြိုင်အား ပစ်သတ်မိခဲ့လေသလား။

ကျွန်တော်သည် ပစ္စတိုသေနတ်ပြားကလေးကို ငေးကြည့်နေမိသည်။ ဤသေနတ်ကလေးသည် ကျွန်တော်အိပ်သောအိပ်ခန်း၏ ခေါင်းအုံးအောက်၌ ထားလေ့ရှိသည်။ ညက စုံစမ်းရေးဝိုင်းတော်သားတွေက ကျွန်တော့်အား သစင်မြိုင့်အခန်းထဲသို့ တွန်းပို့ကြစဉ်က ကျွန်တော့်တွင် ဘာသေနတ်မှ မရှိခဲ့သည်ကိုလည်း သတိရနေမိသည်။

ကျွန်တော်သည် သစင်မြိုင်၏ အခန်းထဲ ရောက်ပြီးလေမှ တစ်ဖန်ထွက်ကာ ကျွန်တော့်အခန်းမှ သေနတ်ကို သွားယူခဲ့ပြီး သစင်မြိုင်အား ပစ်သတ်မိခဲ့ခြင်းပေလား။ သို့မဟုတ်လျှင် ...

သစင်မြိုင်သည် သူမဘာသာ ပစ်သတ်လေသလား။

ကိုယ့်ကိုယ်ကိုယ် သတ်သေသူများသည် သေလွယ်လောက်သော နားထင်သို့လည်းကောင်း၊ သို့မဟုတ် ပါးစပ်ဖြင့် ပြောင်းကိုငုံ၍လည်းကောင်း ပစ်တတ်ကြသည်။ ထို့ပြင် ပထမတစ်ချက် ထိပြီးသည့်နောက် နောက်တစ်ချက် ထပ်မံမောင်းဆွဲနိုင်ပါဦးမည်တဲ့လား။ ယခုမူ ရင်ဘတ်တွင် နှစ်ချက်ဆင့်၍ပစ်ထားသည်။

ယင်းသို့ဆိုလျှင်တော့ သစင်မြိုင်သည် သူ့ကိုယ်သူ သတ်သေခြင်း မမည်တန်ရာ။ ကျွန်တော်ပင်လျှင် မူးမူးရူးရူးနှင့် ပစ်ခဲ့မိလေသလား။

မည်သို့ဆိုစေ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကို နီးသခင်မြိုင်အား ပစ်သတ်မိသည်ဟု တိတိပပ ယူဆရန်ခက်ခဲနေစေကာမူ အများအမြင်နှင့် ဥပဒေ၏ကမူ ကျွန်တော်သာလျှင် လူသတ်သမားဟု စွဲချက်တင်ပေလိမ့်မည်။

သေဆုံးသူ သခင်မြိုင်နှင့် ကျွန်တော်သည် အခန်းတွင်းဝယ် နှစ်ယောက်တည်း ရှိကြသည်။

သေသူ သခင်မြိုင်၏ရင်ထဲမှ ကျည်ဖူးများသည် ကျွန်တော့်ပစ္စတိုမှ ကျည်ဖူးများ ဖြစ်နေလေကြောင်း ဓာတ်ခွဲပါရဂူက ထောက်ခံပေလိမ့်မည်။

သေနတ်ပေါ်တွင် ကျွန်တော်၏လက်ပုံစံသည်အထင်ကရ ရှိနေပေလိမ့်မည်။

အခင်းဖြစ်စဉ်က ကျွန်တော်သည် အမူးသမားသက်သက် ဖြစ်နေကြောင်း အရက်ဆိုင်းတော်သားတွေကပင် ထွက်ဆိုကြမည်ထင်သည်။

နီးသခင်မြိုင်နှင့် ကျွန်တော်သည် မသင့်မမြတ်ရှိနေခဲ့ကြောင်း ကျွန်တော့်အပေါင်းအသင်းများက သိနေကြသည်။

ထိုထက် ... ထိုထက်မူ ကျွန်တော်ကိုယ်တိုင်ပင်လျှင် သခင်မြိုင်အား ပစ်၍သတ်မိသည်၊ ပစ်၍မသတ်မိသည်ကို မဝေခွဲနိုင်အောင် ဖြစ်နေရသည်။

ကျွန်တော် မည်သို့တရားခွင်ဝယ် ခုခံပါမည်နည်း။

ကြိုးနှင့် ကျွန်းသည် ကျွန်တော့်အား ဖိတ်ခေါ်လျက်ရှိပေပြီ။

ကျွန်တော် ဘာလုပ်မည်နည်း။



အဖမ်းခံမည်လား။ ကျွန်တော်ကိုယ်တိုင် သတ်ပစ်မိကြောင်း သေချာလျှင်တော့ ကျွန်တော်သည် အဖမ်းခံလိုက်ရန် ဝန်လေးမည် မဟုတ်ပါ။ ယခုမူ နဝေတိမ်တောင်နှင့် ကျွန်တော့်ဘာသာပင် မသေချာ။

ကျွန်တော်သည် ကျွန်တော်၏အိပ်ခန်းဘက်သို့ ပြန်ကူးသွားမိသည်။

မီးခံသေတ္တာကို ဖွင့်လိုက်မိ၏။

မီးခံသေတ္တာထဲဝယ် နှစ်ရာတန်နှစ်အုပ်နှင့် တစ်ရာတန်တစ်အုပ် တွေ့ရသည်။ အားလုံးကို ယူလိုက်၏။

ခရီးဆောင်စစ်တပ် အဝတ်သေတ္တာကို ဗီရိုပေါ်မှ ချယူလိုက်သည်။

ဗီရိုထဲမှ ကျွန်တော်၏အဝတ်အစားတချို့ကို သေတ္တာထဲသို့ ထည့်လိုက်၏။

သေတ္တာဆွဲ၍ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

ဧည့်ခန်းစားပွဲပေါ်ရှိ ကားသော့ကို ယူလိုက်သည်။ စာကြည့်စားပွဲ၌ စာရေးစက္ကူကတ်ကို ဆွဲယူလိုက်ပြန်၏။ စာအနည်းငယ် ရေးချလိုက်သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ခင်ဗျား ...

လေးစားစွာ အစီရင်ခံခဲ့ပါသည်။ နီး သခင်မြိုင်ကို ကျွန်တော်ကိုယ်တိုင် သတ်မိသည်ဟု ကျွန်တော် ဝန်မခံနိုင်ပါ။ ကျွန်တော် မသတ်ပါဟုလည်း မငြင်းဆိုရပါ။ ညက အဖွဲ့နှင့်အတူသောက်ပြီး မူးကြသည်ကိုတော့ ကျွန်တော် မှတ်မိနေပါသည်။

မသေချာသော လူသတ်မှုအတွက် ကျွန်တော်အဖမ်း မခံလိုပါ။ တိတိပပ မည်သူသတ်မှန်း မသိရမီ စပ်ကြား ကျွန်တော် အသက်ရှိလိုပါသေးသည်။

အကယ်၍ ကျွန်တော်ကိုယ်တိုင် သတ်မိသည်ဟု ကျွန်တော့်ဘာသာ ယုံကြည်သောနေ့တွင် ကျွန်တော် ကိုယ်တိုင် လာရောက်အဖမ်းခံပါမည်။

လေးစားစွာဖြင့်

ခင်မောင်သက်"

ဖွင့်လျက်သားပင် စာကိုထားကာ ဖိတုံးတစ်ခုဖြင့် ဖိထားလိုက်သည်။

ထို့နောက် နာရီကို ကြည့်လိုက်၏။

ညဆယ်နာရီ ရှိပါချေပြီ။ ညှော်ခန်းထောင့်ရှိ တယ်လီဖုန်းကို ကောက်ယူကာ သစင်မြိုင်၏မိဘဖြစ်သော ဦးဘမြိုင်နှင့် ဒေါ်သက်မေ၏အိမ်သို့ ဆက်သွယ်လိုက်တော့သည်။

• ❀ •

ရက်စက်ရာတော့ ရောက်သည်။

လွှသားမဆန်သော အသွင်လည်း ရှိနေပါသည်။

သို့သော် မတတ်နိုင်ပေ။ သစင်မြိုင်၏အလောင်းကို ဤအတိုင်းပင် ထားခဲ့ရသည်။ သစင်မြိုင်၏ ဂုဏ်ခြပ်ကြီးလှသော မိဘနှင့် ဆွေမျိုးအသိုင်းအဝိုင်းတို့သည် သစင်မြိုင်အား လုပဗ္ဗာ သဂြိုဟ်ကြပါလိမ့်မည်။



ဤဂုဏ်ခြပ်ကြီးလှသော တောင်ငူမြို့ကြီး၏ မျက်နှာဖုံး သစင်မြိုင်၏မိဘနှင့် ဆွေမျိုးအသိုင်းအဝိုင်းကပင် ကျွန်တော့်အား ကျူးသွင်းကာ သစင်မြိုင်နှင့် နေရာချထားခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်တော်သည် တစ်ကောင်ကြွက် ဖြစ်ပါ၏။

မိရယ် ဖရယ် ကျွန်တော့်တွင် မရှိတော့ပြီ။ ဦးလေးမှဆိုးဖို ဌာနခွဲစာရေးကြီးက ကျွန်တော့်အား ကျောင်းထားပေးခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်ရောက်သည့်နှစ်မှစ၍ ကျွန်တော်သည် စတိုင်ပင် ထောက်ပံ့ကြေးရခဲ့သည်။ ထိုထောက်ပံ့ကြေးတွင် ဦးလေးက လိုသည်ကို ဖြည့်စွက်ရင်းဖြင့် အင်ဂျင်နီယာ အောင်ခဲ့သည်။

ကျောင်းမှထွက်ပြီးနောက် ဆောက်လုပ်ရေးတွင် လက်ထောက်အင်ဂျင်နီယာရာထူးကို ရခဲ့၏။ ရန်ကုန်တွင် သုံးနှစ်နီးပါး အမှုထမ်းခဲ့ရပြီးနောက် တောင်ငူသို့ ပြောင်းရွှေ့လိုက်ခြင်း ဖြစ်သည်။

တောင်ငူမြို့သည် ကျွန်တော့်အတွက် စိမ်းနေလေသည်။ အသိအကျွမ်းပင် မရှိ။

ဤတွင် သစင်မြိုင်၏မိဘများဖြစ်သော ဦးဘမြိုင်နှင့် ဒေါ်သက်မေတို့က ကျွန်တော်နှင့် ဆက်သွယ်မိကာ ကျွန်တော့်အား ရှေ့တန်းတင်ပေးကြသည်။ သူတို့တွင် သစ်စက်တစ်လုံးရှိသည်။ သစ်တင်လော်ရီကား ခြောက်စီးရှိသည်။ ငွေကြေးသည် သူတို့၌ လိုသည်ထက် ပိုနေသည်။ ကျွန်တော်၏စားဝတ်နေရေးသာမက ပေါင်းသင်းဆက်ဆံရေးကိုပင် သူတို့က တာဝန်ယူခဲ့သည်။

တောင်ငူတွင် နပျိုသော တစ်ကိုယ်ရေသမား အင်ဂျင်နီယာအဖြစ် ကျွန်တော့်မှာ မျက်နှာပွင့်ရသည်။

ဦးဘမြင့်နှင့် ဒေါ်သက်မေ၏ တစ်ဦးတည်းသော သမီးမှာ သစင်မြင့်ပေတည်း။

စာမေးပွဲကို နှစ်နှစ်ဆက်ကျထားလေသော သစင်မြင့်သည် ကျောင်းတက်လျှင် ကရင်ပတ်(ဖ)လိမ်းခြယ်ပြီးမှ တက်သည်။ ယနေ့ ပုလဲတစ်ဆင်စာဝတ်လျှင် မနက်ဖြန် မြတစ်ဆင်စာဝတ်သည်။ တနလ်ာမှ သောကြာတိုင်အောင် တစ်ဆင်စာသည် နှစ်ရက်ထပ်၍ မသားပေ။ သစင်မြင့်တွင် တစ်ဆင်စာပေါင်းများစွာ ရှိသည်ထင်ပါ၏။

မည်သို့ဆိုစေ နှစ်နှစ်ဆက်၍ စာမေးပွဲ ရှုံးလာသော အခါ၌ကား ကျောင်းဥပဒေသည် သစင်မြင့်အား ခွင့်းချက်မထားပေ။ ကျောင်းမှ ထွက်ရသည်။

ဤအချိန်တွင် ကျွန်တော်သည် ဆောင်ငှရောက်စ ဖြစ်သည်။ သစင်မြင့်၏မိခင် ဒေါ်သက်မေက ကျွန်တော်၏ရှေ့ဝယ် မြူးသံပါအောင် ညည်းပြလေတော့သည်။

"ခက်ပါတယ် မောင်ခင်မောင်သက်ရယ်"

အစပျိုးခြင်းပင် ဖြစ်ပါ၏။

"မိဘကချမ်းသာလို့ တစ်သက်လုံး ပူစရာမရှိဘူးထားဦး၊ ခေတ်အလျောက် သမီး ဝှဏ်ငယ်ရှာမှာပေါ့ကွယ်"

"ကျူရှင်တွေ ရှိနေသားပဲ ဒေါ်ဒေါ်"

"သမီးက မတက်ချင်ဘူးကွယ့်၊ ရှက်တယ်တဲ့၊ နှစ်နှစ်ကျဲ လို့ ရှက်သတဲ့လေကွယ်"

"ဒါဖြင့် အိမ်မှာပဲ ဆရာတစ်ယောက်လောက်နဲ့ ကျူရှင် ယူပါစေပေါ့ ဒေါ်ဒေါ်၊ ပြင်ပဖြေပေါ့"



ဒေါ်သက်မေက ဖြူးဖော်ရလာတော့၏။

"အဲဒါကိုပဲ မောင်ခင်မောင်သက်နဲ့ တိုင်ပင်ချင်တာပေါ့ ကွယ်၊ ဒီပြင်ဆရာကို ခေါ်သင်ဖို့ကလည်း သူ့အဖေက သဘောမကျလှဘူး၊ ပြီးတော့ သမီးက သူညံ့တာ အင်္ဂလိပ်စာနဲ့သချာ နှစ်ဘာသာတည်းပါတဲ့လေ"

ကျူရှင်ဆရာကို ခေါ်လိုလျှင် ကျူရှင်ဆရာအတွက် ဆရာမတစ်ယောက်ကို ခေါ်သင်ရင် ရသားပဲဟု၍တော့ ကျွန်တော် ပြောချင်သည်။ သို့သော် ကျွန်တော့်မှာ အပြောရခက်နေသည်။

"ဒီတော့ အင်္ဂလိပ်စာနဲ့သချာကို မောင်ခင်မောင်သက်ကပဲ သင်ပေးပါလားကွယ်၊ အချိန်ရယ်လို့ မကန့်သတ်နဲ့ပေါ့။ မောင်ခင်မောင်သက် အားလပ်တဲ့ အချိန်မျိုးပေါ့ကွယ်"

ကျွန်တော့်အငြင်းရခက်ပါသည်။ သူတို့ကျေးဇူးတွေက ကျွန်တော့်အပေါ်၌ တင်ရှိနေသည်။ ကျေးဇူးဆိုသည်မှာ သိတတ်သူများအတွက် ပြန်လည်တုံ့ပြန်ပေးရတတ်ပါ၏။

ထို့ပြင် ဝန်ထမ်းတစ်ဦး၏ အားလပ်ချိန်ဆိုသည်မှာ ညပိုင်းသာလျှင် မဟုတ်ပါလား။

ဆင်ကွက်မှာ ရှုံးပါ၏။ သို့သော် ထိရောက်ပေသည်။

မိမိနဂိုရင်းထက် သာလွန်ပိုမိုအောင် ဆင်ယင်ခြယ်သ တတ်သော သစင်မြင့်သည် ကျွန်တော့်အား အချိန်တိုတိုမှာပင် သို့ယူနိုင်ခဲ့တော့သည်။

သစင်မြင့်သည် ကျွန်တော် သင်ပြသော စာရွက်ပေါ် ၊ ကိန်းဂဏန်းနှင့် စာလုံးကလေးများကို မကြည့်။ ကျွန်တော့် ကိုသာ ကြည့်နေတတ်သည်။

ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို ကျွန်တော် ဘာမျှမသိလိုက်။ သစေင်မြိုင်အား ချစ်စကားလည်း တစ်ခွန်းမျှ မဆိုမိ။ ချစ်စာဆိုကလည်း တစ်လုံးမျှ မသီကုံးမိ။

လွှာပုံပြစရာ ကျွန်တော့်တွင် အာကာမရှိခဲ့ရိုး အမှန်ပါ။ မင်ရည်ဖျော်ရန် သမုဒ္ဒရာကိုလည်း ကျွန်တော် မတွေ့ခဲ့ပါ။ မေယုစုတ်တံကိုလည်း ကျွန်တော် စဉ်းပင်မစဉ်းစားခဲ့။

တစ်ညတွင် ဖြစ်ပါ၏။

ထုံးစံအတိုင်း စာကြည့်စန်းဝယ် သစေင်မြိုင်နှင့် ကျွန်တော် နှစ်ယောက်တည်းသာတည်း။ သစေင်မြိုင်၏ ဖိတ်ခေါ်ချက်များသည် ထိရောက်လွန်းနေသည်။ တက်ကြွလွန်းလာသော ကျွန်တော်၏စိတ်ကို ကျွန်တော် မထိန်းနိုင်တော့ပေ။

တစ်လုံးသော စကားကိုမျှ မဆိုဘဲ ကျွန်တော်သည် သစေင်မြိုင်အား ကျွန်တော့်ရင်ခွင်ထဲသို့ ဆွဲယူလိုက်မိသည်။ အမွှေးအပိုက်၊ အပွတ်အသပ်၊ အနမ်းအရှုပ်များ၏ အာရုံဝယ် ကျွန်တော် လုံးလုံးလျားလျား နစ်မြုပ်ခဲ့တော့သည်။

နောက်တစ်နေ့နံနက် လက်ဖက်ရည်ဝိုင်းတွင် ...

"အေးကွယ် ... မင်းတို့ လူငယ်ချင်း ဖြစ်ပြီးမှတော့ တို့က ကောင်းအောင် စီစဉ်ပေးရုံပေါ့"

ဟုသာ ဒေါသက်မေက နိဂုံးချုပ်လိုက်လေသည်။

သစေင်မြိုင်နှင့် ကျွန်တော် မောင်ခင်မောင်သက်တို့၏ လက်ထပ်ထိမ်းမြားခြင်းသည် တောင်ငူတွင် စည်ကားလှပါသည်။

ဤသည်မှစ၍ သစေင်မြိုင်နှင့် ကျွန်တော်သည် အကြင်လင်မယား ဖြစ်ခဲ့ရသည်။



ချစ်ခြင်းမေတ္တာကို အရင်းမတည်ခဲ့သော အိမ်ထောင်ဘဝ်စုဟု ဆိုလျှင်လည်း ဆိုပါလေတော့။ ကျွန်တော် အိမ်ထောင်ကျပုံကတော့ လွယ်လိုက်သည့်ဖြစ်ခြင်း။

● ❀ ●

## ၂

တောင်ဘက်သို့မောင်းလျှင် ရန်ကုန်။
မြောက်ဘက်သို့မောင်းလျှင် မန္တလေး။

ကျွန်တော်သည် တောင်ငူမြို့၏ ရန်ကုန်-မန္တလေး ကတ္တရာလမ်းမကြီးပေါ်သို့ ရောက်နေပြီ ဖြစ်တော့သည်။

မြောက်ဘက်သို့ မောင်းထွက်လာမိသည်။

ဓာတ်ဆီနှင့် စက်ဆီကိုရသည့် နေရာတွင်ဖြည့်ကာ တစ်ညလုံး ကျွန်တော် မောင်းလာခဲ့သည်။

မန္တလေးသို့ ကျွန်တော်သည် အရုဏ်ဦးသာသာတွင် ရောက်လာခဲ့သည်။ မန္တလေးတွင် ကျွန်တော်၏ကျောင်းနေဖက်များတော့ ရှိပေသည်။ မန္တလေးလမ်းများသည် ကျယ်၍ရှည်လွန်းလှ၏။ ပြီး မိတ်ဆွေသူငယ်ချင်းများ၏ နေရပ်လိပ်စာကိုလည်း ကျွန်တော် မမှတ်မိ။ မှတ်မိသည် ဆိုစဦးတော့ ဤလမ်းကျယ်လမ်းရှည်ကြီးများတွင် ကျွန်တော် မရှာဖွေတတ်ပါချေ။

ထို့ပြင် ကျွန်တော်သည် လက်ရှိအခြေအနေအရ မျက်နှာသိများထံ မသွားသင့်ပေ။ သခင်မြိုင်အား ကျွန်တော်ကိုယ်



တိုင် သတ်မိလေသလား၊ မသတ်မိလေသလားလည်း မသေချာသေး။

မည်သို့ဆိုစေ ကျွန်တော်၏ လက်ရှိအခြေအနေမှာ လူသတ်ဝရမ်းပြေး အသွင်သာလျှင် ဖြစ်ပါလေ၏။ ကျွန်တော့်အဖို့ ကျွန်တော့်အား မသိကျွမ်းလေသည့် အရပ်ဒေသ တစ်ခုခု၌သာ ခေတ်မြုပ်နေသင့်သေးသည်။ ရဲက ကျွန်တော့်အား ဖမ်း၍မမိလေသေးသည်နှင့်အမျှ ကျွန်တော် အသက်ရှင်နိုင်ပါသေးသည်။

သတ္တဝါတိုင်းသည် ကိုယ့်အသက်ကို စင်တွယ်တာကြသည်ချည်းပင် မဟုတ်ပါလား။ ထိုအထဲတွင် လူသတ္တဝါသည် အသိဉာဏ်အကြွယ်ဆုံးမို့ ထင်ပါသည်။ မိမိအသက်ကို ပို၍ပို၍သာ စင်တွယ်တာတ်ရှာသည်။ လူသတ္တဝါသည် အတ္တအဆန်ဆုံးဖြစ်၏။ ကျွန်တော်သည် လူသတ္တဝါထဲက လူသားတစ်ယောက်ပေတည်း။

မောင်းချင်ရာမောင်းပြီး ရောက်ချင်ရာ ရောက်နေသည့် သဘောသာဖြစ်၏။ မန္တလေးလမ်းကို ကျွန်တော် မကျွမ်းကျင်။ မောင်းကောင်းမည် ထင်သည့် လမ်းအတိုင်းသာ စွတ်၍မောင်းနေမိသည်။

မောင်းရင်းပင် ထုံးဘိုကို ကျော်လာခဲ့မှန်း ကျွန်တော် သတိထားမိသည်။

နားတောင်းကျတံတားထိပ်သို့ အရောက်တွင်မှ ကျွန်တော့်အား အနှောင့်အယှက်တစ်ခု ဝင်လာတော့၏။

အမျိုးသမီးတစ်ဦးပေတည်း။ ကျွန်တော့်ကားကိုလက်တားနေလေသည်။ ပထမတော့ ကျွန်တော် ရပ်မပေးဟု ဆုံးဖြတ်

လိုက်သည်။ သို့သော် အနီးသို့ရောက်လေသောအခါ ကျွန်တော်၏ ဉာဏ်ခြေဖဝါးသည် လိဟာကိုလွှတ်ပြီး ဘရိတ်ကို နင်းမိပါတော့သည်။ အမျိုးသမီးဘေး၌ပင် ကားသည် အရှိန်ရပ်သွား၏။

ကျွန်တော့်အား အမျိုးသမီးက ပြုံးပြသည်။

ဦးစွာတွေ့ရသည်မှာ ခွက်ဝင်သွားသော သူမ၏ ပါးချိုင့်ကလေးပင်။ လှသည်ဟု၊ ချောသည်ဟုနှင့် ချစ်စရာကောင်းသည်ဟု ဟုခေါင်းများစွာ တပ်ဆင်နိုင်လောက်သည့် အမျိုးသမီးပါပေ။

"အစ်ကို တောင်ပေါ်တက်မှာ မဟုတ်လားဟင်"

အသံမှာ ဝဲသည်။ အသံက သာလည်း သာသေးသည် မို့ ဝဲ၍ပြောသောအခါ ပို၍နားထောင်ကောင်းနေပြန်သည်။ ကျွန်တော်သည် အလိုလိုပင် ခေါင်းညိတ်ပြလိုက်မိသား ဖြစ်နေပြန်၏။

"နိုင် လိုက်ချင်လို့ပါ၊ တစ်ယောက်တည်းပါ အစ်ကို"

သူမ၏လက်ထဲတွင် လက်ဆွဲအိတ် နီရဲရဲတစ်လုံး မှလွဲပြီး ဘာမျှမပါပေ။ ကျွန်တော်သည် ခေါင်းကို ဒုတိယအကြိမ် ညိတ်ပြမိပြန်သည်။

"တက်လေ"

ရဲဝံ့စွာပင် ကျွန်တော့်ဘေး၌ တက်ထိုင်သည်။

ကျွန်တော် ကားကို ဆက်မောင်းလာခဲ့၏။

"သူတို့ထုံးစံနဲ့ ဆိုရင်တော့ အစ်ကိုနဲ့ နိုင်ရဲ့ကြားမှာ တစ်ယောက်ယောက်က မိတ်ဆက်ပေးမှ မိတ်ဆွေဖြစ်သွားကြရမှာပေါ့ အစ်ကို၊ ဒါပေမဲ့ အခုဟာက အစ်ကိုနဲ့ နိုင် နှစ်ယောက်တည်းမို့လား"



ကျွန်တော်သည် ခွေစောင်းကြည့်မိသည်။ စကားတော့ ခွန်းတုံ့မပြန်မိသေးပေ။ ဤသူငယ်မသည် တစ်မျိုးပင်ဖြစ်သည်ဟုသာ ကျွန်တော့်ဝမ်းထဲ၌ မှတ်ချက်ချနေမိသည်။

"အပြည့်အစုံ ဆိုရင်တော့ နိုင့်နာမည်က စောသီရိနိုင်ပါ၊ မန်းတက္ကသိုလ်က ကျောင်းပိတ်လို့ အိမ်ပြန်တယ်ပေါ့ အစ်ကို၊ နိုင်က ကျောက်မဲအထိ ပြန်ရမယ်၊ ကဲ ... အစ်ကိုကလည်း နိုင့်လိုပဲ ပြန်ပြောဦးလေ"

ကျွန်တော် ဘာမျှမပြောမိသေးပေ။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် "ခင်မောင်သက်၊ အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ တောင်ငူ"ဟူ၍များ ပြောဝံ့ပါမည်တဲ့လား။ မပြောဝံ့ပါ။ ကျွန်တော်၏လက်ငင်းအခြေအနေသည် ကိုယ့်ဟာကိုယ် မိတ်ဆက်ဝံ့စရာလည်း မရှိပါ။

"နို့ ... မစောသီရိနိုင်က ကျောင်းပိတ်လို့ အိမ်ပြန်တာ ဘာဖြစ်လို့ နားတောင်းကျကနေပြီး ကားကြုံစီးနေရတာလဲ"

စောသီရိနိုင်သည် နှစ်ခြိုက်စွာ အသံကလေးများ ထွက်လာသည်အထိ ရယ်လိုက်၏။ အားပါးတရ ရယ်လေမှုပင် လက်ဝဲလက်ယာ ပါးမို့မို့မှ ပါးချိုင့်များသည် နှစ်ဖက်စလုံး၌ ခွက်ဝင်လာပြန်တော့သည်။

"ပြောရရင်တော့ ရယ်စရာကြီးပါ အစ်ကို၊ ရွှေဖီမန်းက နိုင့်ကို တစ်ယောက်တည်း ထားပစ်ခဲ့တယ်လေ"

ကျွန်တော် မျက်မှောင်ကုတ်လိုက်မိသည်။

"ရွှေဖီမန်း ဆိုတာက ဘာလဲ မစောသီရိနိုင်"

စောသီရိနိုင်သည် မရယ်တော့ပေ။ ဘည်တည်က လေးပင် ကျွန်တော့်အား စောင်းငဲ့ကြည့်ရှုနေသည်။ သူမသည် ကျွန်တော့်အား စူးစမ်းသော အကြည့်ဖြင့် ကြည့်လာခြင်းပင်။

"အစ်ကိုက ဒီဘက်လမ်းတွေကို ရောက်ဖူးပုံ မပေါ်ပါဘူး၊ အစ်ကို မန္တလေးကိုတောင် ကျွမ်းကျွမ်းကျင်ကျင် မရောက်ဖူးဘူးပေါ့၊ ဟုတ်လား အစ်ကို"

ကျွန်တော် မဖြေပေ။

"ရွှေဖီမန်းဆိုတာ ကျောက်မဲနဲ့ မန္တလေးကားပေါ့၊ မန္တလေးကထွက်တဲ့ လားရှိုးရထားဟာ ဘယ်တော့မှ လူချောင်တယ် မရှိဘူး၊ သူ့ကို ကြည့်လိုက်တိုင်း ငါးပိသိပ် ငါးချဉ်သိပ်နဲ့ မသွားမဖြစ်တဲ့ ဒီလမ်းခရီးသည်တွေဟာ ရွှေဖီမန်းတို့၊ ရှမ်းပလောင်တို့ဆိုတဲ့ ကားလိုင်းတွေကို အားကိုးလာရတာပေါ့၊ မနက်ငါးနာရီတိတိမှာ ရွှေဖီမန်းက ထွက်တယ်၊ နောက်ကျရင် မစောင့်ဘူးတဲ့၊ ကျန်ခဲ့ရင် ကြိုတင်ဝယ်တဲ့ လက်မှတ်အဆုံး၊ ငွေပြန်မအမ်းထဲကပဲ"

"ဒါဖြင့် မစောသီရိနိုင်က ရွှေဖီမန်းကို မမီလိုက်လို့ပေါ့"

"အမယ်လေး ... နိုင်က လေးနာရီ မခွဲခင်ကတည်းက ရွှေဖီမန်းကားဂိတ်ကို ရောက်ပါတယ် အစ်ကို၊ ရွှေဖီမန်းကိုလည်း မီပါတယ်"

"အဲဒီတော့ ..."

"အဲဒီတော့ နိုင်လည်း ရွှေဖီမန်းနဲ့ လိုက်လာတာပေါ့၊ သူလည်း အင်ဂျင်နဲ့ ဘီးနဲ့ သွားရတဲ့ကောင်ပဲ အစ်ကို၊ နားတောင်းကျနားမှာ ရွှေဖီမန်းကြီး ဘီးပေါက်ပါလေရော"



"ဘီးပေါက်တော့"

"ဘီးပေါက်တော့ ဘီးသစ်နဲ့ ဖြုတ်ဟယ်, တပ်ဟယ် လဲကြပေါ့၊ ခရီးသည်တွေက အောက်ကို ဆင်းပေးရတယ်၊ နိုင်လည်း ဆင်းရတာပေါ့ အစ်ကို၊ ဒါပေမယ့် နိုင်က သူများထက် ပိုရှည်မိတယ်လေ"

"မစောသီရိနိုင်က ဘယ်လိုရှည်မိသွားတာလဲ"

"အနော်ရထာမင်းကြီးကြောင့်ပေါ့ အစ်ကိုရာ"

သူမ ရှည်မိသည်မှာ အနော်ရထာမင်းကြီးကြောင့်ဟု ဆိုသော စကားကို မည်သူ မျက်စိမလည်ဘဲ နေပါမည်နည်း။

"ဆိုပါဦး မစောသီရိနိုင်"

"နိုင်လို့ခေါ်လည်း ပြီးပါတယ် အစ်ကို၊ ဒီလောက် နာမည်အရှည်ကြီးကို အစ်ကို ခဏခဏ ခေါ်နေရတာ မပင်ပန်းဘူးလား"

ကျွန်တော် ပြုံးမိပြန်သည်။ ဤသူငယ်မနှင့် တွေ့ရသည်မှာ ကျွန်တော့်အတွက် ဟာဒယရွှင်ဆေး ဖြစ်မှန်းမသိ ဖြစ်လာရ၏။

သူမအပေါ် ကျွန်တော်၏ယုံကြည်စိတ်များ တိုးတက်လာခဲ့ရသည်။ ကျွန်တော်၏ လူသတ်ဝရမ်းပြေးဘဝကိုပင် မေ့လျော့နေမိသည်။

"ကဲ ... ဒါဖြင့် ဆိုစမ်းပါဦး နိုင်"

"အနော်ရထာဟာ စဉ်းစားဉာဏ် အင်မတန်ရင့်သန်တဲ့ ဘုရင်ကြီးပါ အစ်ကို၊ ပုဂံခေတ်မှာ လျှမ်းလျှမ်းတောက်ခဲ့တဲ့ သူ့ရဲ့လုပ်ဆောင်ချက်ကိုကြည့်ရင် သူ့ရဲ့လက်ရုံးရည်၊

နလုံးရည်ကို သိသာနိုင်သားပဲ၊ အရာခပ်သိမ်းကို သိပ္ပံနည်းကျကျ ကြည့်တတ်တဲ့ ဘုရင်ပါ၊ ကြည့်တော့လေ ... သူ စစ်တိုက်နယ်ရဲ့ဖို့ ရိက္ခာဟာ အဓိကဆိုတာ သူ တွေးတယ်၊ ဒါကြောင့် ဆယ်တွေ့မြောင်းတွေဖောက်ပြီး သီးနှံတွေ ဟာအားစိုက်နိုင်းတယ်၊ အဲဒီနှလုံးရည်တွေဟာ အင်မတန် မှန်ကန်ရင့်ကျက်ပါတယ် အစ်ကို"

"မှန်တယ် နိုင်"

"အစ်ကို ပုဂံကို ရောက်ဖူးလား"

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားရပြန်သည်။ စောသီရိနိုင်သည် မထင်မှတ်လေသော၊ မျှော်လင့်မထားလေသော မေးခွန်းနှင့် စကားများကို ကောက်ကာငင်ကာ မေးတတ်သည်။ ဖုံကျောင်းဆရာမလုပ်ပြီး စာမေးပွဲမေးခွန်းများ ထုတ်သင့်သော စောသီရိနိုင်ပါပေ။ ယခုလည်း အနော်ရထာ၏ စစ်ရေးမက်ရေးတွင် ထောက်ကူနိုင်ရန် ရိက္ခာကို ဆည်မြောင်းစနစ်ဖြင့် စိုက်ပျိုးစုဆောင်းစေသည်အထိ အမြင်ကျယ်ပုံကို ပြောနေရာက ပုဂံဖို့အကြောင်း ကောက်မေးနေပြန်တော့သည်။

"ငယ်ငယ်က ပုဂံကို တစ်ခေါက်လောက်တော့ ရောက်ဖူးပါတယ် နိုင်"

"အဲဒီမှာ အနော်ရထာချည်းပဲ တည်ထားခဲ့တဲ့ ဘုရားတွေကို အစ်ကိုကြည့်စမ်း၊ အလင်းအမှောင်ယူပုံကစ ဗိသုကာလက်ရာမြောက်ပုံတွေဟာ သူ့ခေတ်နဲ့ဆိုရင် အံ့မခန်းပါ အစ်ကိုရာ"

"အဲဒီတော့ နိုင်က ဘာကိုဆိုလိုချင်တာလဲ နိုင်"



"ဩော် ... ဒီလောက်တောင် သိပ္ပံနည်းကျကျနဲ့ အရာရာမှာ ဆောင်ရွက်တတ်တဲ့ အနော်ရထာကြီးဟာ မိဖုရား စောမွန်လှကို စုန်းမရယ်လို့ သူက အလွယ်ယုံကြည်ရသလား အစ်ကို"

ကျွန်တော်သည် ဟင်းခနဲ သက်ပြင်းကျမိပါတော့၏။ စောသီရိနိုင်သည် စောမွန်လှနှင့် နားတောင်းကျချောင်းကို ဆက်သွယ်နိုင်ရန်အတွက် မဟာ့မဟာ ဆင်ကောင်ကြီးလောက် အချီးကို ချီးနေလေသည်ကိုး။

"ဆက်ပြောပါလား နိုင်"

"ရွှေဗိမန်းဘီးပေါက်တော့ နိုင်ကလည်း ခရီးသည်တစ်ယောက် မဟုတ်လား၊ ကားပေါ်က ဆင်းပေးရတာပေါ့၊ နိုင်လေ နားတောင်းကျချောင်းကို သွားကြည့်တယ်။ ဒီလ ဒီရာသီမှာ ချောင်းရေက အေးလည်းအေးတယ်၊ ကြည်လည်း ကြည်တယ် အစ်ကို၊ ရေစီးကလည်း ငြိမ့်တယ်၊ ကျောက်တုံးကျောက်ခဲကလေးတွေကလည်း သူတို့ကို နင်းကြည့်ချင်စရာပဲ၊ ဒါကြောင့် နိုင်က နားတောင်းကျချောင်းထဲ ဆင်းကြည့်တယ်၊ ကျောင်းတုံးကလေးတွေပေါ် လျှောက်နင်းကြည့်နေမိတယ်၊ ဒီချောင်းမှာ ပူဆွေးသောကတွေနဲ့ စောမွန်လှ မင်းသမီးလေးဟာ ရေချိုးခဲ့တယ်၊ ဒီမှာတင် ခတ်တော်ကိန်းဝပ်တဲ့ နားတောင်းမျော ပြုတ်ကျခဲ့တယ်၊ နိုင်လေ စောမွန်လှ အကြောင်း စဉ်းစားနေမိတယ်၊ စိတ်မကောင်းလည်း ဖြစ်မိတယ်၊ အနော်ရထာကြီးကိုလည်း နိုင် တွေးရင်း ဒေါကန်နေမိတယ် အစ်ကို"

"ဒီလိုတော့ မဟုတ်ဘူးထင်တယ် နိုင်၊ အနော်ရတာဟာ နိုင်ပြောခဲ့သလို နလုံးရည်မသားတစ်ယောက်ပဲ၊ အဲဒီအချိန်မှာ ပြည်တွင်းစည်းရုံးရေး တစ်ခုခုကြောင့် စောမွန်လှကို ချစ်လျက်နဲ့ခွဲခွာနိုင်းတာ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ တိမ်တောင်သဖွယ် မင်းရေးကျယ်တဲ့ မဟုတ်လား"

နိုင်က ဝင်ခံသည့်အသွင်ကိုမှ မပြပေ။

"ထားပါတော့ အစ်ကို၊ တိမ်တောင်သဖွယ် ကျယ်ချင်လည်း ကျယ်မပေါ့၊ သူ့ခေတ်ရာဇဝင်ကိုက တုတ်ထမ်းငြင်းရမယ်လို့ ဆိုထားတာပဲ၊ နိုင်တို့က အဲဒီလောက်လည်း ဉာဏ်မီကြတာမှ မဟုတ်တာ၊ အဲ ... ဒါပေမဲ့ နားတောင်းကျချောင်းက အပေါ်တက်လာတော့လေ ရွှေဖီမန်းကြီးရယ် မရှိတော့ဘူး အစ်ကို၊ နိုင့်ကို မေ့ပြီးထားပစ်ခဲ့တယ်လေ၊ အဲဒီမှာ ယောင်လည်လည်နဲ့ နိုင် ကျန်ခဲ့တုန်း အစ်ကိုကားတွေ့လို့ နိုင် လက်တားရတော့တာပဲ အစ်ကို"

ယခုမှပင် စောသီရိနိုင်၏ပဟေဠိကို သဘောပေါက်ရပါတော့သည်။

"ကဲ ... နိုင်ပြောပြတာတွေက အများကြီးပဲ အစ်ကို၊ အစ်ကို့အကြောင်းလည်း ပြောဦးလေ၊ အစ်ကို့နာမည်က ဘာတဲ့လဲ၊ အစ်ကို ဘယ်သွားမလဲ ဆိုတာမျိုးပေါ့"

ကျွန်တော့်ရင်မှာ ထိတ်ခနဲ စုန်ရပြန်သည်။ ဖြစ်နိုင်လျှင်တော့ ကျွန်တော့်အမည်မှစ၍ ကျွန်တော့်အကြောင်းကို ဘယ်သူ့ကိုမျှ မပြောလိုပေ။ စကားလမ်းလွှဲလိုက်ရပေဦးမည်။

"နိုင့်ကို နိုင့်မိဘတွေကလာမကြိုကြဘူးလား နိုင်"



"သိပ်ကြိုတာပေါ့ အစ်ကို၊ ခါတိုင်းနှစ်တွေမှာတော့ နိုင်က ဘယ်နေ့လာကြိုပါလို့ စာရေးတယ်၊ ကြေးနန်းရိုက်တယ်၊ ဒီနှစ်တော့ နိုင် စာလည်းမရေး၊ ကြေးနန်းလည်းမရိုက်ဘူး အစ်ကို"

"အကြောင်းကကော နိုင်"

"အကြောင်းကတော့ နိုင် ငြီးငွေ့လွန်းလို့ပါ အစ်ကို၊ စဉ်းပဲ စဉ်းစားကြည့်ပါဦး၊ တစ်နှစ်လုံး ကျောင်းဆောင်မှာ နေရတယ်၊ စာသင်ရတယ်၊ ဆရာတွေ ဆရာမတွေ ကျောင်းစည်းကမ်းတွေနဲ့၊ အဲ ... ကျောင်းပိတ်လို့ ကျောင်းပေါ်က ဆင်းတာနဲ့ အိမ်ကလာကြိုတဲ့ ကားပေါ်မှာ တက်ထိုင်ပြီး လိုက်သွားရတယ်၊ အဲဒီအချိန်ကစပြီး ဘဘနဲ့ မယ်မယ်ရဲ့အအုပ်အချုပ်အောက်မှာ နိုင် ရောက်ရပြန်ရော အစ်ကို၊ ကျောင်းမှာလည်း ဆရာ ဆရာမတွေက အုပ်ထိန်း၊ အိမ်ရောက်တော့ မိဘက အုပ်ထိန်းနဲ့ ဘယ်လောက်ကျဉ်းကျပ်ရလဲ အစ်ကို၊ ဒါကြောင့် ဒီတစ်ခါတော့ နိုင့်ဘာသာ လွတ်လွတ်လပ်လပ် ရွှေဖီမန်းနဲ့ ပြန်လာတာပေါ့"

"ကျောင်းပိတ်ရက်ကို နိုင့်မိဘတွေက မသိဘူးလား"

"တက္ကသိုလ်ဆိုတာက အစ်ကိုရာ သင်ယူတဲ့ ဘာသာရပ်အလိုက် ကျောင်းပိတ်ရက်ကလည်း တူကြတာမှ မဟုတ်တာ၊ ကျောင်းသူ ကျောင်းသားတွေက အကြောင်းကြားမထားရင် ဘယ်နေ့ ကျောင်းစပိတ်မှန်း လူကြီးတွေ သိကို မသိကြဘူးလေ"

"ဒါကြောင့် မအူမလည်နဲ့ နားတောင်းကျမှာ ကျန်ခဲ့တာပေါ့ နိုင်"

စောသီရိနိုင်သည် အားရပါးရ ရယ်ပြန်သည်။ အိမ်မှ တိတ်တခိုး ထွက်လာသည့် ကလေးငယ်သည် ပြင်ပဝန်းကျင်တွင် ပျော်ရွှင်မြူးထူးနေသလို စောသီရိနိုင်သည်လည်း ပျော်မြူးနေဟန်တူ၏။ အတော်စုံစ ဖြီးကောင်ပေါက်ငှက်ကလေးသည် ဝေယံတွင် တစ်ကောင်တည်း ပျံစမ်းသည့်နှယ်သာတည်း။ ရင်ဖိုရသော အတွေ့အကြုံသည်ပင်လျှင် စိတ်၏ကြည်နူးစရာ ဖြစ်နေပါလိမ့်မည်။

"ဟော ... ညာတာပါတေးနဲ့ အစ်ကို့နာမည်ကို နိုင့်ကို မပြောသေးပါလား အစ်ကို"

ကျွန်တော် ပြောရန် စက်လှပါသည်။ ဤကလေးမကလည်း သူမ၏မေးခွန်းကို မမေ့။

"အစ်ကို့နာမည်လား၊ အစ်ကိုပေါ့ နိုင်"

"ဟင် ... အစ်ကိုဆိုတာက နာမ်စားပါ အစ်ကို၊ နိုင် သိချင်တာက အစ်ကိုရဲ့ ပရောပါးနိမ်း သတ်မှတ်မှည့်ခေါ်ထားတဲ့နာမည်ကိုပါ အစ်ကို"

ဟူးခနဲ လေပြင်းကို ကျွန်တော် မှုတ်ထုတ်မိပြန်ရသည်။ ကျွန်တော်သည် ဖြည်းလေးစွာပင် အဖြေပေးလိုက်ပါတော့သည်။

"ခင်မောင်သန်းလို့ ခေါ်ပေါ့ နိုင်၊ အစ်ကို့နာမည် ကိုခင်မောင်သန်းလို့ ခေါ်ပေါ့"



ကျွန်တော် မညာလိုပဲ "သက်"ကို"သန်း"အဖြစ် ညာလိုက်ရသည်။ ကျွန်တော်၏ညာပုံကပင် မပိရိလှထင်သည်။ စောသီရိနိုင်သည် ကျွန်တော့်အား စွေစောင်းပြီး စေ့စေ့စိုက်ကြည့်နေသေး၏။ ခြေဆုံးခေါင်းဆုံး အကဲခတ်နေသည် ထင်ပါသည်။ ပြီးမှ မှတ်ချက်ပြုလေသည်။

"ခင်မောင်သန်းဆိုတဲ့ နာမည်က လှပါတယ် အစ်ကို၊ အစ်ကို့ဥပမိရုပ်နဲ့ နာမည်ဟာ လိုက်ဖက်ပါတယ်၊ ဒါပေမဲ့ အစ်ကို ..."

ကျွန်တော်သည် ကားမောင်းရင်းမှပင် စောသီရိနိုင်အား လှည့်ကြည့်ရပြန်ပါသည်။

"နိုင်ကတော့ အစ်ကိုလို့ပဲ မှတ်ကျုံးသွားပြီ၊ အစ်ကို့ကို အစ်ကိုလို့ပဲ ခေါ်မယ်နော်"

ကျွန်တော်က ပြုံးပြီး ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်သည်။

"ကဲ ... ဒါဖြင့် အစ်ကိုဆက်ပြောလေ၊ အစ်ကို ဘယ်သွားမှာလဲ၊ ပြင်ဦးလွင်လား၊ ကျောက်မဲလား၊ လားရှိုးလား"

"ဪ ... အစ်ကိုလည်း ကျောက်မဲကိုပေါ့ နိုင်"

ကျွန်တော်သည် အလျဉ်းသင့်သလို ပြောလိုက်မိသော့၏။ ကျွန်တော့်တွင် ခရီးစဉ်ဆိုသည်မှာ ကျပန်းမှုသာ။ လူများများ ကျွန်တော့်ကို မသိလေသော နေရာဒေသသည် ကျွန်တော် ကြာရှည်စွာ နေမည့်နေရာ ဖြစ်ပါလေမည်။

နိုင်သည် ကျေနပ်စွာ ပြုံးလိုက်သည်။

"မှတာပဲ၊ နိုင်တော့ ကားကြုံကောင်းကောင်း တွေ့တာပဲ အစ်ကို၊ နိုင် ကံကောင်းပါတယ်နော်"

"ဟုတ်မှာပေါ့၊ နိုင် ကံကောင်းတယ် ထင်ပါရဲ့"

ကျွန်တော်၏အပြောကို ဓောသီရိနိုင် ကျေနပ်ပုံမရပေ။

"မှန်း ... အစ်ကိုပြောပုံက ဘယ်လိုမှန်းလဲ မသိဘူး၊ ပေါ့ ရွှတ်ရွှတ်နိုင်လိုက်တာ"

ကျွန်တော် ပြုံးလိုက်မိသည်။ ပြီးတော့ ကားကိုသာ ဖိမောင်းနေတော့၏။

တောင်ကုန်းမြေမြင့်သို့ တစ်ဆင့်ချင်း တက်လာပြီကိုး။

● ❁ ●

"တောတောင်စိမ်းမှ စမ်းရေရ"

ဆေးစိမ်းအခံတွင် အဖြူစာလုံးဖြင့် ရေးထားသည်။ သစ်တောဌာနမှ တောများ မပြုန်းတီးစေလို၍ ရေးထားခြင်းဖြစ်သည်။

ကျွန်တော်သည် လှိုမြောင်ကြားမှ စမ်းချောင်းများကို လှမ်းကြည့်မိသည်။ ရေဟူ၍ တစ်စက်မျှပင်မရှိ။ မတ်လ၏ တတိယပတ်သို့ ရောက်နေပြီဖြစ်သောကြောင့် ရေများခန်းခြောက်နေသည်လည်း ဖြစ်ချင်ဖြစ်ပေမည်။ တောအမြင့်သို့ လှမ်းကြည့်မိသည်။ တောတောင်များသည် နဖပ်စိမ်းလျက် ရှိပါသည်။



တောင်ပေါ်မှ ဆင်းလာသော ကားများက ရပ်ပေးသည်။ တက်လာသော ကားများကို ဦးစားပေးခြင်းပင်။

"ဒီလိုတော့လည်း တော်ကြသားပဲနော်"

"မတော်ကြရင် တိုက်ကုန်ကြမှာပေါ့ အစ်ကို၊ တိုက်တာနဲ့ ဟိုချောက်တွေထဲ လိမ့်ကျမှာပေါ့"

ဟုတ်တော့လည်း ဟုတ်သည်။ တောင်ကို လွန်းထိုးဖောက်ထားရသည်။ ပေတစ်ရာလောက် အမြင့်သို့ တက်ရေးအတွက် သုံးဖာလုံခန့် ကွေ့ပတ်တက်ရသည်။ မြင့်လှပါသည်ဆိုသော သစ်ပင်ဝါးပင်ကြီးများ၏ ထိပ်ဖျားများသည် ကျွန်တော်တို့အောက်သို့ ရောက်နေလေပြီ။ တစ်ခါတစ်ရံ ရိုးငှက်ကလေးများ ပျံသန်းနေသည်ကို တွေ့ရတတ်သည်။ ကျွန်တော်တို့၏ အထက်ဆေဟင်၌ ပျံသန်းနေကြခြင်းမဟုတ်။ ကျွန်တော်တို့အောက်ရှိ လှိုမြောင်ချောက်ကမ်းပါးမှ ပင်ယံယက်များ၌ ပျံသန်းနေကြခြင်းသာဖြစ်သည်။

"ဥတုရာသီ တောကိုမှီ၏"

သစ်တောဌာန၏ ဆိုင်းဘုတ်ကို တွေ့ရပြန်သည်။ ဤသို့သော ဆိုင်းဘုတ်စိမ်းစိမ်းကလေးများကို မကြာခဏတွေ့ရသည်။ သစ်တောဌာနသည် အလဟဿ သစ်တောများ ပြုန်းတီးမှုအတွက် ပညာပေး စာသားလေးများဖြင့် ဖတ်မိသူ သဘောပေါက် နားလည်လွယ်သော ကာရန်ညီညီ စာတန်းကလေးများကို ရေးသားပေးသည်။ လုပ်သင့်လုပ်ထိုက်သော ကိစ္စတစ်ရပ်ပင်။

"ဒီစာသားကလေးတွေဟာ သိမှတ်စရာကောင်းတဲ့ စာသားလေးတွေပဲ နိုင်"

"အဲဒါတွေကို နိုင် အားလုံး အလွတ်ရတယ် အစ်ကို၊ နိုင်တို့က ဒီလမ်းကို အသွားအလာ များကြတယ် ဟုတ်လား"

"ကြားတာတော့ မဟုတ်မါဘူးနော်"

"ဘာလို့ ကြားရမှာတဲ့လဲ၊ ကဲ ... နိုင် ဆိုပြရမလား"

"အင်း"

"တောတောင်စိမ်းမှ စမ်းရေရ၏ ... တဲ့"

"ဒါက ခုနတွေ့ခဲ့သေးတာကိုး"

"အင်းပေါ့လေ၊ ဆက်ဆိုပြမှာပေါ့၊ ဥတုရာသီ တောကိုမှီ၏ တဲ့"

"ဒါလည်း ခုနတင် တွေ့ခဲ့သေးတာပဲ"

"ဟုတ်ပါတယ်၊ ကဲ ... တောတောင်စိမ်းစို သာယာပို၏ တဲ့၊ တောတောင်တင့်တယ် စားကျက်ကျယ်၏ တဲ့၊ ပြောဦးလေ အစ်ကို၊ ဒါတွေလည်း တွေ့ခဲ့သားပဲလို့"

"ဆက်ပဲ ရုံပါဦးလေ နိုင်"

"တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏ တဲ့၊ ရွှေပင်ငွေခက် တောမှထွက်၏ တဲ့"

ကျွန်တော် မအောင့်နိုင်တော့၊ ရယ်မိသည်။ နိုင်သည် တကယ်ပင် ကလေးတစ်ယောက် ဆရာ၏ရှေ့မှောက်တွင် ဆိုပြသလို ဆိုပြနေရှာပေသည်။ ကလေးစိတ်သည် တက္ကသိုလ်ကျောင်းတော်သူကြီး မစောသီရိနိုင်တွင် ကုန်မှကုန်ပါသေးလေစ။

"အစ်ကိုက နိုင့်ကိုရယ်တာ ထင်တယ်"

"မဟုတ်ပါဘူး နိုင်၊ နိုင် ဆိုပြတာ သဘောကျလို့ ရယ်တာပါ၊ ဆက်ဆိုပါဦးလေ"



"တောရိပ်ခိုနေ အပန်းပြေ၏ တဲ့၊ ကျေးငှက်သားရဲ တောမှမြဲ၏ တဲ့"

"ပြီးတော့ကော"

"တောမဲ့မြေသား ရေတိုက်စား၏ တဲ့ အစ်ကို"

"အင်းပေါ့၊ နောက်ကော"

"နောက်တော့ မသိတော့ဘူး အစ်ကို၊ နိုင် ဒါပဲရတယ်"

ကျွန်တော်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ ကျွန်တော့်ကိုယ် ကျွန်တော် စိတ်အေးလက်အေး ဘုရားဖူးလာသူများလားဟုပင် အောက်မေ့မိသည်။ နိုင်၏ရိုးသားမှု၊ ပွင့်လင်းမှု၊ ကလေးဆန်မှုများသည် ကျွန်တော်၏ လူသတ်ဝရမ်းပြေးဘဝကိုပင် အနိုက်အတန့် မေ့နေမိတော့သည်။

"တကယ်တော့ နိုင့်မိဘတွေက မှန်တာပေါ့ နိုင်"

"ဘာကိုလဲ အစ်ကို"

"သြော် ... တက္ကသိုလ်ကျောင်းကြီးပေါ်က ဆင်းပြီး အိမ်ကကြိုတဲ့ကားပေါ် တက်လိုက်ဖို့ပေါ့"

"ဘာရည်ရွယ်ချက်နဲ့ အစ်ကိုက ပြောနေတာလဲဟင်"

"နိုင်က အများကြီး ငယ်သေးတာပဲ၊ နိုင့်မှာ အုပ်ထိန်းမှု လိုနေသေးလို့ပေါ့ နိုင်"

သူငယ်မသည် နှုတ်ခမ်းစူသွားသည်။

"ဒါကတော့ အစ်ကိုက နိုင့်ကို အထင်သေးတာပါ၊ နိုင့်အသက် ၁၉ နှစ်ရှိပါပြီ၊ နိုင်က သချ်ာအဓိကနဲ့ တတိယနှစ် ရောက်နေပြီပဲ အစ်ကို၊ ဆိုလိုတာက နိုင်ဟာ စဉ်းစားချင့်ချိန်တတ်ပါတယ်လို့ပါ၊ သချ်ာသမားဟာ ပုစ္ဆာရဲ့အဖြေ

ကိုရဖို့ သူ့ဦးနှောက်ကို ပြင်းပြင်းထန်ထန် အလုပ်ပေးရလေ့ရှိပါတယ်၊ နိုင်က ဦးနှောက်သမားပါ အစ်ကို"

"ဒါပေမဲ့ နိုင်ဟာ အစ်ကိုရဲ့ကားကို ဖမ်းတားတယ် မဟုတ်လား၊ တကယ်လို့သာ အစ်ကိုက လူဆိုးလူညစ်တစ်ယောက်ဆိုရင် အခုလို နိုင်မဆင်ခြင်ဘဲ လိုက်လာမိတဲ့အတွက် နောင်တရရမှာပေါ့ နိုင်"

နိုင်က မနိုးမခန့် ရယ်ပြန်သည်။

"နိုင် ပြောပြီးပြီပဲ အစ်ကို၊ နိုင်ဟာ သချာအဓိက ဦးနှောက်သမားပါလို့၊ နားတောင်းကျမှာ အခြေအနေက ဘယ်သူ့ကားဖြစ်ဖြစ် နိုင်တားမိမှာပဲ အစ်ကို၊ ရပ်ပေးတဲ့ကားကို ဖျတ်ခနဲ အကဲခတ်ရမယ်ပေါ့၊ အကဲမဟန်ရင် မလိုက်ဘူး၊ ဟော ... အခုတော့ အစ်ကို့ကားကို နိုင် ကံကောင်းလို့ လက်တားခဲ့မိတယ်၊ ကြည့်လိုက်တော့ ကားပေါ်မှာ အစ်ကိုတစ်ယောက်တည်းရယ်၊ ပြီးတော့ အစ်ကို့ရုပ်ရည်က လူဆိုးလူညစ်ရုပ်ရည်မျိုး မဟုတ်မှန်း နိုင်က ချက်ချင်းတွက်ပြီး ချက်ချင်း အဖြေထွက်လာတယ်၊ ဒါကြောင့် နိုင်လိုက်လာတာပေါ့ အစ်ကို"

"ဒါဆိုရင်တော့ နိုင့်မှာ တွက်နည်းတစ်ခုခု မှားနေပြီ နိုင်၊ ဘာလို့လဲ ဆိုတော့ အစ်ကိုက လူကောင်းတစ်ယောက်မှ မဟုတ်တာ၊ လူဆိုးကြီးတစ်ယောက်ပါ နိုင်"

ဤစကားကိုမူ ကျွန်တော်သည် တကယ်ပင် ပြောမိခြင်းဖြစ်ပါသည်။ အရက်မူးလွန်ခဲ့ပြီး မိမိစနီးသည်ကိုပင် သတ်မိခဲ့လေသလားဟု မဝေခွဲနိုင်ဘဲ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည့်



ကျွန်တော့်လိုလူအား စောသီရိနိုင် မည်သို့သော တွက်နည်းနှင့် တွက်၍ လူကောင်းတစ်ယောက်ဟု အဖြေထွက်ခဲ့ပါလေသနည်း။

ကျွန်တော့်စကားကို စောသီရိနိုင်သည် မျက်လုံးကလေးပြူးပြကာ ကြောက်ဟန်ဆောင်လိုက်သည်။ ပြီးတော့ ပခုံးလေးကို တွန့်ပြလိုက်၏။

"နိုင် သိပ်ကြောက်သွားပြီ အစ်ကို"

ပြောပြီး နိုင်က ရယ်ပြန်လေသည်။ ပါးနှစ်ဖက်တွင် ပါးချိုင့်များ ခွက်သွားပြန်လေသည်။ ကျွန်တော်ပါ ရောယောင်၍ ရယ်လိုက်ရတော့သည်။ ဘယ်လိုပဲဆိုဆို နိုင်သည် ကျွန်တော့်အား လူကောင်းတစ်ယောက်ဟု တစ်ထစ်ချ သတ်မှတ်ထားပုံရသည်။

ကျွန်တော်သည် လူဆိုးလော လူကောင်းလော ကျွန်တော့်ကာသာပင် မသိတော့ပါ။

ဤနေရာသည် မင်လယ်ပြင်အထက် ပေပေါင်း (၂၄၃၇)ပေ မြင့်လေသည်။ မိုင်အားဖြင့် မန္တလေးမှ မိုင်နှစ်ဆယ် ကျော်ခဲ့ပါလေပြီ။

"ရွှေခင်းသာ"ဟု ဆိုင်းဘုတ်တပ်ထားသည်။ လမ်းကလည်း ကျယ်ပြန့်သည်မို့ အုတ်ခုံဖြူဖြူကလေးတွင်ကပ်၍ ကျွန်တော်သာ ကားကိုရပ်လိုက်သည်။ သော့ပိတ်ပြီး စက်သတ်လိုက်၏။

စောသီရိနိုင်လည်း ညောင်းရာပြီထင်သည်။ ကားပေါ်မှ သွက်လက်စွာ ဆင်းရှာသည်။ ကျွန်တော်သည် အုတ်ခုံဖွေးဖွေးကလေးဆီသို့ လျှောက်သွားကာ ထိုင်ချလိုက်၏။

ရွှေခင်းသာမို့ တကယ်ပင် ရွှေခင်းများကဲ့ သာယာလေသည်။ အမြင့်ပေနှစ်ထောင့်ငါးရာနီးပါးမှ မိုးကြည့်ရ၍ အရာရာ

အညို မြူပြားဝပ်ဝပ် ရှိနေပါလေ၏။ သစ်ပင်မြင့်တို့သည်ပင် မြက်ခင်းပြင်အလား စိမ်းစိုပြားဝပ်လျက် ရှိကြသည်။ မို့မို့မောက်မောက် တောင်ကုန်းမြင့်အချို့မှာ ကလေးတွေ ကစားသော သဲပုံကလေးများအသွင် ရှိနေကြသည်။

နေခြည်သည် ဖြာတော့ဖြာလေပြီ။ သို့သော် တောင်ရိပ်က ပြန်ကွယ်ထားသောကြောင့် မှိုင်းမှုန်နေတော့၏။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိရှူဖွာနေမိသည်။ အရသာခံ၍ပင် သောက်နေမိ၏။ ကိုယ်မမောင်းဖူးသော တောင်တက် တောင်ကွေ့လမ်းများမို့ ဆေးလိပ်မသောက်ရဲ၊ ဂရုတစိုက် မောင်းလာခဲ့ရသည်။

စောသီရိနိုင်သည် ကျွန်တော်နှင့် မလှမ်းမကမ်းတွင် လာထိုင်ပေသည်။ ထိုအခါမှ မစောသီရိနိုင်ဟူသော မန်းတက္ကသိုလ်မှ သချာဘာသာအဓိက တတိယနှစ်သမားမလေးကို ဂရုတစိုက် ကြည့်မိ၏။

နားတောင်းကျတွင် လက်တားပြီး ကားကြုံလိုက်စဉ်က စောသီရိနိုင်သည် လှသည်၊ ချောသည်၊ ချစ်စရာကောင်းသည်ဟူ၍ ဆိုနိုင်သည့် အမျိုးသမီးငယ်တစ်ဦးအဖြစ် သာမန်ကျွန်တော် ကောက်ချက်ချမိခဲ့သည်။ ဘယ်လိုလှ၊ ဘယ်လိုချောနှင့် ဘယ်လိုချစ်စရာကောင်းသည်ကိုမူ ကျွန်တော်သည် တောင်းမောင်းမိခဲ့လေသော ကျိုးတစ်ကောင်နှယ်မို့ အသေးစိတ် အသိအမှတ်ထားခဲ့ခြင်း မပြုခဲ့ပေ။

ယခုမူ ကျွန်တော်၏စိတ်များသည် တောင်ငှနှင့် ဝေးသည်ထက် ဝေးလာ၍လား၊ သို့မဟုတ် တောတောင်ရေမြေ



အနေအထားကပဲ တစ်မျိုးကွဲပြားလာ၍လား၊ သို့မဟုတ် တစ်လမ်းလုံး စောသီရိနိုင်၏ ပေါက်ကရ တွတ်တီးတွတ်တာ စကားများဖြင့် စိတ်ကြည်လင်၍လားတော့ မသိ၊ ကျွန်တော်၏စိတ်များသည် တည်ငြိမ်လျက် ရှိပေပြီ။ ထို့ကြောင့်ပင် ကျွန်တော်နှင့် ဘေးတိုက်ထိုင်နေသည့် သူငယ်မ စောသီရိနိုင်အား ယခုမှ အမှတ်ထင်ထင်ပင် ကျွန်တော် လေ့လာမိပါတော့၏။

အခြယ်အသကင်းသော ပင်ကိုအလှကို ကျွန်တော်တွေ့ရသည်။

အသားမှာ ဖြူလေ၏။ ဆွတ်ဆွတ်ကြီး ဖြူသည်တော့မဟုတ်။ အဖြူတွင် အဝါနှောပေသည်။ နှုတ်ခမ်းသည် ပန်းနုသွေးပြေးနေ၏။ ဆိုးဆေးလုံးဝမပါသော ပန်းနုသွေးပင်။ မျက်လုံးများသည် ဝိုင်းဝန်းသည်။ မျက်ဆန်က မည်းနက်၍ အောက်ခံမျက်သားများမှာ ပြာလဲ့နေသည်။ နို့စို့ကလေးတစ်ယောက်၏ မျက်လုံးလိုကြည်လင်ပေသည်။ မျက်တောင်မှာ ရှည်သည့်ပြင် ကော့နေ၏။ မျက်ခုံးမှာလည်း သဘာဝအတိုင်းပင် ဖြစ်လေမည်။ ပင်ကိုအမည်းပင်တည်း။ ဆေးရေး၍ ပုံသွင်းထားသော မျက်ခုံးမျိုးမဟုတ်၊ နုတ်သင့်သည်ကို မနုတ်လေသောကြောင့် မျက်ခုံးထူသည်ဟုထင်ရသည်။

သို့သော် ဝင်းဝါသော အသားကြောင့်ပင် မျက်ခုံးမှာ ပို၍နက်မှောင်သည် ထင်ရသလား၊ သို့မဟုတ် နက်မှောင်သော မျက်ခုံးကြောင့်ပင် အသားမှာ ပို၍ဝင်းဝါသည် ထင်နေရသလားတော့ ကျွန်တော်လည်း မဝေခွဲတတ်နိုင်။ နှာတံသည် မျက်ဝန်းနှစ်လုံး၏ ဗဟိုနေရာတွင် ချိုင့်ဆင်းကာ အောက်သို့တန်းနေအောင်

ဆင်ခြေလျှော ဆင်းလာသည်။ နှာခေါင်းဖျားသည် ချွန်ချွန်မြမြ တော့ မဟုတ်။ အရှေ့တိုင်းသူ၏ နှာခေါင်းအလှအတိုင်း လုံးလုံး ကျစ်ကျစ်ကလေး ဖြစ်သည်။ ပါးများမှာ မို့ပါလေသည်။ မို့ခြင်း သာ ဖြစ်ပါသည်၊ ဖောင်းခြင်း မဟုတ်ပေ။ ပါးမို့မို့ဝယ် ပါးချိုင့် များ တစ်ဖက်တစ်ချက် ရှိကြသည်။ လက်ဝဲဘက် ပါးချိုင့်သည် ပြုံးရုံမျှဖြင့် ခွက်သွားသော်လည်း လက်ယာဘက် ပါးချိုင့်ကမူ ဟက်ဟက်ပက်ပက်ကလေး ရယ်လေပါမှ ခွက်သွားတတ်သည်။ ရယ်လေလျှင် ပုလဲရည်သွေး သွားဖွေးဖွေး၏ အစွန်းနှစ်ဖက်ဝယ် မည်းမည်းနက်နက် ခွက်ဝင်လေသော ပါးချိုင့်ကလေးများက ပေါင်းကွပ်ထားလေသောကြောင့် ရှုမငြီးဖြစ်ရသည်။

လည်တိုင်မှာ ကြော့ရှင်းသည်။ ပခုံးနှစ်ဖက် ကျုံ့မှာ ပြေပြေလျှောလျှောရှိသည်။

စီးကရက်ကို နောက်ထပ်တစ်လိပ် ကျွန်တော်ပြန်ညှိ ပြန်၏။ စီးကရက်တစ်လိပ်ကို သောက်ရိုးသောက်စဉ်သာ သောက် လျှင် ရှစ်မိနစ်ပိုပိုခန့် ကြာတတ်သည်။ ထို့ကြောင့် ကျွန်တော် နားသည်မှာ ရှစ်မိနစ်ပိုပိုခန့် ရှိပြီတည်း။

တွေးနေ၊ ငေးနေစဉ်မှာ တောင်ယံအမြင့်ဆီမှ အဝါ ရောင်ကားကြီးတစ်စီး ဆင်းလာသည်ကို တွေ့ရသည်။ နောက်ဆုံး ပေါ် အမျိုးအစားဖြစ်ပြီး တော်တော်ပင် သစ်လွင်သေးသည့်ကား ဖြစ်ပါသည်။

ထိုကားဝါကြီးကို မြင်လိုက်ရသော စောသီရိနိုင်၏ နှုတ်ခမ်းအစုံမှာ ဝလုံးကလေးလို ဝိုင်းစက်သွားလေတော့သည်။

"လိုက်လာပြီ အစ်ကို၊ နိုင်တို့အိမ်က လိုက်လာကြပြီ"



နိုင်တို့အိမ်က လိုက်လာကြပြီဟု စောသီရိနိုင်က ဆိုသော်လည်း ကားဝါကြီးပေါ်တွင် မောင်းသူတစ်ယောက်သာ ပါရှိလေ၏။ ထိုသူသည် ကားဝါကြီးကို ကျင်လည်စွာ ပြန်၍ကွေ့ လိုက်ပြီး တောင်၏အတက်ဘက်သို့ ဦးတည်ထားလိုက်ကာ စက် သတ်လိုက်၏။

ထို့နောက် ကားပေါ်မှ သူ ဆင်းလာပေသည်။

နိုင်လွန်စပို့ရှပ် ငါးရှဉ့်သွေးရောင် ဝတ်ထားသည်။ အညိုမှိုင်းမှိုင်းဘောင်းဘီကို ကာယအလှပေါ်စေရန် ခပ်ကျပ်ကျပ် ကလေး ချုပ်ထား၏။ ငါးရှဉ့်သွေးစပို့ရှပ်နှင့် ညိုမှိုင်းမှိုင်းဘောင်းဘီ ရောင်တို့သည် ရှိမှောင်အုံ့ဆိုင်းနေသော ကောင်းကင်အောက်ဝယ် ပီပီလွင်လွင် လိုက်ဖက်လျက်ရှိနေသည်။

အရပ်မှာ ကျွန်တော့်လောက် ရှည်မည်ထင်ပါသည်။ ငါးပေရှစ်လက်မခန့် ဖြစ်၏။ ရင်ကိုကော့ပြီး လမ်းလျှောက်တတ် သည်။ လမ်းလျှောက်ပုံ ခန့်ညားပေသည်။ ရုပ်ရည်မှာ နည်းနည်း ကြမ်းသည် ဆိုရမလား မပြောတတ်။ အပြုံးအရယ် မရှိသောကြောင့် တင်းမာသည့် မျက်နှာပေးမို့များ ရုပ်ကြမ်းလေသလားမသိ။ ဆံပင် မှာ လိုသည်ထက် အနည်းငယ်ပို၍ ရှည်နေပေသည်။ ကုပ်သား ပေါ်သို့ ဆံစများ ဝဲကျနေ၏။ ရုပ်ရှင်မင်းသားများ ထားလေ့ရှိ သော ဆံပင်ပုံမျိုး ဖြစ်ပါသည်။

သူသည် စောသီရိနိုင်ဆီသို့ တန်းတန်းမတ်မတ်ပင် ရင်ကိုဖွင့်၍ လျှောက်လာခဲ့သည်။ ကျွန်တော့်ကိုမူ တစ်ချက်မျှ ခွစောင်းကြည့်ပြီး သူ၏မျက်လုံးများက စောသီရိနိုင်ထံသို့သာ ပြန်ရောက်သွားသည်။ ကျွန်တော်သည် အုတ်ခုံပေါ်၌ ထိုင်လျက်

သားပင် စီးကရက်ဖွာနေသည်။ စောသီရိနိုင်က ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

ဤနှစ်ဦးကြားဝယ် ကျွန်တော်သည် ပွဲကြည့်ပရိသတ်သာ ဖြစ်သင့်သည် မဟုတ်ပါလား။

"ဘဘနဲ့ မယ်မယ် မပါဘူးလာ ကိုဝဏ္ဏ"

စောသီရိနိုင်၏ အမေးကို ကိုဝဏ္ဏဆိုသူသည် ခေါင်းခါပြလိုက်သည်။

"တခြားကိစ္စနဲ့ ငါ ပြင်ဦးလွင်ကို ဆင်းလာတာ စောသီရိ"

"နို့ ဘာလို့ ဆက်ပြီး အောက်ကိုဆင်းလာရတာလဲ"

"ဝက်ဝံမှာ ရွှေဖီမန်းနဲ့တွေ့တယ်၊ မင်း နားတောင်းကျမှာ ကျန်ခဲ့တယ်ဆိုလို့ ငါ ဆက်ဆင်းလာတာပေါ့၊ မင်းပစ္စည်းတွေကိုတော့ ရွှေဖီမန်းက အိမ်အရောက် ပို့ပေးပါလိမ့်မယ်"

"အင်း ... ဟုတ်တယ်။ နားတောင်းကျမှာ စောသီရိ ကျန်ခဲ့တယ်၊ ရွှေဖီမန်းကလည်း မေ့သွားတယ် ထင်တယ်"

သူတို့နှစ်ဦး စကားထဲဝယ် ကျွန်တော်သည် အချက်တစ်ချက်ကို သတိထားမိသည်။ ကျွန်တော့်အား စကားပြောရာတွင် စောသီရိနိုင်သည် သူမကိုယ်ကို "နိုင်"ဟု ပြောပြီး ယခု ကိုဝဏ္ဏနှင့် ပြောသောအခါ သူမကိုယ်ကို "စောသီရိ"ဟုပြောနေခြင်းပင်။

ကိုဝဏ္ဏသည် ကျွန်တော့်အား တစ်ချက် ကြည့်လိုက်ပြန်သည်။ ကျွန်တော်၏ ဝတ်စားဆင်ယင်မှုအရဆိုလျှင် ကျွန်တော့်ကို အထင်ကြီးစရာ မရှိပေ။ ညက ကြမ်းပြင်တွင် သစင်မြိုင်နှင့်အတူ အိပ်ထားခဲ့သည့် အဝတ်အစားအတိုင်း ကျွန်တော့်တွင်ရှိနေ



၏။ ရှပ်လက်တိုအဖြူသည် ပေပေရေရေ ရှိနေလေပြီ။ ပုဆိုးမှာ ချည်ချောနှစ်တစ်ရာ ဖြစ်သော်လည်း တစ်ညလုံး ကားမောင်းနေရင်း ဝတ်ထားသောကြောင့် တွန့်တွန့်ကြေကြေ ရှိနေ၏။ သင့်တင့်သော အဝတ်အစားများကို ဖဲတပ်သေတ္တာတွင် ထည့်ယူလာခဲ့သော်လည်း ညက အဝတ်အစားများကို ကျွန်တော် မလဲခဲ့မိ။ အပေါ်မှ ကုတ်အင်္ကျီတစ်ထည်ကိုသာ ကောက်ဝတ်လာခဲ့မိသည်။

ကျွန်တော်က သူ့ကို ပြန်ကြည့်နေသောကြောင့် ချက်ချင်းပင် ကိုဝဏ္ဏသည် သူ့မျက်လုံးများကို လွှဲဖယ်ပစ်လိုက်သည်။

ဤမျက်လုံးပိုင်ရှင်မျိုးတို့သည် မိုက်တော့ မိုက်တတ်သည်။ အဆင်ခြင်တရားမူ နည်းပေလိမ့်မည်။

"မင်းဟာ အရင်နှစ်တွေကနဲ့ မတူဘူး စောသီရိ၊ သိပ်ကို အတင့်ရဲတယ်၊ ကျောင်းပိတ်ရက်ကိုလည်း အိမ်ကိုအကြောင်းမကြားဘူး၊ ပြီးတော့ ရွှေဖီမန်းလို ဘတ်(စ်)ကားနဲ့ မင်းလိုက်ရဲတယ်၊ မင်းဘဘနဲ့ မယ်မယ်ကတော့ သမီးဆီက ကြေးနန်းတမျှော်မျှော်နဲ့ ကြိုကြမလို့တဲ့လေ"

"ဒါတွေ ကိုဝဏ္ဏနဲ့ မဆိုင်ပါဘူး၊ စောသီရိက ကလေးမှ မဟုတ်တော့တာပဲ"

"ဆိုင်တာ မဆိုင်တာ မဆိုလိုဘူး၊ မင်း လုပ်နည်းလုပ်ဟန် မမှန်လို့ ငါ ပြောတာ စောသီရိ"

"ကဲပါ ... ဒါတွေထားလိုက်စမ်းပါ ကိုဝဏ္ဏ၊ ဟောဒီ စောသီရိရဲ့မိတ်ဆွေ ကိုခင်မောင်သန်းနဲ့ ကိုဝဏ္ဏကို မိတ်ဆက်ပေးမလို့ပါ"

စောသီရိနိုင်က ကျွန်တော့်ဘက်သို့လှည့်ကာ ပြုံးပြန်သည်။

"ဟောဒါ ကိုဝဏ္ဏတဲ့ အစ်ကို၊ ခိုင့်ရဲ့ အစ်ကိုပေါ့"

ကိုဝဏ္ဏက စောသီရိနိုင်၏စကားကို ဖြည့်စွက်လိုက်သည်။

"စောသီရိနဲ့ ကျွန်တော်က မောင်နှမသုံးဝမ်းကွဲလောက် တော်တာပါ"

စောသီရိနိုင်သည်မျက်နှာပျက်သွားရှာသည်။ သို့သော် ဟန်မပျက်ပင် ဆက်လက်၍ မိတ်ဆက်ပေးနေပြန်သည်။

"သူက ကိုခင်မောင်သန်းတဲ့ ကိုဝဏ္ဏ၊ သူ့ကားနဲ့ မိုင်ကဲကောင်းပြီး အကြွလိုက်လာနိုင်တာပေါ့၊ သူလည်း ကျောက်မဲကို သွားမလို့တဲ့လေ"

"ဒါဖြင့် သူက စောသီရိတို့ရဲ့ တက္ကသိုလ်ကျောင်းသား တစ်ယောက် မဟုတ်ဘူးပေါ့"

စောသီရိနိုင်က မဖြေ။ ကျွန်တော်က ဖြေလိုက်သည်။

"ကြက်ဖန်ဖန်ဗျာ၊ ကျွန်တော့်အဖို့ တက္ကသိုလ်ဆိုတာ ခပ်လှမ်းလှမ်းက လှမ်းမြင်ဖူးရုံ လူစားပါ"

ကိုဝဏ္ဏက လက်ဝါးနှစ်ဖက်ကိုပွတ်ရင်း ကျေနပ်စွာ ပြန်ပြောလာတော့သည်။

"အေးဗျ … အဲဒါကောင်းတယ်၊ တက္ကသိုလ်ကို ခပ်လှမ်းလှမ်းက မြည်နေကြရင် ကောင်းတယ်ဗျ၊ အဲ … အထဲကို ရောက်အောင်သွားနိုင်လို့ သွားလိုက်ပါလားဆိုရင် ဘဝင်ကလေးတွေ ကိုင်ကုန်ကြပါလေရောဗျာ"



ကိုဝဏ္ဏသည် မျက်လုံးက စောသီရိနိုင်အား ကြည့်နေရင်း ပြောလိုက်ခြင်း ဖြစ်ပေသည်။ ထို့နောက် စောသီရိနိုင်ကိုပင် ကိုဝဏ္ဏက ဆက်၍ ကျွန်တော့်အကြောင်း မေးမြန်းနေပြန်သည်။

"စောသီရိရဲ့မိတ်ဆွေ ကိုခင်မောင်သန်းက ဘာအလုပ်လုပ်သလဲ စောသီရိ"

ရိုင်းလေသော မေးခွန်းပင် ဖြစ်တော့သည်။ စောသီရိနိုင် စမျာ ဘာမျှမပြောတတ်ပေ။ အဘယ်ကြောင့်ဆိုသော် စောသီရိနိုင်သည် ကျွန်တော့်အကြောင်း ဘာမျှမသိသောကြောင့်တည်း။

ကျွန်တော်ကပင် ဆက်၍ဖြေရတော့သည်။

"အခု ကားမောင်းတယ်လေ၊ အတည်တကျ အလုပ်ရယ်လို့တော့ မရှိဘူး ကိုဝဏ္ဏ၊ ကြုံရာနဲ့ ပျံကျပဲဗျာ"

"အား … ကျွတ် … ကျွတ်၊ စောသီရိမှာ တကယ့်မိတ်ကောင်းဆွေကောင်းတွေ ရှိသကိုး"

စောသီရိနိုင်သည် မျက်နှာရဲတက်သွားသည်။ ကျွန်တော့်အား မျက်တောင်ကော့များကြားမှ တစ်ချက် ဝင့်ကြည့်လိုက်ရှာသည်။ ဘာမှဆက်မပြောဘဲ ကျွန်တော့်ကားဆီသို့သာ စောသီရိနိုင် လျှောက်သွား၏။

"ကဲ … လာ၊ သွားကြစို့ အစ်ကို"

ကျွန်တော်မှာ အူကြောင်ကြောင် ဖြစ်နေပါသည်။ သူမ၏အိမ်မှကားကြီး လာခေါ်နေပြီမို့ ကျွန်တော့်ကားနှင့် …

"လာ … သွားကြစို့ အစ်ကို"

ဆိုသည်မှာ အံ့သြစရာ ဖြစ်နေတော့သည်။

ကိုဝဏ္ဏသည် စောသီရိနောက်သို့ လိုက်သွား၏။

"မင်းဟာက ဘယ်လိုလဲ စောသီရိ၊ အိမ်ကကား ရောက်နေပြီပဲဟာ၊ ဒီကားစုတ်နဲ့ ဘာလို့လိုက်ဖို့ လိုမှာတဲ့လဲ၊ အေး ... ဒီလူကို တန်ရာတန်ကြေး ပေးလိုက်ရုံပေါ့"

ကျွန်တော်သည် ဘာမှမပြော၊ ပွဲကြည့်ပရိသတ်။

"အို ... စောသီရိ ကိုဝဏ္ဏနဲ့ မလိုက်ချင်လို့ပေါ့"

"ဘာလို့ မလိုက်ချင်ရမှာလဲ၊ လိုက်ရမယ် စောသီရိ"

"ဒီမှာ ကိုဝဏ၊ စောသီရိကို ဘယ်သူမှ အမိန့်နဲ့နိုင်းလို့ မရဘူးမှတ်ပါ၊ ဘာဘာနဲ့ မယ်မယ်တောင် စောသီရိကို ဇွတ်မလုပ်ကြဘူး"

"အခုကိစ္စက တစ်မျိုးပဲ၊ အိမ်ကကား ရောက်နေလျက်နဲ့ သူများကားနဲ့ လိုက်ရမယ်လို့၊ ပြီးတော့ ဒီလူက ဘာကောင်မှန်းမသိ ညာကောင်မှန်းမသိနဲ့ သူနဲ့သွားလို့ စိတ်ချရမလား ဖြစ်မလား"

ကျွန်တော်သည် ပခုံးကိုသာ တွန့်လိုက်မိသည်။ ကိုဝဏ္ဏသည် စကားပြော အတော်ရမ်းသူတစ်ဦး ဖြစ်ပေသည်။ စောသီရိနိုင်သည် ကျွန်တော့်အား အားနာသလို လှမ်းကြည့်နေရှာသည်။

"ရှင် သူများကို သက်သက်မဲ့ မပုတ်ခတ်ပါနဲ့ ကိုဝဏ္ဏ၊ သူနဲ့သွားတာ စိတ်ချရလို့ ဒီတောင်ရောက်နေပြီပဲ။ စောသီရိမှာ မဲ့တစ်ပေါက် မစွန်းဘူး သိလား၊ ရှင်နဲ့သွားရင်သာ ဟင်း ... မပြောလိုက်ချင်ဘူး"



ကိုဝဏ္ဏသည် မျက်မှောင်ကုတ်လာသည်။ မျက်ထောင့်လည်း နီလာသည်။ ဒေါပွလေပြီ။ ကျွန်တော်သည် ယခုအချိန်ထိ ဘာတစ်ခုမျှ ဝင်မစွက်သေးပေ။ ကိုဝဏ္ဏသည် ကျွန်တော့်အား မည်မျှပုတ်ခတ် ပြောနေစေကာမူ ကျွန်တော် မသိလိုက်မသိဘာသာ နေလိုက်သည်။

စောသီရိနိုင်သည် ကျွန်တော်၏ကားပေါ်သို့သာ တက်ထိုင်လိုက်သည်။ ကျွန်တော်သည် အုတ်ခုံတွင် ထိုင်နေဆဲဖြစ်သည်။ ကိုဝဏ္ဏသည် စောသီရိနိုင်ဆီသို့ ကပ်သွားသည်။ အခြင်းအရာကိုတော့ ကျွန်တော်က ကြည့်နေမိသည်။

"မင်း ကောင်းကောင်း ပြောမရရင်တော့ ငါ အတင်းဆွဲခေါ်ရလိမ့်မယ် စောသီရိ"

ပြောပြောဆိုဆိုပင် စောသီရိနိုင်အား ကိုဝဏ္ဏသည် လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ကားပေါ်မှ အတင်းဆင်းခိုင်းနေတော့၏။ စောသီရိနိုင်သည် ကားမှစတီယာရင်လက်ကိုင်ကွင်းကို ဆုပ်ထားရင်း အတင်းတွယ်ကပ်နေသည်။

မြင်ကွင်းသည် ကျွန်တော့်အဖို့ ကြည့်မကောင်းတော့ပြီ။ ကျွန်တော် သူတို့အနီးသို့ တိုးသွားမိတော့၏။

"ဒီမှာ ကိုဝဏ္ဏ၊ လူမြင်လို့ မကောင်းပါဘူးဗျာ"

"အေး ... လူမြင်လို့ မကောင်းရင် ခွေးမြင်လို့ ကောင်းအောင် မင်း အသာထိုင်ကြည့်နေပေါ့၊ ဝင်တော့မရှုပ်နဲ့"

ကျွန်တော်၏ သည်းခံစိတ်သည် ပြဒါးတိုင်အမှတ်ကုန်ဆုံးသွားပါလေပြီ။

"ခင်ဗျား အပြောတယ်ရှိင်းပါလား ကိုဝဏ္ဏ"

ကိုဝဏ္ဏသည် စောသိရှိနိုင်ကိုလွှတ်ကာ ကျွန်တော့်အား မျက်နှာချင်းဆိုင်လိုက်လေတော့ပြီ။

"ကဲ ... ငါက ရှိင်းတယ် ထားပါတော့၊ မင်းက ငါ့ကို ဘာလုပ်မလဲ"

ကိုဝဏ္ဏသည် ကျွန်တော့်အား တိုက်ခိုက်ပေတော့မည်။ သူက တိုက်ခိုက်ချင်သူဖြစ်၍ ထိုးဝင်တော့မည့် ဟန်ပန်တွေ ရှိနေသည်။ သူ ဒေါသကြီးလေပြီတည်း။ ကျွန်တော်သည် ကိုဝဏ္ဏနှင့် တိုက်ခိုက်ချင်သူ မဟုတ်သောကြောင့် စောစောကတည်းက သည်းညည်းအပြည့်ဖြင့် ခံခဲ့သည်။ သို့သော် ကိုဝဏ္ဏက တိုက်ခိုက်လာပါလျှင်တော့ ကျွန်တော်သည် ခုခံရပေဦးမည်။

ကိုဝဏ္ဏသည် ကျွန်တော့်အား အထင်သေးဟန်လည်း တူပေသည်။ သူ့လောက် တိုက်ရည်ခိုက်ရည် ရှိလိမ့်မည်မဟုတ် ဟု ကျွန်တော့်အပေါ် တွက်ဆထားဟန်တူသည်။

ရန်သူကို အထင်သေးခြင်းပင်၊ မှားလေစွ။

ကိုဝဏ္ဏသည် ညာဖြောင့်လက်သီးကို အယောင်ပြကာ ဘယ်ဝိုက်ဖြင့် သွင်းသွင်းဝင်ဝင် အရှိန်ထိုး အငိုက်ဖမ်းအကွက်ကို ဖန်တီးလိုက်သည်။ ကျွန်တော့်အတွေ့အကြုံဝယ် အလွန်ရိုးသေးသော တိုက်ကွက်မျိုးသာ ဖြစ်တော့သည်။

ကျွန်တော်သည် ဒူးကွေးကာ ခေါင်းငုံ့ပေးလိုက်၏။ ညာဖြောင့်ပဲဖြစ်ဖြစ်၊ ဘယ်ဝိုက်ပဲဖြစ်ဖြစ် မျက်နှာပေါ်သို့ ချိန်သား ယူကာ ဝင်လာသော လက်သီးကို လွတ်သွားအောင် ဒူးကွေးခေါင်းငုံ့၍ ရှောင်လိုက်ခြင်းဖြင့် ကိုဝဏ္ဏ၏လက်သီးများသည် လေထဲ၌



သာ ပျံဝဲသွားပေသည်။ ထိစေလိုသော ကျွန်တော့်မျက်နှာကို မထိတော့ဘဲ လေထဲ၌ သူ၏လက်သီးများ ပျံဝဲသွားသည့်အခါ သူ၏ကိုယ်ဟန် အနေအထားသည် ပျက်သွားရသည်သာ။

ကျွန်တော်သည် ဒူးကွေးသည်ဆိုရာ၌ ဆောင့်ကြောင့်ကြီးထိုင်ချသော ဒူးကွေးခြင်းမျိုး မဟုတ်ပါပေ။ တစ်ဝက်မရှိတရှိမျှသာ ကွေးထားပြီး ကိုယ်လိုချင်သော အချိန်မျိုး၌ ဒူးကြောများသည် စက်ပရိန့်လို တွန်းကန်ထနိုင်သည့် အနေအထားမျိုးသာ ဖြစ်တော့သည်။

ကိုယ်ဟန်အနေအထား ပျက်သွားလေသော ကိုဝဏ္ဏသည် သူ၏လေဝဲလက်သီးနောက်သို့ ကိုယ်ခန္ဓာပါလာကာ ရှေ့သို့ ကိုင်းလာတော့၏။ ကျွန်တော်သည် စက်ပရိန့်၏တွန်းကန်အားမျိုးဖြင့် ကိုယ်ကိုမတ်ကာ ကိုဝဏ္ဏ၏ကိုင်းလာလေသော ရင်ဘုံကို ခေါင်းဖြင့်ပစ်ဆောင့်လိုက်သည်။ "အွတ်"ဆိုသော အသံနှင့်အတူ ကိုဝဏ္ဏ နောက်လန်သွား၏။ နောက်ပြင် ယိုင်ထိုးယိုင်ထိုးနှင့် သူ့ကိုယ်ကို လဲမကျသွားရန် အာရုံကြော မှန်သမျှက ဂရုစိုက်နေချိန်မှာပင် ကျွန်တော်၏ညာလက်သီးသည် ကိုဝဏ္ဏ၏ မျက်နှာကို ချိန်သားမိမိ ခပ်ဆတ်ဆတ်ကလေး သွင်းလိုက်တော့သည်။ တစ်ချိန်တည်းမှာပင် ဘယ်လက်သီးက ကိုဝဏ္ဏ၏ဝမ်းဗိုက်သားကို ထောက်ပေးလိုက်သည်။

ရင်ဝကို ခေါင်းနှင့် အဆောင့်ခံရသည်။ မျက်နှာနှင့် ဝမ်းဗိုက်ကို ထိမိသော လက်သီးချက်ဒဏ် ခံလိုက်ရသည်။ ဝလချင်း မကွာကြစေကာမူ လက်သီးဆုပ်အားနှင့် လက်မောင်းအိုးအား ကျွန်တော်က ??သည်။ တိုက်တွင်း တိုက်ကွက်ကို ကျွန်

[illegible] ဒေါသမပါဘဲ စနစ်တကျ အကွက်လှလှဖြင့် မှန်မှန် [illegible] တိုက်နိုင်ခဲ့သည်။

ကိုဝဏ္ဏ ဘာခံနိုင်တော့အံ့နည်း။ ပုံလျက်သား ကျသွားပါလေတော့သည်။

သို့တိုင် ကိုဝဏ္ဏသည် ခံနိုင်ရည်ရှိသူဖြစ်သည်။ သတိမေ့မသွားပေ။ နှတ်ခမ်းမှ သွေးများတော့ ကျလာရှာသည်။ နှုတ်ခမ်း ဟက်တက်ကွဲသွားဟန်တူသည်။ ဤမျှလောက်ပင်လျှင် ကိုဝဏ္ဏ ကံကောင်းသည်ဟု ဆိုရမည်။ ကျွန်တော်သည် အလေ့အကျင့် ပြတ်နေသူဖြစ်၏။ အကယ်၍သာ ကျောင်းသားတုန်းကလို အဆက်မပြတ် လေ့ကျင့်ထားပါလျှင် ဤနေရာမျိုး၌ လက်အိတ်မပါသော ကျွန်တော့်လက်သီးဒဏ်သည် ကိုဝဏ္ဏ နာနာပ်ယူရပေမည်။

ကျွန်တော် ဆက်လက်တိုက်ခိုက်ရပါလျှင် ကိုဝဏ္ဏအား ဖွဲအိတ်ကို ယုံးနက်ပစ်သလို ထိုးနက်ပစ်နိုင်သည်။ သို့သော် ကျွန်တော် မထိုက်ခိုက်လိုပါ။

စက္ကန့်တော်တော်ကြာအောင် ကိုဝဏ္ဏ ထိုင်နေရသေးသည်။ ထို့နောက် ကိုဝဏ္ဏသည် လူးလဲထလာပြန်၏။ သူ့တွင် ဆက်လက်ပြီး တိုက်ခိုက်လိုစိတ် ရှိနေသေးဟန်ပင်။

ကျွန်တော်ကတော့ ခံစစ်အတွက်မျှသာ ပြင်ဆင်လိုက်ပေသည်။

ဖန်းခနဲ သေနတ်သံ ထွက်လာလေ၏။

ကိုဝဏ္ဏသည် စောသီရိနိုင်အား လှမ်းကြည့်နေပြီမို့ ကျွန်တော်လည်း လိုက်ကြည့်မိသည်။ စောသီရိနိုင်၏ လက်ထဲဝယ်



ဒသမနစ်ငါး မိန်းမကိုင်သေနတ်ကလေးတစ်လက်ကို တွေ့ရသည်။ စောသီရိနိုင်၏ သေနတ်ပြောင်းသည် ကိုဝဏ္ဏအား ချိန်ထား၏။ ခုနက အပေါ်သို့မြှောက်ပစ်ပြီး အသံပေးရုံမျှ ပစ်လိုက်ခြင်းဖြစ်ပေလိမ့်မည်။

"ကဲ ... ကိုဝဏ္ဏ၊ ကားမောင်းပြီး ရှင်တစ်ယောက်တည်း ပြန်ပေတော့၊ ဒီထက် ပိုကဲလာရင် စောသီရိက အဟုတ် ပစ်ထည့်မှာ၊ ရှင့်ကိုပစ်လို့ စောသီရိ ဘာမှဖြစ်မသွားနိုင်ဘူးဆိုတာ ရှင်လည်း နားလည်ပါတယ် ကိုဝဏ္ဏ၊ ရှင် မကျေနပ်လို့ ဘဘနဲ့ မယ်မယ်ကို တိုင်ချင်တိုင်ပေါ့၊ ရှင်တိုင်ရင်တော့ စောသီရိကလည်း ဘဘကို ပြန်တိုင်ရမှာပဲ၊ စောသီရိကို ဆွဲလား ကိုင်လား လုပ်ပါတယ်ဆိုရင် ဘဘက ရှင့်ကို ခွင့်လွှတ်လိမ့်မယ်များ ထင်သလား၊ ဒါပေမဲ့ စောသီရိ ကတိပေးမယ်၊ ကိုဝဏ္ဏ ပါးစပ်ပိတ်ထားရင် စောသီရိကလည်း ပါးစပ်ပိတ်ထားမယ်၊ ကဲ ... သွားပေတော့ ကိုဝဏ္ဏ"

ကိုဝဏ္ဏသည် လက်ကိုင်ပဝါဖြင့် သူ့နှုတ်ခမ်းမှ သွေးများကို သုတ်လိုက်သည်။ ဘောင်းဘီနှင့် စပို့ရှပ်တွင် ပေသွားသော ဖုန်များကို ခါထုတ်ပစ်လိုက်သည်။ ထို့နောက် ကျွန်တော့်အား လှည့်၍ပြောက်တော့သည်။

"မင်း ထမင်းဝအောင် စားထားပေါ့ ခင်မောင်သန်း၊ တစ်နေရာရာမှာ မင်းနဲ့ငါ မကျေပွဲနွှဲကြသေးတာပေါ့"

ကျွန်တော်က ဘာမျှမပြော၊ ပခုံးကိုသာ တွန့်ပြလိုက်မိသည်။ စောသီရိနိုင်သည် ကိုဝဏ္ဏအား သေနတ်နှင့် ချိန်ထားဆဲ

[illegible] ကိုဝဏ္ဏသည် ကားဝါကြီး၏တံခါးကို ဆောင့်ဖွင့်ပြီး [illegible]လိုက်သည်။

ထို့နောက် အရှိန်ပြင်းစွာ မောင်းထွက်သွားပါတော့သည်။

✿ ✿ ✿

ပထမတော့ နိုင်ရော ကျွန်တော်ပါ ငြိမ်နေကြသည်။ စကားမပြောမိကြ။ ကျွန်တော်သည် ကားကိုသာ မှန်မှန်မောင်းနေ၏။ ကိုယ့်အတွေးနဲ့ကိုယ်မို့ ပါးစပ်များပိတ်နေမိကြသည်။

"တကယ်တော့ နိုင် မှားတယ် နိုင်"

စောသီရိသည် ကျွန်တော့်ကို ငုံ့စောင်းကြည့်သည်။ ကျွန်တော်ကပင် ဆက်ပြောသည်။

"ကိုဝဏ္ဏနဲ့ နိုင် လိုက်သွားသင့်တာပေါ့၊ သူက နိုင့်ရဲ့အစ်ကို ပဲ၊ ပြီးတော့ နိုင်တို့ကိုယ်ပိုင်ကားနဲ့ လာခေါ်တာ"

"အို … အစ်ကို မသိပါဘူး၊ ကိုဝဏ္ဏလိုလူဟာ နိုင်နဲ့နှစ်ယောက်တည်း ခရီးအတူသွားသင့်တဲ့လူမျိုး မဟုတ်ဘူး အစ်ကို၊ နိုင်မမှားဘူး၊ နိုင်မမှားပါဘူး အစ်ကို"

ဒါတော့ ကျွန်တော်မသိ။ သူတို့အချင်းချင်းသာ သိနားလည်လောက်ပေသည်။ ကျွန်တော်တို့ ငြိမ်သွားကြပြန်သည်။ တစ်အောင့်လောက် ကြာသည်အထိပင် ဖြစ်ပါ၏။

"အစ်ကို့ကို နိုင် အံ့သြတယ် အစ်ကို"

"နိုင့်ကိုလည်း အစ်ကို အံ့သြရတာပဲ"



"နိုင့်ကို အစ်ကိုက ဘာလို့ အံ့သြရတာလဲ"

"ပထမအံ့သြတာက အိမ်ကကား လိုက်လာလျက်နဲ့ နိုင် လိုက်မသွားတာကိုပေါ့၊ ကဲ … ဒါကိုထားပါ၊ ကိုဝဏ္ဏဟာ နိုင်ယုံကြည်ထိုက်တဲ့လူ မဟုတ်လို့ လိုက်မသွားတာလို့ နိုင် စောစောက ပြောသွားပဲ"

"ဒါဖြင့် ဒုတိယအံ့သြရတာကကော အစ်ကို"

"စောစောက နိုင်ပြောခဲ့တယ် မဟုတ်လား၊ အစ်ကိုဟာ လူကောင်းတစ်ယောက်လို့ ချက်ချင်းတွက်ပြီး အဖြေထွက်လာလို့ လိုက်လာတာ၊ ဒါပေမဲ့ တကယ့်အဖြေမှန်က တကယ်လို့သာ အစ်ကိုက လူဆိုးလူညစ်တစ်ယောက် ဖြစ်လာရင်လည်း နိုင်ရဲ့လက်မှေ့အိတ်နီနီထဲက ဒေါ်သမန်စ်ငါးသေနတ်ကလေး အားကိုးပဲ မဟုတ်လား"

"ကဲ … တတိယ နိုင့်ကို အံ့သြဘာများကော အစ်ကို့မှာ ရှိသေးသလား အစ်ကို"

"ရှိသေးတာပေါ့၊ နိုင်က အစ်ကိုနဲ့စကားပြောရင် နိုင့်ကိုယ်ကို နိုင်လို့ ပြောတယ်၊ ကိုဝဏ္ဏနဲ့ပြောတဲ့အခါကျတော့ စောသီရိလို့ ပြောတယ်၊ အဲဒါ ဘာလို့လဲ နိုင်"

… နိုင်က စိတ်ရှည်ရှည်ကလေးပင် ရှင်းပြပေသည်။

"နိုင့်နာမည်ရင်းက စောသီရိပါ အစ်ကို၊ အဲဒီ စောသီရိ ဆိုတဲ့ နာမည်ကို နိုင် မကြိုက်ဘူး၊ ကဗျာဆန်သလိုလို နန်းဆန်သလိုလိုနဲ့"

"ဒါဖြင့် ဗွေးတုတ်လို့ ပြောင်းပါလား"

နိုင်သည် ကျွန်တော့်အား မျက်စောင်းထိုးလိုက်သော်လည်း ချေပခြင်း မပြုပေ။ သူမ၏စကားကိုသာ ဆက်လက်ရှင်းပြနေသည်။

"နိုင့်ဘဘ(အဖေ)နာမည်က ဦးပန်းနိုင်။ ကျောင်းအပ်တော့ နိုင်က နိုင့်နာမည်ကို စောသီရိနိုင်လို့ ပေးတယ်၊ ဘဘနာမည် အမျှားတစ်လုံး ထည့်ယူလိုက်တာပေါ့ အစ်ကို၊ ပြီးတော့ ရှမ်းအမျိုးသားမဟုတ်တဲ့ လူတွေနဲ့ ဆက်ဆံတိုင်း နိုင်က စောသီရိကိုဖြုတ်ပြီး ကိုယ့်ကိုယ်ကိုယ် နိုင်လို့ တွင်တွင်ခေါ်နိုင်းတာပဲ"

"စောသီရိနိုင်ဆိုတဲ့ နာမည်က လှသားပဲ နိုင်၊ ဒီနာမည်လှလှလေးကို နိုင် မကြိုက်ဘူးဆိုရင်လည်း တခြားကြိုက်တဲ့ နာမည်တစ်ခု ပြောင်းယူလိုက်လို့ရသား မဟုတ်လား"

"ရှမ်းအသိုင်းအဝိုင်းထဲမှာတော့ နိုင့်ရဲ့ စောသီရိ ဆိုတဲ့ နာမည်ဟာ ပြောင်းလို့မရနိုင်ဘူး အစ်ကို"

"ဘာဖြစ်လို့"

နိုင်သည် မဖြေသေးပေ။ အဝေးသို့ ငေးကြည့်နေသေးသည်။

"ခက်တယ် အစ်ကို"

"ဒါဖြင့် နိုင်တို့က စော်ဘွားဆက်တွေပေါ့"

"မယ်မယ့်ဘက်ကပါ။ ဘဘကတော့ ရှမ်းပြည်နယ်ရောက် မြန်မာစည်သည်ကြီးအဖြစ်က မယ်မယ်နဲ့ အကြောင်းပါခဲ့တာပဲ၊ ဒါတွေကို မသိချင်စမ်းပါနဲ့ အစ်ကို၊ နိုင်ကိုယ်တိုင် ဒီလိုဘောင်စတ်ပြီး ကျဉ်းမြောင်းတဲ့ အဝန်းအဝိုင်းကို



မကြိုက်ဘူး၊ ဒါပေမဲ့ မယ်မယ့်ကို ငဲ့ရတာတွေက ရှိနေသေးလို့ပေါ့ အစ်ကို၊ ထားပါလေ၊ အစ်ကို့မှာစတုတ္ထအံ့ဩတာကော ရှိသေးသလား"

"ရှိတော့ ရှိတယ်၊ ဒါပေမဲ့ မမေးတော့ပါဘူး"

"မေးပါ အစ်ကို၊ အစ်ကိုမေးသမျှ ဖြေပြနေရတာကို နိုင်ပျော်ပါတယ်"

ကျွန်တော်သည် စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ မောင်းရသည်မှာ မြေပြန့်ဆန်လာပြီဖြစ်၏။

အတက်အဆင်း မတ်မတ်စောက်စောက်၊ ကွေ့ကွေ့ ဒြိက်ဝိုက်ဟူ၍ သိပ်မရှိတော့။

နိုင်သည် ကျွန်တော့်လက်မှ စီးကရက်ဘူးနှင့် မီးခြစ်ကို လှမ်းယူလိုက်သည်။ တစ်လိပ်ထုတ်ယူပြီး မီးညှိပေး၏။ ချောင်းတဟွတ်ဟွတ် ဆိုးသွားရှာသည်။ နိုင်သည် ဆေးလိပ်မသောက်တတ်ပေ။

"အကျင့်မလုပ်နဲ့ ကလေးမ၊ မျက်နှာနဖပ်ဖပ်ကလေး ရင့်သွားလိမ့်မယ်"

"အစ်ကို့ကို ညှိပေးတာပါ၊ ပြီးတော့ နိုင်ဟာ ကလေးမမဟုတ်တော့ပါဘူး အစ်ကို"

"ဒါဖြင့် လူကြီးမလေးပေါ့"

နိုင်ညှိပေးသော စီးကရက်ကို ကျွန်တော်ယူ၍ ဖွာရှိုက်သည်။ နှုတ်ခမ်းနီ လုံးဝဆိုးမထားကြောင်း သိသာပေ၏။ စီးကရက်ပင်မှာ ပကတိ ဖြူဖွေးဖွေးလေးပင်။

"ကဲ ... မေးလေ အစ်ကို"

"ဪ ... ကိုဝဏ္ဏအကြောင်းပါ နိုင်၊ သူက နိုင့်အပေါ် ပိုင်စိုးပိုင်နင်းကလေးများ ရှိနေသလားလို့"

"မယ်မယ်ရဲ့ ဆွေမျိုးစုထဲမှာ ကိုဝဏ္ဏ တစ်ယောက်အပါအဝင်ပေါ့ အစ်ကို၊ ဒါပေမဲ့ မယ်မယ်က ကိုဝဏ္ဏကို ဘယ်လိုမှ ရည်ရွယ်ချက် မထားပါဘူး၊ ဘဘကတော့ ကိုဝဏ္ဏကို အရေးပေးတယ်၊ ဒါကြောင့် သူ ကဲချင်နေတာ"

"ဪ ... နိုင့်ရဲ့မယ်မယ်က ကိုဝဏ္ဏကို မရည်ရွယ်ဘူးဆိုတာ ဘာလဲနိုင်၊ နိုင့်မယ်မယ်က ဘယ်သူ့ကို ဘာအတွက် ရည်ရွယ်ထားလို့လဲ၊ အား ... ဘွာ ဘွာ၊ ဒါဟာ အစ်ကို မမေးသင့်တဲ့မေးခွန်း ဖြစ်လိမ့်မယ် နိုင်"

သည်တစ်ချီတော့ သွက်သော နိုင်သည် ငြိမ်ကျသွားတော့၏။ သင်္ချာဘာသာ အဓိကဖြင့် တတိယနှစ်သမား နိုင်သည် ဤပုစ္ဆာ၏အဖြေကိုမူ ဖော်ထုတ် တွက်ချက်ပြလိုခြင်း ရှိဟန်မတူရှာပေ။

"အဖြေရခက်နေရင် မဖြေနဲ့နော် နိုင်၊ ဒါ သိရလို့ အစ်ကို့မှာ ဘာအကြောင်းမှ ထူးသွားမှာလဲ မဟုတ်ဘူး"

"အစ်ကို့မှာ ဘာအကြောင်းမှ ထူးသွားမှာ မဟုတ်ဘူးဆိုတဲ့ အစ်ကို့စကားကို နိုင် မခံချင်လိုက်တာ အစ်ကို၊ အစ်ကိုမေးတာကို နိုင်ပြောမယ်၊ နိုင့်မယ်မယ်က သိပေါ့ဆက်ပါ၊ မယ်မယ့်မှာ တူတစ်ဝမ်းကွဲ နိုင်နဲ့ဆိုရင် မောင်နှမနှစ်ဝမ်းကွဲတော်တဲ့ ခွန်နောင်း ရှိတယ်၊ တကယ်လို့သာ ခေတ်ပြောင်းတော်လှန်ရေးကြီး ဖြစ်မလာရင် ခွန်နောင်းက စော်ဘွားဖြစ်လာမယ့်လူပေါ့၊ ဒါပေမဲ့ ခွန်နောင်းက စော်ဘွား



လုပ်ချင်တဲ့လူစား မဟုတ်ပါဘူး၊ ပြည်မနဲ့ပြည်နယ်ခွဲမှာကို လုံးဝမလိုလားတဲ့လူ၊ သူ အင်္ဂလန်မှာ ပညာတော်သင်အဖြစ် သွားနေတာ၊ အခုလောက်ဆို ပြန်ရောက်နေရောပေါ့၊ ကိုဝဏ္ဏနဲ့ စိတ်နေသဘောထားရော၊ မလေ့စရိုက်ရော တခြားစီပဲ အစ်ကို၊ ဒါပေမဲ့ ဘဘက ဘာလို့မှန်းမသိဘူး၊ ကိုဝဏ္ဏကို တော်တော်မျက်နှာသာပေးတယ်၊ ကဲ ... ဒါလောက်သိရရင် ကျေနပ်ပါတော့ အစ်ကို"

ပြင်ဦးလွင်သို့ ဝင်လာခဲ့ပေပြီ။ ပြင်ဦးလွင်ဝယ် ရက္ခဗေဒဥယျာဉ်၊ ဘီတီရေကူးကန်၊ ဘီအီးရေတံခွန်တို့ကို မရောက်မူပါက ကြည့်ရှုသင့်ကြောင်း ပြောသေးသည်။ ကျွန်တော့်မှာ ကျွန်တော့်အကြောင်းနှင့် ကျွန်တော် ဖြစ်နေ၏။ ပြင်ဦးလွင်ကဲ့သို့သော တောင်စခန်းမြို့ဝယ် ဤရာသီမျိုး၌ လူမျိုးစုံတတ်သည်။ ကျွန်တော် မလည်ပတ်ရပေ။ ကျွန်တော်သည် ကျွန်တော့်မျက်နှာကို မျက်နှာသိများထံ မပြရဲလေသော လူတစ်ဦး မဟုတ်ပါလား။

မာတ်ဆီဆိုင်တော့ ဝင်ရသည်။ မာတ်ဆီဖြည့်ရ၏။ နံနက်(၉)နာရီပင် ထိုးပေပြီ။

ည(၁၀)နာရီလောက်ကပင် တောင်ငူမှ မောင်းလာခဲ့သော ကျွန်တော်သည် အလွန်ပင် အိပ်ချင်နေပေပြီ။

"အစ်ကိုကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ၊ နိုင် တစ်လှည့် မောင်းပေးရမလား အစ်ကို"

"ဖြစ်ပါ့မလား နိုင်"

"သိပ်ဖြစ်တာပေါ့၊ အစ်ကိုထက်တောင် ပိုဖြစ်သေး၊ ဒီလမ်းတွေက နိုင်မောင်းနေကျ၊ နောကိုကျေလို့"

ကျွန်တော်က နေရာပြောင်းထိုင်လိုက်တော့သည်။ စောသီရိနိုင်သည် လက်ကိုင်ဘီးနောက်တွင်ထိုင်ကာ ကျင်လည်စွာပင် ကားကိုမောင်း၍ ထွက်ခဲ့သည်။

သေနတ်ကိုလည်း ကိုင်သည်။ ကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် မောင်းသည်။ အာဂရာဇာတိတ်မလေး စောသီရိနိုင်ပါပေ။

ကျွန်တော်သည် နောက်မှီကို ခါးလျှောပြီး ခေါင်းတင်ကာ မေးမြန်းထိုင်လိုက်သည်။

"အစ်ကို့ကို နိုင်အံ့ဩတာတွေတော့ မပြေတော့ဘူးလား အစ်ကို"

"မေးပါနိုင်"

"တကယ်တော့ ကိုဝဏ္ဏဟာ အသတ်အပုတ်မှာ အင်မတန်ကျွမ်းကျင်တယ် အစ်ကို၊ အစ်ကို သူ့ကို အလဲထိုးနိုင်လိုက်တာ နိုင် အံ့ဩနေမိတယ်"

"ဒါလား … ဒါကတော့ အစ်ကိုကလည်း အသတ်အပုတ်ကို သိပ်လေ့လာထားတာကိုး နိုင်၊ အစ်ကို ကျောင်းသားဘဝက သိပ်ဆင်းရဲတာ၊ ကျောင်းအားလပ်ချိန်တွေမှာ သူများတွေက အပြင်ထွက် ရုပ်ရှင်သွား ဘာသွားနဲ့ပေါ့၊ အစ်ကိုက ဘိုင်သမား၊ အပြင်မထွက်နိုင်ဘူး၊ ဒီတော့ စာဖတ်ရင်ဖတ်၊ မဖတ်ရင် အားကစားရုံထဲသွားပြီး အလေးမတယ်၊ လက်ဝှေ့ထိုးတယ်၊ ဂျူဒိုသင်တယ်၊ ပြေးတယ်၊ ခုန်တယ်၊ အဲဒါတွေကြောင့် ဖြစ်မှာပေါ့ နိုင်"

"တက္ကသိုလ်အားကစားရုံမှာလား အစ်ကို"



နိုင်သည် မျက်လုံးကလေးများ အရောင်တောက်လာအောင် ကျွန်တော့်ကိုကြည့်ကာ မေးပေသည်။ ပြီး … ကားဆက်မောင်းရင်း အဖြေကိုစောင့်နေ၏။ ကျွန်တော် မဖြေ၊ အိပ်ချင်လည်း အိပ်ချင်လွန်းပြီဖြစ်၍ အိပ်ပစ်လိုက်သည်။

အဖြေထွက်မလာသောကြောင့် စောသီရိနိုင်သည် ငဲ့စောင်းကြည့်ပြန်သည်။ သူမက အစ်ကိုဟု ခေါ်လေသော ကိုခင်မောင်သန်းကြီးသည် တကယ်ပင် အိပ်ပျော်နေပေပြီ။

ဘာရယ်လို့ အကြောင်းတော့ မပြတတ်။ စောသီရိနိုင်သည် အစ်ကို့ကို သနားမိသည်။ အစ်ကို့တွင် ထူးခြားချက်တစ်ခု ရှိနေသည်မှာတော့ အမှန်ဖြစ်၏။ အစ်ကိုသည် တစ်ခုခုကိုများ လျှို့ဝှက်ထားလေသလား မသိ။

ရှမ်းသားဝယ် ကိုဝဏ္ဏနှင့် ပြောကြစဉ်က အစ်ကိုသည် အလုပ်အတည်တကျမရှိ။ ပျံကျဟု ပြောခဲ့သည်။ ကားမောင်းသည်ဟုလည်း ပြောသည်။ အကယ်၍သာ တကယ်တမ်း ကားမောင်းသူတစ်ဦးဖြစ်လျှင် ကားမှာ တက္ကစီနံပါတ်နီ ဖြစ်သင့်သည်။ ထိုင်ခုံအထားအသိုများလည်း ပိုမို၍ လူဆံ့အောင် တက္ကစီကားများထဲသို့ ထားသင့်သည်။ ယခုမူ နံပါတ်သည် အနက်ပြားဆေးရောင်မှာ ငွေမင်ဖြင့် သုတ်ထားသည်။ စက်ရော ဘော်ဒီပါ သပ်သပ်ရပ်ရပ်စီးသော ကိုယ်ပိုင်ကားနှင့် တူနေ၏။ အို … အစ်ကို၏ ကိုယ်ပိုင်ကားပင် ဖြစ်တန်ရာသည်။

အစ်ကို၏ဥပမိရုပ်မှာ ဆံပင်လေးခွေခွေကောက်ကောက်နှင့် ကြည့်၍လည်း လှသည်။ ခန့်လည်းခန့်ညားသည်။ အသားတော့ ညိုသည်။ ခန့်ညားသော ယောကျ်ားမို့ အသားညို

သည်ကပင် ပို၍ခံထည်သလားမသိ။ အသွင်အပြင်မှာ ကလက်ခြင်းမရှိ။ အပြောအဆိုကလည်း တည်တံ့လွန်း၏။ ကာယဗလကိုလည်း စနစ်တကျ လိုက်စားခဲ့သည် ထင်သည်။ လက်မောင်းနှင့် ရင်အုံမှာ အထစ်တွေ အရစ်တွေ ရှိနေသည်။

အစ်ကိုသည် ကြွေရာပျံကျ ကားသမားဘဝ ဆိုသည်မှာ ဟုတ်နိုင်ပါမည်လော။

အစ်ကို့တွင် ပစ္စတိုတစ်လက်ပါသည်။ လက်နက်ပုန်းတော့ မဟုတ်တန်ရာ။ အစ်ကို့ကားထဲတွင် ခရီးဆောင်သေတ္တာ တစ်လုံးတော့ပါသည်။ အိပ်ရာလိပ်ကိုမူ စောသီရိနိုင် မတွေ့မိ။ အစ်ကိုသည် မန္တလေးမြို့ကိုပင် ကျွမ်းကျင်သူတစ်ဦး မဟုတ်ပေ။ ရွှေဖီမန်းကားကိုပင် သူ မသိ။ သူ မကျွမ်းကျင်လေသော ဒေသတစ်လျှောက်သို့ အိပ်ရာလိပ်မပါဘဲ ကားတစ်စီး၊ သေနတ်တစ်လက်၊ သေတ္တာတစ်လုံးဖြင့် ရောက်လာခဲ့သည်။

အစ်ကိုသည် ဘယ်လိုလူနည်း။ ထူးခြားသူတော့ အမှန်ပင်။ ဘာထူးခြားမှန်းတော့လည်း သိရန်ခက်လှသည်။ သိသိသာသာ အစ်ကို့တွင် ထူးခြားချက်တစ်ခု ရှိနေသည်မှာ တိုတောင်းလှသော နာရီပိုင်းအတွင်းမှာပင် စောသီရိနိုင်သည် အစ်ကို့အား ခင်တွယ်မိခြင်း ဖြစ်ပါသည်။ ယုံလည်း ယုံကြည်မိသည်။ ပြီးတော့ ဘာကိုရယ်မှန်းတော့မသိ။

စောသီရိနိုင်သည် အစ်ကို့အား အလိုလိုပင် အထင်ကြီးနေမိသည်။

သင်္ချာသမားလေးသည် သည်တစ်ခါတော့ အတွက်များနေလေပြီလား မပြောတတ်။



နှစ်ယောက်ရှိသည့်အနက် တစ်ယောက်က အိပ်နေသောအခါ စောသီရိနိုင်သည် ကားကိုသာ ဖိမောင်းနေတော့သည်။ အင်ဂျင်ကောင်းသောကားမို့ ခရီးလည်းတွင်ပေသည်။

နံနက်ဆယ်တစ်နာရီတွင် နောင်ချိုသို့ ရောက်လာ၏။

"ဟေး … အစ်ကို၊ ထ … နောင်ချို ရောက်ပြီ"

စောသီရိနိုင်က လှုပ်နိုးသောကြောင့် ကျွန်တော် နိုးလာသည်။ ကားဂိတ်ပတ်ဝန်းကျင်တွင် စားသောက်ဆိုင်များကို တွေ့ရသည်။ တရုတ်ဆိုင်ရှိသည်။ မြန်မာထမင်းဆိုင်ရှိသည်။ ရှမ်းတို့ဟူး၊ ရှမ်းခေါက်ဆွဲဆိုင်များ ရှိကြသည်။

"အစ်ကို ဘာစားမလဲ"

"ဘာဖြစ်ဖြစ် စားမယ် နိုင်၊ ဆာနေပြီပဲ"

"ဒါဖြင့် လာ၊ ရှမ်းခေါက်ဆွဲ စားကြစို့၊ အစ်ကို ဆွေမျိုး မေ့သွားမယ် သိလား"

"အစ်ကို့မှာ ဆွေမျိုးမှ မရှိတာ"

ရှမ်းခေါက်ဆွဲဆိုင်တွင် ထိုင်မိကြသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှ လူတစ်ယောက်သည် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေသည်ကို ကျွန်တော် သတိပြုမိလာသည်။ ပထမတော့ လှလွန်းသော စောသီရိနိုင်အား ငေးနေသလား ထင်မိသည်။ သို့သော် မဟုတ်ပါချေ။ ကျွန်တော့်ကိုသာလျှင် စိုက်ကြည့်နေခြင်းဖြစ်၏။ ထိုလူသည် သားသားနား

နှား ဝတ်စားထားသည်။ လူရည်သန့်ထဲကပင် ဖြစ်တော့၏။ ထိုသူက ကျွန်တော့်အား ပြုံးပြသည်။

စောသီရိနိုင်က ကျွန်တော့်ကို အကဲခတ်သလို ချေ စောင်းကြည့်လိုက်သည်။ ကျွန်တော်သည် ထိုသူ၏အပြုံးကို လုံးဝ မတုံ့ပြန်ဘဲ မျက်နှာလွှဲလိုက်မိသည်။

"အစ်ကို့ကို သူက နှုတ်ဆက်ချင်တယ် ထင်ပါရဲ့ အစ်ကို"

"အို ... သူ့ကို အစ်ကိုမှ မသိတာ"

စောသီရိနိုင်သည် ဘာမျှမပြောတော့ပေ။

ကားလက်ကိုင်ဘီးနောက် မောင်းသော ဒရိုင်ဘာနေ ရာတွင် ကျွန်တော် ဝင်၍ထိုင်လိုက်သည်။ ပြီးတော့ ကျွန်တော် မောင်းလာတော့သည်။

ကားထွက်ပြီး တော်တော်လှမ်းမှ ကျွန်တော်သည် စောစောကလူကို နောက်ပြန်လှည့်ကြည့်မိသည်။

ထိုသူသည် ကျွန်တော်တို့ကားအား မျက်စိတဆုံး ကြည့်နေဆဲပင်။ ထိုသူသည် ကျွန်တော့်အား သေသေချာချာသိပုံ ရ၏။ ကျွန်တော့်စိတ်မှာတော့ မမှတ်မိပေ။ ဒီရုပ်ဒီရည်မျိုးကို ကျွန်တော် သိဖူးသလိုလို၊ မသိဖူးသလိုလို ဇဝေဇဝါဖြစ်နေရသည်။

ကျွန်တော် ရှေ့သို့ပြန်လှည့်လိုက်ပေသည်။ စောသီရိ နိုင်က ကျွန်တော့်ကိုပင် ကြည့်နေ၏။

နိုင်က ဆက်၍မမေးတော့ပေ။ ကျွန်တော်လည်း ကားကို ဆက်လက်မောင်းလာခဲ့၏။

မောင်းရင်း ကျွန်တော် သတိထားမိသည်မှာ တောင် ကိုပတ်၍ ကျွန်တော့်ကားကလေး ဆင်းနေရခြင်းပင်။ လမ်းများ



သည် ကျဉ်းပေသည်။ ပြင်ဦးလွင်လမ်းကဲ့သို့ မကျယ်ပေ။ ချောက် များကလည်း မြင့်လှသည်။ မတ်စောက်သည်မှာလည်း ကုန်းမြေ ဟူ၍မရှိ။ တစ်ရှိန်ထိုး မတ်စောင့်နေ၏။ ကားပစ္စည်းတစ်ခုခု ချွတ်ယွင်းသွားလျှင်လည်းကောင်း၊ ယာဉ်မောင်းသူ သတိတစ်ချက် လစ်သွားလျှင်လည်းကောင်း ကြောက်စမန်းလိလိသာ ဖြစ်တော့ သည်။

"အခု နိုင်တို့ ဂုတ်ထိပ်ကို ဆင်းနေတာ အစ်ကို၊ ဟိုဘက် ကျရင် ပြန်တက်ရဦးမှာ"

"တောင်အောက်အထိဆင်းပြီး ဟိုဘက်တောင်ပေါ်အထိ ပြန်တက်ရမှာပေါ့ ဟုတ်လား၊ တောင်နှစ်လုံးကို ကူးနေရ တာပေါ့"

"ဟုတ်တယ် အစ်ကို၊ မီးရထားလမ်းကတော့ အဲဒီတောင် ထိပ်နှစ်လုံးကို သံတံတားကြီးထိုးပြီး ဖြတ်ဆောက်ပေးထား တယ်၊ ဂုတ်ထိတ်တံတားပေါ့ အစ်ကို"

"အဲဒီဂုတ်ထိတ်တံတားကြီးကို ဆောက်လုပ်ပုံနဲ့ ပတ်သက် ပြီး အစ်ကိုတို့ သင်ခဲ့ရတယ် နိုင်"

ကျွန်တော်က လွှတ်ခနဲ ပြောမိခြင်းဖြစ်သည်။ စောသီရိနိုင်သည် ကျွန်တော့်အား ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ နောက်ကာငင်ကာလည်း မေးတော့၏။

"အစ်ကို ဘယ်မှာသင်ရတာလဲဟင်၊ တက္ကသိုလ်မှာလား"

"စတုဋ္ဌတန်းမှာပါ"

"အန် ... နိုင်တို့ စတုဋ္ဌတန်းက မသင်ခဲ့ရပါဘူး"

"သင်ရိုးညွှန်းတမ်းတွေ ပြောင်းကုန်လို့ ဖြစ်မှာပေါ့ နိုင်"

နိုင်သည် ကျွန်တော့်အား မကျေမနပ် နှုတ်ခမ်းမူ ကြည့်ပြန်သည်။ စောဒကတော့ မတက်ပါချေ။ စောဒကတက် နေ၍လည်း မဖြစ်။ ကျွန်တော်တို့ကားသည် တောင်နှစ်လုံးအကြား သို့ ဒုတ်ဒုတ်ထိအောင် ရောက်လျက်ရှိပေပြီ။

ဤချောင်းဝယ်သည် တောင်နှစ်လုံးအား ကဏ္ဍား ခြား၍ ပိုင်းထားသလိုပင် အလျားပေ(၅၀)ထက်မနည်း ကျယ်မည် ထင်ပါသည်။ ရေအလျဉ်မှာ တသွင်သွင် စီးလျက်ရှိသည်။ ကြည် လင်အေးမြသည့် ရေများသာတည်း။ ကျောက်တုံးကျောက်ခဲများ ကို ဖြတ်သန်း ခုန်ကျော်၍ စီးဆင်းရသည်မို့ တချို့နေရာများတွင် ရေပန်းပွားနှင့် ရေပန်းခက်များ ဖြာထွက်လာတတ်သည်။

ကျွန်တော်သည် မိုးကိုမော့ကြည့်မိသည်။ မိုးအော်ကား မှာ ကျဉ်းမြောင်းပြီး ရှည်မျောမျော ဖြစ်နေသည်။ အဆုံးအစမရှိ သော တောင်တန်းကြီးနှစ်သွယ်က ကျွန်တော်၏ဦးခေါင်းထက် ဝယ် တစ်ဖက်တစ်ချက် မတ်စောက်လွှမ်းမိုးလျက် ရှိနေပါလေ၏။

တောလည်းကောင်း၍ တောင်လည်းမြင့်လှသည်။

သို့မို့ကြောင့်ပင် အေးမြမြရာသီဥတုကို ခံစားရ၏။ ဤအချိန်မျိုးဝယ် မြေပြန့်ပြည်မတွင် ကျွတ်နေအောင် ပူလိမ့်မည် ဖြစ်သော်လည်း ရှမ်းကုန်းမြေဝယ် စိမ်းလျက်၊ စိုလျက်၊ အေးမြ လျက်ပင်။

ကားကို ရေလဲရသေးသည်။ စောသီရိနိုင်သည် ချောင်းကူးတံတားဖြူဖြူကလေးတွင် ထိုင်လျက် ရေအသစ်လဲနေ သော ကျွန်တော့်အား ကြည့်နေပေသည်။ အင်ဂျင်အေးသွားသည် အထိ ရေများကို တစ်ပုံးပြီးတစ်ပုံ လောင်းထည့်ရသည်။



ဤမှာ တောင်တစ်လုံးက ဆင်းခဲ့ပြီးသည်မို့ ဟိုမှာ တောင်တစ်လုံးသို့ ထပ်မံပြီး တက်ရပါလေဦးမည်။

တောများသည် မှောင်၍ တောင်များသည် အထပ် ထပ်တည်း။

## ၃

သခင်မြိုင်၏အလောင်းကို မျှော်လင့်သည့်အချိန်ထ

တော၍တွေ့ကြရလေသည်။

တွေ့သူမှာ သခင်မြိုင်၏ဖခင် ဦးဘမြိုင်နှင့် မိ

ဒေါ်သက်မေ ကိုယ်တိုင်ပင် ဖြစ်တော့၏။

ခါတိုင်းဆိုလျှင် ဦးဘမြိုင်သည် အိပ်ရာသို့ စော

စွာဝင်တတ်သည်။ ယနေ့ညမူ ဦးဘမြိုင်သည် အိပ်၍မရခဲ့

ဦးဘမြိုင်သည် သွေးတက်နေသည့်အလား မျက်နှာနှင့် နားရွက်

နီနေသည်၊ နလုံးခုန်နှုန်းမှာ ပိုမြန်နေသည်ဟုလည်း ထင်

ကတုန်ကယင်ကြီး ဖြစ်နေသည်။ စိတ်များကလည်း အလို

တိုနေမိသည်။ ကိုယ့်ဟာကိုယ် ဟိုဟာလုပ်ရကောင်းနိုးနိုး သ

ဟာလုပ်ရကောင်းနိုးနိုးနှင့် ဂနာမငြိမ် ဖြစ်နေရသည်။

ထိုအခိုက်မှာပင် တယ်လီဖုန်းသည် တီးမြည်လ

၏။ ဦးဘမြိုင်သည် တယ်လီဖုန်းကို စောစိုက်ကြည့်ကာ ကော

ယူနားထောင်လိုက်သည်။

သမက်ဖြစ်သူ ခင်မောင်သက်ထံမှ ဖြစ်နေ၏။



ခင်မောင်သက်၏အသံများသည် တုန်တုန်ယင်ယင်

ဖြစ်နေသည်ဟု ဦးဘမြိုင် ထင်မိသည်။ ခင်မောင်သက်၏စကား

လုံးနှင့် ကာရန်ဝါကျများသည် အမြီးအမောက် မတည့်ဘဲ ပျာယီး

ပျာယာနိုင်လွန်းနေ၏။

ခင်မောင်သက်သည် ကျိုးကြောင်းခုံလင်စွာ မပြော

ဘဲ သူတို့အိမ်သို့ နံနက်လင်းလျှင် လင်းချင်း လာခဲ့ရန်သာ ထပ်

ခါလဲလဲပြောကာ တယ်လီဖုန်းကို ဖွတ်ချပစ်လိုက်သည်။

သမီး သခင်မြိုင်၏အိမ်၌ တစ်စုံတစ်ခုတော့ ဖြစ်နေ

ပြီဟု ဦးဘမြိုင် အလိုလို သိလာသည်။ နာရီကို မော့ကြည့်မိ၏။

ညဆယ်နာရီ ဆယ်မိနစ်ပင် ရှိချေပြီ။

ဇနီး ဒေါ်သက်မေသည် အိပ်မောကျနေလေ၏။

ဇနီးအား နှိုးရကောင်းနိုး၊ မနှိုးရကောင်းနိုးဖြင့် ဦးဘမြိုင်သည်

တယ်လီဖုန်းဆောင်တွင်ရပ်ကာ အတန်ကြာအောင် ငိုင်နေသေးသည်။

"မသက်မေ ... မသက်မေ၊ ဟေ့ ... မသက်မေ"

ဒေါ်သက်မေ လူးလွန့်လာသည်။

"ထစမ်း ... မသက်မေ၊ သမီး သခင်မြိုင့်ဆီ သွားကြမှ

ထင်တယ်"

"ရှပ်မေ့ ကိုဘမြိုင်ရယ်၊ ရှင်ဟာ အချိန်မတော် ဘာစိတ်ကူး

ပေါက်လာရပြန်တာလဲ"

"အခုတင် တယ်လီဖုန်း ဆက်လိုက်လို့ကွ"

"ဘယ်သူကလဲ"

ဒေါ်သက်မေသည် မျက်လုံးပင် မဖွင့်သေးဘဲ

ဦးဘမြိုင်အား အမေးဖြေ ပြုလုပ်နေသည်။ ဦးဘမြိုင် စိတ်တိုသည်

ထက် တိုလာတော့သည်။

"မင်းသမက်လေ ... မင်းသမက်။ ခင်မောင်သက်က ဆက်တယ်"

ဦးဘမြိုင်၏အသံမှာ ဒေါသပါလာ၍ တော်တော်ပင်ကျယ်သွားသည်။ ဒေါ်သက်မေ မျက်လုံးဖွင့်ပြီး ငုတ်စနဲ ထထိုင်လာ၏။ တကယ်တော့ မည်သည့်စနီးမယားမဆို လင်ယောက်ျားတကယ်စိတ်ဆိုးလာပြီဆိုလျှင် အနည်းနှင့်အများ ဂရုတစိုက်ဖြစ်လာရသည်မှာ ဓမ္မတာပင်။

"ခင်မောင်သက်က ဘာပြောသတဲ့လဲ ကိုဘမြိုင်"

"မသိဘူး၊ ဒါပေမဲ့ တစ်ခုခုတော့ ဖြစ်နေပုံပဲကွ"

"အို ... တော့်ဟာက မရေရာလိုက်တာ"

"အေး ... မျက်စိနဲ့ မမြင်ရသေးရင် ဘာမှမသေချာဘူးပဲ၊ ဒါကြောင့် ငါသွားကြည့်မလို့၊ မင်း လိုက်မလား၊ မလိုက်ချင်လည်း အိပ်ကျန်ခဲ့"

"အို ... လိုက်မှာပေါ့၊ သမီးက ဘယ်နေရာမှာမှ စိတ်ချရတဲ့ သမီးမှ မဟုတ်တာ"

ဦးဘမြိုင်သည် သက်ပြင်းချမိသည်။

သစင်မြိုင်အား ခင်မောင်သက်နှင့် နေရာချထားရန် စီစဉ်သောအခါတွင် ဒေါ်သက်မေသည် သမီး သစင်မြိုင်နှင့် သမက် ခင်မောင်သက်တို့အတွက် ဤခြံဝန်းကျယ်ကျယ်ကလေးနှင့် ဤတစ်ထပ်တိုက်ကလေးကို ဝယ်ပေးရန် အဆိုပြုခဲ့သည်။



စီးပွားရေးဂျင်ကျသော ဦးဘမြိုင်ကမူ ဤခြံမြေနှင့်တိုက်၏တန်ဖိုးသည် မတန်သောကြောင့် အင်တင်တင် လုပ်ချင်သေး၏။ သို့သော် ဒေါ်သက်မေ၏မျက်ရည်ခံထိုးမှုဖြင့် နောက်ဆုံး၌ မဂ်လာပွဲ မတိုင်မီပင် ဝယ်လိုက်ရပေသည်။

သို့တစေ ဝယ်သူ၏အမည်မှာ ဦးဘမြိုင်သာတည်း။

တစ်ထပ်တိုက်ကလေး၏ ခြံဝင်းတံခါးမှာ ပွင့်လျက်ရှိနေ၏။ ကားဂိုဒေါင်တံခါးမှာလည်း ပွင့်နေသည်။ ဂိုဒေါင်အတွင်း ဝယ် သမက်နှင့် သမီးစီးရန် ပေးထားသော ကားကိုလည်းမတွေ့ရပေ။ ထိုကားမှာလည်း ဦးဘမြိုင်၏အမည်ဖြင့် မှတ်ပုံတင်ထားသော ကားသာလျှင် ဖြစ်ပါသည်။

ဆင်ဝင်ပေါက်မှ သံခေါက်တံခါးမှာ ပိတ်တော့ထား၏။ အတွင်းသစ်သားတံခါးက ဖွင့်နေလေသောကြောင့် အိမ်တွင်း မီးရောင်းရောင်သည် ပေါ်တီကိုရှေ့သို့ ဖြာကျနေသည်။

သံခေါက်တံခါးမှာ စေ့၍ပိတ်ထားခြင်းမျှသာဖြစ်၏။ သော့ခတ်ထားခြင်းမရှိ။ ဦးဘမြိုင်သည် သံခေါက်တံခါးကို ဆွဲလိုက်သည်။

ညှိခန်းကို ပထမဆုံး တွေ့ရသည်။

သပ်သပ်ရပ်ရပ်ထားလျှင် အလွန်လှသော ခေတ်မီဆိုဖာပုပုကလေးများသည် ရွဲ့တိရွဲ့စောင်း ဖြစ်နေကြသည်။ အလယ်ရှိစားပွဲဆီသို့ နီးကပ်အောင် ဆိုဖာလေးများကို ဆွဲယူထိုင်ခဲ့ကြခြင်း ဖြစ်ဟန်တူသည်။ အလယ်စားပွဲတွင် ဗွီက်လေဘယ်(လ်)အရက်နှစ်ပုလင်းက နေရာယူထားသည်။ တစ်လုံးမှာ တက်တက်ပြောင်ပြီး နောက်တစ်လုံးတွင် လက်လေးငါးလုံးခန့် ပယင်းရောင်များ ကျန်နေသေး၏။

ဖန်ခွက်မှာ ဝါးလုံးတိတိ ရှိပေသည်။ ဆိုဖာပုကလေးများဝိုင်းပြီး နေရာယူထားသည့်အတိုင်း ဖန်ခွက်များကလည်း ဆိုဖာပုကလေးများရှေ့တွင် တည်ရှိနေကြသည်။ ဆော်ဒါပုလင်းများမှာ ကြမ်းပြင်တွင် လဲသည့်ပုလင်းများကလဲပြီး ထောင်သည့်ပုလင်းများက ထောင်လျက်သား ရှိနေကြ၏။

သက်မဲ့ဖြစ်နေသော အရက်ဝိုင်းကို ဦးဘမြိုင်သည် တစ်ချက် ဝေ့ဝေကြည့်လိုက်သည်။ ဒေါ်သက်မေ နားခေါင်းရှုံ့ရှာ၏။

တစ်အိမ်လုံးမှာ တိတ်ဆိတ်နေသည်။ တစ်ခုခုတော့ ဖြစ်နေပြီ ထင်သည်ဟူသော ဦးဘမြိုင်၏ စိတ်ကူးမှာ အမှန်ဘက်သို့ တော်တော်နီးစပ်နေလေပြီ။

အိမ်ထဲတွင် မီးကလင်းနေသည်။ သံခေါက်တံခါးတို့ စေ့ရုံစေ့ထားပြီး သော့ခတ်ခြင်းမရှိ။ သက်ရှိများ၏ လှုပ်ရှားသံ ဘာကိုမျှမကြားရ။ ညမှာ ဆယ်နာရီကျော်ရုံမက ဆယ့်တစ်နာရီဘက်သို့ပင် နီးကပ်နေပေပြီ။

ဒေါ်သက်မေသည် ဦးဘမြိုင်ကို လှမ်းကြည့်မိသည်။ ဦးဘမြိုင်မှာ တွေတွေဝေဝေနှင့်ပင် ဧည့်ခန်းကို ကြည့်နေ၏။

"သမီးရေ ... သစင်"

ဒေါ်သက်မေသည် အသံပြု ခေါ်ကြည့်၏။ ဘာသံမှ မကြားရပေ။ ဒေါ်သက်မေသည် သစင်မြိုင်၏အိပ်ခန်းသို့ တန်းနေအောင် ပြေးဝင်သွားသည်။ ဦးဘမြိုင်က ဒေါ်သက်မေ ပြေးဝင်သွားသည်ကိုပင် ငေးကြည့်လိုက်ပြန်သည်။



"အမယ်လေး ... လာကြည့်ပါဦး ကိုဘမြိုင်၊ သမီးကိုလာ ကြည့်ပါဦး"

သစင်မြိုင်၏အိပ်ခန်းတွင်းမှ ဒေါ်သက်မေ၏ အလန့်တကြား အော်သံကြောင့် ဦးဘမြိုင်သည် ထိုအခန်းသို့ ခပ်သွက်သွက် လှမ်းလာခဲ့တော့သည်။ မြင်ကွင်းမှာ အနိဋ္ဌာရုံသာတည်း။

ကြမ်းပြင်တွင် ဖြစ်ပေ၏။ သစင်မြိုင်မှာ ပက်လက်အနေအထား ရှိနေသည်။ ရင်ဘတ်တစ်ခုလုံးသည် ရဲရဲနီနေသည်။ မျက်လုံးအစုံမှာ ပွင့်လျက်သား။ သစင်မြိုင်သည် သူမ၏နောက်ဆုံးမိနစ်တွင် ကြောက်လန့်ခဲ့ခြင်းထက် အံ့သြခြင်းက ပိုမိုဟန်ရှိနေသည်။ အသက်ထွက်ရပြီးသည့်နောက်၌လည်း အံ့သြသောမျက်နှာအမူအရာသည် မပျောက်မပျက် ကျန်နေခဲ့သည်။

ဒေါ်သက်မေသည် အော်ရှိုက်ငိုနေသည်မှာ မှန်၏။ သို့တိုင် ချစ်လှပါသည်ဆိုသော သမီးကို မပွေ့ပိုက်ရဘဲ မျက်နှာလွှဲနေရှာတော့သည်။ သမီးမို့ မကြည့်ရက် မရှုရက်သည်လည်း ဖြစ်ကောင်းပေသည်။

ဦးဘမြိုင်သည် သစင်မြိုင်၏လက်ကောက်ဝတ် တစ်ဖက်ကို ကိုင်တွယ်ကြည့်ရှုသည်။ ပြီးလျှင် အသာပြန်ချထားကာ တယ်လီဖုန်းဆီသို့ ဖြည်းလေးစွာ လျှောက်သွားတော့၏။

လူသတ္တဝါတစ်ဦးတွင် ဒဏ်ရာတစ်ခုခုဖြင့် သေဆုံးပြီဆိုလျှင် ဤအရေးကိုပိုင်သူသည် မြန်မာနိုင်ငံရဲအဖွဲ့ပင် ဖြစ်ပါသည်။

ဦးဘမြိုင်သည် ရဲအရာရှိ ဦးကိုကိုကြီးထံသို့ပင် တိုက်ရိုက်ဆက်သွယ်ပေသည်။

မိနစ်နှစ်ဆယ်အတွင်းမှာပင် ရဲအရာရှိ ဦးကိုကိုကြီးသည် လင်းရိဗာအပြာဖြင့် ရောက်လာလေတော့၏။

ဦးကိုကိုကြီးသည် အသက်လေးဆယ့်ငါးနှစ်ခန့် ပတ်ဝန်းကျင် ရှိလောက်သည်။ ဖွံ့ဖြိုးသောကိုယ်ထည်နှင့် ထောင့်မောင်းသောအရုပ်ကို ပိုင်ဆိုင်သည်။ အသားလတ်၍ ဥပဓိရုပ် ခန့်ညားလှသည်။ ယူနီဖောင်းနှင့် အလွန်ကြည့်ကောင်းသူ တစ်ဦးပေ။ ယခုမူ အရပ်ဝတ်နှင့် ရောက်လာသည်။

"ကြည့်ပါဦး အစ်ကိုကြီးရယ်၊ သမီးအဖြစ်ကို"

ဒေါ်သက်မေသည် ဦးကိုကိုကြီးအား တွေ့လျှင်တွေ့ချင်း တိုင်တန်းငိုယိုပြန်လေသည်။

ဦးဘမြိုင်သည် တယ်လီဖုန်းအနီးမှာပင် ငြိမ်သက်စွာ ရပ်နေသေးသည်။

ဦးကိုကိုကြီးသည် အလောင်း၏အနေအထား၊ အခန်း၏အနေအထားများကို မျက်စိတစ်ချက်ကစားပြီးမှ ဦးဘမြိုင်ကို လှမ်းကြည့်လိုက်သည်။

"ဘာမှ ဦးဘမြိုင် မထိမကိုင်သေးဘူး မဟုတ်လား"

"သမီးရဲ့လက်ကိုတော့ သွေးတိုး၊မတိုး ကိုင်ကြည့်မိခဲ့တယ် ဦးကိုကိုကြီး၊ ပြီးတော့ တယ်လီဖုန်းကိုလည်း ကျွန်တော် ကိုင်မိခဲ့ပြီးပြီ"

"ထားပါလေ၊ ဒါလောက်ကတော့ အရေးမကြီးတန်ကောင်းပါဘူး၊ ကဲ … ဦးဘမြိုင် ပြောစရာရှိတာ ပြောပြစမ်းပါဦးလားဗျာ"



ဦးဘမြိုင်က တိုတိုနှင့် လွယ်လွယ်ပင် ရှင်းပြ၏။ ညဆယ်နာရီခန့် သမက်ခင်မောင်သက်က တယ်လီဖုန်းဆက်သည်။ နံနက်လင်းလျှင်လင်းချင်း သူတို့အိမ်သို့ လာခဲ့ရန်ဖြစ်၏။ ဦးဘမြိုင်သည် ခင်မောင်သက်၏ အပြောအဆို ဂနာမငြိမ်သည်ကို သက်သာမကောင်း ဖြစ်လာသည်။ ထို့ကြောင့် ဇနီးမသက်မေကို နှိုးကာ လိုက်လာခြင်းဖြစ်သည်။ ရောက်သောအခါ ဤအိမ်တွင် ဤပုံအတိုင်း တွေ့နေရသည်။ ထို့ကြောင့် ဦးကိုကိုကြီးထံ ဖုန်းဆက်ခဲ့သည်။

ဒါလောက်သာပဲ ဖြစ်ပေသည်။

ဦးကိုကိုကြီးသည် နားထောင်သည်။ စဉ်းစားသည်။

ဒေါ်သက်မေ၏ရှိုက်သံသာ တစ်အိမ်လုံး ဖုံးလွှမ်းနေသည်။

"အခု ခင်မောင်သက်ကော ဦးဘမြိုင်"

"အဲဒါကိုပဲ ကျွန်တော် စဉ်းစားနေတယ် ဦးကိုကိုကြီး၊ ခင်မောင်သက်ရော ကားပါ မရှိတော့ဘူး၊ လစ်ပြေးပြီထင်ပါရဲ့"

ဒေါ်သက်မေက ဦးဘမြိုင်၏စကားကို ဝင်ရောက်ဖြည့်စွက်လိုက်ပြန်သည်။

"ဟုတ်ပါတယ်၊ ခင်မောင်သက်ဟာ သမီးကို ကျေနပ်တာမှ မဟုတ်တာ၊ ဒီကောင် သမီးကိုသတ်ပြီး ထွက်ပြေးတာနေမှာပေါ့"

ဦးကိုကိုကြီးက ခေါင်းညိတ်ပြလိုက်သည်။ ပြီး … ဘတ်ခနဲ မေးခွန်းတစ်ခု ကောက်ဝင်လိုက်သည်။

"ခင်မောင်သက်က သစင်မြို့အပေါ် ဘာကိုမကျေနပ်တာလဲ ဒေါ်သက်မေ၊ ဆိုပါစို့ ... ကိုယ့်ဇနီးကို သတ်ပစ်ချင်လောက်အောင် သစင်မြို့အပေါ်မှာ မကျေနပ်ရတဲ့အကြောင်းလေ"

"အို ... သိပ်မကျေနပ်တာပေါ့ရှင်"

ဦးဘမြိုင်ကဝင်၍ ဟန့်တားစကား ဆိုလိုက်သည်။

"ဟေး ... မသက်မေ၊ မင်း သိပ်ပြီးသွေးပွဲနေပါသေးတယ်၊ အခုကိစ္စက လူသတ်မှုကွ၊ ပြောမှား ဆိုမှားတွေဖြစ်ရင် မကောင်းဘူး၊ ထင်ရာတွေ လျှောက်ပြောမနေနဲ့ဦး"

ဦးကိုကိုကြီးသည် ဦးဘမြိုင်၏ ဝင်ရောက်ဟန့်တားချက်ကို ပန်းတစ်ချက် တွန့်ပြလိုက်သည်။

"လူသတ်မှုလို့ ဦးဘမြိုင်ကကောက်ချက်ချပြီး နေပြီလား ဗျာ၊ တကယ်လို့ သစင်မြို့ဟာ သူ့ကိုယ်သူ သတ်သေပါတယ်ဆိုရင်ကော"

"လုံးဝမဖြစ်နိုင်ပါဘူး ဦးကိုကိုကြီး၊ ကျွန်တော့်သမီးလောက် သူ့ဘဝကို သူ နံ့မင်တာရှိမယ်တောင် မထင်မိပါဘူး၊ ဒီလောက် အကောင်းကြိုက်၊ အလှကြိုက်ပြီး ကောင်းတာတွေ၊ ကြိုက်တာတွေအားလုံး ပြည့်စုံနေရတဲ့ သစင်မြို့ဟာ ဘာလို့များ သူ့ကိုယ်သူ သတ်သေမှာတဲ့လဲ"

ဦးကိုကိုကြီးက နားထောင်နေသည်။ ဘာမျှတော့ မပြောပေ။

"ပြီးတော့ ခင်မောင်သက် ဘယ်မှာလဲ၊ ကား ဘယ်မှာလဲ၊ ခင်မောင်သက် တယ်လီဖုန်းဆက်စဉ်က မနက်မှ ဒီအိမ်ကို လာခဲ့ပါလို့ မှာတယ်၊ ဒါဟာ သူ့ရဲ့လစ်ပြေးချိန်ကို အရယူတာယ်လို့ ထင်စရာ မကောင်းဘူးလား ဦးကိုကိုကြီး"



"ထင်နိုင်သောက်ပါတယ် ဦးဘမြိုင်၊ ဒါပေမဲ့ ဧည့်ခန်းထဲမှာ သူတို့ဟာ အရက်ဝိုင်း ဖြစ်ခဲ့ကြသေးတာပဲ၊ အဲဒီဝိုင်းမှာ ဘယ်သူတွေပါတယ်၊ ဘာတွေဖြစ်ကြတယ်ဆိုတာ စုံစမ်းကြည့်ဖို့တော့ ကျွန်ုပ်တို့မှာ လိုနေသေးတာ အမှန်ပဲ၊ ချက်ချင်း ခင်မောင်သက် ဖြစ်ရမယ်လို့တော့ သဲလွန်စတွေ၊ သက်သေတွေ အထောက်အထားတွေ ရှာကြည့်မှ ပြောနိုင်လိမ့်မယ် ဦးဘမြိုင်"

ဦးကိုကိုကြီးသည် တယ်လီဖုန်းဆီသို့ လျှောက်လာခဲ့သည်။ ရဲစခန်းကို ဆက်လိုက်သည်။ ရဲအုပ်ဦးတင်ကိုကိုအား အကျိုးအကြောင်းပြောကာ ခေါ်ယူလိုက်သည်။

● ❀ ●

ဦးတင်ကိုကိုဟု ခေါ်ရသော်လည်း အသက်မှာ သုံးဆယ်ပင် တင်းတင်းပြည့်ပုံ မရသေးပေ။ နှုတ်ခမ်းမွှေးသည့်အသွင်မှာ အထင်းသား ပေါ်နေလေသည်။ လမ်းလျှောက်လျှင် ရင်ကိုဖွင့်၍ လျှောက်တတ်သောကြောင့် မောက်သောရင်မှာ ပေါ်လွင်လှသည်။ ယူနီဖောင်းကာကီရောင်လက်ရှည်ကို လက်မောင်းအထိညီစွာ ခေါက်တင်ထားသဖြင့် ကြီးမားကျစ်လျစ်သော လက်မောင်းအိုးကြီးများကို ကာကီလက်ခေါက်က အနားသတ် ပေးထားသကဲ့သို့ပင်။ ဦးတင်ကိုကိုအား ကြည့်ရသည်မှာ တက်တက်ကြွကြွ ရှိလှသည်။

ခွပ်ခနဲနေအောင် ဖိနပ်ချင်းရိုက်လျက် ဦးကိုကိုကြီးအား ဦးတင်ကိုကိုသည် အလေးပြုလိုက်သည်။ ၎င်းနှင့်အတူ

စခန်းမှူး၊ ဒု–ရဲအုပ်၊ ရဲကြပ်နှင့် ရဲသားများ စုစုပေါင်း ရှစ်ယောက်ခန့်ပါလာ၏။ သူတို့အားလုံးသည် ငြိမ်သက်စွာ တန်းစီကာ အမိန့်ကို နာခံရန် စောင့်ဆိုင်းနေကြသည်။

ဦးကိုကိုကြီးသည် တင်ကိုကိုအား သဇင်မြိုင်ရှိရာ အခန်းသို့ ခေါ်သွားကာ သဇင်မြိုင်၏အလောင်းကို ပြလိုက်သည်။

"သူ့ကို မင်းသိသလား တင်ကိုကို၊ သဇင်မြိုင်တဲ့"

"သိပါတယ်၊ သူ့ကိုလည်း သိပါတယ်၊ သူ့ယောကျ်ား ကိုခင်မောင်သက်ကိုလည်း သိပါတယ်"

"ခင်မောင်သက်ကို ရင်းရင်းနှီးနှီး မင်း သိသလား"

"သူ့အကြောင်းကို အသေးစိတ် လေ့လာနိုင်လောက်တဲ့ အထိ သိပါတယ်"

"သဇင်မြိုင်ကိုကောကွာ"

"သဇင်မြိုင်က ကျွန်တော့်ကို မသိပေမယ့် သဇင်မြိုင်ကို ကျောင်းသူဘဝတည်းက ကျွန်တော် သိပါတယ်"

ဦးကိုကိုကြီးသည် ပြုံးလိုက်၏။

"ကောင်းတယ် တင်ကိုကို၊ အမှုတစ်ခုမှာ အမှုလိုက်အိုင်အို က အမှုနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်နေသဘောထား၊ အပြုအမူ အနေအထိုင်နဲ့ အလေ့အထတွေကို သိနေရင် အပြုအမူ အနေအထိုင်နဲ့ အလေ့အထတွေကို သိနေရင် အမှုမှာ အထောက်အပံ့ ဖြစ်နိုင်တယ်၊ မြင်းစီးသလိုပေါ့ ကွာ။ ကိုယ်စီးတဲ့မြင်းအကြောင်း သိထားရင် စက်ကိုင် ဖြောင့်တာပေါ့"

"ဒီအမှုကို ကျွန်တော် ကိုင်ရမှာလား"



"အမှုက အမှုကြီးပဲ တင်ကိုကို၊ ပြီးတော့ ရှုပ်ထွေးလိမ့်မယ်လို့လည်း ငါ ထင်တယ်၊ မင်းထက်ပိုပြီး ဒီအမှုကိုကိုင်ဖို့သင့်တဲ့သူ မရှိပါဘူးလေ၊ အထူးသဖြင့် ဧည့်ခန်း စာရေးစားပွဲပေါ်မှာ ခင်မောင် [illegible]က်ရေးခဲ့တဲ့စာက စဉ်းစားစရာရှိနေတယ်၊ ပဟေဠိ ဆန်နေတယ်၊ စာကိုတော့ ငါလက်နဲ့ မထိကိုင်သေးပါဘူး၊ ငုံ့ဖတ်ကြည့်မိတာပါ"

"ဘာတွေ ရေးထားလို့လဲ"

"အား ... ဝန်ခံတစ်ဝက် မခံတစ်ဝက်ပဲကွ၊ မင်း ဖတ်ကြည့်ပေါ့ကွာ"

ဦးကိုကိုကြီးသည် တင်ကိုကိုအား ဦးဘမြိုင်က ဘယ်လိုဖုန်း ဆက်ခေါ်သည်မှစ၍ ဤအိမ်သို့ ရောက်လာပြီး ဦးဘမြိုင့် ဒေါ်သက်မေတို့နှင့် အပြန်အလှန် ပြောခဲ့သည်များကိုပါ ပြန်ပြောပြသည်။

"ဒါဆိုရင် ခင်မောင်သက်က ကားနဲ့လစ်ပြေးတဲ့ သဘောပေါ့"

ဦးကိုကိုကြီးသည် ပခုံးတွန့်ပြလိုက်၏။ ပြီး ... တင်ကိုကို၏ ပခုံးကို ညင်သာစွာ ပုတ်လိုက်ပေသည်။

"ရဲဆိုတာ သဲလွန်စနဲ့ အထောက်အထား သက်သေကို ရှာသူတွေပါ တင်ကိုကို၊ အမှုတစ်ခုမှာ ထင်မြင်ချက်လောက်နဲ့ ဆွဲချက်တင်တာမျိုးကို ဘယ်တရားရုံးကမှ လက်မခံဘူး။ ဥပဒေကလည်း ခွင့်မပြုဘူး၊ ဒီအိမ်ထဲမှာ သဲလွန်စ အထောက်အထား သက်သေတွေ ရှာစမ်းပါဦး တင်ကိုကို၊ အဲဒါတွေ ပေါ်မှာမှ တို့ ထင်မြင်ချက်ပေးကြတာပေါ့"

ဦးကိုကိုကြီး၏ ဩဝါဒကို တင်ကိုကိုက ငြိမ်သက်စွာ နာယူနေသည်။ အတွေ့အကြုံများလှပြီး ဝါရင့်လာသည်နှင့်အမျှ အချိန်အဆ ကောင်းလှသော ဦးကိုကိုကြီး၏စကားများသည် မှတ်သားနာယူစရာပင် ဖြစ်နေသည်။

ဒေါ်သက်မေသည် အသံထွက်၍ မငိုနိုင်တော့ပေ။ ရှိုက်သံသဲ့သဲ့သာ ပေါ်ထွက်နေတော့သည်။

ဦးဘမြင့်သည်အစကတည်းကပင်မငိုပေ။ ယောက်ျားသားမို့ မျက်ရည်နိုင်ဟန်တူသည်။ မျက်နှာမှာမူကား စိတ်မချမ်းမြေ့လှသောအသွင် ရှိနေပေသည်။

"ကဲ ... တင်ကိုကို၊ အရက်ဆိုတာကို လိုတာထက်ပိုသွားတဲ့အခါ ရာဇဝင်ကြောင်းကို ကူးတတ်ကြတယ်၊ ဒီတော့ ညွှန်ခန်းထဲက အရက်ဝိုင်းကို မင်းစပြီး စစ်ပေတော့ကွာ"

တင်ကိုကိုသည် သူ၏လုပ်ငန်းများကို စတင်တော့၏။ စောစောက ငြိမ်သက်စွာ တန်းစီနေကြသူများသည် ယခု ကိုယ့်တာဝန် အသီးသီးဖြင့် လှုပ်ရှားနေတော့ပြီ။

ရဲကြပ်တစ်ဦးသည် ဤအိမ်နှင့် အနီးဆုံးတစ်အိမ်သို့ကူးသွားကာ ညကအရက်ဝိုင်းနှင့် အခြားအခြေအနေများကို စုံစမ်းစေ၏။

စခန်းမှူး ခေါင်းဆောင်သော အဖွဲ့သည် သခင်မြိုင်၏အလောင်း၊ သခင်မြိုင်၏အိပ်ခန်း အနေအထားများကို ဓာတ်ပုံအမျိုးမျိုး ရိုက်ယူနေသည်။ ထို့နောက်အလောင်း၏ အနေအထားကို မြေဖြူဖြင့် ဆွဲမှတ်သည်။



ရိုင်ဖယ်ကိုင် ရဲသားနှစ်ဦးအား အိမ်ရှေ့တစ်ယောက်၊ အိမ်နောက်တစ်ယောက် အစောင့်ချထားလိုက်သည်။ ဤအိမ်ထဲသို့ တင်ကိုကို၏အမိန့်တစ်စုံတစ်ရာ မပါလေလျှင် လူမဆိုထားဘိ ငှက်ပင် ဝင်ခွင့်မပြုရန် တင်ကိုကိုက ကျပ်တည်းစွာ စောင့်နိုင်းလိုက်သည်။

များမကြာမီ ရဲကြပ် ပြန်လာသည်။ သူ့လက်ဝယ် မှတ်စုစာအုပ် ပါလာ၏။ မှတ်စုစာအုပ်ကို တင်ကိုကိုအား ပေးပြလိုက်သည်။

ညက အရက်ဝိုင်းဝယ် ...

(၁) ဦးစိန်လှမောင် မှတ်ပုံတင်အရာရှိ။
(၂) ဦးဓာ့ချစ်သူ မြို့နယ်စိုက်ပျိုးရေးအရာရှိ။
(၃) ဦးသိန်းဖံ ခရိုင်စိုက်ပျိုးရေးအရာရှိ။
(၄) ဦးတင်အောင်သွင်
(၅) ဦးခင်မောင်သက် ဆောက်လုပ်ရေးအင်ဂျင်နီယာ (ဤအိမ်ရှင်)

တင်ကိုကိုသည် စာရွက်ကို တစ်ချက်ငုံ့ကြည့်ကာ အိတ်ထဲသို့ ထည့်ထားလိုက်သည်။ နံနက်လင်းလျှင် လင်းချင်း ဒီပုဂ္ဂိုလ်များကို စစ်ဆေးရပါလိမ့်မည်။

## ၄

အန္တရာယ်သည် ကျွန်တော့်အား ငံ့ကြိုလျက်သာ တည်း။

ကျွန်တော့်အဖို့ဝယ် မည်သည့်အန္တရာယ်ကိုမဆို ရ ဆိုင်ပါမည်။ အန္တရာယ်အပေါင်းဝယ် အသက်ဘေး အန္တရာ ထက် မည်သည့်အန္တရာယ်ကို ဗိုလ်များ ကြီးနိုင်ပါဦးမည်နည်း မိမိအသက်ကို ခင်တွယ်လေသည်နှင့်အမျှ၊ မိမိတွင် ဖွဲ့နှောင်ထာ သည့် သံယောဇဉ်များ ကြီးထွားလေသည်နှင့်အမျှ အသက်အန္တရာ ကို ကြောက်ရွံ့တတ်ကြသည်။

ကျွန်တော့်တွင် သံယောဇဉ် မရှိပါတော့ပြီ။ တ ကောင်ကြွက် ဥတစ်လုံး မဟုတ်ပါလား။ လူဆိုသည်မှာ အသ ရှင်ချင်လွန်းသော သတ္တဝါသာလျှင် ဖြစ်ပါ၏။ အသက်ရှင် လွန်းသေး၍လည်း ကျွန်တော် ထွက်ပြေးတိမ်းရှောင်လာခဲ့သည် ဝန်ခံပါသည်။

သို့တိုင် တော်ငှမှ ထွက်လာကတည်းကပင် ကို ကိုယ်ကိုယ် သေလူသဘောတော့ ထားခဲ့မိသည်။ တစ်ကောင်ကြွ



ဥတစ်လုံးမို့လည်း မည်သည့်သံယောဇဉ်မှ မရှိလေတော့ပြီ။ သို့မို့ ကြောင့်ပင် သာမန်လူသားတစ်ဦးထက်တော့ ကျွန်တော်သည် အန္တရာယ်ကို ရင်ဆိုင်ဝံ့မည်မှာ ဓမ္မတာပင်။ ရင်ဆိုင်သင့်သော အန္တရာယ်သာ ဆိုပါက ကျွန်တော်သည် နေရာမရွေး၊ အချိန်မရွေး။

ဇောသီရိနိုင်သည် အခါမလပ် ကျွန်တော့်ကို အကဲ ခတ်လျက် ရှိနေလေသည်။ ဤသူငယ်မ၏မျက်စိထဲဝယ် ကျွန်တော် သည် လူထူးလူဆန်းတစ်မျိုး ဖြစ်နေပုံရ၏။ ကျွန်တော်သည်မည် သူနည်း။ ကျွန်တော့်တွင် မည်မျှလောက်သော အရည်အချင်းတွေ ရှိနေပေသနည်း။ ကျွန်တော်သည် ဘယ်ကလာပြီး ဘယ်ကိုဘာကိစ္စ နှင့် သွားနေသနည်း။ လိင်၏သဘာဝကပင် စပ်စုတတ်သည့် အမျိုးသမီးမို့ ဇောသီရိနိုင်သာ မဟုတ်။ မည်သည့်အမျိုးသမီးမဆို ဇောသီရိနိုင်လို နေရာမျိုး၌ ရောက်လာပါက ကျွန်တော့်အား ဤသို့ပင် စပ်စုချင်ကြပေမည်။ သိချင်ကြပေမည်။

တစ်ကွေ့ကိုကျော်ပြီးသောအခါ နောက်တစ်ကွေ့။

ဤတစ်ကွေ့ပြီး၍ နောက်တစ်ကွေ့သို့ တက်ရလေ ဘိုင်း အသည်းလှိုက်ရသည်။ ရင်ဖိုရသည်။ ဪ ... အတက်ခရီး ဆိုသည်မှာ ရင်မောဖွယ်ပါလား။

တောင်ခြေမှ ရေကြည်ချောင်းနှင့် တဲတားဖြူသည် ဘလေးကစားစရာ အရုပ်လေးတမျှ ငှားငယ်စွာသာ မြင်ရတော့ သည်။ ကျွန်တော့်ကားသည် တောင်ထိပ်သို့ ရောက်ခါနီးပေပြီ။

"နောက်ထပ် နှစ်ကွေ့ဆိုရင် တောင်ပေါ်မြေပြန့်ပဲ အစ်ကို၊ အဲဒီက နည်းနည်းဆက်မောင်းပြီးရင် နှောင်ပိန်ကိုရောက် ရော"

"နောက်ပိန် ရောက်ပြီးရင်ကော"

"ဟိုဘက် နာရီဝက်ပိုပို မောင်းလိုက်တော့ ကျောက်မဲပေါ့"

"ကျောက်မဲ ပြီးရင်ကော"

"အယ် ... အစ်ကိုနဲ့ ပြောရတာ လက်ဝင်လိုက်တာ"

စောသီရိနိုင်က ရယ်ပြီး ညည်းညူလိုက်သည်။ ကျွန်တော်လည်း ရယ်မိသည်။

"ကျောက်မဲ ဘယ်နားမှာ နိုင်တို့အိမ် ရှိလဲ"

"နိုင်ပြောလို့ကော အစ်ကိုက သိမှာမို့လား"

"ဘာလို့မသိရမှာလဲ"

"မကြွားပါနဲ့ အစ်ကိုရာ၊ အစ်ကို ကျောက်မဲကိုမရောက် ဖူးပါဘူး။ ကဲ ... နိုင်တို့အိမ်က ဆေးရုံကြီးနားမှာဆိုရင် အစ်ကိုက ဆေးရုံကြီးကိုကော သိလို့လား"

"သိပ်သိတာပေါ့"

"သိရင် ပြောပါဦး၊ ကျောက်မဲဆေးရုံကြီးက ဘယ်လို ဆောက်ထားသလဲ ... ကဲ"

"ဘယ်လိုဆောက်ရမလဲ၊ မြို့ကြီးတွေက ဆေးရုံတွေအတိုင်း ပေါ့၊ ပုံသဏ္ဌာန်က 'အီး'အက္ခရာ။ ဆေးဝါသုတ်တိုက် အဆောက်အအုံကြီးပေါ့"

နိုင်သည် ကျွန်တော့်စကားအဆုံးတွင် အားပါးရပါး ရယ်ပါလေ၏။ ရယ်လိုက်သည်မှ ကလေးငယ်တစ်ယောက်လို ပင် ဟက်ဟက်ပက်ပက် ရယ်တော့သည်။ ကျွန်တော့်ဖြီးလုံးလည်း မှားသွားပြီမှန်း ကျွန်တော့်ဘာသာ ရိပ်မိရတော့သည်။ သူငယ်မက ရယ်သော်လည်း ကျွန်တော် ခပ်တည်တည်ပင် နေလိုက်၏။



"ကျောက်မဲ ဘယ်သူ့ဆီမှာ အစ်ကိုတည်းမှာလဲဟင်"

"တည်းခိုခန်းငှားတဲ့လူ မရှိရင် ဘုန်းကြီးကျောင်းတစ်ခုခု ပေါ့ နိုင်"

"အိုး ... နိုင်က အတည်မေးနေတာပါ အစ်ကို"

ကျွန်တော် ထပ်မံမဖြေပေ။ နိုင်သည် မသိမသာ သေပွဲပြင်း မှုတ်လိုက်ရှာသည်။

"စပ်စုတယ်ပဲ ပြောပြော နိုင်တော့ အစ်ကို့ကို အံ့ဩမိတယ်၊ သေတ္တာတစ်လုံး၊ ကားတစ်စီး၊ သေနတ်တစ်လက်နဲ့ အစ်ကို တစ်ယောက်တည်း ခရီးထွက်ခဲ့ပုံကိုလေ၊ အစ်ကို့မှာခရီးစဉ် ရယ်လို့လည်း သတ်သတ်မှတ်မှတ် ရှိပုံမပေါ်ဘူး၊ နိုင် ကျောက်မဲ ဆိုတာနဲ့ အစ်ကိုလည်း လိုက်ပြီး ကျောက်မဲ လိုက်တာလို့ နိုင်ထင်တယ်၊ အိပ်ရာလိပ်လည်း မပါဘူး၊ နိုင် သိချင်လိုက်တာ အစ်ကိုရာ၊ အစ်ကိုဟာ ဘယ်ကိုဘာ ကိစ္စနဲ့ သွားနေတာလဲလို့"

အကယ်၍သာ အန္တရာယ်သည် အချိန်မီ ဝင်ရောက် မလာပါလျှင် နိုင်၏မေးခွန်းကို အဖြေပေးရန် ကျွန်တော့်၌များ စွာ ခက်ခဲပါလိမ့်မည်။

ယခုမူ ...

ဒိုင်းခနဲ သေနတ်သံတစ်ချက်သည် မမျှော်လင့်ဘဲ ပေါ်ထွက်လာခဲ့သည်။ ကျွန်တော်၏ကားမှန်သည် ပေါက်ထွက် သွားလေ၏။ ကော်ကာပ် သုံးထပ်မှန်မို့ ကွဲကြေ မသွားပေ။ ပင့် ကူအိမ်ကဲ့သို့ အတွန့်အဝိုင်းများ ဖြစ်သွားပြီး ဗဟိုတွင်ကျည်ဝင် ရာ လက်သန်းထိပ်ခန့် အပေါက်ကလေး ကျန်ခဲ့သည်။

ကျွန်တော် လက်ဝဲလက်မောင်းမှာ ပူခနဲ ဖြစ်သွား၏။ လက်ကိုင်ဘူးကို ကိုင်ထားရာမှ ဘေးသို့တွဲလဲကျသွားသည်။

စောသီရိနိုင်၏ နှုတ်ခမ်းမှာ ဝလုံးကလေးလို ဝိုင်းသွားပြီး "အို"ဟု အာမေဋိတ်သံ ထွက်လာသည်။ ပြီး အံ့အားသင့်ကာ ကြောင်နေရှာ၏။ ကားသည် ကတ္တရာလမ်းတွင် မြွေလိမ်မြွေတွန့် ဖြစ်နေလေပြီ။

ဒိုင်းခနဲ နောက်ထပ်သေနတ်သံ ထွက်လာပြန်သည်။

ကျွန်တော့်ကိုရော နိုင်ကိုပါ ကျည်ဖူးမှာ လွဲချော်ပြန်၏။ ကားမှာ မြွေလိုတွန့်လိမ်ပြေးဆွဲနေသည်မို့ ကျည်သွားလမ်းကြောင်း လွဲမှားခြင်း ဖြစ်မည်ထင်ပါသည်။

ကျွန်တော်သည် လှုပ်ရှား၍ ရသေးသော ညာလက်ဖြင့် လက်ကိုင်ကို ထိန်းထားသည်။ ညာခြေကို လီဗာမှလွှတ်လိုက်ပြီး ဘရိတ်ကိုနင်းရ၏။ ကားအရှိန်လျော့အသွားတွင် သော့ပိတ်ပစ်လိုက်သည်။ ကားမှာ တုံ့ခနဲ ရပ်သွားတော့၏။

စောသီရိနိုင်သည် ဖျတ်ခနဲ အောက်သို့ဆင်းလိုက်သည်။ ကျွန်တော်လည်း ကူရှင်ပေါ်မှ အောက်သို့ လိမ့်ချလိုက်၏။ စောသီရိနိုင် ဘေးနားသို့ အလိုက်သင့်ကျသွားသည်။ စောသီရိနိုင်သည် ကျွန်တော့်ကို ပေးကိုင်ထားရှာသည်။

ကောင်းသေးသော ညာလက်ဖြင့် ဘေးအိတ်မှ သေနတ်ကို ထုတ်ယူလိုက်သည်။ ဒူးနှစ်လုံးဖြင့်ညှပ်ကာ ညာလက်ဖြင့်ပင် ပစ္စတိုမောင်းကို ဆွဲတင်လိုက်သည်။

ရန်သူ၏ကျည်လာလမ်းသည် လမ်း၏လက်ဝဲဘက်မှဖြစ်သည်။ ကျွန်တော် လှမ်းကြည့်လိုက်၏။ တောတန်းရှိ



သည်။ ရန်သူသည် တောတန်းသစ်ပင်များကို အကာအကွယ်ယူထားဟန်တူ၏။

ရန်သူ၏လှုပ်ရှားမှုကို ကျွန်တော် စောင့်ကြည့်နေမိသည်။ လက်ဝဲဘက် လက်မောင်းမှ တွဲလောင်းလက်များထိအောင် ပူနွေးသောသွေးများ ကျဆင်းလာ၏။ စောသီရိနိုင်သည် ကျွန်တော့် လက်မောင်းကြည့်ပြီး မျက်လုံးဝိုင်းနေသည်။

"အစ်ကို့လက်မောင်း ထိသွားပြီ အစ်ကို"

"ဟုတ်တယ် နိုင်၊ ဒါပေမဲ့ ငြိမ်ငြိမ်နေပါ" နိုင်"

"အို ... ဘာလို့ ငြိမ်ရမှာလဲ၊ သွေးလွန်ရင် မခက်လား"

ပြောပြောဆိုဆို စောသီရိနိုင်သည် နေရာမှ ထလိုက်သည်။ ကားကူရှင်ပေါ်တွင် ကျန်ခဲ့သော လက်ဗွေ့အိတ်နီရဲရဲကို ယူလိုက်သည်။ ကျွန်တော် လှမ်းဆွဲသော်လည်း မရပေ။

စောသီရိနိုင်၏ လှုပ်ရှားမှုသည် လှုလုံးပြသလို ဖြစ်သွားသည်ထင်၏။ တစ်ဖက်ရန်သူသည် သစ်ပင်ကွယ်မှ ထွက်လာသည်။

ကိုက်တစ်ရာလောက် ကွာလှမ်းလောက်သည်။ ရန်သူသည် ပြောင်းရှည်သေနတ်ကို ပခုံး၌ ထောက်တင်သည်ကို ကျွန်တော် တွေ့ရသည်။

ကျွန်တော် လက်မနေး။ ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်ဆင့်ကာ ပစ္စတိုနှင့် လှမ်းပစ်လိုက်၏။ သေနတ်သမားသည် သစ်ပင်ကွယ်သို့ ပြန်ဝင်သွားပြန်သည်။ ကျွန်တော်၏ပစ်ချက်သည် အိရောက်ပုံ မပေါ်ပေ။ ပွိုင့်(၃၂)သေနတ်နှင့် ကိုက်တစ်ရာခန့်အကွာသို့ လှမ်းပစ်ခြင်းမှာ မည်သို့များ ထိရောက်နိုင်ပါမည်လဲ။

ဆော်ရီကားကြီးများ မောင်းလာသံ ကြားရသည်။ ဤကားကြီးများ စက်သံကြောင့်ထင်၏။ ရန်သူသည် တစ်ပင်မှ တစ်ပင်ကူးကာ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ကျွန်တော် ထပ်မံမပစ်တော့ပေ။ ပစ်လို့လည်း အကျိုးမထူးမှန်း ကျွန်တော် သိသောကြောင့် ဖြစ်ပါသည်။ ရန်သူသည် တစ်ယောက်တည်းဖြစ်၏။ ဘောင်းဘီအနက် ဝတ်ထားသည်။ တံပြလည်း မဖြစ်နိုင်။ ကျွန်တော့်ကားကိုသာ ပစ်မှတ်ထားကာ ပစ်ခဲ့ကြောင်း သိသာလောက်သည်။

ဇောသီရိနိုင်ကို ပစ်လိုသလား။

ကျွန်တော့်ကို ပစ်လိုသလား။

ဤဒေသသည် ကျွန်တော့်အဖို့ လူစိမ်းသက်သက်ဖြစ်ပါ၏။ အကယ်၍များ ကျွန်တော့်ကို ပစ်လိုက်သည်ဆိုပါမူ သခင်မြို့နှင့် ပတ်သက်ခဲ့သော ကိစ္စကြောင့်ပေလား။ ဒါလည်း ဖြစ်နိုင်ရန် မလွယ်ပေ။ ကျွန်တော် တောင်သွားသလား၊ မြောက်သွားသလား မသိဘဲ ကျွန်တော့်ရှေ့မှ သခင်မြို့၏အဆက်အသွယ်သည် မည်သို့ရောက်ပါမည်လဲ။

ထို့နောက်တစ်ဖန် ကိုဝဏ္ဏကိုကျွန်တော် တွေးမိပြန်သည်။ သူသည် ကျွန်တော်တို့ရှေ့မှ စောစီးစွာ ထွက်ခွာသွား၏။ သူ၏ကားကြီးသည် စက်ကောင်းသည်။ အသွားနှုန်းကို အကြိုက်တင်နိုင်သည်။ ပြီး ဤလမ်းကို ကိုဝဏ္ဏသည် ကျွမ်းကျွမ်းကျင်ကျင် အလျင်စလို မောင်းနိုင်သည်။



"ဆော်ရီကားကြီးတွေ လာနေတယ် နိုင်၊ သူတို့ဆီမှာ ဘာအကူအညီမှ မတောင်းနဲ့နော်၊ သတင်းပြန့်ပြီး ရဲတွေ တောင်မေး မြောက်မေး အမေးခံနေရဦးမယ်"

"ဒါဖြင့် နိုင်တို့က ဒီအတိုင်းကြီး ငုံ့ခံကြရမှာလား"

"အဲဒါပဲ ကောင်းပါတယ် နိုင်"

ဇောသီရိနိုင်သည် ဆက်လက် စောဒကမတက်ပေ။ ကျွန်တော့်ကုတ်အင်္ကျီကို ဆွဲချွတ်ပေးသည်။ လက်ဝဲလက်မောင်းမှ ရှပ်အင်္ကျီလက်ကို ဆွဲဆုတ်ပစ်လိုက်၏။ သူမ၏လက်ဆွဲအိတ်နီထဲမှ ခေါင်းစည်းကိုထုတ်ကာ ဒဏ်ရာပေါ်သို့ တင်းကျပ်စွာစည်းနှောင်ပေးသည်။ ခေါင်းစည်းက နီနီ၊ ကျွန်တော့်သွေးကရဲရဲဖြစ်သည်။

စည်းနှောင်ချက်ကြောင့်လား၊ အေးသောဒေသမို့လား တော့မသိ။ သွေးထွက်လျော့နည်းသွားပေသည်။

"ကဲ ... အစ်ကို ဘေးကထိုင်၊ နိုင်မောင်းမယ်"

ကျွန်တော်သည် နိုင့်အမိန့်အတိုင်း ဘေးမှထိုင်လိုက်သည်။ နိုင်သည် ပထမဆုံးဆော်ရီ ဖြတ်ကျော်သွားပြီးမှ နောက်ဆော်ရီမဖြတ်နိုင်မီ ကားကိုအလယ်ထား၍ မောင်းယူလိုက်သည်။

ကျွန်တော်၏လက်မောင်းမှ နာကျင်လာပေသည်။ အရိုးများ ထိသွားလေသလား မပြောတတ်။ နိုင်သည် ကားမောင်းရင်း ကျွန်တော်ကို လှည့်ကြည့်ရသည်မှာ အမော။ ကြင်နာကရုဏာ ရောက်လုံးဝိုင်းသည် သူငယ်မ၏ မျက်နှာဝှဲ အထင်းသားပေါ်နေပေသည်။

"နိုင့်ကို အစ်ကို တစ်ခုပြောပါရစေ"

နိုင်သည် နားစွင့်နေသည်။

"တကယ်တော့ ကျောက်မဲကို အစ်ကို တစ်ခါမှ မရောက်ဖူးတာ အမှန်ပဲ နိုင်၊ အစ်ကို့မှာ ငွေအလုံအလောက်ပါလာပါတယ်၊ ဒဏ်ရာလည်း ရနေပြီ မဟုတ်လား"

"ဘာကိုများ ဆိုလိုချင်တာလဲ အစ်ကိုရယ်"

နိုင့်အသံက ငိုသံပါနေသည်။

"အစ်ကို့ကို ဆေးရုံပို့နဲ့ နိုင်"

"ဓာတ်မှန်ရိုက်ဖို့ လိုလာတယ်ဆိုရင်တော့ အစ်ကို၊ တကယ်လို့ မပြောကောင်း ပြောကောင်း အရိုးထိသွားရင်ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ နိုင်၊ အပြင်ဆရာဝန်နဲ့သာ ကုပါရစေ၊ ဒီနောက်တော့ လိုအပ်ချက်ကို ဆရာဝန်က သိမှာပါ"

နိုင်၏မျက်ဝန်းအိမ်ဝယ် မျက်ရည်တို့သည် ဟီးရလေးနေကြပေပြီ။ နိုင်သည် ဟိုဘက်လှည့်၍ မျက်နှာလွှဲလိုက်၏။ တစ်အောင်ကြာမှ ကားရှေ့မှန်သို့ မျက်နှာမူလာသည်။ ကျွန်တော့်ကိုတော့ မကြည့်တော့ပေ။ သူမမျက်ရည်ကျသည်ကို ကျွန်တော်မြင်စေချင်ဟန်မတူ။

"အစ်ကို့သဘောပေါ့လေ၊ နိုင့်လေးလေးက ဆရာဝန်ပါ၊ ပြင်ပဆေးတိုက် ဆရာဝန်ပါ၊ သူ့ဆီ နိုင်အပ်ပေးပါ့မယ်၊ ဒါပေမဲ့ မေးပါရစေ အစ်ကို၊ ဘာလို့များ ဆေးရုံမတက်ချင်ရတာလဲ၊ ကျောက်မဲဆေးရုံဆိုတာက အကောင်းအမော်ပါ အစ်ကို"



"ခက်ပါဘိ နိုင်ရယ်၊ ပြည်သူ့ဆေးရုံက သေနတ်ဒဏ်ရာရလာတဲ့လူကို လွယ်လွယ် လက်ခံမယ်တဲ့လား၊ ရဲတပ်ဖွဲ့ရဲ့ စာတိုစာရှည်တွေကို သူတို့က မတောင်းခံဘဲ နေမလား၊ အစ်ကို ရဲတွေနဲ့ ဘာမှမပတ်သက်ချင်လို့ပါ နိုင်"

❁ ❁ ❁

လေးလေး ဆိုသည်မှာ ကျွန်တော်ထင်သော လေးလေးမျိုးမဟုတ်ပေ။

စောသီရိနိုင်သည် ကျွန်တော်က ပြည်သူ့ဆေးရုံကို ငြင်းပယ်သောအခါ သူမ၏လေးလေးဆရာဝန်ထံ ပို့ပေးမည်ဟု ဆိုခဲ့သည်။ ထိုစဉ်က စောသီရိနိုင်၏လေးလေးသည် စောသီရိနိုင်၏ဦးလေးတစ်ယောက်သာ ဖြစ်မည်ဟု ယူဆမိခဲ့၏။

လက်တွေ့တွင်မူ စောသီရိနိုင်၏ လေးလေးသည် အမျိုးသားတစ်ဦး မဟုတ်ပေ။ ဒေါက်တာလေးလေးမြင့်သာတည်း။

တွေ့တွေ့ချင်း စောသီရိနိုင်နှင့် အဒေါ်ဖြစ်သူ ဒေါက်တာလေးလေးမြင့်တို့သည် အချီအချ ပြောကြရသည် ထင်ပါသည်။ ကျွန်တော့်အား ဒေါက်တာလေးလေးမြင့်က သူမ၏ ဆေးတိုက်၌ လက်ခံကုသပေးချင်ပုံ မရပေ။ အခန်းထဲတွင်ကျိတ်၍ ပြောဆိုနေကြသော်လည်း ဧည့်ခန်းမှ ကျွန်တော့်ထံသို့ တစ်ခါတစ်ရံ အသံများ ပျံ့လွင့်လာလေသည်။

"ဒီကိစ္စကို ဦးကြီး သဘောတူမှ ဖြစ်မယ် နိုင်"

"အို ... လေးလေးကလည်း၊ လူနာကို ဆရာဝန်က ကုပေးတာဥစ္စာ"

"ဟဲ့ ... လူနာကို ဆရာဝန်က ကုတာမှန်ပေမယ့် ဦးကြီးအကြောင်းလည်း နိုင် သိသားနဲ့၊ ဒီဆေးတိုက်က တကယ်တော့ နိုင့်ဘဘရဲ့ဆေးတိုက် မဟုတ်လား။ သတ်မှတ်ပေးထားတဲ့ စည်းကမ်းတွေ၊ ကာလနားတွေ ရှိနေသေးတယ် နိုင်၊ ပြီးတော့ နိုင့်လူက ဘုမသိ ဘသိ မဟုတ်လား"

ဒေါက်တာလေးလေးမြင့်၏အသံ တော်တော်ကျယ်သွား၏။

ဒါကို စောသီရိနိုင်က ဟန့်တားလိုက်ပုံရသည်။ ကျွန်တော်ကြားသွားမည် စိုးဟန်တူရှာ၏။

"ဘာပဲဖြစ်ဖြစ် လေးလေး၊ အစ်ကိုရဲ့ ဇာစ်မြစ်ဇာတာကို နိုင် မသိတာ အမှန်ပဲ၊ ဒါပေမဲ့ အစ်ကို ဒီလိုဒဏ်ရာရတာဟာ နိုင့်ကြောင့်၊ နိုင့်ကို လိုက်ပို့လို့၊ အဲဒီတော့ နိုင့်မှာ တာဝန်ရှိတယ်"

"နိုင်က ကားကြုံစီးလာတာပဲကွယ်"

"မဟုတ်ဘူး လေးလေး၊ ဒီကိစ္စမှာကိုဝဏ္ဏ ပယောဂ တစ်ခုခု ပါလိမ့်မယ်လို့ နိုင် ထင်မိတယ်၊ ဒါကြောင့် နိုင့်မှာ တာဝန်ရှိတယ်လို့ ပြောတာပေါ့"

"ဟယ် ... ဝဏ္ဏက ပါလာပြန်ပြီလား နိုင်"

ဆက်၍ ကျွန်တော် သဲကွဲစွာ မကြားရတော့ပေ။ ကျွန်တော်သည် ခရီးပန်းလွန်း၍လည်းကောင်း၊ လက်မှဒဏ်ရာ



ကြောင့်လည်းကောင်း၊ ဒါမှမဟုတ် နှစ်ခုစလုံးကြောင့်လည်းကောင်း နွမ်းနယ်လျက် ရှိပေပြီ။ ညှိခန်းကုလားထိုင်ဝယ် လက်ဝဲဘက်လက် တွဲလောင်းကျလျက်ပင် အိပ်မောကျသွားပါတော့သည်။

ငိုက်သောသူတွင် အရှက်ဆိုသည်မှာ မရှိစကောင်းပေ။

## ၁

အမှုစစ်ဆေးရာတွင် ဦးတင်ကိုကိုသည် သမားရိုးကျ စာအုပ်ကြီးဆန်သည့်ကို နှစ်မြို့က်သူ မဟုတ်။

အမှု၏အကြီးအသေး၊ အတိမ်အနက်တို့ကို ဦးစွာ လေ့လာသည်။ ပြီးမှ မိမိစစ်ဆေးရမည့် ပုဂ္ဂိုလ်တို့၏ ဓလေ့စရိုက် နှင့် စိတ်နေသဘောထားတို့ကို အကဲခတ်၏။

အမှုတစ်ခုတွင် ...

ရဲအစစ်ဆေးခံရမည့် တရားလို၊ တရားခံနှင့် သက် သေများထဲဝယ် အကြောက်လွန်သူများလည်းရှိ၏။ အလည်လွန် သူများလည်းရှိ၏။ ထိုနှစ်မျိုးစလုံးသည် အမှန်အကန်ကို ဖုံးကွယ် ကာ မိမိလွတ်မြောက်ကိုသာ ဦးတည် ထွက်ဆိုခြင်းဖြင့် အမှုသည် ပိုမိုရှုပ်ထွေးတတ်သည်။ အလိုက်ရခက်တတ်သည်။ ရဲ၏တာဝန် သည် သက်သေ၊ သဲလွန်စနှင့် အထောက်အထားကို မှန်ကန်စွာ ရှာဖွေနိုင်ဖို့သာဖြစ်၏။

ထို့ကြောင့် ဦးတင်ကိုကိုသည် အမှုစစ်ပြီဆိုလျှင် အစစ်ခံရမည့်ပုဂ္ဂိုလ်၏ အကဲကိုခတ်သည်။ အကြောက်လွန်သူကို



တစ်မျိုးတစ်ဘာသာ စစ်ဆေးပြီး အလည်လွန်သူကို တစ်နည်း တစ်ဖုံ စစ်ဆေး၏။

ညက ဦးခင်မောင်သက်နှင့်ဇနီး သစင်မြိုင်၏ အိမ် ဝယ် အရက်ဝိုင်းဖွဲ့သူများသည် ဌာနအသီးသီးမှ အရာထမ်းအဆင့် ရှိသူများချည်း ဖြစ်ပေ၏။ ဤလိုပုဂ္ဂိုလ်စားများတို့သည် သာမန် အချိန်မျိုး၌ မဟာဇန္နုလနှင့် အမျိုးတော်သလား အောက်မေ့ရလေ အောင် သဏ္ဌာန်ရှိတတ်သူများ ဖြစ်သော်လည်း ယခုကဲ့သို့ တကယ့် ကိစ္စကြီး ဖြစ်လာလျှင် ယုန်သူငယ်က အဘခေါ်ရလောက်အောင် ကြောက်တတ်သူများ ဖြစ်လိမ့်မည်ဟု ဦးတင်ကိုကိုသည် မှတ်ချက် ပြုသည်။ ဤပုဂ္ဂိုလ်ကြီးများအား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးပါ လျှင် စခန်း၏အရှိန်အဝါဖြင့် ကြောက်သည်ထက် ကြောက်ကာ ကိုယ်လွတ်ရုန်း မမှန်မကန်စကားများ ထွက်ဆိုမည်ကို ဦးတင်ကိုကို စိုးရိမ်မိသည်။

သူတို့အိမ်များသို့ သွားရောက်စစ်ဆေးလျှင် ကောင်း မည်။ သူတို့အိမ်သည် သူတို့ပိုင်နက်ဖြစ်၍ ပိုမိုရဲရင့်နိုင်စေသည်။ ထို့ပြင် အမှုမဖြစ်မီကာပင် ဦးတင်ကိုကိုနှင့်သိဖူး၊ ကျွမ်းဖူး၊ မြင်ဖူး၊ တွေ့ဖူးသူများ ဖြစ်နေ၍ သူတို့အိမ် သူတို့ဧည့်ခန်းဝယ် အာလာပ သလ္လာပ ပြောသလို ဦးတင်ကိုကိုအား ပြောပြခဲ့ကြပေမည်။

ဦးတင်ကိုကိုသည် ပထမဦးစွာ ဦးစိန်လှမောင်အိမ် သို့သွားကာ စစ်ဆေးခဲ့သည်။

ဦးစိန်လှမောင်၏ ထွက်ဆိုချက်သည် အမှုအတွက် စိတ်ဝင်စားဖွယ်နှင့် မသင်္ကာဖွယ် အချက်အလက်များကို တွေ့ရ သည်။

ဦးစိန်လှမောင်သည် အရက်ကို ရေသောက်သလို သောက်နိုင်သောကြောင့် ဝိုင်းတော်သားများ ရေချိန်လွန်ချိန်ဝယ် ဦးစိန်လှမောင် ရီတီတီပင် မဖြစ်သေးဟုဆိုသည်။ ထို့ကြောင့်လည်း အမှန်ကို အမှန်အတိုင်း မြင်ခဲ့သလို ထွက်ဆိုသည်ဟု အဆိုပြုလေသည်။

ဦးစိန်လှမောင်၏ ထွက်ဆိုချက်အရဆိုလျှင် ဦးတင်အောင်လွင်သည် အရက်ဝိုင်း၌ လွန်စွာမှ သက်သာမကောင်းဖွယ်သော ကိစ္စများ ပြုမူခဲ့ပေသည်။

ဦးစိန်လှမောင်သည် သူ၏ ထွက်ဆိုချက်ပေါ်၌ သံသယရှင်းရှင်း၊ ရဲရဲဝံ့ဝံ့ပင် လက်မှတ်ထိုးပေးခဲ့သည်။

ဦးတင်ကိုကိုသည် ဦးကျော်သူနှင့် ဦးသိန်းစံထံသွား၍ စစ်ဆေးပြန်သည်။ သူတို့နှစ်ဦးကမူ ထူးထူးခြားခြား ထွက်ဆိုနိုင်ခဲ့ခြင်း မရှိကြပေ။ အရက်ဝါနုသူများဖြစ်၍ ဝိုင်းတွင် အစောကြီး ခေါင်းခဲ့သူများပေတည်း။

သို့သော် သူတို့သုံးဦးစလုံး တညီတည်း ထွက်ဆိုနိုင်သော အချက်တစ်ခုတော့ရှိ၏။ ညက အရက်ဝိုင်းတွင် စားပွဲကို ခိုင်း၍ထိုင်ရာ၌ မည်သူသည် မည်သည့်နေရာ၌ထိုင်၍ မည်သည့် ဖန်ခွက်များကို အသုံးပြုပါသည်ဆိုသည့် အချက်ပင်ဖြစ်၏။ ဒါကလည်း မမူးကြပြီ မခေါင်းကြမီက နေရာယူခဲ့ခြင်းကြောင့်ပင် ဖြစ်တော့သည်။

ဦးတင်ကိုကိုသည် သူတို့အသုံးပြုခဲ့သည့် ဖန်ခွက်အားလုံးကို လက်ရာများ မပျောက်သွားအောင် ထုပ်ပိုးသိမ်းဆည်းကာ ဖန်ခွက်တစ်လုံးစီအပေါ်၌ အသုံးပြုခဲ့သူတို့၏ အမည်ကို



ရေးမှတ်သည်။ သူတို့အားလုံး၏ လက်ဗွေပုံစံများကိုလည်း ရယူသည်။ ထို့နောက် အင်းစိန် စီအိုင်ဒီ ဓာတုဗေဒဓာတ်ခွဲခန်းသို့ ပို့ရပါလိမ့်မည်။

ဦးစိန်လှမောင်၊ ဦးကျော်သူနှင့် ဦးသိန်းစံကို စစ်ဆေးပြီးနောက် ဦးတင်ကိုကိုသည် မသက်သာရင်းဝင်နေသည့် ဦးတင်အောင်လွင်ကို စစ်ဆေးရန် ထွက်လာခဲ့သည်။

❁ ❁ ❁

နံနက်ဆယ်နာရီထိုးသည့်တိုင် ရုံးသို့ ဦးတင်အောင်လွင် မရောက်သေး။

ဦးတင်ကိုကိုသည် ဦးတင်အောင်လွင် နေထိုင်ရာ လမ်းသို့ ဆက်ပြီးမောင်းခဲ့သည်။

ဦးတင်အောင်လွင်သည် တစ်ကိုယ်ရေသမား ဖြစ်သော်လည်း သုံးပင်နှစ်ခန်း ပျဉ်ထောင်တစ်ထပ် အိမ်ကလေးကို ငှားရမ်း နေထိုင်သည်။ ခြံကျယ်ကလေးဖြင့် သပ်ရပ်သော အိမ်ကလေးတစ်ဆောင်ပင် ဖြစ်ပါ၏။

ခြံတံခါး ပိတ်ထား၏။ သော့ခတ်ထားခြင်းမရှိ၍ ထိပ်ဖွပ်သံကွင်းကိုမ,ကာ ဦးတင်ကိုကို ဖွင့်ဝင်ခဲ့သည်။

အိမ်တံခါးများမှာလည်း ပိတ်ထားဆဲပင်။ သို့သော် အပြင်မှ သော့ခတ်ပိတ်ခြင်းမဟုတ်။ အိမ်တွင်းမှ ကန့်လန့်ထိုးထားသည်သာဖြစ်၏။ အထဲတွင် လူရှိနေသည့် သဘောပင်။

ဦးတင်ကိုကိုသည် တံခါးခေါက်လိုက်၏။

အထဲမှ ဘာသံမှ ပြန်မကြားရ။

ထပ်မံပြီး ခေါက်လည်းခေါက် ခေါ်လည်းခေါ်ရပြန် သည်။ သို့သော် မထူးခြား။

ဦးတင်ကိုကိုသည် အိမ်ကိုကွေ့ကာ နောက်ဖေးဘက် သို့ လာခဲ့သည်။ နောက်ဖေးတံခါးသည်လည်း ပိတ်လျက်သာ ဖြစ်၏။ ဦးတင်ကိုကိုက တွန်းကြည့်သည်။ ပွင့်သွားပါလေ၏။ နေရုံနေထားသော တံခါးဖြစ်သည်။ ထူးခြားသလို ဖြစ်နေသည်။

ဦးတင်အောင်လွင်သည် လစ်ပြေးလေပြီလား။

ပွင့်သောတံခါးမှ ဦးတင်ကိုကို ဆက်၍ ဝင်လာသည်။ မီးဖိုထဲ ရောက်သွား၏။ အိမ်မကြီးနှင့် မီးဖိုသို့ကူးသော တံခါး ပေါက်ရှိနေသည်။ ပွင့်နေ၏။ ဆက်၍ ဦးတင်ကိုကို လျှောက် လာသည်။ ထိုစင်္ကြံလမ်းသည် အိမ်ရှေ့ဧည့်ခန်းထိရောက်၏။ စင်္ကြံလမ်း၏ တစ်ဖက်တစ်ချက်တွင် အခန်းတစ်ခန်းစီ ရှိနေပြီ သည်။ ခြေရင်းခန်းတွင် စတိုခန်းသဘောထားဟန်တူသည်။ ထင်းရှူးပုံးခွံများ၊ ကုလားထိုင်ကျိုးများနှင့် အခြားအသုံးမပြုသော ပစ္စည်းဟောင်းများ ထားရှိသည်ကို တွေ့ရသည်။

ခေါင်းရင်းခန်း၌မူ တင်အောင်လွင်၏ တစ်ယောက် အိပ်ခုတင်၊ စာကြည့်စားပွဲ၊ အဝတ်ဗီရိုတို့ ရှိနေသည်။

ဦးတင်အောင်လွင်သည်လည်း ခုတင်ပေါ်တွင် ရှိနေ ပေသည်။

ဦးတင်အောင်လွင်အား မြင်လိုက်သည် ဆိုလျှင်ပင် ဦးတင်ကိုကိုသည် ဆုမွန်ကောင်းတစ်ခုကို တိုးတိုးလေး ရောင် လိုက်မိသည်။



"ဦးတင်အောင်လွင် တစ်ယောက် ကောင်းရာသုဂတိလား ပါစေ"

သခင်မြိုင်မှာကဲ့သို့ပင် ဦးတင်အောင်လွင်၏ ရင်ဘတ် မှာ နီရဲနေသည်။ မျက်လုံးသည်လည်း ပြူးဝိုင်းလျက်ရှိ၏။ တအံ့ တသြ အမူအရာပင်။ ဦးတင်ကိုကိုသည် တစ်စုံတစ်ခုကို ချက် ချင်းသတိရလိုက်မိသည်။ သခင်မြိုင်သေဆုံးစဉ်က မိမိ သွားရောက် စစ်ဆေးချိန်တွင် လူဝင်လူထွက် များခဲ့ပြီးမို့ ရသင့်သော ခြေရာ လက်ရာ သဲလွန်စများ မရခဲ့ပေ။ ယခု တင်အောင်လွင် နေသော အိမ်ကလေးသည် သေးသည့်ပြင် တစ်ကိုယ်တည်း နေခြင်းဖြစ်၏။ ယောက်ျားသားမို့ အိပ်ခန်းသာ လှည်းကျင်းထားပုံရသည်။ အသုံး မပြုသော မီးဖိုနှင့် အခြားအခန်းတို့မှာ အလှည်းအကျင်းမရှိ။ ဖုန် များတက်လျက်ရှိသည်ကို ဦးတင်ကိုကို သတိထားမိသည်။

ဦးတင်ကိုကိုသည် မီးဖိုတံခါးကို ပိတ်လိုက်သည်။ ဤမီးဖိုခန်းမှတစ်ဆင့် လူသတ်သမား ဝင်ထွက်ခဲ့သည်ဆိုလျှင် ထိုမီးဖိုခန်းထဲဝယ် ဦးတင်ကိုကိုနှင့် လူသတ်သမား၏ ခြေရာသာ ရှိနိုင်လောက်သည်။

ထို့နောက် ဦးတင်ကိုကိုသည် အိမ်ရှေ့တံခါးမကြီး ကိုဖွင့်လိုက်၏။ အိမ်ရှေ့တွင် ရပ်ထားသော မိမိရဲကားမှ ယာဉ် မောင်းရဲသားကို ခေါ်ယူလိုက်သည်။ ပြီး အရပ်ထဲမှ အရပ်လူကြီး များကို ခေါ်ခိုင်းလိုက်၏။

ဪ ... လူသတ်မှုစစ်ရန်လာခဲ့သော ဦးတင်ကိုကို တွင် စကားမပြောတော့သော အလောင်းတစ်လောင်းကိုပင် ထပ်မံ တွေ့ ရပြန်ပြီကော။

ဦးတင်ကိုကိုသည် လက်နက်ဖြင့် သေဆုံးသော အလောင်းကို တွေ့သည့်အခါတွင် လုပ်ထုံးလုပ်နည်းများ အားလုံး ပြုလုပ်နိုင်ရန် သွက်လက်စွာ အစီအစဉ်များ ပြုလုပ်ရပြန်တော့ သည်။

● ❁ ●



## ၉

ကျွန်တော်၏ပတ်ဝန်းကျင်မှာ ဗလာနတ္ထိသာပင်။

ကျွန်တော်သည် တစ်ခန်းလုံးကို မျက်စိကစားမိသည်။ အခန်းမှာ ဆယ့်နှစ်ပေ ပတ်လည်ခန့် ကျယ်ပေမည်။ နံရံနှင့် မျက်နှာကြက်တို့သည် ဖြူဖွေးလျက်ရှိ၏။ ကျွန်တော်လည်း ဖြူဖွေးသော ခုတင်ထက်ဝယ် ရောက်ရှိနေပေသည်။

ပြတင်းပေါက်များကို ဖွင့်ဟထားသည်။ တံခါးပိတ်များသည် အစိမ်းရင့်ရင့် ဖြစ်၏။ လေတွင် လှုပ်ရှားနေကြသည်။

အခန်းထဲဝယ် သက်ရှိဆို၍ ကျွန်တော် တစ်ယောက်သာ ရှိပေသည်။

ဇောသီရိနိုင်သည် လည်းကောင်း၊ ဒေါက်တာ လေးလေးမြင့်သည် လည်းကောင်း ဘယ်သူဆို၍ ဘယ်သူမှ ရှိမနေကြ ပေ။

စော်စောကဆိုလျှင် ကျွန်တော်သည် ဒေါက်တာ လေးလေးမြင့်၏ ဆေးတိုက်ဧည့်ခန်း ကုလားထိုင်ဝယ် အိပ်ပျော်သွားခဲ့သည် ထင်ပါသည်။ ယခု နိုးလာသောအခါ အခန်းတစ်ခု

ထိုသို့ ရောက်နေ၏။ ကျွန်တော် အိပ်ပျော်သွားစဉ် သူတို့သည် ကျွန်တော့်အား မည်သို့သော နေရာသို့ ရွှေ့ပြောင်းခဲ့ပါလေသနည်း။

ကျွန်တော်လက်မှ သေနတ်ဒဏ်ရာကို သတိရမိသည်။ ငုံ့ကြည့်မိ၏။ ကျနေသောသပ်စွာ ပတ်တီးဖြူဖြူစည်းထားသည်။ စောစောကလို စောသီရိနိုင်၏ ခေါင်းစည်းနီနီ ပတ်တီးလေးမဟုတ်တော့ပေ။ လက်ကို ကွေးကြည့်ဆန့်ကြည့်သည်။ တွဲလောင်းကြီး မဟုတ်တော့။ ကွေး၍ ဆန့်၍ ရပေသည်။ ဒေါက်တာဒေါ်လေးလေးမြင့် ကျွန်တော့်အား ကုသထားသည် ဖြစ်ပါမည်။ နာဒင်ထက်ဝယ် ကျွန်တော် ထထိုင်မိသည်။ မိုက်ခနဲ မူးသွား၏။ နာခေါင်းထဲဝယ် အနံ့ကလည်း တစ်မျိုးကြီးဖြစ်နေသည်။

"ရုတ်ခနဲ မထရဘူးလေ၊ လှဲနေပါဦးလား"

အမိန့်ပေးသံတော့ မှန်သည်။ သို့သော် အသံက အေး၍ကြည်ယ၏။ တောင်ကျစမ်းရေ၏ စီးသံမျိုးဆိုသည်မှာ ဤအသံမျိုးပေလား။ အသံလာရာသို့ ကျွန်တော် လှည့်ကြည့်၏။ အခန်းဝတွင် ဒေါက်တာလေးလေးမြင့်ကို တွေ့ရသည်။

စောသီရိနိုင်နှင့် ကျွန်တော် ရောက်လာစဉ်က "ဒေါက်တာဒေါ်လေးလေးမြင့်"ဟု ရေးထားသော ပါလစ်သုတ်ပျဉ်ချပ်ကလေးကိုသာ ဖတ်ခဲ့ရ၏။ စောသီရိနိုင်က အခန်းထဲဝင်သွားခဲ့ပြီး ကျွန်တော်က ဧည့်ခန်းတွင် အိပ်ပျော်သွားခဲ့ရသည်။

ဒေါက်တာဒေါ်လေးလေးမြင့်ကို ကျွန်တော် မြင်ဖူးထားခဲ့သည် မဟုတ်ပါပေ။ ယခုမှ မျက်ဝါးထင်ထင် တွေ့ရပါလေပြီ။



လုပ်ငန်းအရှိန်အဝါဖြင့် "ဒေါ်" တပ်ထားခြင်းသာ ဖြစ်ရမည်။ အသက်အစိတ်ထက် ဘယ်လိုမှ ပိုနိုင်လိမ့်မည်မဟုတ်သေး။ ကြီးလှသော ဂုဏ်ဒြပ်က သူမ၏နုပျိုသောမျက်နှာကို ဖုံးနိုင်စွမ်း မရှိပါလေ။

လှသည်ထက် ယဉ်သည်က ပိုပါ၏။

စောသီရိနိုင်၏အလှမှာ အပျိုဖြန်း၏အလှမျိုးနှင့် သွက်သည်။ လေးလေးမြင့်အလှမှာ တည်တည်ငြိမ်ငြိမ်ဖြစ်၏။

ဆရာဝန်ဝတ် တင်ဖုံးအင်္ကျီဖြူကို ဝတ်ထားသည်။ သို့တိုင် သူမ၏ကာယအလှကို အင်္ကျီဖြူက ဖုံးကွယ်နိုင်စွမ်းမရှိ။ နွဲ့ပြီးသော ကာယအလှမှာ အချိုးကျ၏။ အကယ်၍ အရပ်သာ ပုလေလျှင် ဝသည်ဟု ဆိုရမည်လားမသိ။ ယခုမူ လေးလေးမြင့်သည် အရပ်ငါးပေလေးလက်မအောက်ရှိမည် မဟုတ်။ ကာလသားကားနှင့်ဆိုပါလျှင် ဒေါင်ကောင်းသည်ဟု ဆိုရပါလိမ့်မည်။

မျက်နှာမှာ အတန်ငယ်ဝိုင်း၏။ အသားမှာဝင်းသည်။ ဝါသည်။ မျက်လုံးလှ၏။ မျက်တောင်ကော့လေသည်။ နှာတံမှာ ကိုကုလားမများ၏ နှာတံမျိုး။ ချွန်းချွန်းယွန်းယွန်းကလေး။ နှုတ်ခမ်းမှာ ပါးသည်။ စောသီရိနိုင်လို ပါးချိုင့်ပါးစွက်တော့မရှိ။ အပြုံးအရယ်နည်းပြီး အေးဆေးတည်ငြိမ်သောဟန်ကြောင့် ယဉ်သည်ဟု ဆိုရပေမည်။

စောသီရိနိုင်သည် ပွင့်လုလု အငုံကလေးလို အလှတွင် ချစ်စဖွယ်ကလေးများ စွက်ဖက်ထားသည်။ လေးလေးမြင့်မှာမူ ပွင့်ပြီးပန်းနှယ် အလှတွင် အယဉ်ဆင်ထားတော့သည်။

လေးလေးမြင့်သည် ကျွန်တော့်ဇတင်သို့ လှမ်းလာ၏။ ကျွန်တော်က စူးစိုက်ကြည့်နေသော်လည်း မှိုးတိုးရှန့်တန့် ဖြစ်မသွား။ ပကတိ တည်ငြိမ်လှသည်။

"ရှင့်ကို မေ့ဆေးပေးပြီး အော်ဘရိတ်လုပ်ရတယ်"

ကျွန်တော် နားထောင်နေသည်။

"ကျည်ဖူးကို ထုတ်ပြီးပါပြီ၊ ရှင်က မောင်ဗမာလား"

ကျွန်တော် ဘာမှပြန်မဖြေသေး။ လေးလေးမြင့်သည် ပြုံးလိုက်သည်။ အပြုံးက ပေါ့ဆဆနိုင်လှသည်။ စောသီရိနိုင်၏ အပြုံးလို အလေးအနက် မရှိလှ။

"ရှင့်လက်မောင်းအိုးကြီးက နည်းတာမှ မဟုတ်တာ၊ ဒါကြောင့် ကျည်ဖူးက အရိုးဆီ မရောက်ဘူး။ တကယ်လို့ ထုတ်ချင်းစတ်သွားရင်တော့ အနာကိုသာ ကုဖို့ပေါ့၊ အခု တော့ ကျည်ဖူးက ရှင့်ကြွက်သားကြီးတွေထဲမှာ ရှိနေတာ ခွဲထုတ်ယူရတယ်လေ၊ ဒါကြောင့် မေ့ဆေးပေးလိုက်ရတာ၊ မေ့ဆေးမပေးဘဲခွဲလည်း ရမှာပေါ့၊ ရှင်က ကာလနဂါးနဲ့ ဆွေစဉ်မျိုးဆက်နဲ့တူတယ်၊ တော်တော်အိပ်ပုပ်ကြီးတယ်"

"အိပ်ရေးပျက်ပြီး ပင်ပန်းလွန်းလို့ပါ ဒေါက်တာ"

"သိပ်သိတာပေါ့၊ လေးလေးက ဆရာဝန်ပဲ၊ ဒါပေမဲ့ ရှင့်ရဲ့ခန္ဓာကိုယ်ကြီးမျိုးနဲ့ ဒီလောက် ပင်ပန်းတာတို့၊ အိပ်ရေး ပျက်တာတို့ ခံနိုင်ရည်ရှိသင့်တယ်၊ ရှင့်မှာ လူပင်ပန်းတာ ထက် စိတ်သိပ်ပင်ပန်းခဲ့ပုံပဲ၊ အာရုံကြောတွေ အားလုံး လျှော့ချလိုက်လို့ ကာလနဂါး ဖြစ်သွားတာ နေမှာပါ"



လေးလေးမြင့်နှင့် စကားပြောရသည်မှာ တစ်မျိုးကြီးဟု ထင်မိသည်။ မျက်နှာထားမှာ မပြုံးမရယ် တည်လွန်းသည်။ စကားကို သံပြတ်နှင့်ပြောချင်သည်။ အထက်စီးနှင့်လည်း ပြောနေ၏။

"လေးလေးသဘောကတော့ ဒီလောက်တောင့်တဲ့ အမျိုးသား ဆိုရင် အစိမ်းခွဲတာပဲ၊ ဗိုက်ခွဲတာမှ မဟုတ်တာ၊ လက်မောင်း ဆိုတာမျိုးကို အသက်နဲ့အဝေးကြီး၊ သည်းတာက မိနိုင်လေ၊ ရှင် နာသွားမှာစိုးလို့တဲ့"

"အခု နိုင် ဘယ်မှာလဲ ဒေါက်တာ"

"အိုး ... သူ့အိမ်မှာပေါ့၊ အခု နောက်တစ်နေ့မနက် ရောက်နေပြီရှင့်၊ မနေ့က ရှင့်ကိုခွဲစိတ်နေတဲ့ တစ်ချိန်လုံး မိနိုင် ဒီမှာရှိနေတယ်၊ ဒီမြို့က မိနိုင်ရဲ့မြို့ပဲ၊ သူ့မှာ မိဘရှိ တယ်၊ အိုးအိမ်ရှိတယ်၊ သူ ပြန်ရမှာပေါ့၊ ရှင့်နားမှာချည်း သူက နေမတဲ့လား၊ ဒါတောင် မနေ့က မိနိုင် ဝင်ရှုပ်နေ လို့ ရှင့်ကို အိပ်ဆေးပေးတာ အချိန်အဆ နည်းနည်းပိုသွား တယ်၊ ဒါကြောင့် ရှင် သတိရနောက်ကျသွားတာ၊ အဲဒီ တော့ လှဲနေဦး မထနဲ့၊ ငြိမ်းစီစီ မူးနောက်နောက်ဖြစ်နေ မယ်၊ အိပ်ပစ်လိုက်"

"ကျွန်တော် ဘယ်တော့ဆင်းရမလဲ"

"ထုံးစံအတိုင်းတော့ ရှင့်ရဲ့ချုပ်ထားတဲ့အနာကို ချုပ်ရိုးဖြေ တဲ့အထိပေါ့၊ ခုနစ်ရက်လောက်ပေါ့လေ၊ ဒါပေမဲ့ ရှင့်သဘော ပါ၊ ချုပ်ရိုးဆိုတာက ဘယ်ဆရာဝန်ဆီမှာဖြေဖြေ ရပါတယ်"

လေးလေးမြင့်သည် ပြန်သွားဟန်ပြင်လိုက်သည်။ သူမ၏အပြောအဆိုများက ဆရာဝန်မဆန်ပေ။ ကျွန်တော့်အပေါ်၌လည်း အပြောပြတ်လွန်းနေသည် ထင်ပါသည်။ အာခြောက်များပါလိမ့်။ သူမသည် ချက်ချင်းထွက်ခွာခြင်း မပြုသေးဘဲ ကျွန်တော့်အား ငုံ့ကြည့်ပြန်သည်။

"မနေ့က ကိုဝဏ္ဏ လာတယ်"

"ဪ ... လှနားလာမေးတာ ထင်ပါရဲ့၊ ကျွန်တော့်ကို များလား"

ကျွန်တော် ရွဲ့ပြောလိုက်မိသည်။

"ဟုတ်မယ် အားကြီး၊ ရှင့်ကို သူက အစိမ်းလိုက်ဝါးစားချင်နေတာ၊ လေးလေးကိုတောင် လက်ခံကုပေးလို့ ကြိမ်းချင်မောင်းချင်သေးတယ်၊ မိနိုင် ပြန်ပေပေါက်မှ အလျှော့ပေးသွားတာ"

လေးလေးမြင့်သည် အခန်းတံခါးဆီသို့ ညင်သာစွာလှမ်းသွားသည်။ သူမက တံခါးကို မပိတ်မီ ကျွန်တော့်အားလှည့်ကြည့်ပြန်သည်။ ကျွန်တော် ကြည့်နေသည်နှင့် ဆုံသွား၏။

"ရှင့်ကြောင့် မိနိုင်တို့မိသားစုကိစ္စတွေ တင်းမာလာစရာရှိနေတယ်၊ မိနိုင်ကလည်း ဒီတစ်ခါမှာတော့ တစ်မျိုးပဲ၊ ရှင့်ကြောင့်သာ မိနိုင်တို့ မိသားစုကိစ္စတွေ မပြေမလည်ဖြစ်မယ်ဆိုရင် ရှင်ဟာ ကြိုတ်ကောင်ပဲ၊ ပြိုဟ်မှ တကယ့်စနေဂြိုဟ်"

တံခါးကိုဆွဲပိတ်လိုက်ပြီး လေးလေးမြင့် ထွက်သွား၏။



ကျွန်တော် သက်ပြင်းချမိသည်။ ကျွန်တော် တကယ်ပင် ဂြိုဟ်ကောင်တစ်ဦး ဖြစ်ပါ၏။ ကျွန်တော်နှင့် လာ၍ပတ်သက်မိသူတိုင်း ဂြိုဟ်ဝင်သလား မပြောတတ်တော့ပေ။

အကယ်၍သာ တောင်ငူ၏ ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်တွင် တောင်ဘက်သွားရန်နီး၊ မြောက်ဘက်သွားရန်နီးဖြစ်ခဲ့ပြီး တောင်ဘက်သို့သွားမိလျှင် ဤသို့ဖြစ်ချင်မှ ဖြစ်ပေမည်။ ယခုမူ ကျွန်တော်သည် မြောက်ဘက်သို့ လာခဲ့မိ၏။ မြောက်သို့လားမိခဲ့ခြင်းသည် ကျွန်တော် မှားလေပြီလော။

တစ်ဖက်သို့ လှည့်စောင်းကာ အိပ်ပျော်ရန် ကြိုးစားပြန်သည်။ ကာလနဂါးနှင့် ဆွေစဉ်မျိုးဆက် တော်လေသလားဟု လေးလေးမြင့်၏ အမေးခံရသည့်တိုင် ကျွန်တော် ပြန်လှည့်အိပ်မပျော်တော့ပေ။ အတွေးများသည် ရှာရှာလည်နေပါတော့၏။

သတင်းစာဖတ်ရလျှင် ကောင်းပေမည်။ သစင်မြိုင်သေဆုံးခြင်းကို သတင်းစာက မည်သို့အသော်ပြထားလေသနည်း။ ရဲအဖွဲ့၏အမြင်ကကော မည်သို့နည်း။ ကျွန်တော်နှင့် ပတ်သက်သူမှန်သမျှ ရဲအဖွဲ့က မေးမည်မှာ သေချာသည်။ ကျွန်တော့်အား ပတ်သက်မိလေသူများ စိတ်မောနေကြရရှာတော့မည်။

ဟော _ ယခုလည်း စောသိရိနိုင်သည် အမှတ်မထင် ကျွန်တော့်ကိုလာ၍ ပတ်သက်ခဲ့သည်။ ကျွန်တော်၏ခရီးစဉ်တွင် ကျောက်မဲကို စီတန်းကူးမျှပင် မထည့်မိခဲ့။ စောသိရိနိုင်နှင့်တွေ့ပြီး မအူမလည် ကျောက်မဲ ရောက်လာခဲ့သည်။ လမ်းတွင်သေနတ်ပစ်ခံခဲ့ရသည်။ စောသိရိနိုင်သည် မွေးကင်းစကလေးငယ်လို

အဖြစ်ကင်းသူ မှန်ပါလျက် ကျွန်တော့်ကို လာပတ်သက်၍ သူမ၏ မိသားစုအသိုင်းအဝိုင်းများ တင်းမာသော အနေအထားဆိုက်လိမ့်မည်ဟု ဒေါက်တာလေးလေးမြင့်က ဆိုခဲ့ပေသည်။

ဟုတ်လည်း ဟုတ်လောက်၏။ စောသီရိနိုင်သည် ဘယ်လိုကောင်မလေးမှန်း မသိ။ စွတ်တရွတ်မလေးဟု ထင်ရသည်။ ဘုမသိဘမသိဖြင့် ကျွန်တော့်အား အထင်ကြီးနေပုံရသည်။ ပြီးတော့ ခင်တွယ်နေပုံလည်းရသည်။

ကျွန်တော့်အား ယင်းသို့ ခင်တွယ်ခြင်းသည် သူမတွင် ဂြိုဟ်ဆိုးဝင်လို၍သာ ဖြစ်ပေမည်။

ဒေါက်တာလေးလေးမြင့်၏ နာမည်ပေး ကင်ပွန်းတပ်အရဆိုလျှင် ကျွန်တော်သည် "စနေဂြိုဟ်"မဟုတ်ပါလား။

❁ ❁ ❁

သတင်းစာများကို ဒေါက်တာလေးလေးမြင့် ထံမှ တောင်းကြည့်မိသည်။

မည်သည့်သတင်းစာထဲမှာမှ သစင်မြိုင့်အကြောင်း မတွေ့ရပေ၊ စဉ်းစားစရာပင်။ တောင်ငူလိုမြို့ဝယ် ဦးဘမြိုင်နှင့် ဒေါ်သက်မေသည် မီးသေသောပုဂ္ဂိုလ်များဖြစ်၏။ ထို့ကြောင့် သတင်းထောက်များကို နှုတ်ပိတ်ထားနိုင်ခဲ့လေသလား။ သို့မဟုတ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဤသတင်းကို လောလောဆယ် ထုတ်ပြန်ကြေငြာခြင်း မပြုရန် တားမြစ်ထားလေသလား။

ကျွန်တော် စိတ်မောမိတော့သည်။



တောင်ငူသို့ပြန်ကာ ရဲတပ်ဖွဲ့နှင့် ရင်ဆိုင်လိုက်ရပါလျှင် ကောင်းလေမလား။ ရာဇဝတ်ဘေးသည် ပြေးနေ၍တော့ လွတ်ရိုးထုံးစံ ရှိဖူးပါသလား။

စက်သည်က ကျွန်တော်သည် သစင်မြိုင်အား ပစ်သတ်မိခဲ့ခြင်း ဟုတ်မဟုတ် မသေချာခြင်းပင် ဖြစ်တော့သည်။

ကျွန်တော်၏ဦးနှောက်ဝယ် ရေးရေးကလေးမှပင် ပေါ်မလာ။ ကျွန်တော်ကိုယ်တိုင် သေနတ်ကိုင်ပြီး သစင်မြိုင့်ကို ပစ်သတ်မိလေသလား မသိ၊ မသိ။ ဘာမှမသိပေ။ သစင်မြိုင်၏ အခန်းသို့ ရောင်းရင်းများက တွန်းပို့ပေးသည်အထိတော့ ကျွန်တော် မှတ်မိနေသည်။ ဤသည်မှ နောက်ပိုင်းအဖြစ်အပျက်များကို ကျွန်တော် လုံးဝမှတ်မိခြင်းမရှိတော့။ စက်လိုက်သည့်ဖြစ်ခြင်း။

မည်သို့ပင်ဆိုစေ သစင်မြိုင် အသတ်ခံရမှုတွင် ရဲအဖွဲ့၏ မျက်စိနှင့်သာ ကြည့်ပါက ကျွန်တော်သာလျှင် လူသတ်သမား။ ယင်းသို့ဆိုက ရဲအဖွဲ့သည် တစ်နည်းနည်းဖြင့် ကျွန်တော့်ကိုခြေရာခံမည်သာ။

ကျွန်တော်သည် မြောက်ဘက်ဆီသို့တက်လာခဲ့သည်။ ရဲအဖွဲ့က ကျွန်တော် ငယ်စဉ်ကပင် ကျင်လည်ခဲ့ရာ တောင်ငူဘက်သို့များ လိုက်နေကြ၍ပေလား။

နောင်ရိုးတွင် ကျွန်တော် တွေ့ခဲ့ရသူသည် မည်သူနည်း။ ရဲအဖွဲ့မှ စုံထောက်တစ်ဦးပေပဲလား။ ရဲသူလျှိုပေပဲလား။

ကျွန်တော်သည် သပွတ်အူတစ်ဦးသာတည်း။

ဒေါက်တာလေးလေးမြင့်သည် ကျွန်တော့်အား ဆေးမှန်မှန်ထိုးပေးသည်။ အနာကို ဂရုတစိုက် ကုပေးသည်။ အစား

အသောက်ကိုလည်း ကောင်းစွာကျွေးပါသည်။ ဤအတွက် ကျွန်တော် ကျေးဇူးတင်မိသည်။ ကျသင့်သော တန်ကြေးကို ပေးရပါမည်။ ကျွန်တော့်တွင် ငွေပါခဲ့သေးသည် မဟုတ်ပါလား။

ငွေဆိုပါမှ ကျွန်တော် သတိရမိသည်။ ကျွန်တော့်ကား၊ ကျွန်တော့်သေနတ်၊ ကျွန်တော့်သေတ္တာနှင့် ငွေများကော အဘယ်မှာနည်း။ ဒါတွေကို ကျွန်တော် မေ့နေမိသည်။ ကိစ္စမရှိ ဒေါက်တာလေးလေးမြင့် လာပါမှ မေးကြည့်ရဦးမည်။

ကျွန်တော် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အိပ်ရာတွင် လဲလျောင်းရသည်မှာ ကြာတော့ ငြီးငွေ့လာသည်။ လက်မောင်းမှ ဒဏ်ရာသည် နာသေးသော်လည်း ယခင်ကထက်စာလျှင် အများကြီး သက်သာပေပြီ။

အခန်းတံခါးကို ဖွင့်လိုက်သည်။ အခန်းထဲမှ ပထမဦးစွာ အပြင်သို့ ထွက်သည့်အကြိမ်ပင် ဖြစ်ပါ၏။ ကျွန်တော်သည် ဆေးတိုက်၏ အပေါ်ထပ် အခန်းတစ်ခုသို့ ရောက်နေကြောင်းတွေ့ရသည်။ အပေါ်ထပ်တွင် ကျွန်တော့်ကိုထားသော လူနာခန်းမျိုး သုံးခန်း တွေ့ရသည်။ အားလုံးသည် တံခါးပိတ်ထား၏။ အထဲတွင် လူနာများ ရှိနေသည်ထင်ပါသည်။

ဝရန်တာသို့ ကျွန်တော် ထွက်လာခဲ့မိ၏။

ပြင်ပတွင် မြူများဆိုင်းနေ၏။ မိုးသားမရှိသော်လည်း ကောင်းကင်မှာ မပြာပေ။ မြူကြောင့် မီးခိုးရောင်သမ်းနေသည်။ မြူတွေကြားမှာပင် တောင်ကုန်းမြင့်များကို လှမ်းမြင်ရသည်။ တောင်ကုန်းများပေါ်တွင် စုတ်ထွင်ရှင်းလင်း စိုက်ပျိုးထားသည့် ယာခင်းများကို တွေ့ရသည်။ တောင်ကုန်းမြေက နီလေသ



ယာခင်းကလေးများမှာလည်း အနီလေးကွက်ကျားကလေးများ ဖြစ်နေသည်။ ကြည့်ရသည်မှာ သာယာဘိ၏။ စိတ်ချမ်းမြေ့ဖွယ်တည်း။

အောက်သို့ ငုံ့ကြည့်မိသည်။

နံနက်ဈေးအမီလာနေကြသော ရှမ်းအမျိုးသမီးများကို လမ်းပေါ်တွင် တွေ့ရ၏။ ခမောက်ကြီးများ ဆောင်းထားကြသည်။ အဆိုင်းတွေ အထမ်းတွေကိုယ်စီနှင့် ဖြစ်၏။ ဤအဆိုင်းအထမ်းများဝယ် တောင်ပေါ်ယာခင်းများမှ စိုက်ပျိုးရရှိသည့် သီးနှံမျိုးစုံတို့ ပါကြလိမ့်မည် ထင်ပါသည်။

လေညင်းသည် ဝှေ့၍ တိုက်ခတ်လိုက်သည်။

ခပ်စိမ့်စိမ့် အေးသွားပေ၏။ အတွင်းသို့ ပြန်ဝင်ရန် ကျွန်တော် လှည့်လိုက်သည်။ မြင်ကွင်းကြောင့် ကျွန်တော့်ရင်မှာ ဒိတ်ခနဲ ခုန်သွားရသည်။

ထွက်ပေါက်ဝတွင် ကိုဝဏ္ဏ ရောက်နေသည်။ ဘယ်အချိန်က ရောက်နေသည်မသိ။ ကျွန်တော့်အား စိမ်းစိမ်းကြီး ကြည့်နေသည်။ သူ့လက်ထဲတွင် သေနတ်တစ်လက် ကိုင်ထားသည်။ ထိုသေနတ်သည် ကျွန်တော်၏ ဂျာမန်မော်ဇာပစ္စတိုကလေးပင် ဖြစ်နေ၏။ ပြောင်းဝကို ကျွန်တော့်ရင်ညွှန့်ဆီသို့ ချိန်ထားသည်။

“ဘယ်နှယ်လဲ သူရဲကောင်းကြီး၊ လန့်သွားလား”

ကျွန်တော် ပြုံးမိသည်။ ကျွန်တော်သည် တောင်ငူမှ ထွက်လာကတည်းက သေလူဖြစ်သည်။ အနှောင်အဖွဲ့သံယောဇဉ်ဆိုသည်မှာ ကျွန်တော့်၌ တစ်မျှင်မျှ ရှိမနေတော့။ တစ်ကောင်ကြွက်သည် သူများထက်ပို၍ သေရဲသည်၊ သတ်ရဲသည်ကို ကျွန်

တော့ဘာသာ အသိဆုံး။ ရင်ဆိုင်သင့်သော အန္တရာယ်ဆိုလာပါ လျှင် ကျွန်တော့်အဖို့ နေရာမရွေးပါ၊ အချိန်မရွေးပါ။

"ဟုတ်တယ် ကိုဝဏ္ဏ၊ လန့်သွားတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ခင်ဗျားမှန်းသိတော့ လုံးဝမလန့်တော့ပါဘူး"

"ဘာကွ၊ မင်းစကားက ..."

ကိုဝဏ္ဏသည် "ကွ" တွေ "မင်း" တွေဖြင့် ရိုင်းစိုင်း လာသည်။ ကျွန်တော်ကလည်း ပြန်ရိုင်းသင့်သည် ထင်၏။

"ငါ့စကားက ရှင်းသားပဲ ဝဏ္ဏ၊ မင်းမှန်းသိလို့ မလန့်တာ လေ၊ မင်းလိုလူက လက်သီးဆုပ်တတ်ပေမယ့် အလဲမထိုး တတ်ဘူး၊ သေနတ်ကိုင်တတ်ပေမယ့် နှလုံးကိုထိအောင် မပစ်တတ်ဘူး၊ မင်း ပစ်လို့ထိရင် လက်မောင်းလောက်သာ ပေါ့၊ ဒီမှာကြည့်လေကွာ၊ ငါ့လက်မောင်းက ဒဏ်ရာဟာ သက်သေပဲပေါ့"

ဝဏ္ဏ မျက်နှာနီလာသည်။ ရှေ့သို့ တိုးလာ၏။

ကျွန်တော်ကလည်း ရှေ့သို့ပင် တိုးခဲ့၏။ ကျွန်တော် မကြောက်မိပေ။ သေနတ်နှင့် မသေလည်း တစ်နေ့နေ့တွင် ကျွန်တော်သည် ကြိုးစင်၌ သေနိုင်သည့် လူသာတည်း။ ကျွန်တော့် အဖို့ သေခြင်းတရားသည် ဖြစ်ဆဲနှင့် ဖြစ်လတ္တံ့။ သို့မဟုတ် ယနေ့လား၊ နက်ဖြန်လား။

ဝဏ္ဏသည် ကိုယ်ရှိန်သတ်လိုက်သည်။ ကျွန်တော်၏ တကယ့် အမိုက်ကမ်းကုန်မည့် အမူအရာကို သူ ရိပ်မိသွားပုံရ သည်။ အနီးစခန်းတွင် သူ ခံလိုက်ရပုံကိုလည်း အမှတ်ရဟန် တူသည်။ သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် အခြေအနေမှန်ကို



သူ သတိရသွားသည် ထင်ပါ၏။ ယှဉ်ပြိုင်သတ်ပုတ်ကြစတမ်းဆို လျှင် လက်တစ်ဖက်နှင့် နှစ်ဖက် ဖြစ်နေသည်။ ကျွန်တော်၏ ဒဏ်ရာရလက်သည် သတ်ပုတ်နိုင်လောက်မည် မဟုတ်သေး။

ဝဏ္ဏသည် ဖျတ်ခနဲ ကျွန်တော့်မျက်နှာကို ဘယ်လက် ဖြင့် လက်ဝါးစောင်း ဖြတ်ရိုက်လိုက်၏။ ကျွန်တော်သည် ကောင်း သော ညာလက်ဖြင့် ဆီးခံထားလိုက်သည်။ ဝဏ္ဏ၏ သေနတ်ကိုင် ညာလက်သည် တစ်ချိန်တည်းမှာပင် ကျွန်တော့်နားထင်သို့ ကျ လာပြန်၏။ ဒါကိုတော့ ကျွန်တော် မကာကွယ်နိုင်ပေ။ ကျွန်တော့် လက်ဝဲလက်မှာ အဝတ်နှင့် သိုင်းစည်းထား၍ ဖြစ်သည်။ ကျွန်တော့် ဦးခေါင်းနှင့် သေနတ်ပြား ထိတွေ့သွားကြ၏။ သံနှင့်အသားမို့ ကျွန်တော် ယိုင်ခနဲ ယိမ်းကာ ဖင်ထိုင်ကျသွား၏။

ဝဏ္ဏသည် ကျွန်တော့်အား အနီးစခန်းကိစ္စ လက်စား ချေလိုဟန်ရှိသည်။ အားရပါးရတွယ်ရန် ကျွန်တော့်ဆီသို့ တိုးလာ ပြန်၏။

"ဒါတော့ ဆရာဝဏ္ဏ မတရားဘူးဗျ"

ကျောဘက်မှ အသံတစ်ခုကြောင့် ဝဏ္ဏ တန့်သွား သည်။ နောက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်တော်လည်း အသံ လာရာသို့ လှမ်းကြည့်မိသည်။

လူငယ်တစ်ယောက်ပင် ဖြစ်၏။ ရှမ်းဘောင်းဘီ အနက် ဝတ်ထားသော်လည်း အပေါ်ပိုင်းမှာ အင်္ကျီကျွတ်နှင့်ဖြစ် သည်။ သူ၏အင်္ကျီချွတ်ကိုယ်တွင် ပခုံးကိုပိုက်၍ ပတ်တီးတစ်ခု စည်းထားသည်။ သူ့လက်ထဲတွင် ဝက်ဘလီအမျိုးအစား သေနတ် တစ်လက်ကို ကိုင်ထားသည်။ ပြောင်းမှာ ဝဏ္ဏထံသို့ တည့်မတ်

ထား၏။ သူ၏အမူအရာမှာ မှင်သေသည်။ တုံးတိုက်တိုက် ကျ
ကိုက်ကိုက် မျက်နှာမျိုးဖြစ်သည်။

ထိုလူငယ်၏ဘေးတွင် ထိုလူငယ်နှင့် ဆန့်ကျင်သော
ကိုယ်အမူအရာရှိသည့် လူတစ်ဦးကလည်း ရပ်နေသေးသည်။
လူက သိမ်မွေ့ပုံရသည်။ အရပ်မှာလည်း ကျွန်တော့်လောက်
မည် ထင်သည်။ ကျွန်တော့်ထက်တော့ အသက်ငယ်ဦးမည်
အနောက်တိုင်းဝတ်စုံကို စနစ်တကျ ဝတ်ထားသည်။ ခေါ
မှာ ကျစ်ကျစ်လစ်လစ် ရှိပုံရ၏။ သေနတ်ကိုင်လူငယ်၏ မျက်
အမူအရာက အေးစက်မာကျောသလောက် ထိုလူ၏မျက်နှာ
အရာမှာ သိမ်မွေ့နေသည်။ မျက်လုံးမျက်ဖန်မှအစ မျက်နှာ
မှာ ဇောသီရိုနိုင်နှင့် ခပ်ဆင်ဆင်တူနေသည်။ လူခန့်လူချော
ပေ။ ထိုလူငယ်နှစ်ဦးလုံးကို ကျွန်တော် မသိပေ။ ခပ်ကြောင်ကြ
ပင် သူတို့နှစ်ဦးကို ရပ်ကြည့်နေမိသည်။

ဝဏ္ဏသည် သေနတ်ကိုင် အကျီချွတ် ပတ်တီး
လူငယ်ကိုခပ်ပြင်းစွာကြည့်လိုက်သည်။ ပြီးတော့ ပစ်ယောက်လိုက်

"ဒီကိစ္စမှာ မင်း အသာနေစမ်း အိုက်ပန်"

သေနတ်ကိုင် ပတ်တီးစည်း လူငယ်၏အမည်
အိုက်ပန်မှန်း ကျွန်တော် သိလိုက်ရသည်။ အိုက်ပန်က ဝဏ္ဏ
"ဆရာဝဏ္ဏ"ဟုလည်း ခေါ်သည်။ အိုက်ပန်သည် ဝဏ္ဏ၏
ကိုင်တပည့်တစ်ဦး ဖြစ်ဟန်တူပါလေ၏။ ဝဏ္ဏ ပစ်ယောက်
သည်ကို အိုက်ပန်က ပြန်လည်မချေပဘဲ အိုက်ပန်ဘေးမှ အ
တိုင်းဝတ်စုံနှင့် ကိုခန့်ချော လူရွယ်က ပြုံးလိုက်သည်။ ပြုံး
ပို၍ကျက်သရေရှိပေသည်။



"ဒီကိစ္စမှာ အသာမနေသင့်ဘူး ကိုဝဏ္ဏ၊ ပွဲက ကြည့်လို့မှ မကောင်းတာပဲ၊ သူ့ခမျာ လက်တစ်ဖက်ဒဏ်ရာနဲ့၊ ပြီးတော့ သူ့လက်ထဲမှာ အပ်တစ်ချောင်းတောင် မရှိရှာဘူး၊ ခင်ဗျားမှာတော့ လက်နှစ်ဖက် ကောင်းရုံမကဘူး၊ သေနတ်တစ်လက်လည်း ကိုင်ထားသေးတယ်၊ တစ်ဖက်သတ် ကျလွန်းနေလို့ အိုက်ပန်က မကြည့်ရက်နိုင်ဘူး ထင်ပါရဲ့ ကိုဝဏ္ဏ"

ဝဏ္ဏသည် ကိုခန့်ချောအား မထိပြုံး ပြုံးပြလိုက်၏။ သူ၏အပြုံးမှာ မဲ့ပြသည်နှင့် ပို၍တူသည်။ ဝဏ္ဏသည် တဲတွေးမပါဘဲ ထွီခနဲ တွေးလိုက်သည်။

"ဒီမှာ ခွန်နောင်း၊ မောင်ရင် ဘိလပ်ကသင်လာတဲ့ ပညာတွေထဲမှာ ဒီပညာမျိုးတွေ ပါမှာမဟုတ်ဘူး၊ တို့က တို့ပညာသားနဲ့ တို့ဟာတို့ ဓာရင်းရှင်းနေတာ၊ မောင်ရင် မစပ်စုရင် ကောင်းမယ်"

ဝဏ္ဏသည် ကျွန်တော့်အား လက်ညှိုးကြီးထိုးလိုက်ရင်း ...

"ဒီကောင်ဟာ တို့တစ်တွေကြားမှာ ဘယ်လောက်အန္တရာယ် ပေးလာမယ်ဆိုတာ မင်း ဘာသိလို့လဲ ခွန်နောင်း"

ခွန်နောင်းသည် ပခုံးတွန့်ပြလိုက်သည်။ ဇောသီရိုနိုင်
ပြောဖူးသော ခွန်နောင်း ဆိုသူမှာ သူပါလားဟု ကျွန်တော်က
အံ့ကြည့်နေမိသည်။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ကိုဝဏ္ဏ၊ ဒီလူဟာ အန္တရာယ် ပေးတဲ့လူ ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ သို့ပေမဲ့ လောလောဆယ်မှာတော့ သူဟာ ဇောသီရိုရဲ့ဧည့်သည်တစ်ယောက်၊

ဧည့်သည်ဟာ ကျုပ်တို့ဧည့်သည်ပဲပေါ့၊ ဧည့်သည်ကို ကိုဝဏ္ဏ ဧည့်ခံပုံကြီးမျိုးက ကျုပ်တို့ဆွေမျိုးစုသိက္ခာ ကျစရာကြီး ဖြစ်မနေဘူးလား”

ခွန်နောင်း၏စကားကို အိုက်ပန်ကဝင်၍ ထောက်လိုက်ပြန်သည်။

“ပြီးတော့ သူဟာ ကျွန်တော်တို့လက်ထဲမှာ မဟုတ်လား ဆရာဝဏ္ဏ၊ သူ့ အန္တရာယ်ပေးတာနဲ့ ကျွန်တော်တို့က ...”

“မင်းပါးစပ် ပိတ်ထားစမ်း အိုက်ပန်”

“အားကြီးနောက်ကျသွားပြီ ဆရာဝဏ္ဏ၊ အရင်တုန်းက ဆရာဝဏ္ဏက ပါးစပ်ပိတ်ဆိုရင် အိုက်ပန် ပိတ်ထားတယ်၊ သေဆိုသေ ရှင်ဆိုရှင်နဲ့ ဆရာဝဏ္ဏ စကားကို အိုက်ပန် နားထောင်ခဲ့ပါတယ်၊ အခုတော့ ဒီမှာကြည့်စမ်း ဆရာဝဏ္ဏ”

အိုက်ပန်သည် ပတ်တီးစည်းထားသော ပခုံးမှဒဏ်ရာကို သေနတ်ကိုင်ထားသော ဘယ်လက်ဖြင့် ထောက်ပြလိုက်၏။

“ဆရာဝဏ္ဏ သတ္တိကြောင်လို့ ရခဲ့တဲ့ အိုက်ပန်ရဲ့ဒဏ်ရာလေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အိုက်ပန် သိသလောက် ဖြသလောက်လည်း ဆရာကြီးကို တိုင်ပြောပြီးပြီလေ”

ဝဏ္ဏ၏မျက်နှာတစ်ခုလုံးသည် ဒေါသဖြင့် ရဲတက်လာသည်။ ဝဏ္ဏသည် သူ၏သေနတ်ကို အိုက်ပန်ဆီသို့ မြှင့်တလိုက်သည်။ အိုက်ပန်ကလည်း သူ့လက်ထဲမှ ဝက်ဘလီခြောက်လုံးပြူး၏ ရိုက်တံမောင်းကို လက်မဖြင့် နောက်သို့ ဆွဲတင်လိုက်၏။

အခြေအနေမှာ ရုတ်တရက် တင်းမာလာသည်။ ၎င်းအခြေအနေကို ခွန်နောင်းက ထိန်းလိုက်၏။ ခွန်နောင်းသည်



သူတို့နှစ်ဦးကြားသို့ ဖျတ်ခနဲ ဝင်လိုက်သည်။ သေနတ်နှစ်လက်သည် တစ်လက်က ခွန်နောင်း၏ရင်သို့ ချိန်လျက်သားဖြစ်နေသလို နောက်တစ်လက်က ခွန်နောင်း၏ကျောသို့ ချိန်လျက်သားဖြစ်နေ၏။

အိုက်ပန်သည် သူ၏သေနတ်ပြောင်းကို ချက်ချင်း ကြမ်းပြင်သို့ စိုက်ချလိုက်သည်။ ဝဏ္ဏကမူ ခွန်နောင်း၏ရင်ညွန့်သို့ ချိန်ထားဆဲဖြစ်တော့၏။ ကျွန်တော့်အဖို့ကား သည်းလှိုက်ရင်ဖိုခန်းတစ်ခန်း ကြည့်နေရသလို အသက်ပြင်းပြင်းကို မရှူဘဲ ကြည့်နေမိသည်။ ခွန်နောင်းသည် တစ်လှမ်းချင်း ရှေ့သို့တိုးလာ၏။ ဝဏ္ဏ၏မျက်နှာကိုလည်း စေ့စေ့ကြည့်ထားလေသည်။ ဝဏ္ဏကလည်း ခွန်နောင်းအား စူးစိုက်ကြည့်နေ၏။ ခွန်နောင်းသည် ဝဏ္ဏနှင့် လက်တစ်ကမ်းအကွာ အရောက်တွင် သူ၏လက်တစ်ဖက်ကို လက်ဝါးဖြန့်ကာ တောင်းခံလိုက်၏။

“သေနတ် ကျုပ်ကိုပေးပါ ကိုဝဏ္ဏ”

ဝဏ္ဏသည် သေနတ်ကိုမပေးပေ။ သို့သော် ဝဏ္ဏသည် သူ့လက်ထဲမှသေနတ်ကို သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ဘာတစ်ခွန်းမျှ စကားမဆိုဘဲ ခွန်နောင်းကို ဖြတ်ကျော်ကာ အိုက်ပန်အား မကျေမနပ်အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး ခြေသံပြင်းပြင်းဖြင့် နေရာမှ ထွက်ခွာသွားတော့သည်။ အိုက်ပန်သည် ဝဏ္ဏ ပျောက်ကွယ်သွားသည်အထိ လက်ထဲမှ သေနတ်ကိုင်ထားရင်း ကြည့်နေသည်။ ပြီးမှ စောစောကတင်ထားသော ရိုက်တံမောင်းကို ဂျင်လည်စွာ လက်မနှင့်ထိန်းပြီး ပြန်ချလိုက်၏။

"မင်းအခန်း မင်းပြန်တော့ အိုက်ပန်"

ခွန်နောင်၏ အမိန့်စကားအတိုင်း အိုက်ပန်သည် ပိတ်ထားသော လူနာခန်းတစ်ခုထဲသို့ တံခါးဖွင့် ဝင်သွားတော့သည်။

ခွန်နောင်သည် ယခုအချိန်ထိ ဖင်ထိုင်ကျကျ မထသေးသော ကျွန်တော့်ထံသို့ ပြုံးကာလျှောက်လာသည်။ ထို့နောက် ယုယစွာ ကျွန်တော့်အား ဆွဲယူတော့၏။

"ကျွန်တော် ခွန်နောင်ပါ၊ ကိုဝဏ္ဏကတော့ နည်းနည်းရိုင်းတယ်၊ သူက စိတ်ကြမ်း လူကြမ်းသမားမို့ပါ။ ဒီအတွက် ကျွန်တော်ကပဲ ဓွေမယူဖို့ တောင်းပန်ပါတယ်"

ခွန်နောင်သည် သိသိသာသာ စကားဝဲလေသည်။ ဇောသီရိနိုင်က ဝဲသော်လည်း ခွန်နောင်လောက် မဝဲပေ။

ကျွန်တော်သည် နေရာမှ မတ်တတ်ရပ်လိုက်သည်။

"ကျွန်တော် ခင်မောင်သ ... အဲ ... ခင်မောင်သန်းပါ"

"ကျွန်တော့်ကို ဇောသီရိက ပြောလို့ သိပြီးပါပြီ ကိုခင်မောင်သန်း၊ ကျွန်တော့်ယောက်က အဲလေ ... ကျွန်တော့်အိမ်က သိပေါ့မှာပါ"

ကျွန်တော်နှင့် ခွန်နောင်သည် တစ်ဦးလက်ကို တစ်ဦးဆွဲကာ နှုတ်ဆက်လိုက်သည်။

"ကိုခင်မောင်သန်းဟာ ဘယ်ကလာလို့ ဘယ်ကိုသွားပြီး ဘာလုပ်မယ်တော့ ကျွန်တော် မသိဘူးပေါ့ဗျာ၊ ဒါပေမဲ့ ဇောသီရိ မိတ်ဆွေဟာ ကျွန်တော်တို့မိတ်ဆွေမို့ ဇောသီရိကို ခင်မင်သလို ကျွန်တော့်ကိုလည်း ခင်မင်ပါ"



ခွန်နောင်သည် ထိုမျှသာပြော၍ နှုတ်ဆက်ထွက်ခွာသွားတော့သည်။ ခွန်နောင်သည် စကားပြောလိမ္မာ၏။ ပါးနပ်သည်။ အမှန်တော့ သူ့စကားတွင် ဘယ်ကလာလို့ ဘယ်သွားပြီး ဘာလုပ်မယ် ဆိုတာတော့ မသိဘူးဗျာ ဆိုခြင်းမှာ လိမ္မာပါးနပ်စွာ မေးသော မေးခွန်းတစ်ရပ်ပင်ဖြစ်၏။ ကျွန်တော်က ဘာမှပြန်မပြောသောအခါ ဆက်လက်၍ မမေးမြန်းတော့ပေ။ ကိုဝဏ္ဏနှင့် ကွာလှသည်။ ကိုဝဏ္ဏသည် အပြောရိုင်း၊ အဆိုရိုင်း၊ အပြုအမူရိုင်းစွာဖြင့် ဆက်ဆံတတ်သော တကယ့်လူရိုင်းဖြစ်၏။

ကျွန်တော်သည် ခွန်နောင် ထွက်သွားပြီးနောက် တစ်ခဏ တွေ၍ရပ်နေမိသေး၏။ ထို့နောက် ဇောဇောက အိုက်ပန် ဝင်သွားခဲ့သော အခန်းဆီသို့ လျှောက်သွားမိသည်။

အိုက်ပန်၏စကားကြောင့် ဝဏ္ဏမျက်နှာ နီရဲသည်။ မျက်နှာပျက်ရသည်။ ဆရာကြီး ဆိုသူကိုတော့ ဝဏ္ဏကလည်း ကြောက်လန့်ပုံရ၏။

ဆရာကြီးသည် မည်သူနည်း။

အိုက်ပန်၏အခန်းတံခါးမှာ စေ့ထားသော်လည်း ကန့်လန့်ချမထား။ ကျွန်တော် တွန်းဖွင့်ဝင်လိုက်သောအခါ ပတ္တာမှ ကျွီခနဲ အသံမြည်သွားသည်။

အိုက်ပန်သည် ခုတင်ပေါ်၌ ကိုယ်တစောင်းလှဲနေလျက်မှ ဝင်ပေါက်သို့ သေနတ်ဖြင့် လှမ်းချိန်ထားသည်ကို တွေ့ရသည်။ ကျွန်တော်ဝင်လာမှန်း သေချာမှ သေနတ်ကို ခေါင်းအုံးအောက် ပြန်ထည့်ထားလိုက်သည်။

အိုက်ပန်တွင် ပရိယာယ်မရှိ၊ လောကွတ်မရှိ။ ကျွန်တော့်အား မှာများသလဲ မည့်ဝတ်ပြုခြင်းလည်း မရှိ။ ကျွန်တော် ဝင်လာသည်ကိုလည်း ကန့်ကွက်ဟန် မရှိပေ။ ကျွန်တော်သည် သူ၏ခုတင်စောင်းတွင် ဝင်၍ထိုင်လိုက်သည်။

"ကျေးဇူးတင်တယ် အိုက်ပန်၊ မင်းသာ အချိန်မီ ဝင်မဟန့်တားရင် ဝဏ္ဏက ငါ့ကို အရေခွံတောင် ခွာလိမ့်မယ်ထင်တယ်"

"အစ်ကိုခွန်နောင်းရဲ့အမိန့်နဲ့မို့ ကျွန်တော် ဝင်ဟန့်တားပဲ့တာပါ"

"တကယ်လို့ ကိုခွန်နောင်းကအမိန့်မပေးရင်ကော အိုက်ပန်"

အိုက်ပန် ခဏလောက် စဉ်းစားပြီးမှ အဖြေပေး၏။

"အစ်ကိုခွန်နောင်း အမိန့်မပေးလည်း ဒီလောက် တစ်ဖက်သတ် ဆရာဝဏ္ဏ လုပ်တာကိုတော့ ကျွန်တော် ကြည့်နိုင်မှာ မဟုတ်ပါဘူး၊ တကယ်တော့ ဆရာဝဏ္ဏဟာ အလကားလူမှန်း ကျွန်တော် သဘောပေါက်သွားပြီပဲကိုး"

"ဆိုပါဦး အိုက်ပန်"

အိုက်ပန်သည် ကျွန်တော့်အား အကဲခတ်လိုက်သည်။ မျက်နှာမှ ခြေမအထိသို့ပင် စေ့စေ့စပ်စပ် အကဲခတ်သည်ဟု ထင်ပါသည်။

"အစ်ကိုကကော ဒီကို ဘယ်လိုရောက်လာတာလဲ"

"ငါက ဒေါက်တာလေးလေးမြင့်ရဲ့လူနာပဲ အိုက်ပန်"

"ဟုတ်လား၊ အိုက်ပန် သိပ်အံ့သြနေတယ် အစ်ကို၊ ဆေးတိုက်ဟာ အပြင်လူနာကုပေးတဲ့ ဆေးတိုက်ပါ၊



အပေါ်ထပ်မှာထားတဲ့ လူနာခန်းဟာ ဆရာကြီးနဲ့ ဆရာဝဏ္ဏ ခွင့်ပြုချက်မရဘဲ ဘယ်လိုလူမှ တက်ခွင့်ရတာမဟုတ်ဘူး အစ်ကို၊ ဒေါက်တာလေးလေးမြင့်က သူ့သဘောနဲ့ လူနာလက်မခံရဘူး၊ ဆရာကြီးကဖြစ်ဖြစ် ဆရာဝဏ္ဏကဖြစ်ဖြစ် လက်ခံနိုင်းမှ လက်ခံတာ၊ ဆရာဝဏ္ဏနဲ့ အစ်ကိုက ရန်သူပဲ၊ အစ်ကို့ကို ဆရာကြီးက လက်ခံတာလားလို့"

"ဆရာကြီးဆိုတာ ဘယ်သူမှန်းတော်င် ငါမသိသေးပါလား အိုက်ပန်"

"ဒါဖြင့် အစ်ကိုက ..."

"ငါက စောသီရိနိုင်ရဲ့ မိတ်ဆွေတစ်ယောက်ပါ"

"ဩော် ... မမလေး စောသီရိနိုင်ရဲ့ မိတ်ဆွေကိုး။ အင်း ... အင်း၊ ဒါကြောင့် ဆရာဝဏ္ဏ ရန်လုပ်တာကိုး၊ ဟုတ်ပြီ အိုက်ပန် သဘောပေါက်သွားပြီ အစ်ကို"

"ဘာကို သဘောပေါက်တာလဲ အိုက်ပန်"

အိုက်ပန်သည် ဒုတိယအကြိမ် ကျွန်တော့်အား စေ့စေ့ကြည့်ပြန်သည်။ ကျွန်တော်က သူ့အား ပြန်စူးစိုက်ကြည့်နေ၏။ အိုက်ပန် မျက်လွှာချသွားသည်။

"ဆရာဝဏ္ဏက မမလေးစောသီရိနဲ့ ပတ်သက်လာရင် သိပ်သဝန်ကြောင်တတ်တယ်၊ အစ်ကိုခွန်နောင်းကိုတောင် သူက မထီလေးစား လုပ်ချင်နေတာ၊ ဒါပေမဲ့ ဘယ်ရမလဲ၊ အစ်ကိုခွန်နောင်း လက်တစ်ချောက် တီးလိုက်တာနဲ့ ဆရာဝဏ္ဏလိုလူဟာ အမှုန့်ဖြစ်သွားမှာပေါ့၊ ဒါပေမဲ့ အစ်ကိုခွန်နောင်းက ဘာမဆို သဘောကောင်းပါတယ်၊ ခွင့်လွှတ်ပါ

တယ်၊ ပြီးတော့ ဟိုတုန်းကဆိုရင် ဆရာကြီးကလည်း ဆရာဝဏ္ဏကို မျက်နှာသာပေးထားတာကိုး၊ အခုလည်း စောသီရိရဲ့မိတ်ဆွေမို့ ဆရာဝဏ္ဏက အစ်ကို့ကို ရန်လုပ်ပစ်လိုက်တာနေမှာပေါ့"

"ဒါကတော့ ဝဏ္ဏ အထင်လွဲတာပဲ အိုက်ပန်ရဲ့၊ မင်းတို့ မမလေး စောသီရိနိုင်ကို ညီမလေးတစ်ယောက်လို ငါက ခင်တာပါ၊ ဒါထက် ဝဏ္ဏဟာ မင်းရဲ့ဆရာသာဆိုတယ် ခုန မင်းကပြောတော့ သူ ငြိမ်ပြီးထွက်သွားပါလား"

"သူ မငြိမ်လို့ ဘယ်ရမလဲ၊ သူက ဆရာဆိုပေမယ့် နောက်ဆုံးအခေါက်မှာ ခေါင်းဆောင်မှု သိပ်ညံ့တယ် အစ်ကို၊ ဒါကြောင့် အိုက်ပန်ပခုံးမှာ ရန်သူ့ကျည်ဆန်ထိခဲ့ရတာပေါ့"

"ဆိုစမ်းပါဦး"

"နောက်ဆုံးအခေါက်က အိုက်ပန်တို့ နမ့်စန်ဘက်က ပြန်လာခဲ့ကြတယ်၊ ဆရာကြီးအစီအစဉ်အတိုင်း သွားကြတာပါ၊ ဆရာဝဏ္ဏက အိုက်ပန်တို့ ခေါင်းဆောင်ပေါ့၊ လမ်းမှာ 'သိန်'အဖွဲ့နဲ့ တွေ့ကြတယ်၊ ဒါက မဆန်းပါဘူး၊ တွေ့နေကျပါ။ တွေ့တော့ ချကြတာပေါ့၊ သဲသဲမဲမဲ ပစ်ခတ်နေတုန်း ဆရာဝဏ္ဏက ထွက်ပြေးတယ်၊ အိုက်ပန်ကတော့ ခံချတာပဲ၊ ဒါကြောင့် ဒဏ်ရာ ရလာတာ အစ်ကို၊ ဒီအတွက် ဆရာဝဏ္ဏကို အိုက်ပန် မကျေနပ်ဘူး၊ အထင်လည်း သေးတယ်၊ အခြေအနေအားလုံးကို အိုက်ပန် ထိန်းသိမ်းပြီး ကျောက်မဲအရောက် ပြန်ခဲ့ရတယ်၊ အဖြစ်အပျက်အားလုံး ဆရာကြီးကို အိုက်ပန် ပြောပြပြီးပါပြီ"



"သိန်ဆိုတာ ဘယ်သူလဲ အိုက်ပန်"

"ဆရာကြီးရဲ့ စင်ပြိုင်ပေါ့ အစ်ကို၊ သိန်က ဆရာကြီးအုပ်စုက ခွဲထွက်ပြီး ဆရာကြီးကို ကာပြန်နေတဲ့ကောင်ပေါ့"

အိုက်ပန်သည် ဆရာကြီးဆိုသူအကြောင်းကို တော်တော်ပင် ပြောလေသည်။ ဆရာကြီးကို အိုက်ပန်သည် အတော်လေးစားကြည်ညိုမှု ရှိပုံရသည်။ ကျွန်တော်သည် ဆရာကြီးဆိုသူကို သိချင်လာမိသည်။

"ဆရာကြီးဆိုတာက ဘယ်သူလဲ အိုက်ပန်"

အိုက်ပန်သည် ကျွန်တော်၏မေးခွန်းကို အံ့ဩသွားပုံရ၏။ ကျွန်တော့်ကိုလည်း များစွာသော သံသယဖြင့် ကြည့်နေသေးသည်။ သို့တိုင် အဖြေကိုတော့ ပေးပေသည်။

"ဆရာကြီးဟာ ဦးပန်းခိုင်ပဲပေါ့ အစ်ကို၊ မမလေး စောသီရိရဲ့ ဘဘ၊ ဒေါက်တာဒေါ်လေးလေးမြင့်ရဲ့ဦးကြီးလေ"

စောသီရိနိုင်၏ဖခင်၊ ဒေါက်တာလေးလေးမြင့်၏ ဦးကြီး ဦးပန်းခိုင်သည် အိုက်ပန်တို့၏ဆရာကြီးဟု ကျွန်တော်သိရသောအခါ ကျွန်တော့်ဦးနှောက်ဝယ် အတွေးတို့သည် ပလုံစီရပြန်၏။

ဦးပန်းခိုင်သည် မည်သည့်လုပ်ငန်းမျိုးကို လုပ်ကိုင်နေသနည်း။

အရာခပ်သိမ်းကို အိုက်ပန်သည် ပြောကြားမည်မဟုတ်။ ထို့ကြောင့် ကျွန်တော်သည် နှိုက်နှိုက်ချွတ်ချွတ် မမေးတော့ဘဲ အပေါ်ယံလောက်သာ ဆက်လက်စုံစမ်းရသည်။

"ဒေါက်တာလေးလေးမြင့်က ဒီဆေးတိုက်မှာ မနေဘူးလား"

"ဟာ ... ဘယ်နေမလဲ၊ သူ့ဦးကြီးအိမ်မှာ နေတာပေါ့"

အိုက်ပန်ကမြေရင်း ကျွန်တော့်အား မဝံ့စိမ်းစိမ်း ကြည့်နေပြန်သည်။ အိုက်ပန်၏ စိတ်ထဲဝယ် ကျွန်တော်သည် လူစိမ်းသက်သက်တစ်ဦးသာ ဖြစ်နေမှန်း သိလေသောကြောင့် သူပြောခဲ့သော စကားတွေအတွက် နောင်တရသွားဟန်တူလေ သည်။

"အစ်ကိုက ဘာမှမသိတဲ့ သူစိမ်းကိုး၊ အိုက်ပန် ပြောမိတာ တွေ လွန်ကုန်ပြီလား မသိ"

"မလွန်ပါဘူး အိုက်ပန်၊ ငါက သူစိမ်းတော့မှန်တယ်၊ ဒါပေမဲ့ မင်းတို့ မမလေးစောသီရိမိုင်အတွက် အမြဲသစ္စာ ရှိရမယ့်လူပါ"

အိုက်ပန်က ကျေနပ်စွာ သဘောတူ ခေါင်းညိတ်ပြ လိုက်သည်။

"ဒေါက်တာလေးလေးမြင့်က ဆရာကြီးဦးပန်းနိုင်ရဲ့တူမ အရင်းပဲ၊ ဆရာကြီးရဲ့ညီအရင်းက မွေးတာ၊ ဒေါက်တာ လေးလေးမြင့်မှာ မိဘတွေ မရှိဘူး၊ ဆရာကြီးကပဲ ငယ် ငယ်လေးကတည်းက သမီးလို မွေးလာတာပဲ၊ ဆရာဝန် ဖြစ်တော့ ဒီဆေးတိုက်ကို ဆရာကြီးကပဲ ဒေါက်တာလေး လေးမြင့်အတွက် ဖွင့်ပေးထားတာ အစ်ကို"

"ဟုတ်ပါတယ် ကိုခင်မောင်သန်း၊ လေးလေးရဲ့ဦးကြီးကပဲ ဒီဆေးတိုက်ကို ဖွင့်ပေးထားတာပါ၊ အဲဒီနောက်ကော ကိုခင်မောင်သန်း ဘာများသိချင်သေးသလဲရှင်"



လေးလေးမြင့်၏ အသံကြောင့် ကျွန်တော်ရော အိုက်ပန်ပါ တံခါးဆီသို့ ကြည့်လိုက်မိကြသည်။

တံခါးဝတွင် နားကြပ်ကိုင်ကာ ဒေါက်တာလေးလေး မြင့်က ရပ်နေသည်။ ယခုမှ လေးလေးမြင့်သည် ပြုံးလျက်သား ရှိနေသည်။ ဘာကြောင့်ရယ် မသိ၊ ကျွန်တော့်အား ပြုံးပြကောင်း ဟုစွပ်စွဲကာ အမြဲတစေ တည်တည်ကြီး ဆက်ဆံသော လေးလေး မြင့်သည် ယခုတော့ စိတ်ပါလက်ပါပြုံးပြီး ကျွန်တော့်အား ရွှန်း ရွှန်းစားစား ကြည့်နေလေသည်။ ယင်းအပြောင်းအလဲတွင် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု ကျွန်တော် ထင်မိသည်။

"ဒီဆေးတိုက်မှာ စည်းကမ်းတစ်ခု ရှိနေတယ် ကိုခင်မောင် သန်း၊ အဲဒါက လူနာတွေဟာ တစ်ခန်းနဲ့တစ်ခန်းကူးပြီး စကားမပြောရဘူးလို့"

"ဟုတ်လား ဒေါက်တာ၊ အဲဒီစည်းကမ်းချက်ကို စာအုပ်နဲ့ ရိုက်ထားပြီး လူနာတွေကို အရင်ပေးထားသင့်တာပေါ့"

ဒေါက်တာလေးလေးမြင့်သည် ရယ်လိုက်သည်။ ခပ်ဆဲ့ဆဲ့သောပင် ရယ်လိုက်သည်။ ယနေ့ ဒေါက်တာလေးလေး မြင့်သည် ထူးခြားနေပေစွ။

"စာအုပ်ရိုက်ဖို့ စက္ကူဝယ်တုန်းပဲ၊ စက္ကူရမှ စာအုပ်ရိုက် မလို့ ရှင်ရေ့"

ကျွန်တော် ရယ်လိုက်ပါသည်။ လေးလေးမြင့်နှင့် အိုက်ပန်တို့လည်း ရယ်ကြသည်။ ပြီးမှ အိုက်ပန်က ကျွန်တော့် အား လက်ညှိုးထိုးပြရင်း ...

"ဒီအစ်ကို့နဖူးကိုတော့ ဆေးထည့်ပေးရလိမ့်မယ်၊ ဆရာ ဝဏ္ဏ လာရမ်းသွားတာလေ၊ အစ်ကိုခွန်နောင်းနဲ့ အိုက်ပ သာမရှိရင် ဒီအစ်ကို အရေခွံအစွာခံရမှာ သေချာတယ်"

ဖျတ်ခနဲပင် လေးလေးမြင့်သည် ကျွန်တော့်အနီး ရောက်လာလေတော့သည်။ အမူအရာမှာလည်း တစ်မုဟုတ်ချင်း တည်သွားလေ၏။ ကျွန်တော့်နဖူးကို လက်ချောင်းနုနုကလေးဖြင့် စမ်းသပ်ကြည့်သည်။ ကွဲသွားသည်တော့မဟုတ်။ အနည်းငယ်တော့ ရောင်ထနေပေသည်။

"အပြင်မှာ ဘာလုပ်ကြ လုပ်ကြပေါ့၊ လေးလေးနဲ့မဆိုင် ပါဘူး။ ဒါပေမဲ့ လေးလေးရဲ့လူနာ၊ လေးလေးရဲ့ဆေးတိုက် ပေါ်မှာတော့ ဒီလိုလာရမ်းတာ နည်းနည်းမှမကြိုက်ဘူး တိုင်မယ် ... ဦးကြီးကို တိုင်ပြောမယ်၊ ကိုခွန်နောင်း ကော ကိုဝဏ္ဏကို မဆုံးမလိုက်ဘူးလား အိုက်ပန်"

"ဆရာဝဏ္ဏ လက်ထဲကသေနတ်ကို တောင်းတယ်၊ ဒါပေ ဆရာဝဏ္ဏက မပေးဘူး၊ အစ်ကိုခွန်နောင်း ဘယ်လော သဘောကောင်းတယ်ဆိုတာ သိသားနဲ့"

ကျွန်တော်က ဝင်၍ပြောရတော့သည်။

"ဘာမှမဖြစ်လောက်ပါဘူး ဒေါ ... တာ၊ ဒီကိစ္စနဲ့ပတ်သက် ပြီး ဒေါက်တာရဲ့ဦးကြီးကိုလည်း မတိုင်ပါနဲ့၊ အခြေအ တွေ ပိုပြီးတင်းမာကုန်ပါလိမ့်မယ်"

"ဘာလဲ ... ကိုခင်မောင်သက်။ အေးလေ ... ယောင်လို့ ကိုခင်မောင်သန်းက ကိုဝဏ္ဏကို ကြောက်လို့လား"



ကျွန်တော့်ရင်သည် ဒိန်းခနဲ ခုန်ရပြန်လေ၏။ ဒေါက်တာလေးလေးမြင့်သည် ကျွန်တော့်အား ခင်မောင်သက်ဟု အမည်ရင်း အမည်မှန်ကို ခေါ်ပြီးခါမှ အေးလေ ... ယောင်လို့ ဆိုသည့်စကားကို ပြန်ခံကာ ကိုခင်မောင်သန်းဟု ပြင်ဆင်ပြောလေသည်။

ဒေါက်တာလေးလေးမြင့်သည် ကျွန်တော်၏အမည်မှန် အမည်ရင်းကို သိသွားလေပြီကော။

ကျွန်တော် ဘာမျှမတတ်နိုင်။ ပခုံးကိုသာ တစ်ချက်တွန့်ပြလိုက်မိ၏။

"ကျွန်တော် ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် ကြောက်ပါတယ်၊ ဒေါက်တာမကြီး ဒေါ်လေးလေးမြင့်ကိုလည်း ကြောက်ပါတယ်"

"တော်စမ်းပါ၊ ကဲ ... လာ၊ ရှင့်ကို ပြောစရာလည်းရှိတယ်၊ ပြစရာလည်းရှိတယ်၊ ပြီးတော့ နဖူးလည်း ဆေးလိမ်းပေးမယ်"

ပြောပြောဆိုဆို ရှေ့မှထွက်သွားသော ဒေါက်တာလေးလေးမြင့်နောက်သို့ ကျွန်တော် လိုက်သွားရသည်။ ကျွန်တော့်အခန်းသို့ပင် လေးလေးမြင့် ဝင်သွား၏။ ဆေးသေတ္တာထဲမှ လိမ်းဆေးတစ်မျိုးထုတ်ပြီး ကျွန်တော့်နဖူးကို လိမ်းပေးသည်။ ခဏအတွင်း ပြီးသွားပေ၏။

ထို့နောက် လေးလေးမြင့်သည် သူမ၏လက်ဆွဲအိတ်ကို ဖွင့်လိုက်သည်။ နှစ်ရာတန် နှစ်အုပ်နှင့် တစ်ရာတန်တစ်အုပ် ထွက်လာ၏။ ကျွန်တော့်လက်ထဲသို့ ထည့်လိုက်သည်။

"ရော … ရှင့်ဆီက တွေ့တဲ့အတိုင်းပဲ"

ငွေစက္ကူသုံးထပ်ကို အိပ်ရာပေါ်သို့ ကျွန်တော် ပစ်တင်လိုက်သည်။

"ကားနဲ့ သေနတ်ကော ဒေါက်တာ"

"မိနိုင် သိမ်းထားတယ်၊ ရှင် ထွက်ပြေးမှာစိုးလို့ဆိုပြီး သူ ယူထားရှာတယ်"

"ဩော် … ဩော်၊ ဒါကြောင့်ကိုး"

ဟု ကျွန်တော်က ကိုယ်ဟာကိုယ် ရေရွတ်လိုက်မိသည်။

"ဘာကိုဩော်ပြီး ဘာကို ဒါကြောင့်ကိုးတာလဲ"

"ဩော်က အံ့ဩလို့၊ ဒါကြောင့်ကိုးတာက သဘောပေါက်သွားလို့ ဒေါက်တာ၊ စောစောက ကိုဝဏ္ဏကိုင်တဲ့ သေနတ်က ကျွန်တော့်သေနတ် ဖြစ်နေလို့ပါ"

"ဟုတ်လား၊ ဒါဖြင့် မိနိုင် မရှိတုန်း မိနိုင်အခန်းကို သူ ဝင်မွှေပြီး တွေ့သွားလို့ ယူကိုင်တာ ဖြစ်မယ်"

"ဒါဖြင့် နိုင်တစ်ယောက် မရှိဘူးပေါ့ ဒေါက်တာ"

"မရှိဘူး ကိုခင်မောင်သန်း၊ မိနိုင် သီပေါသွားတာ နှစ်ရက်ရှိပြီ၊ သူ့မယ်မယ်နဲ့ သွားကြတယ်၊ သူတို့ရဲ့ဆွေစဉ်မျိုးဆက် မလေ့ထုံးစံ ကိစ္စတစ်ခုမို့ မိနိုင် မလိုက်လို့မရဘူး။ အဓိကကလည်း မိနိုင် ကိစ္စကိုး၊ သူတို့ရဲ့ဆွေတော်မျိုးတော် ဓလေ့ထုံးစံက ရှိနေသေးတာပဲလေ၊ ဇါကတော့ သူ့လူမျိုးအလိုက်၊ သူ့အဆင့်အလိုက် ဘယ်ပျောက်ပျက်လို့ ရမှာတဲ့လဲ"



"ဆိုပါတော့၊ စောသီရိနိုင်နဲ့ ကိုစွန်းနောင်းကိစ္စလား ဒေါက်တာ"

ဒေါက်တာလေးလေးမြင့်သည် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ ကျွန်တော့်ကို အကဲခတ်သလို ပြုံး၍ကြည့်နေသည်။ ကျွန်တော်ကသာ စကားဆက်ရပြန်သည်။

"ကျွန်တော် ဆုတောင်းမိတယ် ဒေါက်တာ၊ တကယ်လို့သာ ကျွန်တော်ဟာ ဥတစ်လုံးပေါက် မဟုတ်ဘဲ မွေးချင်းညီမလေးတစ်ယောက်သာရှိရင် စောသီရိနိုင်ဟာ ကျွန်တော့်ရဲ့ညီမလေး ဖြစ်ပါစေလို့၊ စောသီရိနိုင်ကို ကျွန်တော်ဟာ ကိုယ့်ညီမလေး အရင်းတစ်ယောက်လို ခင်မင်တာမို့ သူ့ရဲ့ဘဝ ဖြောင့်ဖြူးစေချင်တာ ကျွန်တော့်စေတနာ အမှန်ပါပဲ ဒေါက်တာ"

"ဒါဖြင့် ကောင်းပါတယ်၊ အခု မိနိုင် သီပေါသွားရတာလည်း သူတို့ရဲ့ဓလေ့ထုံးစံအရ ကိုစွန်းနောင်းနဲ့ မိနိုင်ကိစ္စပဲ၊ အမှန်တော့ ကိုစွန်းနောင်းဟာ အင်မတန် သဘောထားကြီးပြီး သိမ်မွေ့တဲ့လူပါ၊ မိနိုင်ကတော့ သူဟာ ငယ်ပါသေးတယ်ဆိုတဲ့ ခြေကုပ်ယူပြီး အင်တင်တင်ပဲ၊ ခက်သားပဲ ကိုခင်မောင်သန်း၊ မိန်းကလေးဆိုတာက သူတို့စိတ်မတူရင် ငယ်တာတို့၊ ပညာသင်ချင်သေးတာတို့ဆိုတဲ့ အကြောင်းပြချက်တွေ ဖော်ထုတ်လာတတ်တာပဲ"

ကျွန်တော်သည် စကားလမ်းကြောင်း ပြောင်းပစ်လိုက်တော့သည်။

"ကဲ … ထားပါတော့ နိုင့်ကိစ္စ၊ ဒေါက်တာကျတော့ကော"

"နို့ ... ဒေါက်တာဆိုတာကြီးက နားထောင်လို့ မကော
လိုက်တာ"

ပြောပြီး လေးလေးမြင့်က ရယ်လေသည်။ ကျွန်တော်
လည်း ရယ်မိသည်။ တွေ့စက တည်လှသော လေးလေးမြ
သည် ယခုတော့ အရွှန်းအသောကလေးများပင် ဖောက်နေသည်

"လေးလေးရဲ့ ပတ်ဝန်းကျင်အားလုံးက လေးလေး
လေးလေးလို့ ခေါ်ကြပါတယ်၊ အဲဒီလို ခေါ်တာကို လေ
လေးကလည်း သဘောကျတယ်"

"ဒါဖြင့် ပြင်ပြောပါမယ်၊ နို့ လေးလေးကကော"

လေးလေးမြင့်သည် ရယ်ပြန်သည်။ ရယ်သော
တည်သောရုပ်ကို မြင်နေကျမို့ ပိုမိုလှပပြန်သည်ဟု ကျွန်တော်
စိတ်မှာ ထင်မိ၏။

"နို့ ... လေးလေးကကော ဆိုတာလည်း နိမ်တော့ မ
ဘူး၊ ဒါပေမဲ့ လေးလေး ဖြေပါ့မယ်၊ လေးလေးက မဆို
ဘူးလေ ကိုစင်မောင်သန်း၊ လေးလေးက ဖော်ဘွားမျိုး
မဟုတ်တာ၊ လေးလေးက ဦးကြီးဦးပန်းနိုင် ဘက်က
ကဲ ... ရှင်းပြီလား"

ကျွန်တော် ရှင်းပါပြီဟု ဖြေကြားရသည်။ စော
က အိုက်မန် ပြောပြထားသောကြောင့် ကျွန်တော် သိသင့်သလော
လည်း သိပြီးဖြစ်ပါသည်။

"ကဲ ... ပိုက်ဆံတွေ သိမ်းလိုက်ဦး၊ ဒီနေ့ ဆေးတိုက်ပိ
တဲ့နေ့၊ ကိုစင်မောင်သန်းလည်း အခန်းအောင်းရတာ ညော
ရောမယ်၊ လမ်းလျှောက်ကြစို့၊ လမ်းကျမှ လေးလေးပြော



စရာနဲ့ ပြစရာကို ပြောလည်းပြောမယ်၊ ပြလည်းပြမယ်၊
ပြီးတော့ မေးလည်းမေးရဦးမှာပဲ"

ကျွန်တော်သည် ခုတင်ပေါ်သို့ စောစောက ပစ်ဘင်
ထားသည့် ငွေထုပ်သုံးထုပ်ကိုယူကာ ခေါင်းအုံးအောက်သို့ ထိုး
ထားလိုက်သည်။

ခေါင်းထဲတွင်မူ လေးလေးမြင့်သည် ကျွန်တော့်အား
ဘာတွေပြော၍ ဘာတွေပြပြီး ဘာတွေမေးမှာပါလိမ့်ဟု သွေးလန့်
လျက် ရှိနေမိသည်။

သြော် ... မကောင်းမှုဆိုသည်မှာ ဘယ်မှာများဆိတ်
ကွယ်ရာ ရှိချိမ့်မည်နည်း။

❁ ❁ ❁

နေရောင်သည် မပြူတတ်သေး။

ကောင်းကင်တွင် မြူဆိုင်းနေ၍ ပြာသောကောင်းကင်
ကိုမတွေ့ရပေ။ ကောင်းကင်သည် မီးခိုးနရောင်ပြေးနေသည်။
နီးသားမရှိသော်လည်း ဝန်းကျင်တစ်ခုလုံး အုံ့အုံ့ဆိုင်းဆိုင်း မှိုင်း
မှိုင်းညှို့ညှို့ ဖြစ်နေသည်။ တောင်ကုန်းမြေများ၏ အရောင်းငယ်
မီးခိုးတန်းကလေးများ တလိပ်လိပ် တက်နေသည်ကို တွေ့ရသည်။
ဆောင်ပေါ်ယာခင်းများကို မီးရှို့နေသည် ထင်ပါသည်။

လမ်းလျှောက်ရသည်မှာ အံ့ရသာရှိလှသည်။ ရက်
အတန်ကြာ အခန်းအောင်းခဲ့ရသည်မို့ကြောင့်ပဲ ထင်ပါသည်။
အားမြမြ ရှိနေသည်။ အနွေးထည်ဝတ်ရလောက်အောင် ချမ်းသည်

လည်း မဟုတ်။ လတ်ဆတ်သောလေကို ရှူကာ လမ်းမိုးမိုးကလေး
ဝယ် ခြေတစ်လှမ်းပြီးတစ်လှမ်း လှမ်းရသည်မှာ ကြည်နူးရွှင်မြူး
စရာသာ ဖြစ်နေ၏။

ကျွန်တော်နှင့် လေးလေးသည် ကတ္တရာလမ်းမကြီး
တစ်ခုကို လျှောက်နေသည်။ ဤလမ်းမတန်းကြီးသည် မည်သည့်
လမ်းတန်းကြီးဖြစ်မှန်းတော့ ကျွန်တော် မသိ။ ကျွန်တော်
စောသီရိဒိုင်တို့ ကျောက်မဲ ဝင်လာခဲ့စဉ်က ဤလမ်းမတန်းကြီး
ဝင်ခဲ့သည်ဟု ကျွန်တော် ထင်မိသည်။ သေတော့ မသေချာ
ကျောက်မဲ ဝင်လာချိန်တွင် ကျွန်တော်သည် ဒဏ်ရာကြော
မသိတစ်ချက် သိတစ်ချက် ဖြစ်နေသည်။

လမ်းကြီးပေါ်ဝယ် ပါစင်ဂျာကားကလေးများ ရ
နေသည်ကို တွေ့ရသည်။ ကုန်းတက်တွင် ကားကလေးများသ
ဝန်နှင့်အားမမျှဘဲ ခရီးသည်များသည် ကားကလေး၏ အင်ဂျင်
အားထက် ပိုမိုနေ၍ပေလား မသိ။ ဆန့်ငင် ဆန့်ငင်နှင့် ဖျစ်ညှ
ပြီး တက်နေရသည်။

"ဘာငိုင်နေတာလဲ ကိုခင်မောင်သက်"

"ဗျာ … လေးလေး ခေါ်လိုက်တာ၊ ဘယ်လို … ဘယ်လို"

လေးလေးသည် တည်တည်ခံ့ခံ့ကလေးပြုံးကာ
ကြားလိုက်၏။

"အရင်အတိုင်းလေ၊ ခင်မောင်သက်မို့ ကိုခင်မောင်သ
လို့ ခေါ်တာပါ၊ နှစ်ယောက်တည်းမို့လား၊ သောလူမှ
တာ၊ ကိုခင်မောင်သက်ကို လေးလေးက ကိုခင်မောင်သ
မှန်း သိနေပြီဥစ္စာ"



ကျွန်တော် စောဒကမတက်ပါ၊ အမှန်တရားသည်
း‌ကွယ်လို့ ရပါလျက်လည်း တဒင်္ဂမျှသာ မဟုတ်ပါလား။ လေး
လေးသည် ကျွန်တော့်အား ခင်မောင်သက်မှန်း အသေအချာပင်
သိနေပုံရသည်။ ဘယ်ပုံဘယ်နည်း သိသွားပေသနည်း။ ကျွန်တော်
သည် စိတ်ကို လျှော့ချလိုက်မိသည်။ သိပါစေလေတော့။ လိမ်ညာ
ခြင်းဆိုသည်မှာ အလိမ်အညာမပေါ်မီ အချိန်ကလေးအတွက်သာ
ဖြစ်သည်။ အလိမ်အညာ ပေါ်လေသောအခါ ဘာများတတ်နိုင်ဦး
မှာနည်း။ ကျွန်တော် ငြိမ်နေမိသည်။ ဆိတ်ဆိတ်နေခြင်းဖြင့်ပင်
ကျွန်တော် ဝန်ခံလိုက်ပါ၏။

ရှေ့သို့ ခြေလှမ်းမပျက် တစ်လှမ်းချင်း လျှောက်နေ
မိသည်။ လေးလေးမြင့်သည် ကျွန်တော့်အား အကဲခတ်နေဟန်
တူပေ၏။ သူမက အမှန်ကို ဖော်ထုတ်လိုက်သည့်အခါ ကျွန်တော်
သည် ပျာယီးပျာယာ မျက်ကလူးဆန်ပျာ ဖြစ်သွားလိမ့်မည်ဟု
လေးလေးမြင့်က မျှော်လင့်ထားပုံရသည်။ ကျွန်တော်က သူမျှော်
လင့်ထားသလို မဖြစ်သောအခါ ဆက်လက် အကဲခတ်ချင်လာပုံ
ရသည်။ ဆိုခဲ့ပါပြီကော။ အချိန်အခါနှင့် အခြေအနေအရ ကျွန်
တော်သည် ဖြစ်သမျှကို ရင်ဆိုင်ဝံ့သည်။ သွေးအေးအေးနှင့်လည်း
ရင်ဆိုင်ပါမည်။ ကြုံးစင်မတက်မီ တွေ့ကြုံလာလေသော အတွေ့
အကြုံနှင့် အသက်ရှင်နေခဲ့ခြင်းသာလျှင် အမြတ်ဟု ကျွန်တော်
သဘောထားပါတော့သည်။

"အံ့ဩသွားသလား ကိုခင်မောင်သက်"

"အင်း _ အံ့ဩတယ်လို့ ဆိုရင်လည်း ရတာပေါ့ လေးလေး၊
ကျွန်တော် အံ့ဩတာက လေးလေး ဘယ်လိုနည်းနဲ့သိသွား

သလဲ ဆိုတာလောက်ပါ၊ ဘာလို့လဲဆိုတော့ ကျောက်...
ဟာ ကျွန်တော့်အတွက် သူစိမ်းသက်သက် ဖြစ်ရမယ်...
လို့ ကျွန်တော် ထင်မှတ် မှားမိတယ် လေးလေး၊ အင်း...
လေ၊ မြန်မာတစ်ယောက်အဖို့ မြန်မာပြည်ရဲ့ ဘယ်နေရာ...
မဆို သူစိမ်း မဖြစ်နိုင်ဘူးလို့ သင်ခန်းစာ ကျွန်တော်...
သွားနိုင်တာပေါ့"

"အထူးသဖြင့် ကိုခင်မောင်သက်လို တက္ကသိုလ်မှာတုန်း...
ထင်ရှားခဲ့တဲ့ လူတစ်ယောက်အတွက်ပေါ့လေ"

ကျွန်တော်သည် လေးလေးမြင့်အား ဆောတိုက်လှ...
ကြည့်မိ၏။

"ဘာကို ဆိုလိုသလဲ လေးလေး"

လေးလေးမြင့်သည် ချက်ချင်း အဖြေမပေး။ ...
အဝေးဆီမှ တောင်မြင့်မြင့်ကြီးကို လှမ်းကြည့်နေရှာသေးသည်။

ကျွန်တော်သည် လေးလေးမြင့်၏အဖြေကို စောင့်...
မိ၏။

"ကြာတော့ ကြာပြီပေါ့ ကိုခင်မောင်သက်၊ ရန်ကု...
တက္ကသိုလ်မှာ ပြပွဲလေးတွေ ပြလေ့ရှိတယ်၊ အဲဒီပြပွဲတိုင်း...
မှာ တစ်ကဏ္ဍအနေနဲ့ ကိုယ်ခံပညာယှဉ်ပြိုင်ပွဲလေး အ...
တမ်း ပြတယ်မဟုတ်လား ကိုခင်မောင်သက်"

ကျွန်တော်က ဘာမှပြန်မပြောမိ။ မှတ်တော့ မှတ်...
နေသည်။ ထိုစဉ်က ဝါသနာအလျောက် ကျွန်တော်၏အ...
အကျင့် အောင်မြင်မှုတို့ကို လှစ်ဟမ်းပြခဲ့မိပေသကိုး။

လေးလေးမြင့်က ဆက်ပြောပြန်၏။



"ဂျူဒိုပွဲတိုင်း လေးလေးမှာ လက်ဖဝါးတွေ နီရဲလာတဲ့အထိ
လက်ခုပ်တီး ဩဘာပေးခဲ့ရသူ တစ်ယောက် ရှိခဲ့တယ်လေ၊
အဲဒီလူ ဘယ်သူမှတ်လဲ၊ ဟောဒီ ကိုခင်မောင်သက်ပဲပေါ့၊
ငြင်းနိုင်မလား ကိုခင်မောင်သက်၊ တက္ကသိုလ်မှာ နာမည်
တူ ခင်မောင်သက်တွေ ရှိနေကြလို့ ဟောဒီ ကိုခင်မောင်
သက်ကိုတောင် ဂျူဒိုခင်မောင်သက်လို့ နာမဝိသေသနနဲ့
တွဲခေါ်ကြတယ် မဟုတ်လား"

ကျွန်တော် မငြင်းပေ။ မှန်တာကို ငြင်းခြင်းဖြင့်
ထပ်မံမလိမ်ညာချင်တော့ပေ။ ကျွန်တော်သည် ကျောင်းသားဘဝ
က ဆင်းရဲခဲ့သည်။ ပြင်ပပျော်ပါးမှုမှာ ငွေကြေးပေါ်၌ မူတည်လျက်
ရှိ၏။ ကျွန်တော့်မှာ ငွေကြေးက ရှားပါးသည်။ ထို့ကြောင့် စာ
ကြိုးစားချိန်မှလွဲပြီး အခြားအားလပ်ချိန်များတွင် ဝါသနာပါရာ
လက်ဝှေ့ထိုးခြင်း၊ ဂျူဒိုသင်ခြင်း၊ အခုန်အလွှား၊ အသတ်အပုတ်
တို့ကိုသာ လေ့ကျင့်ခြင်းဖြင့် အချိန်ဖြုန်းရသည်။ လေ့ကျင့်လွန်း
တော့လည်း ကျွမ်းကျွမ်းကျင်ကျင် ဖြစ်လာ၏။ ကျွမ်းကျင်လေ
သောအခါ ဆရာကြီးများက ပွဲထုတ်ကာ ပြပွဲစင်သို့ တင်လေသည်။
ထိုစဉ်က လေးလေးမြင့်သည် တက္ကသိုလ်ကျောင်းတော်သူတစ်ဦး
အဖြစ် ပွဲကြည့်ပရိသတ်ထဲ၌ ပါဝင်ခဲ့ဟန်တူ၏။ ထို့ကြောင့်အမှတ်
မထင် ကျွန်တော့်အား သိထားပုံရသည်။

"ပြီးတော့ ကိုခင်မောင်သက်က ရန်ကုန်တက္ကသိုလ်လက်
ဝှေ့မှာ လက်ရွေးစင် ဖြစ်ခဲ့တယ်လေ၊ ကိုခင်မောင်သက်
ထိုးတဲ့ပွဲတိုင်း လေးလေး ကြည့်ခဲ့တယ်၊ ကြည့်တိုင်းလည်း
လက်ခုပ်တီးရလွန်းလို့ နောက်နေ့ဆိုရင် စာလိုက်မရေးနိုင်
ခဲ့ဘူး၊ လက်ဖဝါးတွေ လက်ချောင်းတွေ နာနေလို့ပေါ့"

ကျွန်တော်သည် ပြုံးရပြန်သည်။ မျက်နှာချင်းဆိုင် အချီးမွမ်း ခံနေရသည်မို့ မျက်နှာထားရသည်မှာ ခက်လှသည်။ ထို့ကြောင့် ချော်လဲရောထိုင် ပြန်ပြောလိုက်မိသည်။

"လေးလေး ပြောပုံဆိုရင်တော့ အဲဒီလူဟာ လူစမ်းကောင်း ပဲနော်၊ ငထွေးရှုးတို့ ငလုံးလက်ဖယ်တို့များ ဝင်စားသလား ပဲ လေးလေး"

"တော်ပါ၊ ဆင်သေကိုဖုံးဖို့ ဆိတ်ရေ မရှာချင်ပါနဲ့ ကိုခင် မောင်သက်၊ ကဲ ... ဒါတွေကိုပဲ ကြည့်စမ်းပါဦးတော့"

လေးလေးမြင့်သည် ဓာတ်ပုံသုံးပုံ ကျွန်တော့်လက် သို့ ထည့်လိုက်၏။ ဓာတ်ပုံများမှာ ဝါကြင်ကြင် ဖြစ်နေပေပြီ။ သို့သော် အဖြူအမည်း သဲကွဲပါသည်။ မီးလုံးတပ် ကင်မရာ ရှော့(တ်)များဖြစ်၏။ ကျွန်တော် ဂျူဒိုကစားနေပုံ တစ်ပုံနှင့် လက်ရှေ့ထိုးသတ်ပုံ နှစ်ပုံဖြစ်သည်။ ကြဲကြဲဖန်ဖန် လေးလေးမြင့် သည် စုဆောင်းထားလေသည်။

"ကိုခင်မောင်သက်ကို မိနိုင် ခေါ်လာစက လေးလေး နည်းနည်းမှ မကျေနပ်ခဲ့ဘူး၊ ကိုခင်မောင်သက်ကို လေး လေး မှတ်မှမမှတ်မိဘဲ၊ ကြာလည်း ကြာပြီကိုး၊ ဒါပေမဲ့ မိနိုင်က သူ့အစ်ကို့ကို ဟိဝန္တာချီးမွမ်းခန်း ဖွင့်လှန်းတော့ လေးလေး ကိုခင်မောင်သက်ကို ဂရုစိုက် ကြည့်မိလာတယ်၊ မိနိုင် ဆိုတဲ့ ကောင်မလေးက သင်္ချာသမားလေး၊ ဘာကိုပဲ ဖြစ်ဖြစ် တွက်ရင်း ချက်ရင်း သူက အဖြေရှာလေ့ရှိတယ်၊ သူ့အဖြေက ကိုခင်မောင်သက်ဟာ ဘာတွေပဲပြောပြော လူတော်လူကောင်း တစ်ယောက်လို့ အဖြေထွက်ထားတယ်၊



မိနိုင် ချီးမွမ်းခန်းနဲ့အဖြေကြောင့် လေးလေး ကိုခင်မောင် သက်ကို ကုရင်း သရင်း ဂရုစိုက်ကြည့်မိတယ်၊ ဟွန်း... သူက ဒဏ်ရာလည်း ရလာသေးတယ်၊ ပြီးတော့ စုတ်လို့ ပြတ်လို့၊ ဘာတွေ ဖြစ်လာလဲ မသိဘူး၊ သေချာဂရုတစိုက် ကြည့်တော့မှ လေးလေး မျက်စိထဲမှာ တက္ကသိုလ်က ဂျူဒိုခင်မောင်သက်ကို ပြန်မြင်လာမိတယ်၊ ပြီးတော့ ခင် မောင်သန်းနဲ့ ခင်မောင်သက်ကို ဆက်စပ်ကြည့်မိတယ်၊ အဲဒီနောက်တော့ ကျောင်းတုန်းက သိမ်းထားခဲ့တဲ့ အယ်လ် ဘမ်တွေကို လှန်ကြည့် ရှာကြည့်တယ်၊ ပြန်တွေ့တဲ့ဓာတ်ပုံ တွေက ခင်မောင်သန်းဟာ ခင်မောင်သက် ဖြစ်မှန်း သက် သေခံလာတယ်၊ ကဲ ... ဘာပြောင်းမလဲ ကိုခင်မောင်သက်"

ကျွန်တော်သည် ဓာတ်ပုံများကို လေးလေးမြင့်အား ပြန်ပေးလိုက်သည်။ ဤနေရာ ဤဒေသမှ ကျွန်တော်သည် ဘယ်မှ၍ ထွက်ပြေးသင့်ပြန်ပြီဟုလည်း အောက်မေ့မိသည်။

"အဲဒီ နီနီတွေဟာ ကျောက်မဲဆေးရုံပေါ့ ကိုခင်မောင်သက်"

ကျွန်တော် ဆေးရုံအဆောက်အအုံကို လှမ်းကြည့် လိုက်သည်။ ကျိတ်၍ပြုံးမိပြန်သည်။ ဓာသီရိနိုင်အား ကျွန်တော်က [illegible]ခဲ့၏။ "အီး"အက္ခရာပုံစံ တိုက်ဝါကြီးသည် ကျောက်မဲဆေးရုံ [illegible]င်။ ထိုပြုံးလုံးကို ဓာသီရိနိုင်သည် အားပါးတရ ရယ်ခဲ့၏။ [illegible]မှ သည်သူငယ်မ ဘာကြောင့် ရယ်သည်ကို သဘောပေါက် [illegible]သည်။ ကျွန်တော် ပြုံးခဲ့သည်မှာ တက်တက်စင် လွဲနေပေပြီကိုး။

ဆေးရုံကို ကျွန်တော်ကကြည့်ပြီး မျက်နှာချင်းဆိုင် [illegible]်းတစ်ဖက်ရှိ တောင်ကုန်းမြင့်ကလေးမှ စေတီတော်တစ်ဆူကို

ကြည့်မိပြန်သည်။ ကြည်ညိုသပ္ပာယ်လှသည်။ အမြင့်သို့တက်ပြီး ဖူးရပေလိမ့်မည်။ စေတီတော်၏ဘွဲ့တော်ကား "အောင်စေတီ" ဟု ဆိုင်းဘုတ်ရေးဆွဲထားသည်။

"ဘုရားဖူးကြရအောင် လေးလေး"

ကျွန်တော်နှင့် လေးလေးသည် ဘုရားစောင်းတန်း ကလေးအတိုင်း တက်ရောက်လာကြသည်။ ကုန်းမြင့်လေသော ကြောင့် စေတီရင်ပြင်မှ အနီးနှံပိုင်းမြို့ကို ပြန်၍အထက်စီးမှကြည့် နိုင်ရသည်။ ပတ်ဝန်းကျင်အားလုံးမှာ သာယာလေသည်။ မြို့၏ အားမာန် တဖြည်းဖြည်းလျော့ကာ နေခြည်က ခပ်ဖြာဖြာလေးလွှ ပြုံးစပြုံနေပေ၏။ သို့တစေ မမှေးသေး။ မပူသေး။

ဆေးရုံသို့ လှမ်းကြည့်မိပြန်သည်။ နေခြည်အကြား ဝယ် ဆေးရုံအဆောက်အအုံ၊ အရောင်အသွေးနှင့် တည်ရှိနေပုံမှာ ပန်းချီဆန်လှ၏။

"လေးလေးက အဲဒီဆေးရုံမျိုးမှာ လုပ်သင့်တာ"

ကျွန်တော့်စိတ်ထဲတွင် ရှိရာကို လွတ်ခနဲ ပြောလိုက်မိသည်။ ကျွန်တော့်စကားကြောင့်ပဲ ထင်သည်။ လေးလေး ဝင်းဝင်းပပ မျက်နှာမှာ တစ်မုဟုတ်ချင်း ညှိုးသွားရှာရလေသည်။

"မှန်တယ် ကိုခင်မောင်သက်၊ လေးလေးကလည်း ပြည်သူ့ ဆေးရုံမျိုးမှာ ပြည်သူလူထု အယုတ်အလတ် အမြတ်မရွေး ကုပေးချင်တာ"

"ဒါဖြင့် ဘာဖြစ်လို့"

"အဲဒီ ဘာဖြစ်လို့ဆိုတာကိုဖြေရရင် ဇာတ်လမ်းတ အရှည် ကြီးပါ ကိုခင်မောင်လတ်၊ ပြောရခက်လှတဲ့ ဇာတ်လမ်း



တကယ်မှာတော့ လေးလေးဘဝက စက်ရုပ်တစ်ရုပ်သာပေါ၊ အသည်းရော နှလုံးရော ဦးနှောက်တွေနဲ့ ဖွဲ့စည်းတဲ့လူ သားအဖြစ် မနေရပါဘူး၊ သံပတ်ပေးထားသလို လှုပ်နိုင် လိုက်သလို လှုပ်ရှားနေတဲ့ စက်ရုပ်ပါ ကိုခင်မောင်သက်"

"လေးလေးစကားတွေက ကျွန်တော့်အဖို့ ပဟေဠိ ဖြစ်နေ တယ် လေးလေး"

လေးလေးပြုံးသည့်ပြုံးလိုက်သည်။ သရော်ပြုံးတည်း။ သူမ၏လက်ဆွဲအိတ်ကို ပြန်ဖွင့်သည်။ အထဲမှ ဓာတ်ပုံတစ်ပုံ ထုတ်ယူလိုက်ပြန်၏။ လေးလေးတွင် စုဆောင်းထားသော ဓာတ်ပုံ တွေ ဘယ်လောက်များ ရှိနေသလဲ မပြောတတ်။

"လူတွေအားလုံးမှာ ကိုယ်စီကိုယ်င ပဟေဠိတွေရှိနေကြ တတ်ပါတယ် ကိုခင်မောင်သက်၊ ကိုယ့်ဘဝမှာ ကိုယ့်ပဟေဠိ နဲ့ကိုယ်ပေါ့လေ၊ ကဲ ... ဟောဒီ ပဟေဠိကတော့ ကိုခင် မောင်သက်ရဲ့ ပဟေဠိပဲ၊ အဲဒါကို ကိုခင်မောင်သက်က အရင်ဖြေပေဦးတော့"

ကျွန်တော့်လက်သို့ ဓာတ်ပုံတစ်ခုကို ထိုးပေးပြန် သည်။ ကျွန်တော် ယူကြည့်မိတော့သည်။

မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည် သွားလေသလားဟူ၍လောက် အထိတော့ ကျွန်တော် ထိတ်လန့် သွားမိ။ သို့သော် အနည်းငယ်တော့ တုန်လှုပ်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် ဓာတ်ပုံသည် သစင်မြိုင်၏ ဖြစ်နေသောကြောင့်တည်း။

သစင်မြိုင်။

မှန်ပါ၏။ သခင်မြိုင်၏ ကြွကြွရွရွ လှလှပပ ဓာတ်ပုံကလေးပင် ဖြစ်တော့သည်။ ဓာတ်ပုံကို ခဏမျှ ကျွန်တော် ကကြည့်ပြီး လေးလေးမြင့်ကို ကျွန်တော် ကြည့်လိုက်မိ၏။

"ကိုခင်မောင်သက်ကို အကျီလဲပေးဖို့ သေတ္တာဖွင့်ကြည့်ရ တယ်၊ မိနိုင်က သေတ္တာဖွင့်သမားပေါ့၊ သေတ္တာဖုံးကပ် အိတ်ထဲက ဒီဓာတ်ပုံကို တွေ့ကြတယ်လေ၊ အဲဒီပယောဂ္ဂက ကော ဘယ်လိုလဲ ကိုခင်မောင်သက်၊ မိနိုင်ကဆိုရင် ဆွေ့ ဆွေ့ခုန် သိချင်နေရှာတယ်၊ ဒီကိစ္စကို မေးထားပေးပါလို့ လေးလေးကို အတန်တန် မှာသွားတယ်၊ ဒါကြောင့် ဒီဘက် ကို လမ်းလျှောက်ခေါ်လာတာပဲ ကိုခင်မောင်သက်"

ကျွန်တော်သည် သခင်မြိုင့်ဓာတ်ပုံကို ဆွဲဆုတ်ပစ် လိုက်မိသည်။ ဆုတ်လိုက်သည်မှ အစိတ်စိတ်အမြွာမြွာပင်။ ကျွန် တော့်ကို အမြဲတစေ ခြောက်လှန့်နိုင်ခဲ့သော သခင်မြိုင်သည် သေ သည်၏ ဤနောက်ပိုင်းထိအောင်ပင် ခြောက်လှန့်နေဆဲ ရှိပါသေး သည်။

ဘုရားရှင်ပြင်ဝယ် ကျွန်တော် စိတ်မောလူမော ထိုင်ချလိုက်မိ၏။ ကျွန်တော်၏ အားအင်တို့သည် တစ်ခဏချင်း ကုန်ဆုံးသွားလေပြီလားဟု မှတ်ထင်မိသည်။ လေးလေးမြင့်သည် လည်း ကျွန်တော့်ဘေးတွင် ထိုင်ချလိုက်သည်။ နီးကပ်စွာပင်ဖြစ် ၏။ လေးလေးမြင့်ထံမှ သင်းသောကိုယ်နံ့ကလေးကို ကျွန်တော် ရှူရှိုက်နေရသည်။ ကျွန်တော် လေးလေးမြင့်ဘက်သို့ လှည့်လိုက် ၏။ မျက်နှာနှစ်ခုသည် အတော်အတန် နီးကပ်နေသည်။ တစ်ဦး ၏ထွက်သက်ပင် တစ်ဦးမျက်နှာပေါ်သို့ ပျံ့လွင့်နေသည် ထင်ပါ၏။



"ကျွန်တော့်အဖို့ ဒီမြို့က ထွက်ပြေးသင့်ပြီ လေးလေး၊ အဲခုဆိုရင် ကျွန်တော် ခင်မောင်သက်မှန်းရော၊ ကျွန်တော် နဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေရောဟာ လေးလေးဆီမှာ အထောက်အထား ရှိနေတယ် မဟုတ်လား"

"အို ... ဘာလို့ ထွက်ပြေးရမှာလဲ၊ ဒါတွေကို လေးလေး က မောင်းလျှောက်ထုပြနေမှာမို့လား"

"ဆုံးအောင်နားထောင်ပါ လေးလေး၊ ခုနက ဆုတ်ပစ်တဲ့ ဓာတ်ပုံဟာ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ အမှန်ပါပဲ၊ ပြီး ကျွန်တော်ဟာ လေးလေး လက်ခုပ်တီး ဩဘာပေး ခဲ့တဲ့ ခင်မောင်သက် ဆိုတာလည်း အမှန်ပဲ၊ တက္ကသိုလ်က ထွက်လာခဲ့ကြပြီးတဲ့ နောက်ပိုင်းမှာ ကိုယ်ရေးကိုယ်တာ တွေနဲ့ပေါ့၊ ခက်တယ် လေးလေး၊ ကိုယ်ရေးကိုယ်တာဆို တာမျိုးက လျှို့ဝှက်ချက် ရှိစမြဲပါ။ ဒါပေမဲ့ မင်္ဂလာရှိတဲ့ ကိုယ်ရေးကိုယ်တာ၊ ကိုယ်ရည်သွေးနိုင်တဲ့ ကိုယ်ရေးကိုယ် တာမျိုးကျတော့ လျှို့ဝှက်ချက်ဆိုတောင်မှ ဖော်ထုတ်ပြော နိုင်တဲ့ ကိုယ်ရေးကိုယ်တာမျိုးပါ လေးလေး၊ အဲ ... မင်္ဂလာ မရှိတဲ့ ကိုယ်ရေးကိုယ်တာ၊ ကိုယ်ရည်မသွေးနိုင်တဲ့ ကိုယ် ရေးကိုယ်တာမျိုးကျပြန်တော့ ကိုယ်ရေးကိုယ်တာပိုင်ရှင် အားလုံးဟာ ဝမ်းထဲမှာ မြှုထားတတ်ကြရတာပေါ့"

လေးလေးမြင့်သည် နားထောင်နေရှာ၏။ စိတ်ပါ လက်ပါပင် နားထောင်နေရှာပါ၏။

"ကျွန်တော့်ကိုယ်ရေးကိုယ်တာဟာ ဒုတိယအမျိုးစားပါ၊ ဖော်ထုတ်ပြဖို့ ခက်ခဲလွန်းတဲ့ ကိုယ်ရေးကိုယ်တာမျိုးပါ လေးလေး"

"သိပ်လေးနက်လွန်းနေပါလား ကိုခင်မောင်သက်၊ အဲဒီ လောက် လေးလေး မလိုက်နိုင်ဘူး၊ လေးလေး ဆိုလိုတာက ရှင်းရှင်းပါ၊ ခုန ဓာတ်ပုံရှင် မိန်းမချောလေး အကြောင်းပါ၊ ဒါကလည်း လေးလေး သိချင်တာထက် မိနိုင်ကပိုပြီးသိ ချင်နေလို့ပါ"

"ဟုတ်ပါတယ်၊ ဒီဓာတ်ပုံအကြောင်းကိုပဲ ကျွန်တော်နဲ့ဒါနှ ဖျိုးနေတာပါ၊ ဒီဓာတ်ပုံအကြောင်းကို ပြောတာနဲ့ ကျွန်တော လျှို့ဝှက်ချက် ကိုယ်ရေးကိုယ်တာတွေအကြောင်းကို ပြော တာပဲပေါ့၊ ကဲ … ဒီလိုလုပ်စို့လား လေးလေး"

လေးလေးက မော့ကြည့်ပြန်သည်။

"ပထမတော့ ကျွန်တော့်အကြောင်းတွေ အစဖျိုးသိလာတဲ့ လေးလေးကြောင့် ကျွန်တော် ဒီမြို့က ထွက်ပြေးချင်မိတာ အမှန်ပဲ၊ ကျွန်တော်က ကျွန်တော့်ဘဝကို ဓာတ်မြှုပ်ပြီး နေတဲ့လူကိုး၊ ဒါပေမဲ့ ဘာထူးမလဲ၊ ဘယ်ကိုပဲပြေးပြေး တစ်ကြောင်းမဟုတ် တစ်ကြောင်းနဲ့ ဒီလိုပဲ အစွန်းအစတွေ က ထွက်နေမှာပဲ၊ ဒီတော့ လေးလေးက ကတိတစ်ခုပေး မလား၊ ကျွန်တော် ဒီမြို့က မပြေးဘဲ ဒီမှာပဲ ဆက်နေတော့ မယ်"

လေးလေးမြင့်သည် စိတ်ထားထက်သန်လာပုံ သည်။ မျက်လုံးများ အရောင်တလက်လက် တောက်ပလာသည် လေးလေးမြင့် တက္ကသိုလ်ကျောင်းသူဘဝက သူမလက်ခုပ်အကြိမ် ကြိမ်တီးပြီး ဩဘာပေးခဲ့ရသော သူ့ရဲကောင်းကြီး ခင်မောင်သက် အား ခင်မောင်သက်မှန်း သိကတည်းက စိတ်တစ်မျိုးပြောင်းသွား



ခဲ့ပုံရသည်။ သူ့ရဲကောင်းကြီး ခင်မောင်သက်က သူတို့အား စွန့် ခွာကာ တခြားသို့ ထွက်ပြေးမည်ကို စိုးရိမ်ဟန်လည်းတူ၏။ ဒြသာ် … လေးလေးမြင့်သည် လူတစ်ကိုယ်လုံးခွဲစိတ်ပြီး ကုသ ပေးနေသော ဆရာဝန်တစ်ယောက် ဆိုစေကာမူလည်း မိန်းမတို့ ဘွင်ရှိအပ်သည့် အသည်းနှလုံးကိုသာ ပိုင်ဆိုင်ထားသည်မို့ နှလုံး သား၏အနိုးမိုးကို ခံယူရသူပင်ပေတကား။

"သိပ်ပေးတာပေါ့ ကိုခင်မောင်သက်၊ ဘယ်လို ကတိပေး ရမလဲဆိုတာသာပြော၊ ပြီးတော့ လေးလေးက ကတိပေး ရင်ကော ကိုခင်မောင်သက်က ဒီမြို့က ထွက်မပြေးပါဘူး လို့ ပြန်ပြီးကတိပေးမလား၊ ပြော"

"ကျွန်တော့်အကြောင်းကို လေးလေး သိတာက တက္ကသိုလ် နေတုန်းကလောက်ပါ၊ ဒါပေမဲ့ ကျွန်တော် အားလုံးပြောပြ မယ်၊ အဲဒီ ပြောပြချက်တွေကို လေးလေးက ဟောဒီ အောင်စေတီ ကိုယ်တော်မြတ်ကြီးရှေ့မှာ ကျွန်တော့် အကြောင်းတွေကို ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ပြန်မ ပြောပါဘူးလို့ တိုင်တည်ပြီး ကတိပေးလေ"

လေးလေးမြင့်သည် နှုတ်ဖြင့် ပြန်လည်မပြောဘဲ အောင်စေတီကိုယ်တော်မြတ်ဘက်သို့ မိန်းမထိုင် ကျစ်ကျစ်လျစ် လျစ်ထိုင်လိုက်ကာ လက်ကိုင်ပဝါလေး ရှေ့မှာခင်းပြီး ဦးသုံးကြိမ် ထိမ်ဦးစွာ ချလိုက်သည်။ ပြီး ငါးပါးသီလ ခံယူကာ ကျွန်တော့် အကြောင်းများ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ပြောမည် မဟုတ်ကြောင်းကို ကျွန်တော် ကြားလောက်သည်အထိ ကျိန် ဆိုကာ ကတိစကားကို ဆိုပါတော့သည်။

ဘာရယ်ကြောင့်မှန်းတော့ မသိ၊ လေးလေးမြင့်
အပြုအမူကလေးမှာ ကျွန်တော့်ရင်ဝယ် နာနာကျင်ကျင်ကလေ
ဖြစ်ရသည်။ တွေ့စက ဒဏ်ရာချုပ်ရိုး ပြေပေးသည်အထိ
သူမ၏ဆေးတိုက်၌ မနေစေလိုခဲ့သော၊ ဆက်ဆံရာတွင် မာ
ကျောရေ နိုင်လှသော ဒေါက်တာလေးလေးမြင့်သည် ယခု
ကျုံ့ကျုံ့ယုံ့ယုံ့ ပုံ့ပုံ့ကွေးကွေးကလေး ထိုင်ကာ ကြောက်ဖွယ်
ကျိန်စာဆိုးများဖြင့်ပင် တိုင်တည်ကတိပေးလေပြီကော။ နှလုံးသ
က စေခိုင်းလေသောအခါဝယ် သားစားဘီလူးကြီးပင် ယဉ်
သိမ်မွေ့ရတတ်သည် မဟုတ်ပါလား။

"ကဲ ... ပြောတော့လေ၊ လေးလေး ကတိပေးပြီးပြီပဲ၊
ဓာတ်ပုံရှင် ဘယ်သူလဲ၊ ကိုခင်မောင်သက်နဲ့ ဘယ်လိုပ
သက်ခဲ့သလဲ၊ အဲဒါက စပြောနော်"

"သခင်မြို့င် ပါတဲ့ လေးလေး၊ ခုနဓာတ်ပုံရှင်ဟာ သခင်မြို့
ပါတဲ့၊ သခင်မြို့င် ဆိုတာက ကျွန်တော့်ရဲ့တရားဝင်
ပဲ လေးလေး"

လေးလေးမြင့်သည် ကျွန်တော်၏စကားကို
မှောင်ကုတ်သွားရှာသည်။ သို့သော် မတတ်နိုင်။ ကျွန်တော်
ဆက်ပြောရသည်။ ရေးသရောအခါ ပြည်ဘာရာဝယ်မှ အ
သလို ကျွန်တော် တောင်ငူသို့ အလုပ်နှင့်ပြောင်းခဲ့ရရာမှ
မြို့င်နှင့် လက်ထပ်ခဲ့ရပြီး နောက်ဆုံး သခင်မြို့င် သေဆုံးခဲ့ရ
ကို အကြောင်းပြုကာ ထွက်ပြေးတိမ်းရှောင်လာခြင်းများကို အ
တဝင့် တစ်လုံးမကျန် ပြောပြခဲ့ပေတော့သည်။



ကျွန်တော် ပြောလေသည့် ဝါကျတိုင်းကို စူးနိုက်မှာ နားထောင်လေသော လေးလေးမြင့် ခမျာ မျက်မှောင်ကလေး ကုတ်လိုက်။ အံကလေး ကြိတ်လိုက်၊ ခေါင်းကလေး ခါလိုက်၊ ခေါင်းကလေး ညိတ်လိုက်၊ တောက်ကလေး ခတ်လိုက်၊ စုတ်ကလေး သပ်လိုက်နှင့် ဓာတ်လမ်းဆုံးလေသောအခါ သက်မကြီး တစ်လုံးကို မှုဲ့း၍ချလိုက်ရှာသည်။ ဘာမှ ပြန်လည်ဝေဖန်ချက် မပြုဘဲ ငြိမ်ငြိမ်သက်သက် တွေတွေဝေဝေ ဖြစ်နေသည်။ ကျွန်တော်ကပင် စကားဆက်ပြောပြန်သည်။

"ကဲ ... လေးလေးအကြောင်းကို ပြောပြဦးလေ၊ ဆောဆောက လေးလေးက ပြောခဲ့တယ်၊ လေးလေးက အသည်းတွေ နှလုံးတွေ၊ ဦးနှောက်တွေနဲ့ လူသားမှ မဟုတ်တာ၊ သံပတ်ပေး ခလုတ်နှိပ် စက်ရုံဆိုတာလေ"

လေးလေးမြင့်သည် ပြောပြရန် ပါးစပ်ပြင်လိုက်သည်။

သို့သော် သူ့ပါးစပ်မှ စကားတစ်လုံးမျှ ထွက်မလာဘဲ နှုတ်ခမ်းထွေးထွေး အစုံမှာ ဝလုံးကဲ့သို့ ဝိုင်းသွားသည်ကို တွေ့ရသည်။ မျက်လုံးအစုံမှာ အောင်စေတီ၏ခြေတော်ရင်းသို့ သည်း လေးလေးမြင့် လှမ်းကြည့်နေရှာ၏။ သူမကြည့်ရာသို့ ကျွန်တော် လိုက်ကြည့်မိသည်၊ ခြေတော်ရင်း ကဗ္ဗရာလမ်းပေါ်တွင် ကားအဝါကြီး ထိုးဆိုက်သည်ကို တွေ့ရတော့သည်။

ပထမဦးစွာ တံခါးဖွင့် ဆင်းလာသူမှာ စောသီရိပင် ဖြစ်တော့သည်။ ဒရိုင်ဘာလက်ကိုင်ကွင်းနေရာဝယ် ကိုခွန်နောင်း ရှိနေပါလေ၏။ ကိုခွန်နောင်းသည် နံနက်ကတွေ့ခဲ့သော အနောက်

တိုင်းဝတ်စုံနှင့်ပင်ဖြစ်၏။ ကိုခွန်နောင်သည် အောင်စေတီ၏ရှေ့ ပြင်သို့ တက်ရောက်ရေးအတွက် ဖိနပ်ချွတ်နေဟန်တူ၏။

စောသီရိနိုင်သည် ခြေဖဝါးဖွေးဖွေးကလေးနှင့် စောင်းတန်းလှေကားထစ်များကို ပြေးတက်လာသည်။ ကျွန်တော့်ကိုမြင် လေသောအခါ ပါးချိုင့်ကလေး နှစ်ခုစလုံး ခွက်ဝင်သွားတော့၏။

"ဟော ... အစ်ကို၊ အံမာ ... သူက ဒီမှာလာပြီး စောင့် ကျကျ ဘုရားဖူးနေလိုက်တာ၊ နိုင်ကဖြင့် စိတ်များကိုပူလို့"

နိုင်သည် အမောတကော အပေါ်သို့ ရောက်လာသည်။ လေးလေးမြင့်သည် သူ့ညီမအား ဆီကြိုမွေ့ဖက်လိုက်၏။ ကိုခွန်နောင်မှာ အခုမှ စောင်းတန်းသို့ တစ်ထစ်ချင်း လေးလေး မှန်မှန် တက်လာနေသည်။ နိုင်၏မျက်လုံးအစုံမှာ ကျွန်တော့်ကို သာ ကြည့်နေရှာ၏။

"ဟုတ်ပါ့လား နိုင်၊ စိတ်ပူတယ်သာ ပြောတာ၊ အစ်ကိုက လမ်းမှာများ တွေ့ကြရင် မှတ်များမှ မှတ်မိကြဦးမလား လို့"

"ကြည့် ... ဒါ နိုင့်ကို သက်သက်ငေါ့တာ၊ နိုင်လေ မသွား မဖြစ်လို့ သီပေါကို လိုက်သွားရတာ အစ်ကို၊ အစ်ကို့ အတွက် လေးလေးကို နိုင် အားလုံးမှာခဲ့သားပဲ၊ လေးလေး က မပြောပြဘူးလားဟင်၊ အစ်ကိုက နိုင့်ကို စကားနာထိုး ငေါ့နေပြီ လေးလေး"

ကျွန်တော် ကြည်နူးစွာ ရယ်မိသည်။ နိုင်သည် ဘယ်သောအခါမဆို ချစ်စဖွယ် ကလေးငယ်သာတည်း။ ညီမငယ် နိုင်သည် ကလေးငယ်သာတည်း။



ကိုခွန်နောင် ရောက်လာ၏။ ကျွန်တော်နှင့်လေးလေး မြင့်ကို ပြုံး၍နှုတ်ဆက်သည်။ ထို့နောက် အောင်စေတီကိုယ်တော် အား ဦးသုံးကြိမ်ချကာ ဝတ်ပြုသည်။ ထိုအခါကျမှ နိုင်သည် ...

"အယ် ... ဟုတ်ပါရဲ့"

ဟု ဆိုကာ ပုံ့ပုံ့ကလေး ထိုင်ချပြီး အောင်စေတီကို ကန်တော့ရှာသည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကိုပင် ပြန်ရှက် မိသည်။ ယခုအချိန်ထိ ကျွန်တော် အောင်စေတီကိုယ်တော်အား ကန်တော့မိသေးပါလား။ ရှိစေတော့။ ယခုမှ ကန်တော့လျှင် သည်း ပြောစရာကြီး ဖြစ်တော့မည့်တူတူ သည်အတိုင်းပဲ နေလိုက် မိသည်။

နိုင်သည် နှုတ်မှပွစိပွစိဖြင့် ရွတ်ဆိုကာ ကန်တော့ နေစဉ် ဦးသုံးကြိမ်သာ ချလေသော ကိုခွန်နောင်သည် ကျွန်တော် တို့အနီးသို့ ရောက်လာသည်။ ကိုခွန်နောင်သည် နံနက်ကဆေး ဘိုက်တွင်းဝယ် ကိုဝဏ္ဏနှင့် ဖြစ်ပျက်ခဲ့သော ကိစ္စများကို သတိ ရဟန်ပင် မတူတော့ပေ။ ထို့ကြောင့် နိုင့်ကိုလည်း ပြောပြထား ဟန်မတူ။ သူ၏အမူအရာသည် တည်တည်ကြည်ကြည် အေးအေး ဆေးဆေး နိုင်လှသည်။ ကျွန်တော်ကတော့ ကိုခွန်နောင်နှင့် နံနက်ကမှ တွေ့ဖူးသည်မို့ ဘာစကားမှ မပြောမိပေ။

လေးလေးမြင့်ကမူ ကိုခွန်နောင်အား မေးခွန်းတစ်ခု ထုတ်ပါလေသည်။

"ကိုခွန်နောင်း အခု မြန်မာပြည်ပြန်ရောက်တော့ ဘာလုပ် မယ် စိတ်ကူးသလဲဟင်"

ကိုခွန်နောင်လည်း ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

"ကျွန်တော်လည်း ဒါကိုစောင့်နေတာပဲ လေးလေး၊ ကျွ
တော့်အဖို့က ဘာတွေလုပ်မယ်လို့ မဆုံးဖြတ်ပါဘူး။ နိုင်
တော် အစိုးရက သင့်တော်တဲ့နေရာမှာ ခိုင်းတာကိုပဲ လု
မှာပါ၊ ကျွန်တော်သင်လာတဲ့ပညာတွေကာ ကျွန်တော့်
မှ မဟုတ်တာ၊ တိုင်းပြည်အတွက်ပါ၊ အစိုးရက တိုင်းပြ
အတွက် အကျိုးရှိမယ့် နေရာတစ်ခုခုမှာ ကျွန်တော့်
ခိုင်းပါလိမ့်မယ်၊ ဒါကို ကျွန်တော် စောင့်နေဆဲပါ လေးလေး"

လေးလေးမြင့်သည် တစ်စုံတစ်ခု ဆက်ပြော
ဟန်ပြင်လိုက်စဉ်မှာပင် ဘုရားဝတ်ပြုပြီးသွားသော စောသီရိ
သည် အနီးသို့ ရောက်လာကာ သူပြောချင်ရာကို စွတ်ပြောလို
တော့သည်။

"နိုင်လေ ... သီပေါက ရောက်ရောက်ချင်း အိမ်ကျော
မယ်မယ်က နိုင့်ကို စကားတွေ ဆက်နေသေးတယ်၊
နားထောင်ရတာပေါ့၊ အစ်ကို ခွန်နောင်းက ကားဝါ
မောင်းထွက်သွားတယ်၊ မယ်မယ် ပြောပြီးတော့
ဆေးကိုက်လာဖို့ ကားမရှိတော့ဘူး အစ်ကို၊ ဒါနဲ့ အစ်
ခွန်နောင်း ပြန်လာတဲ့အထိ စောင့်နေတယ်၊ ဟွန်း ...
စိတ်ပျက်လိုက်တာ၊ အစ်ကိုကားနဲ့ လာမလို့ ကြံသေးတ
ဓာတ်ဆီ မရှိဘူးလေ၊ ဟောဒီ အစ်ကိုခွန်နောင်းကြီးကလ
ကျောက်မဲ ရောက်တာနဲ့ ဘယ်သွားနေသလဲ မသိ
တစ်ခါတည်း ပေါ်မလာတော့ဘူး"

ကိုခွန်နောင်းသည် စောသီရိနိုင်အား တစ်ခုခု
မလို့လုပ်ပြီးမှ ဘာမှမပြောဘဲ ရယ်နေလိုက်သည်။ သာလီက
လေး စောသီရိနိုင်က စကားဆက်ပြန်သည်။



"အစ်ကိုခွန်နောင်း ပြန်လာတော့ နိုင်တို့ လေးလေး ဆေးတိုက်ကို သွားကြတယ်၊ အိုက်ပန်ကိုပဲ တွေ့တယ်၊ အိုက်ပန်က ဒီဘက်ထွက်သွားတာ မြင်တယ် ပြောတာနဲ့ နိုင်တို့လိုက်လာကြတာ၊ ကဲ ... နိုင် ဘယ်လောက်စိတ်မော လဲ၊ ဒါတောင် အစ်ကိုက လမ်းတွေ့ရင် မှတ်မိကြပါ့မလား လို့ နိုင် ဝမ်းနည်းအောင်ပြောတယ်၊ သိပ်ဆိုးတဲ့ အစ်ကိုပဲ"

"အစ်ကို ကျိစားတာပါ နိုင်"

"တော်သေးတာပေါ့၊ ဒါတွေ ထားပါလေ၊ အစ်ကို့အနာ ဘယ်လိုနေသေးလဲ"

စောသီရိနိုင်သည် ကျွန်တော့်အနီးသို့ ကပ်လာသည်။ ကျွန်တော့်လက်မောင်းကို ကိုင်ကြည့်၏။ ကျွန်တော်က လက်မောင်းကို အကျီလက်ပင့်ပြီး ပြရသည်။

"ပျောက်သလောက်ရှိပြီ နိုင်၊ မပျောက်လို့လည်း ဘယ်ဖြစ်တော့မလဲ၊ နိုင်က နိုင့်လေးလေးကို မှာထားတယ်ဆို၊ မြန်မြန်ပျောက်အောင် ကုပေးပါလို့၊ အဲဒါ နိုင် မှာထားလို့ဆိုပြီး နိုင့်လေးလေးက မြန်မြန်ပျောက်အောင် တစ်နေ့ကို ဆေးအလုံးတစ်ရာ ထိုးရမယ်တဲ့လေ၊ အခု နေ့တိုင်းဆေး အလုံးတစ်ရာ ထိုးရတယ် နိုင်"

နိုင်သည် မျက်လုံးဝိုင်းနေသည်။ လေးလေးက ဆက်ကိုင်ပဝါနှင့် ပါးစပ်ကို ပိတ်ထားသည်။ ကိုခွန်နောင်းက ပြုံးနေ၏။

"အလုံးတစ်ရာတောင်လား အစ်ကို"

"အင်းပေါ့"

နိုင်သည် ဖြူးတူးပြတဲဖြင့် သူမ၏လေးလေး
လှမ်းကြည့်ရှာသည်။ လေးလေးမြင့်သည် ခပ်တည်တည်ပင် ခေါ
ညိတ်ပြလိုက်သည်။ မယုံသလို နိုင်က ကျွန်တော့်ကို ကြည့်ပြ
သည်။ နိုင်၏အမူအရာကိုကြည့်ကာ ကိုစွန်နောင်းက အသံထွ
သည်အထိ ရယ်လိုက်သေးသည်။ ကျွန်တော်လည်း ဟန်မဆော
နိုင်တော့။ ရယ်မိသည်။ လေးလေးမြင့်လည်း ရယ်တော့သည
ထိုအခါမှ ရိပ်မိသွားလေ၏။

"အင်း ... ကြည့်စမ်း၊ နိုင့်ကို ဝိုင်းအရူးလုပ်နေကြတာ"

အားလုံး အစုမှ ပြောင်ပြောင်တင်းတင်း ရယ်ကြ
တော့သည်။ စောသီရိနိုင်ကလည်း ပါးချိုင့်ကလေး နှစ်ဖက်လ
စုံးစုံးခွက်ဝင်သည်အထိ ရယ်လေတော့သည်။

သြော် ... ကျွန်တော့်တွင် ဘာဘာညာညာ ကိစ္စတေ
သာ ပါမလာဘဲ ဤလူ၊ ဤအဖွဲ့နှင့် ဤသို့သာ ရယ်ရမြန်ပါလျှ
ဘယ်လောက်များ နလုံးသားဝယ် ဝီတိဖြစ်ရှုံမည်နည်း။

ယခုမူ ...။

● ❁ ●



## ၇

ရဲအဖွဲ့ဆိုသည်မှာ သဲလွန်စနှင့် သက်သေအထောက်အထား ရှာသူသာတည်း။

သဲလွန်စနှင့် သက်သေအထောက်အထားများ ပြည့်ပြည့်စုံစုံ စုဆောင်းမိသောအခါတွင် သူတို့သည် အမှု၏ပုံပန်းကို ဖော်ယူကြ၏။ ထိုအခါတွင်မှ အတွေးအခေါ်ပိုင်း ဖြစ်လာသည်။ သံကြိုးကွင်းများကို တစ်ကွင်းပြီးတစ်ကွင်း ဆက်ကြရပါသည်။ ကွင်းဆက်အားလုံး ငုံမိသောအခါ ပုံသဏ္ဍာန်သည် ထင်းခနဲ ပေါ်လာရသည်။

ဤသို့သောအခါဝယ် တရားခံသည် ဘယ်လိုများ ပြေး၍ လွတ်နိုင်ပါတော့မည်နည်း။

ဦးကိုကိုကြီးသည် ကုလားထိုင်နောက်မှီကြီးကိုမှီပြီး နားထောင်ရန် ပြင်ဆင်နေသည်။

ဦးတင်ကိုကိုသည် အမှု၏သဘောထား၊ သက်သေအထောက်အထား သဲလွန်စများကို တင်ပြပေးလိမ့်မည်။ ဦးတင်ကိုကို တင်ပြသမျှကို စိစစ်ပြီး ပိုသည်ကို ဖယ်ထုတ်၍ လိုသည်ကို ဖြည့်စွက်ကြဖို့ဖြစ်သည်။

အခန်းတံခါးကို ပိတ်ထားသည်။ ယခုလောလော
ဆယ် မည်သူ့ကိုမျှ အခန်းထဲသို့ ဝင်ခွင့်မပြုပေ။

"ကဲ ... ဆို တင်ကိုကို"

"အခြေခံကစပြီး တင်ပြရမလား"

"အေး ... သိတော့ သိပြီးသားပဲ၊ ဒါပေမဲ့ အခြေခံက စပြောပါ"

ဦးတင်ကိုကိုသည် လူသတ်မှု၏ အခြေခံမှစ၍ တင်ပြတော့သည်။

"သခင်မြင့် အသတ်ခံရတဲ့ညမှာ ညဦးပိုင်းက သေဆုံးသူ သခင်မြင့်ရဲ့အိမ်မှာပဲ ခင်ပွန်းဖြစ်သူ ဦးခင်မောင်သက် အမှူးပြုတဲ့ အရက်ဝိုင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ဝိုင်းတော် သားအားလုံးဟာ ဌာနအသီးသီးက အရာထမ်းအဆင့်ရှိသူ တွေချည်းပါပဲ၊ ဦးစိန်လှမောင်၊ ဦးကျော်သူ၊ ဦးသိန်းခံ ဦးတင်အောင်လွင်နဲ့ အိမ်ရှင် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးခင်မောင်သက်တို့ ဖြစ်ပါတယ်၊ သူတို့ငါးဦးဟာ ဗိုက် လေဘာယ် နိုင်ငံခြားအရက်ပုလင်းကြီးနှစ်လုံးနဲ့ ဝိုင်းကြပါ တယ်၊ အရက်ဒကာ ဦးစိန်လှမောင်ပါ၊ အရက်ဝိုင်းဖြစ်လာ တဲ့ ရည်ရွယ်ချက်က အိမ်ရှင် ကိုခင်မောင်သက်နဲ့ သေဆုံး သူ သခင်မြင့်တို့ရဲ့ လင်မယားအဆင်မပြေမှုကို အဆင်ပြေ အောင် တိုက်တွန်း ဖျောင်းဖျကြဖို့ ရည်ရွယ်ချက်ပါ ...

"သူတို့စားသောက်ချိန်မှာ သခင်မြင့်က အိပ်ခန်းထဲ က ထွက်မလာခဲ့ပါဘူး၊ သူတို့က သခင်မြင့်ကို ထွက်လာ ဖို့ ဖိတ်ခေါ်ကြပါတယ်၊ ဒါပေမဲ့ သခင်မြင့်က ထွက်မလာ



ခဲ့ပါဘူး၊ အရက်ဝိုင်း အရှိန်မရခင်က သူတို့အားလုံးဟာ ဦးခင်မောင်သက်ကို လင်မယား အဆင်မပြေတဲ့ကိစ္စအတွက် ဦးခင်မောင်သက်ကပဲ ယောကျ်ားပီပီ သဘောကြီးကြီးနဲ့ အလျှော့ပေးပြီး ဆက်ဆံဖို့ ဖျောင်းဖျကြပါတယ်၊ သခင် မြင့်ဟာ တစ်သက်လုံး မိဘအပေါ်မှာကတည်းက ဆိုးနွဲ့ လာသူမို့ ဦးခင်မောင်သက်ကလည်း မတင်းမာဘဲ တဖြည်း ဖြည်းချော့ပြီး ကိုယ်လိုချင်တဲ့ ပုံစံရအောင် ကြိုးစားဖို့ ပြောကြပါတယ်"

"ညွှန်သည်လေးယောက်စလုံးက ဖျောင်းဖျတာလား"

"မဟုတ်ပါဘူး၊ ဦးတင်အောင်လွင်ကတော့ တစ်လုံးမှဝင် ပြီး ပြောဆိုခြင်း မပြုခဲ့ဘူးလို့ ထွက်ဆိုကြပါတယ်၊ ကျန် တဲ့သုံးယောက်ကသာ ဖျောင်းဖျကြတာပါ"

"အေး ... ဆက်ပြော"

"အရက်တစ်ပုလင်း ကုန်သွားတဲ့အခါ ဦးကျော်သူ၊ ဦးသိန်းခံ နဲ့ ဦးခင်မောင်သက်ဟာ တော်တော်ရေချိန်ရလာကြပါတယ်၊ မူးလာကြတယ်၊ မမူးတဲ့လူကတော့ ဦးစိန်လှမောင်နဲ့ ဦးတင်အောင်လွင်ပါပဲ၊ ဦးစိန်လှမောင်ကတော့ အရက် ဝါရင့်လှသူမို့ ဒီလောက်နဲ့ ရေချိန်မကိုက်သေး၊ မမူးသေး လို့ ဆိုပါတယ်၊ ဦးတင်အောင်လွင်ကတော့ သူများသောက် သလောက် မသောက်ဘဲ ချိုထားတယ်၊ ဒါကြောင့် မမူး တာပါ၊ ဦးတင်အောင်လွင် ချိုနေကတည်းက ဦးစိန်လှမောင် ဟာ ဒီလူထူးပါတယ်လို့ ထင်လာခဲ့တယ်၊ ဒုတိယပုလင်း ကူးလာတော့ ဟိုသုံးယောက်ဟာ အမူးစံချိန်တော်တော်

တက်နေပြီတဲ့၊ ဦးစိန်လှမောင်ကတော့ ဒီလောက်နဲ့ မပြေ သေးပါဘူး၊ ဒါပေမဲ့ အများမူးနေကြပြီး သူက မူးဟန်မပြ ရင် ကြောင်တက်တက်မို့ ဦးစိန်လှမောင်လည်း လိုက်ပြီး မူးချင်ဟန်ဆောင်ခဲ့တယ်၊ အဲဒီအခါမှာ ဦးတင်အောင်လွင် က မူပျက်လာတာတွေကို မူးဟန်ဆောင်နေတဲ့ ဦးစိန်လှ မောင်က သတိထားမိတယ်၊ ဦးတင်အောင်လွင်ဟာ အပေါ် အပေါ်း သွားသလိုလိုနဲ့ နောက်ဖေးဘက်ကို သုံးကြိမ်တိတိ ဝင်တယ်လို့ ထွက်ဆိုပါတယ်၊ တစ်ခါဝင်ရင် ငါးမိနစ်က ဆယ်မိနစ်လောက်ထိ ကြာတယ်လို့ ဦးစိန်လှမောင်က ခန့်မှန်းပါတယ်၊ ဦးခင်မောင်သက်နဲ့ သစင်မြိုင်တို့ရဲ့အိမ်က တစ်ထပ်တိုက် ခပ်ရှယ်ရှယ်ပါ၊ အိပ်ခန်းနှစ်ခန်းရှိတယ် အိမ်မှာ ညဥ့်အိပ် အိမ်ဖော်မထားပါဘူး၊ သူတို့လင်မယား က တစ်ခန်းစီ အိပ်ကြပါတယ်"

"လင်မယားတစ်ခန်းတည်း အတူတူ မအိပ်ဘူးပေါ့ကွာ"

"ဟုတ်ပါတယ်၊ ဦးခင်မောင်သက်ရဲ့အိပ်ခန်းမှာ ယောက်ျား အသုံးအဆောင်ပစ္စည်းချည်းပဲ တွေ့ရသလို၊ သစင်မြိုင်ရဲ့ အိပ်ခန်းမှာလည်း မိန်းမအသုံးအဆောင် ပစ္စည်းတွေချည်း ပဲ တွေ့ရပါတယ်၊ ဒါကိုထောက်ရင် သူတို့ တစ်ခန်းစီ အိပ်ကြတယ်လို့ဆိုတာ မှန်းနိုင်လောက်ပါတယ်"

"အေး ... အမှုသွားကို ဆက်ပြော တင်ကိုကို"

"အိပ်ခန်းနှစ်ခုကြားမှာ စင်္ကြံလမ်းရှိနေတယ်၊ တောက် လျှောက် နောက်ဖေးဘက် မီးဖိုကို ဧည့်ခန်းကနေပြီး သွားနိုင်ပါတယ်၊ မီးဖိုနဲ့တွဲပြီး ရေချိုးခန်း အိမ်သာလည်း



ရှိပါတွယ်၊ အိပ်ခန်းတိုင်းမှာ ရေချိုးခန်း အိမ်သာရှိပေမယ့် မီးဖိုနဲ့တွဲလျက် ရေချိုးခန်း အိမ်သာက အပြင်လူ ဧည့်သုံး အတွက် ဖြစ်ပါတယ်၊ အိပ်ခန်းနှစ်ခုစလုံးမှာ မီးဖိုဘက်ကို ထွက်နိုင်တဲ့ တံခါးတစ်ပေါက်စီလည်း ရှိပါတယ်၊ ဒါကြောင့် ဦးတင်အောင်လွင် နောက်ဖေးထွက်တာတွေဟာ အိပ်ခန်း ထဲမှာရှိနေတဲ့ သစင်မြိုင်နဲ့တွေ့ဖို့ ထွက်တာလည်း ဖြစ်နိုင် ပါတယ်၊ ဒါပေမဲ့ အဲဒါကို အထောက်အကူပြုချက် သက် သေမရှိပါဘူး၊ ဖြစ်နိုင်တာကို တွေးကြည့်ရတာပါ ...

"ဦးတင်အောင်လွင် အပြင်ကို တတိယခေါက်ထွက် ပြီး ပြန်အလာမှာ အားလုံး ဒေါင်းသလောက် ရှိကြပါပြီ၊ ဒီအခါမှာ ဦးတင်အောင်လွင်က ဦးခင်မောင်သက်ရဲ့ဖန်ခွက် ထဲကို အမြည်းယူသလိုလို လက်လှမ်းပြီး ပြာမှုန့်တချို့ ထည့်လိုက်တာကို ဦးစိန်လှမောင်က တွေ့ကြောင်း အသေ အချာ ထွက်ဆိုပါတယ်"

"ဟော ... အဲဒါက ဘာလဲကွ"

"အိပ်ဆေးပါ၊ ဒါပေမဲ့ အမှုဝိုင်းမှာ ဒါကို ဦးစိန်လှမောင် က ထုတ်ဖော်လိုက်ရင် အမှုသမားတွေ ရှုတ်ရှုတ် ရှုတ်ရှုတ် ဖြစ်မှာစိုးလို့ မသိဟန်ဆောင်နေခဲ့ပါတယ်၊ အဲဒီနောက် ဦးခင်မောင်သက်ကို အမူးသမားချင်းချင်းတွေက တွဲပိုးပြီး သစင်မြိုင့် အခန်းထဲကို အတင်းပို့ပေးပါတယ်၊ မသင့်မြတ် လို့ အတူတူမအိပ်တဲ့ လင်မယား ပြန်ပြီးအတူတူအိပ်စေ ချင်တဲ့ စေတနာတွေပါ၊ ဒီနောက် သံခေါက်တံခါးကိုစေ့ ထားခဲ့ပြီး အားလုံး အိမ်ပြန်ကြပါတယ်၊ အားလုံးအိမ်ပြန်

တဲ့အချိန်ဟာ ညခုနစ်နာရီရှိပြီလို့ ဦးစိန်လှမျှောင်က ထွက်ဆိုပါတယ်"

"နေဦး တင်ကိုကို၊ တင်အောင်လွင်က ခင်မောင်သက်ဖန်ခွက်ထဲ အိပ်ဆေးမှုန့်တွေ ထည့်တယ်လို့ ဆိုတယ်နော်၊ အဲဒါကို ခင်မောင်သက် သောက်သလား"

"သောက်ပါတယ်၊ အိပ်ခန်းထဲ တွဲမပို့ခင် နောက်ဆုံးခွက်အနေနဲ့ အားလုံး သောက်ကြပြီးမှ တွဲပို့ကြတာပါ"

"အဲဒီနောက်ကော"

"ညဆယ်နာရီသာသာမှာ ဦးဘမြိုင်ဆီကို ဦးခင်မောင်သက်က ဖုန်းဆက်ပါတယ်၊ နံနက်လင်းလင်းချင်း သူ့အိမ်ကို လာဖို့ပါ"

"ဒါက ဦးဘမြိုင်နဲ့ ဒေါ်သက်မေ ထွက်ချက်ပေါ့"

"ဟုတ်ပါတယ်၊ ဦးဘမြိုင်က ခင်မောင်သက်ရဲ့ ပြောဆိုပုံမှုမမှန်ဘူးဆိုပြီး မသင်္ကာဖြစ်လာတယ်၊ သူ့ဇနီးဒေါ်သက်မေကို နှိုးပြီး သစင်မြိုင့်အိမ်ကို လာကြပါတယ်၊ အဲဒီရောက်တော့ ညဆယ့်တစ်နာရီနီးပါး ရှိပါပြီ၊ တစ်အိမ်လုံး မီးလင်းနေတယ်၊ သံခေါက်တံခါးက ဇေ့ရုံစေ့ထားတယ်၊ ဦးဘမြိုင်တို့အထဲကို ဝင်သွားတယ်၊ အရက်ဝိုင်းထောင်ခဲ့တဲ့ ဖရိုဖရဲ ဧည့်ခန်းကို တွေ့ရတယ်၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ သစင်မြိုင့်အခန်းကို ဒေါ်သက်မေ ဝင်ကြည့်တယ်၊ သစင်မြိုင်ရဲ့အလောင်းကို တွေ့ရတယ်၊ ဦးဘမြိုင်ကို အော်ခေါ်တယ်၊ ဦးဘမြိုင် ရောက်လာပြီး သစင်မြိုင် အသက်ရှိမရှိ စမ်းကြည့်တယ်၊ အသက်မရှိမှန်းသိတော့ ဆရာဆီ



ကိုဖုန်းဆက်တယ်၊ ဆရာ ရောက်သွားတဲ့အခါ ဒေါ်သက်မေက ငိုယိုပြီး ခင်မောင်သက်က သူ့သမီး သစင်မြိုင်ကို မကျေနပ်ချက်တွေ ရှိတယ်လို့ ပြောတယ်၊ ဒါကို ဦးဘမြိုင်ကို ဒေါ်သက်မေ ဆက်မပြောနိုင်အောင် လှမ်းပိတ်လိုက်တယ်၊ ပြီးတော့ သစင်မြိုင်ဟာ အသတ်ခံရတာပါလို့ ဦးဘမြိုင်က ချက်ချင်းစွပ်စွဲတယ်၊ ဒေါ်သက်မေကလည်း ဒီလိုပဲ သူ့သမီးကို သမက် ဦးခင်မောင်သက်က သတ်ပြီး ထွက်ပြေးတာလို့ ယူဆတယ်၊ ကားရုံထဲမှာလည်း ကားမရှိတော့ဘူး၊ ဆရာက ကျွန်တော့်ကို ခေါ်ယူတယ်၊ အမှုလွှဲပေးတယ်၊ နောက်တစ်နေ့မနက် လင်းလင်းချင်း ဒီအမှုကို ကျွန်တော် စစ်ဆေးစုံစမ်းတယ်၊ ဦးတင်အောင်လွင် အိမ်ကို အမှုစစ်ဖို့သွားတော့ ဦးတင်အောင်လွင်ဟာ သူ့အိမ် သူ့အိပ်ခန်းခုတင်ပေါ်မှာ သေနတ်ဒဏ်ရာနဲ့ သေနေတာကို တွေ့ရပြန်တယ်"

ဦးကိုကိုကြီးသည် လက်ဝါးကာပြလိုက်၏။

"ကဲ ... မင်း ခဏနားပါ တင်ကိုကို၊ ပြီးမှ သဲလွန်စနဲ့ သက်သေအထောက်အထားပိုင်းကို ဆက်ဆွေးနွေးကြတာပေါ့"

ဦးတင်ကိုကိုသည် ဦးကိုကိုကြီး အခန်းမှ အပြင်သို့ ထွက်လာခဲ့သည်။ ပြောရလွန်း၍ ပါးစပ်ချဉ်လာသည်။ စီးကရက်တစ်လိပ် ရှူရှိုက်ရှာနေမိ၏။ စောစောက ဦးကိုကိုကြီးအခန်းထဲဖြစ်သည့်ပြင် တာဝန်ပိုင်းဖြစ်နေ၍ ဆေးလိပ်ပင်မသောက်သော ဦးတင်ကိုကိုပါပေ။

ဒုတိယမွှ ကျော့ရပြန်သည်။

ဦးကိုကိုကြီးသည် စောင့်နေသည်။ ဦးတင်ကိုကိုက စောစောက ကုလားထိုင်မှာဝင်၍ ထိုင်လိုက်ရပြန်သည်။ ယင်း အနိုက်မှာပင် ဝယ်လီဗုန်း မြည်လာသည်။ ဦးကိုကိုကြီးက ကောက်ကိုင်လိုက်၏။

"ဟုတ်ပါတယ်၊ ဦးကိုကိုကြီးပါ"

တစ်ဖက်မှ ဘယ်သူက ဘာပြောလေသလဲတော့ ဦးတင်ကိုကို မသိရပေ။

"စုံတော့ စုံစမ်းတာပေါ့ဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်"

"ဒါက ကျွန်တော်တို့အလုပ်ပါ၊ သိပ်နားလည်တာပေါ့"

"ဒါပေါ့၊ အမှုလိုက်အရာရှိက ဦးတင်ကိုကိုပဲ၊ သူနဲ့အများ ကြီး ကျွန်တော် ညှိနှိုင်းရဦးမယ်လေ"

"ဩော် ... ဒီမှာ၊ ဖမ်းတာ ဆီးတာက ရဲတပ်ဖွဲ့အလုပ်ပါ၊ ကျုပ်တို့က လူဆိုးဆယ်ယောက် လွတ်ချင်လွတ်သွားပါစေ၊ လူကောင်းတစ်ယောက်ကိုတော့ ...ားပြီးမဖမ်းစေရဘူးဗျ"

ဦးကိုကိုကြီးသည် ဖုန်း...ကို ဆောင့်ချလိုက်သည်။ ပြီး ဦးတင်ကိုကိုအား ပြောပြပေသည်။

"ဦးတာမြိုင်လေ ခင်မောင်သက်ကို မစုံစမ်းဘူးလားတဲ့၊ ဖမ်းတော့ မဖမ်းဘူးလားတဲ့၊ သူ့မိန်းမက ဒီကောင်ကို မမိမချင်း အိပ်မပျော် ဖြစ်နေသတဲ့ကွာ"



ဦးတင်ကိုကိုသည် သက်ပြင်းမှုတ်ထုတ်မိသည်။ လူ တွေသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အထင်သေးချင်ကြသည်။ အမှုတစ်ခု ဖြစ်လာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် မည်မျှနိုင် လုံအောင် အထောက်အထား ရှာရသည်ကို သူတို့မသိ။ ရမ်း၍ဖမ်း၊ ရမ်း၍စွဲချက်တင်၊ ရမ်း၍တရားခွင်ပို့သည်မှာ မှန်ကန်သောကိစ္စ တစ်ရပ် မဟုတ်မှန်း သူတို့သဘောပေါက်စေချင်လှသည်။

"ဦးခင်မောင်သက်ကို ဖမ်းဖို့က အင်မတန် လွယ်ပါတယ် ဆရာ၊ သူ့မှာ ကားပါသွားတယ်၊ ပြီးတော့ သေနတ်ပါ သွားတယ်၊ ဒါကို ခြေရာကောက်လိုက်တာနဲ့ ဦးခင်မောင် သက် ပြေးမလွတ်ပါဘူး၊ ဒါပေမဲ့ သူ့ရေးခဲ့တဲ့စာကို ကျွန် တော် အလေးအနက်ထားပြီး စဉ်းစားနေပါတယ်၊ ပြီးတော့ ဦးခင်မောင်သက်ရဲ့ ပင်ကိုစိတ်နေသဘောထားကိုလည်း ကျွန်တော်က သိထားနေတယ်၊ မိုးတစ်(စ်)အရဆိုရင်တော့ သူ့မိန်းမကို စိတ်နာပြီး ပစ်သတ်ထွက်ပြေးလို့ ညွှန်းနိုင် ပါတယ်၊ ဒါပေမဲ့ သူ့စာထဲမှာ သူ့ဟာသူ လူသတ်သမား ဟုတ်,မဟုတ် မသေချာကြောင်း ရေးသွားတယ်၊ သူဟာ လူသတ်သမားမှန်း သူ့ကိုယ်သူ သေချာရင် ဒီလိုထွက်ပြေး မယ့် လူစားမဟုတ်ဘဲ သူကိုယ်တိုင် အဖမ်းခံမယ့်လူစား လို့ ကျွန်တော် ထင်မိတယ်၊ ဒီထင်မြင်ချက်ဟာ ဦးခင် မောင်သက် အပေါ်မှာ အမှုလိုက်အရာရှိက မဲတင်းရာများ ရောက်နေမလား ဆရာ"

ဦးကိုကိုကြီးက တည်ငြိမ်စွာ ဖြေကြားပေသည်။

“မဲတင်းရာ မရောက်ပါဘူး တင်ကိုကို၊ ငါကိုယ်တိုင်ပြော
ခဲ့သေးတာပဲ၊ ကိုယ်လိုက်ရမယ့် အမှုနဲ့ ပတ်သက်တဲ့လူတွေ
ရဲ့ စိတ်နေသဘောထား ဓလေ့စရိုက်ကို အမှုလိုက်က သိ
ထားရင် အမှုမှာ အထောက်အကူ ဖြစ်တတ်ပါတယ်လို့
ကဲ ... အမှုရဲ့သဲလွန်စ အထောက်အထားတွေကို ဆက်ပြော
တင်ကိုကို”

“ပထမဆုံး သဲလွန်စကတော့ သေဆုံးသူ သစင်မြိုင်ရဲ့
နောက်ဆုံးမျက်နှာအမူအရာပဲ ဆရာ၊ သူဟာ အသက်ပျော
ရှုံးခါနီး နောက်ဆုံးအချိန်မှာ ကြောက်လန့်တဲ့ အမူအယာ
ထက် အလွန်အမင်း အံ့ဩသွားတဲ့ အရာမျိုး ရှိနေတယ်
သစင်မြိုင်ဟာ အသက်ထွက်မယ့်ဆဲဆဲ ဘာကိုအံ့ဩသွား
သလဲဆိုတာ ကျွန်တော်တို့ ရှာဖွေသင့်ပါတယ်”

“အေးပေါ့၊ ရှာဖွေသင့်တာပေါ့”

“အလားတူပဲ ဦးတင်အောင်လွင်ဟာလည်း အသက်ဆုံး
ခါနီးမှာ တအံ့တဩ အမူအရာမျိုး ရှိနေတယ်၊ ဒါလည်း
စဉ်းစားစရာပဲ ဆရာ”

“လုပ်ပါဦး၊ မင်းက ဘယ်လိုစဉ်းစားမိသလဲ တင်ကိုကို”

“သစင်မြိုင်ကို သတ်တဲ့လူနဲ့ ဦးတင်အောင်လွင်ကို သတ်တဲ့
လူသတ်သမားဟာ တစ်ယောက်တည်း ဖြစ်မလားလို့ပါ
ဆရာ၊ အဲဒီလူသတ်သမားဟာ သစင်မြိုင်ရော ဦးတင်အောင်
လွင်ပါ မျှော်လင့်ထားတဲ့လူ မဟုတ်တာကြောင့် သူတို့တွေ
အံ့ဩသွားကြပုံပဲ”



ဦးကိုကိုကြီးသည် ဦးတင်ကိုကို၏ သုံးသပ်ချက်ကို
အတန်ကြာအောင် စဉ်းစားပေးသည်။ ပြီးမှ မှတ်ချက်ပြု၏။

“အဲဒါကို အထောက်အကူပြုနိုင်တဲ့ အချက်အလက်တွေ
လိုသိမ့်မယ် တင်ကိုကို”

“ကျွန်တော် ကြိုးစားပြီး ရှာနေပါတယ်၊ ဆက်ပြီး ကျွန်တော်
အစီရင်ခံတာတွေထဲမှာ တချို့ပါလာပါလိမ့်မယ်”

ဦးကိုကိုကြီးသည် ခေါင်းညိတ်ပြသည်။

“သစင်မြိုင်ရဲ့ ရင်ထဲကခွဲပြီး ရယူလိုက်တဲ့ ကျည်ဖူးဟာ
နှစ်ဖူးပါ၊ အားလုံး ဒသမသုံးရှစ်ချည်းပဲ၊ ကျည်ဖူးထဲမှာ
ပြောင်ရစ် ခြောက်ရစ်ရှိတယ် ဆရာ၊ လက်ယာရစ်တွေပါ”

“ဓာတုဗေဒရီပို့(တ်)အရလား တင်ကိုကို”

“ဟုတ်ပါတယ်၊ အင်းစိန်ဓာတုဗေဒရီပို့(တ်)အရပါ၊ ဦးတင်
အောင်လွင်ရဲ့ ကိုယ်ထဲကလည်း ထပ်တူထပ်မျှ ကျည်ဖူး
တစ်ဖူး ရပါတယ်၊ ဒါကြောင့် သစင်မြိုင်ကိုရော ဦးတင်
အောင်လွင်ကိုပါ ပစ်ခဲ့တဲ့ သေနတ်ဟာ တစ်လက်တည်း
သော ဘရောင်းနီ ခြောက်လုံးပြူး ဖြစ်နေပါတယ်”

“ဟာ ... ဒီလိုဆိုရင် မင်း သီအိုရီက ဘယ်နိုးလို့လဲ၊
လူသတ်သမားက တစ်ဦးတည်း ဆိုတာလေ၊ ကဲ ... ဒီ
လူသတ်သမားနေရာမှာ ခင်မောင်သက်ကို စဉ်းစားစမ်း”

“ဦးခင်မောင်သက်ကို စဉ်းစားနိုင်ပါတယ် ဆရာ၊ ဒါပေမဲ့
ကျွန်တော် ဆက်ပြီးအစီရင်ခံပါရစေ၊ ဦးခင်မောင်သက်မှာ
လိုင်စင်သေနတ်တစ်လက် ရှိပါတယ်၊ သူ့သေနတ်က
ဂျာမန်မော်ဇာ ဒသမသုံးနှစ် မောင်းပြန်ပစ္စတိုပါ”

"ဒါဖြင့် ခင်မောင်သက်ဟာ လူသတ်သမား မဖြစ်နိုင်ဘူး လို့ ဆိုလိုသလား"

"အဲဒီလိုလည်း တစ်ထစ်ချ မယူဆသေးပါဘူး ဆရာ ကျွန်တော်တို့ ရှာဖွေနိုင်တာက လိုင်စင်သေနတ်တွေပါ ဥပမာ သစေင်မြိုင်ရော တင်အောင်လွင်ပါ ၁၁မသုံးရှစ် ဘရောင်နီခြောက်လုံးပြူးနဲ့ အပစ်ခံရတာမို့ ဘရောင်နီ ခြောက်လုံးပြူးတွေကို ရှာကြပြီဆိုပါတော့၊ လိုင်စင်သေနတ် ပိုင်ရှင်သာ ကျွန်တော်တို့ ရှာနိုင်မယ်၊ လက်နက်ပုန်းအဖြစ် လျှိုကိုင်နေတဲ့ ဘရောင်းနီ ခြောက်လုံးပြူးတွေကို ကျွန်တော် တို့ မသိနိုင်ပါဘူး၊ ဆိုပါစို့ ... ဦးခင်မောင်သက်က ဘရောင်းနီ၁၁မသုံးရှစ် ခြောက်လုံးပြူး လက်နက်ပုန်း ကိုင်ထားတာ ရှာဖွေတွေ့ရင် ဦးခင်မောင်သက်ကို လူသတ် သမားအဖြစ် စဉ်းစားနိုင်ပါတယ်၊ ဒါတောင်မှ ကျည်ဆန် သေနတ်ပြောင်းကို ကျွမ်းကျင်သူတွေဆီပို့ပြီး တိုက်ဆိုင် စစ်ဆေးရပါဦးမယ်၊ ဒါတွေအတွက် ကျွန်တော် ဆက်ပြီး ကြိုးစားရဦးမှာပါ ဆရာ"

"အေး ... ကြိုးစား တင်ကိုကို၊ ဒီအမှုက အမှုကြီးဖြစ်တဲ့ အပြင် ရှုပ်လည်း ရှုပ်ထွေးတယ် မဟုတ်လား"

"ရှုပ်ထွေးပါတယ် ဆရာ၊ အထူးသဖြင့် ဦးတင်အောင်လွင် အသတ်ခံလိုက်ရတဲ့အတွက် ပိုပြီး ရှုပ်ထွေးလာတာပါ၊ တကယ်လို့ ဦးတင်အောင်လွင် အသတ်မခံရရင် သစေင်မြိုင် ကို သတ်သူဟာ ယောကျ်ား ဦးခင်မောင်သက် ဖြစ်ဖြစ်



သစေင်မြိုင်နဲ့ ရှုပ်ယှက်ခဲ့တဲ့ ဦးတင်အောင်လွင်ကိုဖြစ်ဖြစ် တစ်ယောက်ယောက်ကို ယူဆနိုင်ပါတယ်၊ ဘာလို့လဲဆို တော့ ဒီနေရာမှာ ဆရာဝန်ထွက်ချက်က အများကြီးစဉ်း စားစရာ ဖြစ်လာလို့ပါ"

"အေး ... ဆက်ပြော၊ ဆက်ပြော တင်ကိုကို"

"ဆရာဝန်ထွက်ချက်က ဦးခင်မောင်သက်ကို ပုဂ္ဂိုလ်ရေး အရ သူ သိပါတယ်တဲ့၊ ဦးခင်မောင်သက်ဟာ သူ့လူနာ ဖြစ်ခဲ့ပါတယ်တဲ့၊ ဒီဘဝမှာ ဦးခင်မောင်သက်ဟာ သန္ဓေ သား ဆေးနိုင်စွမ်းမရှိတဲ့ ယောကျ်ားအမြုံ တစ်ယောက်ပါတဲ့"

"အဲဒီတော့"

"အဲဒီတော့ သစေင်မြိုင်ရဲ့အလောင်းကို ခွဲကြည့်တဲ့အခါ သစေင်မြိုင်မှာ ကိုယ်ဝန်သုံးလ ရှိနေတာကို တွေ့ရတယ် ဆရာ"

ဦးကိုကိုကြီး၏ မျက်ခုံးနှစ်ခုသည် နဖူးဆီသို့ ပင့် တက်သွားကာ ဦးတင်ကိုကိုအား အံ့ဩစွာ ကြည့်နေရှာသည်။

"ဒီအတွက် သစေင်မြိုင်ကို သတ်ပစ်နိုင်သူ နှစ်ဦးရဲ့ နိုးတစ်(စ်) ကို စဉ်းစားနိုင်လာတယ်၊ ပထမမိုးတစ်(စ)က သစေင်မြိုင် ရဲ့ဖောက်ပြန်မှုကြောင့် သည်းမခံနိုင်တဲ့ ဦးခင်မောင်သက် ဟာ သစေင်မြိုင်ကို အသေသတ်ပစ်နိုင်ပါတယ်၊ ဘယ်သူက ကိုယ့်သွေးမပါတဲ့ သားသမီးကို ယူချင်ပါ့မလဲ ဆရာ၊ ဒုတိယ မိုးတစ်(ဗ)က သစေင်မြိုင်ဟာ တင်အောင်လွင်နဲ့ သံယောဇဉ်ခဲ့တာကို သက်သေပြချက် အများကြီးရှိနေတယ်၊

ဦးတင်အောင်လွင်ဟာ သဇင်မြိုင်ကို သူနဲ့ သမွေသားရေး
ပြီးမှ ရှောင်ထွက်ရခက်လို့ သဇင်မြိုင်ကို အဆုံးသတ်ပေ
လိုက်တယ်လို့ပေါ့လေ၊ ဒါပေမဲ့ ဆရာ၊ အဲဒီ မိုးတစ်(ဗ)တွေ
ဦးတင်အောင်လွင် အသတ်မခံရရင် ဖြစ်နိုင်စရာရှိ
မိုးတစ်(ဗ)အဖြစ်သာပါ"

"အေးပါကွ၊ ဆက်ပြောပါ"

"ဒါပေမဲ့ အဲဒီ မိုးတစ်(ဗ)နှစ်ခုလုံးကို ဆရာဝန်ရဲ့ထွက်
ချက်ထဲက ပြန်ပြီးချေဖျက်ပစ်လိုက်တယ်၊ သဇင်မြိုင်သေ
ဆုံးတာကို ဆရာဝန်က ညခုနစ်နာရီနဲ့ ရှစ်နာရီကြား
မှန်းတယ်၊ အရက်သမားအဖွဲ့က ညခုနစ်နာရီလော
ပြန်သွားကြတယ်၊ ဦးခင်မောင်သက် သောက်မိတဲ့ အိ
ဆေးဟာ သာမန်လူတစ်ယောက်ကို အနည်းဆုံး လေးနာ
လောက် အိပ်မောကျစေတဲ့ ဆေးဖြစ်တယ်လို့လည်း ထွ
ဆိုတယ်၊ အဲဒီတော့ အိပ်ဆေးမိတဲ့ ဦးခင်မောင်သက်ဟ
သဇင်မြိုင် သေတဲ့ည ခုနစ်နာရီနဲ့ ရှစ်နာရီအချိန်မှာ အိ
မောကျတုန်း ရှိရမယ်၊ သူဟာ သဇင်မြိုင်ကို သတ်
လောက်တဲ့ အခြေအနေ မရှိဘူးလို့ ယူဆနိုင်ပါတယ်"

"ကဲ ... ခင်မောင်သက်ဟာ ညခုနစ်နာရီလောက်မှာ အိ
မောကျသွားပြီ ထားတော့ကွာ၊ အိပ်ဆေးက အနည်း
လေးနာရီ အိပ်မောကျရမယ်၊ ခင်မောင်သက်က ညဆ
တစ်နာရီလောက်မှာ နိုးသင့်တာပေါ့၊ ဒါပေမဲ့ ဦးဘမြင့်
ကို သူက ဆယ်နာရီလောက် ဖုန်းဆက်ခဲ့တာပဲ"



"ဒါကိုလည်း ဆရာဝန်က ထွက်ဆိုပါတယ် ဆရာ၊ အဲဒီ အိပ်ဆေးဟာ သာမန်လူတွေအတွက် အနည်းဆုံး လေးနာရီလောက် အိပ်ပျော်သွားနိုင်တယ် ဆိုပေမယ့် ဦးခင်မောင်သက်ဟာ အရက်သောက်ထားတဲ့ လူပါတဲ့၊ အလေ့အကျင့်မရှိတဲ့ လူတစ်ယောက်အဖို့ အယ်(လ်)ကိုဟော(လ်)အရက်ငွေ့ဟာ အင်မတန် အာခေါင်ခြောက်ပြီး ရေငတ်စေပါတယ်တဲ့၊ ဒါကြောင့် ရေငတ်လွန်းတဲ့ဒဏ်ကြောင့် ဦးခင်မောင်သက်ဟာ ညဆယ်နာရီ ပတ်ဝန်းကျင်လောက်မှာ နိုးလာနိုင်ပါတယ်၊ ဒါပေမဲ့ သူနိုးတဲ့အချိန်မှာ သဇင်မြိုင်က အသက် မရှိတော့ပါဘူး"

"တင်အောင်လွင်က သဇင်မြိုင်ကို သတ်သွားတယ်ဆိုရင်ကောကွာ"

"စဉ်းစားနိုင်ပါတယ် ဆရာ၊ ဦးတင်အောင်လွင်ဟာ အရက်ဝိုင်းမှာ သူ တစ်ခုခုပြုလုပ်ဖို့ ကြံစည်ခဲ့တဲ့အတွက် ဦးခင်မောင်သက်ကို အိပ်ဆေးခတ်ခဲ့တာကိုး၊ တကယ်လို့ ဦးခင်မောင်သက် အိပ်မောကျနေတဲ့အချိန်ကျမှ သဇင်မြိုင်ကို ဦးတင်အောင်လွင်က ဝင်ပြီးသတ်မယ်ဆို သတ်နိုင်ပါတယ်၊ ဒါပေမဲ့ စဉ်းစားစရာက ရှိလာပြန်တယ်၊ သဇင်မြိုင်ကို ပစ်ခဲ့တဲ့ ကျည်ဖူးနဲ့ ဦးတင်အောင်လွင်ကို ပစ်ခဲ့တဲ့ကျည်ဖူးဟာ သေနတ်တစ်လက်တည်းက ထွက်လာတဲ့ ကျည်ဖူးတွေမို့ လူသတ်သမားဟာ တစ်ယောက်တည်းသာ ဖြစ်နိုင်ပါလိမ့်မယ်၊ အဲဒီလူဟာ ဦးတင်အောင်လွင် မဖြစ်နိုင်ပြန်

ဘူး၊ ဘာလို့လဲဆိုတော့ သူကိုယ်တိုင်က ဒီအမျိုးတူသေနတ်နဲ့ အပစ်ခံထားရလို့ပါ"

"တစ် ကြိုးစားစမ်း တင်ကိုကို၊ တင်အောင်လွင်ဟာ သစင်မြိုင်ကု ပစ်ခဲ့ပြီးမှ သူ့ကိုယ်သူ သတ်သေတယ်လို့လေ"

"မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထားပါတယ်၊ ပထမအချက်က သူ့ကိုယ်သူ သတ်သေရင် အသုံးပြုတဲ့ လက်နက် သူ့အနီးအနားမှာပဲ ရှိနေပါမယ်၊ ဦးတင်အောင်လွင် အနီးအနား မှာ ဘာလက်နက်မှ မတွေ့ခဲ့ပါဘူး၊ ပြီး ဒုတိယအချက်က ဦးတင်အောင်လွင်ဟာ မီးဖိုခန်းကို အသုံးမပြုတာမို့ ဖုန်တက်နေပါတယ်၊ ဖုန်တက်တဲ့ကြမ်းပြင်မှာ ဦးတင်အောင်လွင်ရဲ့ ဖိနပ်ရာ မဟုတ်တဲ့ အခြားဖိနပ်ရာကို တွေ့ရပါတယ်၊ ဒါကိုလည်း ကျွန်တော် ဓာတ်ပုံရိုက်ယူထားပါတယ်၊ အဲဒီ တခြားဖိနပ်ရာရှင်ဟာ လူသတ်သမားရဲ့ခြေရာဖြစ်ဖို့ သေချာသလောက်ပါပဲ၊ ဘာလို့လဲဆိုတော့ ဒီမီးဖိုခန်းထဲမှာ ဦးတင်အောင်လွင်ရဲ့ ခြေရာနဲ့ တခြားခြေရာတစ်စုသာ ရှိနေခဲ့တာကိုး၊ ဒါကြောင့် အဲဒီခြေရာရှင် ဒသမသုံးရှစ်ဘရောင်းနီခြောက်လုံးပြူးနဲ့ တွေ့တဲ့နေ့ဟာ လူသတ်သမားကို မိတဲ့နေ့ ဖြစ်မှာပါပဲ"

ဦးကိုကိုကြီးသည် သူ၏ရဲအုပ် ဦးတင်ကိုကို၏ တင်ပြချက်များကို တစိမ့်စိမ့် ပြန်လည်စဉ်းစားနေပေသည်။ တင်ပြချက်များသည် ခိုင်လှ၏။ အကွက်စေ့ပေသည်။ ဦးကိုကိုကြီး အနေနှင့်ပင် ထပ်ဆင့် အကြံပေးစရာ မရှိတော့။



"အေး … ကောင်းတယ် တင်ကိုကို၊ ငါ မျှော်လင့်တာထက်မင်းက ပိုပြီးစေ့စေ့ငငရှိတယ်၊ ဒီအမှုပေါ်အောင် ဆက်ကြိုးစားစမ်းကွာ"

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားနေပါတယ် ဆရာ"

ဦးတင်ကိုကိုသည် ဆလုရိုက် အရိုအသေပေးပြီး ဦးကိုကိုကြီး အခန်းမှ ထွက်လာခဲ့တော့၏။

● ● ●

အမွေးဖြင့်ရှုံ့နှင့် အပင်သာမက အပွင့်ကိုပါ ကျွန်တော် သိပါသည်။

ယင်းအသိကပင် ကျွန်တော့်အား ချောက်ချားလှပါ၏။ အသက်ရှူ ကျပ်လွန်းလှပါ၏။

အကယ်၍သာ ကျွန်တော်သည် မြောက်ဘက်သို့ မလာဘဲ တောင်ဘက်သို့ ဆင်းသွားလျှင် ဤသို့ အသက်ရှူကျပ် ရမည်မထင်။ ယခုမူ ကျွန်တော့်တွင် ဘူးလေးရာ ဖရုံဆင့်ရပေပြီ။

"စောသီရိနိုင်"

ကျွန်တော့်အသက်အရွယ်၊ ကျွန်တော့်အတွေ့အကြုံ အရ စောသီရိနိုင်သည် ကျွန်တော့်အပေါ် မည်သို့သဘောထားနေ သည်ကို ကျွန်တော် ရိပ်မိပါသည်။ စောသီရိနိုင်သည် ဆယ်ကျော် သက် သံ့သာလေးပေမို့ စွဲမိစွဲရာ၊ ထင်မိထင်ရာ စိတ်ကလေး များ ရှိနေသေးသည်။ သူမ၏အမြင်တွင် ကျွန်တော်သည် လှို့ဝှက် ထူးဆန်းသော၊ စိတ်ဝင်စားဖွယ်ကောင်းသော သူရဲကောင်းကြီးတစ် ယောက် ဖြစ်နေဟန်တူ၏။ စောသီရိနိုင်တို့ အရွယ်သည် သူရဲ



ကောင်းကို ကိုးကွယ်ချင်ကြသည်။ ပန်းကုံးစွပ်ပေးချင်ကြသည်။ သူရဲကောင်းကိုမှ စိတ်ကူးယဉ်ချင်ကြသည်။ လှို့ဝှက်ထူးဆန်းသူ ကို စိတ်ဝင်စားချင်ကြသည်။

ဤကလေးမငယ်ငယ်က စိတ်ကူးယဉ်လေတိုင်း၊ စိတ်ဝင်စားလေတိုင်း ကျွန်တော်သည် တုပြိုင်ကာ မိုက်တွင်းနက် ပါမည်လား။ မေးပါသေးသည်။ စောသီရိနိုင်သည် ကျွန်တော်၏ ညီမငယ်။ စောသီရိနိုင်သည် ပဒုမ္မာကြာပန်း မဖြစ်စေရပါ၊ ပင်ယံမြင့်ဝယ် စွင့်ကားထည်ဝါသော သစင်သာလျှင် ဖြစ်စေရပါ မည်။

ကျွန်တော်သည် ကိုယ့်စနီးကို သတ်မိလေသလား ဟူသော အသိဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့သော ရာဇဝတ် ကောင်သာတည်း။ သန္ဓေသားဆက် ပြန့်ပွားပေးနိုင်စွမ်း မရှိလေ သော ယောကျ်ားအမြုံသာတည်း။ မယားသေ မုဆိုးဖိုတစ်ဦးသာ တည်း။

"အံမယ် ... ကိုရင်က ဘာတွေတွေးပြီး ငိုင်နေတာလဲ၊ ဒီနေ့ ရှုပ်ရှီးဖြေရမယ်လေ"

လေးလေးမြင့်သည် ကျွန်တော့်အနီးသို့ ရောက်လာ သည်။ သင်းသော ထုံသော နံ့သာနံ့များသည် ကျွန်တော့်ထံသို့ ဝဲခနဲ ပျံ့လွင့်လာ၏။ ဤရနံ့များသည် သစင်မြိုင့်ထံမှ ရလေ့ရှိ သော ရနံ့မျိုး မဟုတ်မှန်း ကျွန်တော် သတိထားမိသည်။ သစင် မြိုင်သည် ဂိုယာနှင့် ယာဒ်လေရေမွှေးကို မွှန်နေအောင် လိမ်းဆွတ် တတ်သည်။ ယခု လေးလေးမြင့်ထံမှ ရနံ့သည် ရေမွှေးနံ့လို စူးစူးဝါးဝါးမရှိ။ သင်းသင်းကလေးမျှသာဖြစ်၏။ သေချာအားနိုက်

၍ ရှုစိုက်လျှင် သင်းရနံ့က ပျောက်သွားသည်ဟုပင် ထင်ရသည်။ ဘယ်တော ဘယ်တောင်က ဘယ်ပန်းများကို အဆီထုတ်ထားလေသည့် နံ့သာဆီကို လေးလေးမြင့် လိမ်းကျံထားလေဘိသနည်း။

လေးလေးမြင့်၏ မျက်နှာသည် ရှိုးပြုံးနေပေ၏။ ထည်ဝါခန့်ညားမှုကတော့ ပျောက်မသွားပေ။ မည်မျှပင် လေးလေးမြင့်သည် ပြုံးနေစေဦးတော့ သူ၏အပြုံးသည် မကာလက်၊ ကျက်သရေသာ ရှိနေတော့သည်။ ခြော် ... သမားဂုဏ်ကို လွှမ်းမြှ ထားပေသူမို့လေလား။

ကျွန်တော်သည် ပြန်ပြုံးပြရင်း လက်ဝဲလက်မောင်းကို လေးလေးမြင့်အား ထိုးပေးလိုက်ပေသည်။

လေးလေးမြင့်သည် ပတ်တီးကို တစ်ပတ်ချင်းဖြေပါလေ၏။ သူမ၏လက်ဖဝါးဖြူဖြူကလေးများက ကျွန်တော့်လက်မောင်းသားကို ထိလေတိုင်း ပန်းမွှင့်၏ မွှင်ဖတ်မွှင့်ချပ်ကလေးများနှင့် တီထိုလေသလား ထင်မိသည်။ ဤလက်ဖဝါးနုနုကလေးများပင်လျှင် တစ်ချိန်က ကျွန်တော့်ကို ဩဘာပေးရလွန်း၍ စာပင် မရေးနိုင်ဟုဆိုသည်။ ဗိုလွန်လေသလားတော့ မသိ။

"နာရင်ပြောနော်"

ချုပ်ရိုးကို ငွေရောင်ကတ်ကြေးသေးသေးလေးနှင့် ...လေသည်။

"မေ့ဆေးပေးပြီးမှ ချုပ်ရိုးဖြေရင် ကောင်းမှာ လေးလေး၊ ဘာလို့လဲဆိုတော့ လက်မောင်းဆိုတာက အသက်နဲ့ အဝေး ...ကြီးမဟုတ်လား"

"...တော်ပါ၊ ဝရမ်းပြေးကြီးကိုက"



လေးလေးမြင့်သည် သူ့ဟာသူပြောပြီး သူ့ဟာသူပင် ဆေးပတ်ဝန်းကျင်ကို မျက်လုံးကလည်လိုက်အောင် ကြည့်ရာသည်။ ကျွန်တော့်အကြောင်းကို သူ သိသော်လည်း မည်သူ့ကိုမျှ မဖွင့်ဟပါဟု ဆောင်စေတီမြတ်တွင် ကတိစကား တိုင်တည်ထားသည် မဟုတ်ပါလား။

"ဝရမ်းပြေးဆိုတာ ပြေးရတာပဲ မဟုတ်လား လေးလေး"

"ကဲပါ ... ဒါတွေ မပြောစမ်းပါနဲ့၊ လူကြားမကောင်း သူကြားမကောင်း၊ ကဲ ... လက်ကို ကွေးကြည့် ဆန့်ကြည့်စမ်း"

ကျွန်တော် ကွေးကြည့်သည်။ ထို့နောက် ဆန့်ကြည့်သည်။ အကြိမ်ပေါင်းများများ ကွေးကြည့် ဆန့်ကြည့်သည်။ ဘာမှမဖြစ်တော့၊ လူကောင်းပကတိပင်။ ကျွန်တော်သည် ကွေးကြည့်ဆန့်ကြည့်ရာမှ လေတွင်ဝဲပြီး လက်ကို လွှဲကြည့်ပြန်သည်။

လေးလေးမြင့်က မျက်မှောင်ကုတ်ပြ၏။

"တော်တော့ ကိုရင်၊ ဒါကြီးဝိုင်းထဲမှာ ဟန်ရေးပြနေတာ မဟုတ်ဘူး၊ ဘာကောင်းသေးမှ ကြိုက်သလိုလုပ်"

ကျွန်တော် ရပ်လိုက်ပြီး ရယ်ပစ်လိုက်၏။ ပြီးမှ....

"လေးလေး လူနာတွေ ကျန်သေးလား"

"အိုက်ပန်ပဲ ရှိတော့တယ်၊ ဒီကောင်လည်း သက်သာပါပြီ၊ ရုပ်ထိ ထားတာပါ၊ အသက်က ငယ်တော့ အသားနုတက်မြန်တာပေါ့၊ ပျောက်သလောက် ရှိနေပါပြီ"

"ကျွန်တော် လေးလေးနဲ့ စကားပြောချင်လို့ပါ၊ အချိန်ရရင် ပေါ့လေ"

"ဒါဖြင့် ဒီကပဲ စောစောင့်နေဦး၊ လေးလေး အိုက်ပန်ဆီ သွားဦးမယ်၊ ပြီးတော့ ပြောကြတာပေါ့"

● ● ●

ပြီးတော့ ပြောကြတာပေါ့ဟု ဆိုသွားစေကာမူ လေးလေးနှင့် ကျွန်တော် စကားမပြောဖြစ်တော့ပေ။ လေးလေးမြင့် ထွက်သွားပြီး မရှေးမနှောင်းမှာပင် စောသီရိနိုင် ကျွန်တော့်ထံသို့ ရောက်လာလေသည်။

စောသီရိနိုင်သည် ဓါတ်ပုံ(?)ဝင်းလို ရွှင်ရွှင်ပျပျ မရှိပေ။ သုန်သုန်မှုန်မှုန်ကလေး ရှိနေမှန်း ကျွန်တော်ရပ်မိသည်။ လန်းဆန်းသော ပန်းကလေးများ ညှိုးနွမ်းပြီဆိုလျှင် သိသာလွန်းပေသည်။ သို့သော် သူမသည် ပတ်တီးမရှိတော့သော ကျွန်တော့်လက်မောင်းကို ဂရုတစိုက် ကိုင်ကြည့်ရှာသည်။

"အစ်ကို နေကောင်းပါတယ်နော်"

"အစ်ကိုက လူမမာကြီးမှ မဟုတ်တာ နိုင်"

စောသီရိနိုင် မပြုံးပေ။

"အနာကကော သက်သာပါတယ်နော်"

"အနုပဲ ချုပ်ရိုးပြေတယ် နိုင်၊ ပျောက်ပါပြီ၊ ကဲ ... အစ်ကိုကို ဘုန်းကြီးကျောင်း တစ်ခုခုသာ ပို့ပေးပေတော့"

နိုင်က မျက်လုံးကလေး ဝိုင်းသွားရှာသည်။

"အယ် ... အစ်ကိုကလည်း၊ မဟုတ်လိုက်တာ"



"ဘာလို့ မဟုတ်ရမလဲ နိုင်၊ ဒါက ဆေးတိုက်ပဲ၊ လူနာတွေအတွက်သာပါ၊ အခု အစ်ကို လူနာမဟုတ်တော့ဘူး၊ တစ်နေရာရာမှာ သွားနေသင့်ပြီပေါ့"

နိုင်က ဦးခေါင်းလေးကို သွက်သွက်ခါအောင် ယမ်းပြလိုက်၏။

"အစ်ကို တခြားဘယ်မှာမှ မနေရပါဘူး။ ဒီမှာပဲ နေပါ၊ ဒီဟာက ဆေးတိုက်ဆိုပေမယ့် သီးသန့်ပါ၊ လေးလေးက ပြောတယ်၊ အိုက်ပန်လည်း ပျောက်သလောက် ရှိပြီတဲ့၊ အစ်ကိုအဖော်ရအောင် အိုက်ပန်ကို ဒီမှာဆက်ထားဖို့ ဘဘကို ပြောပါ့မယ် အစ်ကို၊ အိုက်ပန်က နိုင်နဲ့ငယ်ငယ်ကတည်းက ကစားဖက်ပါ၊ နိုင့်အပေါ် သစ္စာရှိပြီး နိုင့်စကားနားထောင်တဲ့ နိုင့်လူပါ"

ကျွန်တော်သည် ဖျတ်ခနဲ စောသီရိနိုင်ကို ကြည့်လိုက်မိသည်။ မေးခွန်းတစ်ခုတည်း အလိုအလျောက်ပင် ကျွန်တော့်နှုတ်မှထွက်သွားတော့သည်။

"အိုက်ပန်ဟာ နိုင့်လူဆိုရင် အိုက်ပန်လိုပဲ သေနတ်လက်ကမချတဲ့ လက်နက်ကိုင် တခြားလူတွေဟာ သူများရဲ့လူအဖြစ် ရှိနေသေးလား နိုင်"

စောသီရိနိုင်သည် ခေါင်းမညိတ် ခေါင်းမခါဘဲ ကျွန်တော့်ကို တွေဝေစွာ ကြည့်နေရှာသေးသည်။

"လာ ... အစ်ကို၊ အပြင်ထွက် လမ်းလျှောက်ကြရအောင်"

နိုင်က ရှေ့မှပြောပြောဆိုဆို လှည့်ထွက်သွားသည်။ ကျွန်တော်သည် လေးလေးမြင့်နှင့်ပြောရန် ရှိနေသေးသော်လည်း

နိုင် ရှိနေလျှင် ပြောချဖြစ်မည် မဟုတ်သည့်အတူတူမို့ နိုင့်နောက် သို့ပင် လိုက်သွားမိသည်။ ဆေးတိုက်အပြင်ဘက်သို့ ရောက်လာ ဘာရယ်မဟုတ် ဆေးတိုက်သို့ ကျွန်တော် ပြန်လှည့်ကြည့်မိသည်။ လေးလေးမြင့်သည် ကျွန်တော်တို့အား တွေဝေစွာ ကြည့်နေရှာ သည်။

လေးလေးမြင့်၏ အမူအရာမှာ နွမ်းလျနေသည်။ အလုပ်ပင်ပန်းလေသောကြောင့်လား မသိ။

"မနေ့ညက ပွဲကြီးပွဲကောင်းပဲ အစ်ကို"

"ဘာဖြစ်လို့"

"ကိုဝဏ္ဏရယ်ပေါ့၊ နိုင် သီပေါသွားနေတုန်း နိုင့်ဗီရိုထဲက အစ်ကို့သေနတ်ကို ယူကိုင်တယ်လေ"

"ကိုယ်ပါစေပေါ့ နိုင်၊ အစ်ကို့သေနတ်မဟုတ်လည်း သူ က သေနတ်တစ်လက်လက်ကိုတော့ ကိုင်နေမယ့်လူပဲ မဟုတ်လား"

ကျွန်တော်နှင့် နိုင်သည် မြေနီလမ်းကလေး တစ်ခုကို လျှောက်နေကြသည်။ ဆောင်းချင်းယှဉ်၍ ဖြစ်၏။ လမ်းကလေးမှာ တောင်တက်လမ်းကလေးတစ်ခု ဖြစ်လေသည်။ တစ်ခါတစ်ရံ ခလုံးကလေးများနှင့် ချိုင့်ဝှမ်းကလေးများကို သတိမထားမိဘဲ နင်းမိတတ်ကြ၏။ ထိုရောအခါ ကိုယ်အနေအထားလေးများ ပျက်သွားတတ်သည်။ လူချင်း ဆောင်းချင်းတိုက်မိ၏။ သူ့လက်မောင်း ကိုယ့်လက်မောင်း ထိသွားတတ်သည်။ ယင်းသို့ လူချင်းထိနိုက်မိအောင် ပူးကပ်သောအခါတွင် စောသီရိနိုင်ထံမှ ကိုယ်သင်းနံ့ ကလေးများ ကျွန်တော် ရှူရှိုက်ရသည်။



"ဒါတော့ ဒါပေါ့ အစ်ကို၊ ဒါပေမဲ့ အစ်ကို့သေနတ်မို့ သူ ကိုင်တာကို နိုင် မကြိုက်ဘူး၊ ဒါကြောင့် သူ့ကို နိုင် တော် တော်ပဲ ပြောပစ်လိုက်တယ် အစ်ကို"

ကျွန်တော် နားထောင်ရုံသာ နားထောင်နေမိသည်။ ကျွန်တော် ဘာမှမပြောချင်၊ ကျွန်တော်သည် စောသီရိနိုင်တို့၏ အိမ်တွင်းရေးဝယ် ဖျက်မျှင်းအသွင် ဖြစ်နေပြီ ထင်ပါသည်။

ကျွန်တော် သဘောပေါက် နားလည်ထားတာ တစ်ခု ရှိနေ၏။ မှန်မည် မှားမည်တော့ မသိ။ ကျွန်တော့်စိတ်ဝယ် ထင် မိ သဘောပေါက်မိခြင်းမျှသာ ဖြစ်သည်။ စောသီရိနိုင်သည် သူ တို့ဆင်းသက်လာသော မျိုးရိုးဓလေ့ ထုံးစံအရ တစ်နေ့နေ့တွင် ကိုစွန်နောင်းနှင့် မလွဲမသွေ လက်ထပ်ရပေမည်။ လက်ထပ်လည်း လက်ထပ်ထိုက်သည်ဟု ကျွန်တော် မှတ်ချက်ပြုမိသည်။ ကိုစွန် နောင်းသည် သဘောထား ကြီးမားပြီး ပညာတတ် လူတော်လူ ကောင်း တစ်ယောက် ဖြစ်ပေသည်။ စောသီရိနိုင်နှင့် အတွဲညီ လိုက်ဖက်သည်မှာ အမှန်ပင်။

ကိုဝဏ္ဏကိုမူ ကျွန်တော် သဘောမတွေ့လှ၊ ကိုဝဏ္ဏ သည်လည်း စောသီရိနိုင်တို့၏ ဆွေမျိုးဆက်ပင် ဖြစ်ဟန်တူသည်။ စောသီရိနိုင်၏ မယ်မယ်သည် စောသီရိနိုင်အား ကိုစွန်နောင်းရှိရာ သီပေါသို့ ခေါ်သွားခြင်းဖြင့် ကိုစွန်နောင်းနှင့် သဘောမျှနေပုံရ သည်။ စောသီရိနိုင်၏ဘဘ ဆရာကြီးဆိုသူ ဦးပန်းနိုင်ကမူ ကိုဝဏ္ဏကိုက အရေးပေးဟန် တူလေသည်။ သို့သော် ကိုဝဏ္ဏသည် လူကြမ်းတစ်ယောက်သာဖြစ်ကြောင်း ကျွန်တော် တွေ့နေ၏။ ကိုဝဏ္ဏနှင့်သာဆိုလျှင် စောသီရိနိုင်အတွက် ဒဿဂီရိ လက်ရောက် သော မယ်သီတာအသွင် ဖြစ်သွားလိမ့်မည်။

"သူကလည်း နိုင့်ကို စွပ်စွဲတယ် အစ်ကို၊ မင်းက ဒီလောက် နာရအောင် မင်းလင်သေနတ်မို့တဲ့လား အစ်ကို"

စောသီရိနိုင်သည် ပြောသင့် မပြောသင့်ကို မချိန်ဆဘဲ စွတ်၍သာ ပြောပေသည်။ တမင်ပြောခြင်းလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ ထိုစကားကို ပြောရာ၌ နိုင်၏အသံမှာ တိုး၍သွားသည်။ မျက်နှာတွင် ပန်းနုရောင် ရှက်သွေးဖြာနေသည်။ ဦးခေါင်းကိုလည်း ငုံ့ထားသေးသည်။

"ဒါတော့ ကိုဝဏ္ဏက ရိုင်းလွန်းတယ် နိုင်"

"ရိုင်းပါလိမ့်စေ အစ်ကို၊ သူက နိုင်နဲ့ အစ်ကို့ကို သမုတ်ချင်နေတာ၊ ပြီးတော့ ဘဘကိုလည်း အစ်ကိုနဲ့ နိုင် ဘာလိုလိုဆိုပြီး တိုင်သေးတယ်"

"ဒီတော့"

"ဒီတော့ ဘဘက နိုင့်ကို ဟုတ်မဟုတ် မေးတာပေါ့"

"ကိုဝဏ္ဏ ရှေ့မှာတင် မေးတာလား နိုင်"

"အင်း"

မြေနီလမ်းကလေး ဆုံးသွားသည်။ အုတ်လှေကားတစ်များ တစ်မျှော်တစ်ခေါ်ကြီး အမြင့်သို့ တက်နေသည်ကို တွေ့ရ၏။ သွပ်မိုးဖြူဖြူကလေးများကိုလည်း မိုးထားသည်။ တစ်ဖက်တစ်ချက်တွင် ခြင်္သေ့ကြီးတစ်ကောင်စီသည် စောင့်ကြောင့် ထိုင်နေကြ၏။ မုတ်ဆိတ်ရှည်သော ခြင်္သေ့ကြီးများပါပေ။ တောင်ပေါ်စေတီသို့ တက်ရမည့် မုခ်ဝအစ ဖြစ်ပါသည်။ လူသူလေးပါးရှင်းလှ၏။

"နိုင်က ဘယ်လို အဖြေပေးလိုက်သလဲ"



"ဘယ်လိုမှကို မဖြေပါဘူး၊ ဟုတ်တယ်လည်း ဝန်မခံဘူး၊ မဟုတ်ဘူးလို့လဲ မငြင်းဘူး၊ ခက်လိုက်တာ အစ်ကိုရယ်၊ နိုင် ဘယ်လိုဖြေရမလဲဟင် အစ်ကို"

ကျွန်တော် စောင်းတန်းဖြူဖြူနှင့် အုတ်လှေကားနီနီလေးတွေကို ဆက်၍မတက်တော့ပေ။ ခြင်္သေ့ကြီး၏ရှေ့ခြေတစ်ဖက်ကိုမှီ၍ ထိုင်လိုက်မိသည်။ သည်သူငယ်မ၏သဘောကို ကျွန်တော် စောကြောမိပါသည်။ ကျွန်တော်၏ရင်မှာ တင်းကျပ်လွန်းရပါ၏။

"အစ်ကိုနဲ့နိုင် ဘာမှမဟုတ်ဘူးလို့ ဖြေလိုက်ပေါ့ နိုင်"ဟု ကျွန်တော်က သင်ပေးလိုက်ချင်သည်။

သည်လိုလည်း ပြောထိုက်လှစွာ၏။

သို့သော် သည်လိုပြောလိုက်ခြင်းဖြင့်စောသီရိနိုင်သို့မဟုတ် ညီမလေးနိုင့်စိတ်ဝယ် ဒိုင်းခနဲ ထိခိုက်သွားမည်ကို ကျွန်တော် စိုးရိမ်မိသည်။ တစ်ချက်တည်းနှင့် ကျွန်တော့်အား စိတ်နာသွားမည်ကိုလည်း ကျွန်တော် အမှန်ပင် ကြောက်လန့်မိသည်။ ကျွန်တော့်အား စိတ်နာသွားသည်ကိုထားဦး။ သူ့ရင်မှာစိတ်ထိခိုက်ရှာမည်ကိုတော့ ကျွန်တော် မလိုလားသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ကျွန်တော် စကားကို လမ်းပြောင်းလိုက်သည်။

"အစ်ကိုသေနတ်ကော နိုင်"

စောသီရိနိုင်သည် လက်ဆွဲအိတ်ထဲမှ ကျွန်တော့်သေနက်ကို ထုတ်ယူလိုက်သည်။

"ရှော ... အစ်ကို၊ အစ်ကို ထွက်ပြေးမှာစိုးလို့ သေနတ်ကို ကားသော့ကို နိုင် သိမ်းထားတာပါ"

ကျွန်တော်သည် သေနတ်ကို ထုတ်ယူလိုက်သည်။ ကျည်ကတ်ကို ဖြုတ်ကြည့်၏။ ကိုဝဏ္ဏသည် ကျွန်တော့်သေနတ်အား ကိုင်ခဲ့သော်လည်း ပစ်ခတ်ခဲ့ခြင်း ရှိဟန်မတူပေ။

"အခုကော အစ်ကို ပြေးချင်ပြေးပါစေတော့လို့ သေနတ် ပြန်ပေးတာလား နိုင်"

"ဟုတ်ပါလိမ့်မယ် စောင့်နေ၊ သေနတ်ပြန်ပေးတာက ခုခံ ကာကွယ်နိုင်ဖို့ပါ အစ်ကို၊ ကိုဝဏ္ဏဟာ စိတ်မချရသေး ဘူးလေ"

ကျွန်တော်က ပခုံးတွန့်ပြလိုက်သည်။ စောသီရိနိုင် သည် ကျွန်တော့်အမူအရာကို မျက်စောင်းထိုးပြလိုက်၏။

"ဒါထက် ခွန်နောင်းတစ်ယောက်ကော နိုင်"

"အိမ်မှာပေါ့ အစ်ကို၊ ခုတာလော အစ်ကိုခွန်နောင်း တစ် ယောက်လည်း ဘာဘန့် သိပ်လေပေးပြောင့်နေတယ်၊ တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောမှန်းလဲ မသိဘူး၊ နိုင် သူတို့မှာ ရောက်သွားရင် စကားပြော ရပ်ပစ်လိုက်ရော"

"ပြော် ... ဟုတ်လား နိုင်၊ အတွင်းရေးတစ်ခုခုကို တိုင် ပင်နေလားမှ မသိတာပဲ နိုင်၊ ဥပမာ နိုင်တို့ရဲ့ ဆွေစဉ်မျိုး ဆက် မလေ့ထုံးစံတွေ ဖြစ်ချင်ဖြစ်မှာပေါ့"

နိုင်သည် အံ့ဩသွားသလို ကျွန်တော့်အား ပြုံးကြည့် ပေသည်။



"ကြည့်စမ်း ... အစ်ကို ဒါတွေတောင် သိနေတယ်နော်၊ အစ်ကိုကို ဘယ်သူပြောလဲဟင်"

"ခန့်မှန်းကြည့်တာပါ နိုင်၊ ပြီးတော့ ကိုခွန်နောင်းဟာ ယောက်ျားပီသတယ်၊ သဘောထားကြီးပုံရတယ်၊ တည် လည်း တည်ကြည်တယ်"

"အဲဒီတော့ ဘာဖြစ်သေးလဲ အစ်ကို"

စောသီရိနိုင်သည် နှုတ်ခမ်းစူကာ ပြန်လည်မေးခွန်း ထုတ်လိုက်သည်။

"ပြော် ... ဘာမှမဖြစ်ပါဘူး၊ သူဟာ လူတော်လူကောင်း တစ်ယောက်ဖြစ်ကြောင်း ပြောပြတာပါ၊ သူက နိုင်ငံခြား မှာ ဘာတွေသင်ခဲ့သလဲနိုင်"

"အဂရီကား(လ်)ချားရယ်(လ်)အင်ဖန်းမင်း (Agricultural and Farming) အစ်ကို၊ သူက ရှမ်းပြည်နယ်မှာ မြေကြီး တွေ အလကားဖြစ်နေတာကို တိုးတက်တဲ့ စက်မှုလယ်ယာ စနစ်နဲ့ သီးနှံစိုက်ပစ်ချင်နေတယ်၊ ဒါတွေကတော့ သူ့ဆန္ဒ ပေါ့လေ၊ တကယ်တော့ အဆိုးရက တာဝန်ပေးသလို သူ လုပ်မှာပါ၊ နိုင် တစ်ခု မေးပါရစေ၊ နိုင်တို့ဆွေစဉ်မျိုးဆက် မလေ့ထုံးစံနဲ့ ပတ်သက်ပြီး အစ်ကို ဘာတွေ သိထားလို့လဲ ပြောပါ"

"ဘာမှမသိပါလား နိုင်၊ အစ်ကိုတို့ ပြန်ကြစို့"

ကျွန်တော်သည် နေရာမှ ထလိုက်သည်။ ခြသေ့်ကြီး ကို မော့ကြည့်မိသည်။ ခြသေ့်ကြီး၏ မျက်လုံးများမှာ နီရဲနေ၏။ နိုင်သည် နေရာမှ မထသေးဘဲ ကျွန်တော့်ကို ကြည့်နေသေးသည်။

"အင်းပေါ့ အစ်ကို ပြန်တာပေါ့၊ ဒါပေမဲ့ နိုင် မေးထားတာကို မဖြေသေးဘူးနော်၊ တကယ်လို့ ဘဘက ထပ်မေးရင် နိုင် ဘယ်လိုဖြေရမလဲ အစ်ကို"

ကျွန်တော် နိုင့်အား ကြည့်မိသည်။ နိုင်၏ မျက်နှာကလေးသည် နို့နို့ကလေးတစ်ယောက်၏ မျက်နှာလိုပင် အပြစ်ကင်းကာ ဝင်းပနေ၏။ ကျွန်တော် သက်ပြင်းချရပြန်သည်။

"နိုင့်ဘဘက ထပ်မမေးတော့ပါဘူး နိုင်"

"မေးခဲ့ရင်ပေါ့ အစ်ကို"

နိုင်က စွတ်ပေ၍ စကားတောင်းခံနေသည်။ ကျွန်တော်က လိုးလွဲ၍မရမှန်း သိလာရသည်။

"ကဲ ... မနေ့ညက နိုင့်ကို နိုင့်ဘဘ မေးတော့ နိုင်ဘာမှ မဖြေလိုက်ဘူး မဟုတ်လား"

"အင်းလေ"

"အခု တကယ်လို့ ထပ်မေးလာရင်လည်း ဘာမှမဖြေဘဲ နေလိုက်ပေါ့"

ကျွန်တော့်စကားကို နိုင်သည် ငိုင်၍ နားထောင်နေလေသည်။ ကျေနပ်ပုံတော့ မရ။

ကျွန်တော်သည် ခြသော့ကြီးအပေါ်မှ ထွက်ခွာလာခဲ့သည်။ နိုင်လည်း နောက်မှလိုက်ပါလာ၏။ ငြိမ်သက်စွာ လိုက်ပါလာရှာသည်။ ခါတိုင်းလို တွတ်တီးတွတ်တာ စကားများပင် မပြောဖော်မရတော့ပေ။

●●●



မီးကိုတိုးသော ပိုးဖလံမျိုးတို့သည် ကိုယ်ကျိုးနည်းသည်သာ။

ကျွန်တော်သည် ပိုးဖလံ ဖြစ်နေလေပြီလား။

စောသီရိနိုင်နှင့် စကားပြောနေရလျှင် ကျွန်တော့်စိတ်တို့သည် ကြည်နူးနေမိ၏။ လေးလေးမြင့်နှင့် ဆက်ဆံနေရသောအချိန်များတွင် ကျွန်တော်သည် ကျွန်တော်၏ဘဝကို တမေ့တမော။

တကယ်ဖြစ်သင့်သည်မှာ ဤနေရာ ဤဒေသနှင့် ဤပတ်ဝန်းကျင်ကို ဒုတိယမ္ဘ ကျွန်တော် စွန့်ခွာသင့်လေပြီ။ ဤပတ်ဝန်းကျင်တွင် ကျွန်တော် ရှိနေခြင်းဖြင့် စောသီရိနိုင်၏ နောင်ရေးများသည် မပြေမလည် မကျေမနပ်တွေ ဖြစ်လာနိုင်စရာရှိနေသည်။ ညီမငယ် စောသီရိနိုင်၏ ဘဝဖြောင့်ဖြူးရေးအတွက် ကျွန်တော် အဝေးသို့ လွင့်သင့်ပါလေပြီ။

ထို့ပြင် ကျွန်တော်သည် ဆေးလွှတ်အောင်ပြေးနေသည့် ရာဇဝတ်ကောင်တစ်ကောင် မဟုတ်ပါလေလား။ ကျွန်တော်လို ရာဇဝတ်ကောင် ဝရမ်းပြေးတစ်ယောက်အဖို့ မလုံခြုံတော့ဟုယူဆရမည့် နေရာတစ်ခု၌ မည်သည့်အကြောင်းနှင့်မျှ ဆက်လက်မနေသင့်တော့ပေ။

ဖြို့၌ နိုလုံချင်သည်ဆိုပါမူ ရန်ကုန်၊ မန္တလေးမြို့ကြီးကဲ့သို့ လူတွေကြားတွင် ပျောက်နေနိုင်သော နေရာမျိုး၌

နိုလ့်သင့်သည်။ သို့မဟုတ် တောခွဲနိုလ့်ချင်သည် ဆိုပါက လူသွ အရောက်အပေါက် နည်းနိုင်သမျှနည်းသော တောရွာနေပုဒ်မျိုး နိုလ့်သင့်ပေသည်။ ကျောက်မဲသည် စကြို့ဖြစ်သည်။ လူစိမ်း လျှင် သိသာသောမြို့ ဖြစ်သည်။ လက်ဖက်နို၊ လက်ဖက်ခြောက် ရောင်းကုန်ကြောင့် အထက်အောက် ကူးလူးဆက်ဆံသူများ ရှိ သည်။ ထိုအထဲက တစ်ဦးတစ်ယောက်သည် ကျွန်တော့်အား သိရှိသွားနိုင်စရာ ရှိကောင်းရှိနိုင်ပေသည်။

နောင်ရှိုတုန်းကပင် ကျွန်တော် မသိသော လူတစ် ယောက်က ကျွန်တော့်အား သိနေသလို၊ နှုတ်ဆက်တော့မလို ရှိ ခဲ့သည်။

သစင်မြိုင် သေဆုံးမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့သည် သိုသိပ်လွှန်းနေ၏။ ငြိမ်ချက်သား ကောင်းလှသည်။ နေ့စဉ်သတင်း စာ အစောင်စောင်ကို ကျွန်တော် မလွတ်တမ်း ဖတ်ရသည်။ သစင်မြိုင့်ကိစ္စကို သတင်းစာများတွင် ရှာဖွေကြည့်မိသည်။ လုံးဝ မတွေ့ရပေ။ အမှုအခင်းကိစ္စနှင့် ပါဖို့ဝေးစွ၊ သစင်မြိုင် သေဆုံး ကြောင်း နာရေးကြော်ငြာ၌ပင် ထည့်သွင်းခြင်း မရှိပါလေ။ ယင်း ကိစ္စသည် ရေမှာမြုပ်ပြီး ကုန်းမှာ မီးလောင်သွားလေပြီလား။

ယင်းသို့ အရာစပ်သိမ်း ငြိမ်သက်နေခြင်းသည် ကောင်းသောလက္ခဏာ မဖြစ်နိုင်ပေ။ ထိုးမယ့်ဆင်ပေမို့ နောက် တစ်လှမ်း ဆုတ်ပေးထားပေသလား။ မှန်တိုင်း ဆင်လို၍ လေ ပြည်လေညင်းပင် မတိုက်ခတ်လေသလား။ ရဲတပ်ဖွဲ့သည် သား ကောင်ကို ကျားကချောင်းသလို ငြိမ်ငြိမ်ကလေးနေပြီး ပိုင်လောက် မှ အပိအရ ခုန်အုပ်လေမလား။



မတတ်နိုင်တော့ပြီ။ ခုန်အုပ်သည့်အခါမှ မလွှပ်နိုင် အောင် မိချင်လည်း မိပါစေတော့။

"ဒီမြို့မှာ စိတ်ရောဂါကုဆေးရုံ မရှိဘူး ကိုရင်၊ သိပ်လည်း တွေးမနေနဲ့"

ကျွန်တော် အသံလာရာနောက်သို့ လှည့်ကြည့်မိ သည်။

အုန်းနွဲရောင် လက်ပြတ်အင်္ကျီကြောင့် လုံးအိကျစ် လှစ်သော ဝါဝါဝင်းဝင်း လက်မောင်းများ ထင်းနေသည်။ ပါတိတ် ဆင်မှာ အညိုနုသွေးဖြစ်၏။ ဤအရောင်များသည် ဖြူဖွေ့ဝင်းသော လေးလေး၏ အသားနှင့် လိုက်ဖက်လေသည်။ လေးလေးမြင့်ကဲ့သို့ နွဲ့ဖြိုးပြီး အရိုးကျသူ ဝတ်သောကြောင့်လည်း ပို၍လှသည်ဟု ရသည်။

ယနေ့ လေးလေးမြင့် တစ်ယောက် ထူးခြားနေသည် ဟု ကျွန်တော် ထင်မိသည်။ ဘယ်သောအခါမှ ဂရုတစိုက် ခြယ်သလေ့မရှိဘဲ သဘာဝအတိုင်း လှနေတတ်သော လေးလေး မြင့်သည် ယနေ့မှ ခြယ်သလာသည် ထင်ပါသည်။ ခြယ်သလေ သောအခါ ပို၍လှရပြန်သည်။ လွှန်လွှန်မင်းမင်းကြီးတော့လည်း မဟုတ်။ နှုတ်ခမ်းနီမှာ ပန်းနုသွေးလောက်သာ။ အမှတ်တမဲ့ဆို လျှင် သဘာဝအတိုင်း ပန်းနုရောင်နှုတ်ခမ်းဟု ထင်နိုင်သည်။ လေးလေးမြင့်တွင် အဆွဲဆောင်ဆုံးသည် ဤနှုတ်ခမ်းစုံပင် ဖြစ် ပါ၏။ ထူထူအန်းအန်းကလေးမို့ ဤနှုတ်ခမ်းစုံကို မြင်ရလေတိုင်း ဂနာမငြိမ်နိုင်အောင် ဆွဲဆောင်ခြင်း ခံရတတ်သည်။

ကျွန်တော်သည် ငေးကြည့်နေမိသည်။ မျက်တော
မှပင် ခတ်မိပါလေ၏။

လေးလေးမြင့်၏ ထူအန်းအန် ပန်းနုကြားမှ မျက်
တန်းကလေး ပေါ်လာသည်။ နှစ်ခြိုက်စွာ ပြုံးလိုက်လေသောကြောင့်
ပင်။

"ဟောဒီမှာရှို့၊ ခေါ်တော့ကြီးတစ်ယောက် မျက်လုံးကြ
မြူးလို့၊ လာဖမ်းကြပါဦး"

ကျွန်တော် ရယ်လိုက်ပါသည်။ ဟုတ်ပေ၏။ ကျွန်
တော်သည် လေးလေးကို ခေါ်တော့ကြည့်ပင် ကြည့်လိုက်မိ၏။
လူကြီးရုက်တော့ စုလိုပင် ရယ်ပစ်လိုက်ရသည် မဟုတ်ပါလား။
ပြီးမှ ကျွန်တော် တခြားသို့ မျက်နှာလွှဲလိုက်သည်။ လေးလေး
သည် ကျွန်တော့်အနီးသို့ ရောက်လာ၏။

"လေးလေး နောက်တာပါ၊ စိတ်ဆိုးသွားလား ကိုခင်မောင်
သက်"

"ခင်မောင်သန်းပါ လေးလေး"

တိုတိုပြတ်ပြတ်ပင် ကျွန်တော်က နာမည်ကိုပြင်ပေး
လိုက်သည်။ လေးလေးမြင့်သည်အခန်း ဟိုဟိုသည်သည်သို့ မည်
သူများ တခြားလူရှိနေသလဲဟု ရှာလပတ်ယမ်းပြီး ကြည့်လိုက်
သည်။ ခင်မောင်သက် ဆိုသော အမည်မှာ ဤမြို့တွင် သူမတစ်
ယောက်သာလျှင် သိထားသည် မဟုတ်ပါလား။

"တောင်းပဲ ကိုခင်မောင်သက်၊ အွန် ... ဒီနာမည်ပဲခေါ်
ပြန်ပြီ၊ ကျောင်းတုန်းကတည်းက အစွဲမိုထင်ပါရဲ့။ ကဲ ...
နာမည်မခေါ်ဘူး၊ ကိုရင်လို့ပဲ ခေါ်မယ်၊ ဘယ့်နှယ်လဲ"



"ကောင်းပါတယ်၊ ဦးဇင်း ဆိုရင်တောင် ပိုကောင်းသေး"

နှစ်ဦးလုံး ရယ်မိကြသည်။

"ကိုရင့်ကို မိနိုင် ဘာတွေ ပြောပြလဲ"

"ဘယ်တုန်းကလဲ လေးလေး"

"မနေ့မနက်က ကိုရင်တို့စုံတွဲ ဈောင်းတန်းဘက်သွားကြ
တုန်းကလေ"

စုံတွဲဆိုသော စကားကို လေးလေးမြင့်က သုံးလိုက်
၏။ ထိုစုံတွဲဟူသော စကားကို ပြောလိုက်စဉ် လေးလေးမြင့်၏
မျက်နှာသည် တစ်မျိုးဖြစ်သွားသည်ဟုလည်း ကျွန်တော် ထင်မိ
သည်။

"စုံတွဲလို့ မပြောပါနဲ့ လေးလေး၊ လေးလေးရဲ့မိနိုင်ဟာ
ငယ်ပါသေးတယ်၊ ဒီအရွယ်မျိုးက သက်တံပေါ်မှာ ကစား
ဖို့ စိတ်ကူးယဉ်တတ်တဲ့ အရွယ်ပါ၊ ဒီလို အပြစ်ကင်းပြီး
နုနယ်တဲ့ ကလေးမလေးကို ကျွန်တော်က စိတ်ဝင်စား
မယ်၊ သွေးဆောင်မယ် ဆိုရင် ကျွန်တော့်လောက် မိုက်မဲ
တဲ့လူ ရှိဦးမတဲ့လား"

တစ်အောင့်ကြာသည်အထိ လေးလေးမြင့်က စကား
မပြန်ပေ။ အဝေးသို့ ငေးကြည့်နေလေသည်။ တွေးတွေးငေးငေး
ကလေး ဖြစ်နေသော်လည်း လေးလေးမြင့်၏ မျက်နှာကလေးသည်
ကြည်လင်လှပါဘိ။

"စက်တော့ စက်သွားပဲ ကိုရင်"

"ဘာကိုပါလိမ့်"

"မိနိုင်ရယ်ပေါ့၊ ကိုစွန်နေရှင်းလို လူကိုတောင် စိတ်မဝင်စားဘဲ ကိုရင့်အပေါ်မှာ စိတ်ဝင်စားလွန်းနေတယ်လေ၊ သံယောဇဉ်ကလည်း ကြီးပါ့၊ ကိုရင့်အကြောင်းပဲ ပြောချင်နေတယ်"။

ကျွန်တော် မသိမသာ သက်ပြင်းချမိပြန်သည်။ ရင်တွင်းကျပ်တည်းရလေတိုင်း သက်ပြင်းချလေ့ ရှိကြသည်။ သခင်မြိုင်နှင့် တွေ့ခဲ့ရသည်မှအစ ယခုတိုင်အောင် ကျွန်တော်သည် သက်ပြင်းပေါင်း မရေတွက်နိုင်အောင် ချခဲ့ရသည်။ ကျွန်တော် ဘဝ၏ကုသိုလ်ကံသည် ကောင်းတော့မလိုလိုနှင့် အဆိုးကိုသာ ရင်ဆိုင်ရတတ်၏။ ဘဝထိုထိုက အကုသိုလ်ကံ၊ အပုန်ကြော ဆိုပါလျှင်လည်း ဤဘဝဝယ် ဤမျှသာ ခံပါရစေတော့။

"ရိပ်မိပါတယ် လေးလေး၊ ဒါပေမဲ့ နိုင့်စိတ်ထဲမှာ အ ဖြစ်နေတာတွေက ယာယီသာ ဖြစ်မှာပါ။ အတွေးအဆန်းနဲ့ အသစ်အဆန်းကို စိတ်ဝင်စားတဲ့ ကလေးစိတ်မျိုးပါ၊ ကိုယ့်လက်ထဲမှာ မင်းသားရုပ်ကလေး ရှိနေပေမယ့် အသစ် အဆန်း ဘီလူးရုပ်ကလေး တွေ့တဲ့အခါ လိုချင်တဲ့ စိတ် မျိုးသာပါ လေးလေး၊ နိုင်တို့အရွယ်က အမြင်သစ် အမြင် ဆန်းကို မက်မောလိုချင်တယ်၊ သူ့ရဲ့ကောင်းကို ကိုးကွယ် ချင်တယ်၊ သမုဒယအကြောင်းကို သူတို့သဘောပေါက်ကြ သေးတာမှ မဟုတ်တာ၊ ကျွန်တော့်ကို တွေ့တွေ့ချင်း သူ့ စိတ်ထဲမှာ လူထူးလူဆန်းကြီးလို့မြင်တယ်၊ လျှို့ဝှက်တဲ့ လူတစ်ယောက်လို့ မှတ်ယူတယ်၊ အနီးစခန်းမှာ ကိုဝဏ္ဏလို လူကြမ်းမျိုးကို ကျွန်တော်က အနိုင်ယူလိုက်တဲ့အခါ ကျွန်



တော့်ကို သူ့ရဲ့ကောင်းကြီး အောက်မေ့ပြန်ရော၊ ဒီကြားထဲ ကျွန်တော့်အပြောအဆို အမူအရာတွေကို အထင်ကြီးမြန် ရှာတယ်၊ အဲ ... ဒဏ်ရာရသွားတော့လည်း သနားလာ တာ နေမှာပေါ့၊ နိုင်တို့အရွယ်က တကယ့်အစစ်အမှန်စိတ် ထက် စိတ်ကူးယဉ်ကို ရှေ့တန်းတင်ချင်တဲ့ အရွယ်မို့လား လေးလေး၊ ချစ်လွယ် မုန်းလွယ် ငိုလွယ် ရယ်လွယ်ပါ၊ စိတ်ပိုင်းနဲ့ ပတ်သက်တယ်ပေါ့"

"ရုပ်ပိုင်းနဲ့လည်း ထည့်တွက်ဦး ကိုရင်၊ ကိုရင်က ညိုစိမ့် စိမ့်နဲ့ အလွန်စိုပြည်တာပဲ၊ ဆံပင်ကလည်း ခွေကောက် ကောက်၊ ရယ်လိုက် ပြုံးလိုက်ရင် သွားစွယ်နဲ့၊ ကာယဗလ ကလည်း တောင့်တောင့်တင်းတင်း၊ အရပ်ကလည်း ထောင် ထောင်မောင်းမောင်း၊ ကိုရင်နဲ့ စကားပြောရတဲ့ အမျိုးသမီး တိုင်းဟာ အသည်းတယားယားနေမှာပါ၊ အဲ ... ကိုရင် ပြောတဲ့ စကားကို ထပ်ဖြည့်ကြည့်ရအောင်၊ မိနိုင်တို့အရွယ် ဟာ အလှအပကိုလည်း ရင်မှာပိုက်ချင်ကြတယ်လို့လေ"

ကျွန်တော်သည် တစ်ဖက်သို့ မျက်နှာလွှဲကာ လေး လေးမြင့် စကားကို နားထောင်နေရသည်။ လူဆိုသည်မှာ ချီးမွမ်း ခံရခြင်းကို နှစ်သက်တတ်သောအမျိုး ဖြစ်စေကာမူ သည်မျှလောက် မြောင်းကျကျ ချီးမွမ်းလျှင် မနေတတ် မထိုင်တတ် ဖြစ်ရသည်။ ကျွန်တော်သည် လေးလေးမြင့်အား စောစောက ကေသာများမှ ခြေဖဝါးအထိ ခေါ်တောကြည့် ကြည့်မိသလို လေးလေးမြင့်က လည်း ဘယ်အချိန်က ကျွန်တော့်အား အသေးစိတ် လေ့လာထား လေသည်မသိ၊ အံ့သြဖွယ်ပင် ကောင်းနေ၏။

"ကျွန်တော်က မလှမပါပဲ လေးလေး၊ ကျွန်တော့်ရုပ်ရည် မျိုးက ကြမ်းကြမ်းတမ်းတမ်းနဲ့ လူကြောက်တဲ့ ရုပ်မျိုးပါ"

"ဟုတ်မယ် အားကြီး၊ ခုခေတ်အမျိုးသမီးတွေက မင်းသား လို လှပတဲ့အလှထက် ကျားကျားယားယား ယောက်ျားပီသ တဲ့အလှကိုမှ တကယ့်အလှလို့ ထင်ကြတာ ကိုရင်"

"တကယ်"

"အို … တကယ်ပေါင်းကို တစ်သောင်း၊ တစ်သိန်း၊ ကဲပါ လေ မိနိုင်က ကိုရင့်ကို ဘာတွေ ပြောခဲ့တယ် ဆိုတာကိုပဲ ပြောပြပါဦး"

"ကိုဝဏ္ဏ အကြောင်းပါ လေးလေး၊ သူနဲ့ ကိုဝဏ္ဏ ဘုကျ တဲ့အကြောင်းပါ"

"ဘုကျကြတာက ကိုရင်နဲ့ ပတ်သက်လို့ ဆိုတာကော"

"ပြောပါတယ်"

"ဟုတ်တယ် ကိုရင်၊ ကိုဝဏ္ဏကို ပေါ့ပေါ့တွက်လို့ မရဘူး၊ အထူးသဖြင့် ကိုရင် သတိထားဖို့ပါ၊ မိနိုင်က သူ့ကိုလက် မခံတာဟာ ကိုရင့်ကြောင့်လို့ တွက်ထားပုံရတယ်၊ အဆိုး ဆုံးကတော့ ဦးကြီးဟာ ကိုရင်နဲ့ မိနိုင်ကိစ္စမှာ ရေငုံနေလို့ ကိုဝဏ္ဏက ပိုပြီးမခံပြင်းပုံရတယ်"

"ဘယ်လို … ဘယ်လို"

"ကိုဝဏ္ဏဟာ မိနိုင်ကို သူ ကပ်လို့မရတော့ ဦးကြီးကို ဖွင့် တိုင်တယ်၊ လေးလေးတို့ အသိုင်းအဝိုင်းမှာ ဘယ်သူမှ မလွန်ဆန်ရဲကြဘူး၊ ကိုဝဏ္ဏ မျှော်လင့်တာက သူ ဖွင့်ပြီး တိုင်လိုက်ရင် ဦးကြီးက ဒေါပွပြီး ကိုရင့်ကို အမြန်ဆုံး



ဒီအားတိုက်ပေါ်က မောင်းချပြီး အဆေးကို လွှင့်သွားအောင် လုပ်မယ်လို့ မျှော်လင့်ထားပုံပဲ"

"အဲဒီတော့"

"အဲဒီတော့ ကိုဝဏ္ဏမှာ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ ဘူး ကိုရင်၊ ဒီကိစ္စမှာ ဦးကြီးက ရေငုံနှုတ်ပိတ်နေတယ်၊ ဒီလို ဦးကြီးပါးစပ် ပိတ်နေတာကို လေးလေးတော့ အကြောင်းနှစ်ချက် မြင်တယ်"

"ဆိုပါဦး လေးလေး"

"ဆိုပါ့မယ်၊ သိပ်နားထောင်နေချင်တာပဲလား"

ကျွန်တော်က ဘာမှမပြောသေး။ စားပွဲပေါ်မှ စီးကရက် ဘူးကို လှမ်းယူမီသည်။ တစ်လိပ်ကို မီးညှိရှူရှိုက်နေလိုက်သည်။

"ပထမတစ်ချက်က မိနိုင်ပေါ့၊ ဦးကြီးက သမီးကိုတော့ အသည်းလေ၊ တစ်ဦးတည်းသောသမီး မဟုတ်လား၊ ကိုဝဏ္ဏ က တိုင်တော့ မိနိုင်ကို ဦးကြီးက မေးတယ်၊ မိနိုင်က ဘာမှမပြောဘူး၊ ဒီတိုင်း ငြိမ်နေတယ်၊ ဦးကြီးက ဆက်မ မေးတော့ဘူး၊ ဒါကို ကိုဝဏ္ဏက မကျေနပ်ဘူး …

"ဒုတိယအချက်ကတော့ ဦးကြီးက နမ့်စန်ဘက်မှာ ကိုဝဏ္ဏကို ခေါင်းဆောင်စေပြီး ကိစ္စတစ်ခုနဲ့ လွှတ်လိုက် တယ်၊ မရှုမလှ ခံလာရတယ်၊ ငွေတန်ဖိုးကတော့ သိန်း ဂဏန်း ကြီးကြီးလောက်ပါ၊ ကိုဝဏ္ဏက အညွှံ့ခံထွက်ပြေး တယ်၊ အဲဒီမှာ အိုက်ပန် ထိလာတာပေါ့၊ ဒီကိစ္စနဲ့ ပတ်သက် ပြီး အရင်တုန်းက အရေးပေးခဲ့တဲ့ ကိုဝဏ္ဏအပေါ်မှာ ဦးကြီး စိတ်ပြောင်းသွားပုံရတယ်၊ ဒါကြောင့်လည်း ကိုဝဏ္ဏ

ဆတ်ဆတ်ခါနာနေတဲ့ မိနိုင်နဲ့ ကိုရင့်ကိစ္စကို လျစ်လျူ တမင်ရှုပေးလိုက်တာလို့လည်း ထင်စရာပဲ၊ ကိုဝဏ္ဏက ကိုရင် ဒီကလစ်ပြေးတာကို မြင်ချင်နေလေ ဦးကြီးက ဒါကို မသိလိုက် မသိဘာသာပဲလေ"

လေးလေးမြင့်၏ စကားတွင် ကျွန်တော့်အဖို့ စဉ်းစားစရာတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်လာရပြန်သည်။

ဝဏ္ဏနှင့် အိုက်ပန် တွေ့ကြစဉ်က အိုက်ပန်သည် သူ့ပခုံးမှဒဏ်ရာကို ထောက်ပြရင်း "ဆရာဝဏ္ဏ သတ္တိကြောင်လို့ ရခဲ့တဲ့ အိုက်ပန်ရဲ့ဒဏ်ရာလေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အိုက်ပန် သိသလောက် မြင်သလောက် ဆရာကြီးကို တိုင်ပြောပြီးပြီလေ" ဟု ပြောခဲ့သည်ကို ကျွန်တော် သတိရမိသည်။ ထိုစဉ်က ဝဏ္ဏ သည် ဘာကိုမျှ ပြန်လည်မပြေရှင်းဘဲ ရှာခနဲ လှည့်ထွက်သွား သည်။

ယခု လေးလေးမြင့်ကလည်း ပြောပြန်လေပြီ ဝဏ္ဏကို ခေါင်းဆောင်စေပြီး နမ့်စန်ဘက်သို့ လွှတ်ခဲ့သည်။ မ မလှ ခံခဲ့ရသည်။ ငွေတွေ ဆုံးရှုံးမှုရှိသည်ဟု ဆိုလေသည်။

ဆောင်စေတီကိုယ်တော်ကို ဖူးမြော်ကြစဉ်ကလည်း လေးလေးသည် ညည်းညည်းညူညူ ပြောခဲ့ဖူး၏။ သူမကိုယ်ကို သံပတ်ပေး ခလုတ်နှိပ်စက်ရုပ်ပါဟု ကင်ပွန်းတပ်ရှာသည်။ ဘာ တွေနည်း။ သူတို့၏စကားတွေသည် ပဟေဠိဆန်နေသည်။ ဆရာ ကြီး ဦးပန်းနိုင်သည် ဘာတွေကိုများ ဖန်တီးနေလေသနည်း။

မည်သို့ဆိုစေ ဇာတ်လမ်းမှာ ခပ်ရှုပ်ရှုပ်မှန်းတော့ ရိပ်မိသည်။ စောသီရိနိုင်၏ ဘဘ၊ လေးလေးမြင့်၏ ဦးကြီး



ဝဏ္ဏနှင့် အိုက်ပန်တို့၏ ဆရာကြီးဦးပန်းနိုင်သည် အဓိကဇာတ်ကောင် ဖြစ်နေသည်မှာတော့ သေချာသည်။

ကျွန်တော်၏ဘဝသည် မှောင်နှင့်မည်းမည်း ဖြစ်သလို ဦးပန်းနိုင်၊ လေးလေးမြင့်၊ ကိုဝဏ္ဏနှင့် အိုက်ပန် စသည်တို့သည် ကြောင်လိမ်လှေကားဖြင့် စလေသော ဝက်ပါကြီးနှင့် တူနေသည်။

ကျွန်တော်သည် မှောင်နှင့်မည်းမည်းဝယ် ကြောင်လိမ်လှေကားမှ ဝက်ပါထဲသို့ အရောက်သွားနေလေပြီလား။

ဤအရှုပ်တော်ပုံကြီးထဲတွင် ကိုစွန်နောင်းနှင့် စောသီရိနိုင် မပါဝင်ကြောင်းကိုလည်း ကျွန်တော် မှတ်ချက်ပြုမိသည်။ ကိုစွန်နောင်းသည် မကြာသေးမီကမှ မြန်မာပြည်သို့ ရောက်လာခဲ့သူ ဖြစ်သည်။ စောသီရိနိုင်မှာလည်း ကျောင်းဆောင်၌သာ အချိန်ကုန်ခဲ့ရသူဖြစ်သည်။

ဤအရှုပ်ဝက်ပါဝယ် ကျွန်တော်၏ ချစ်လှစွာသော ညီမငယ် စောသီရိနိုင် မပတ်သက် မပါဝင်စေကြောင်း ကျွန်တော် ဆန္ဒပြုမိပါသည်။

လေးလေးမြင့်ကိုတော့ ကျွန်တော့်စိတ်ဝယ် စနောစနင်း ဖြစ်ရသည်။ လေးလေးမြင့်သည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသည့်အပြင် ဆရာဝန်တစ်ယောက်ဖြစ်၍ လောကကို အဘက်ဘက်မှ ကြည့်တတ်သည်။ စောသီရိနိုင်လို ကလေးမဆန်။ အရာရာတွင် ချိန်ဆနိုင်စွမ်း ရှိနေပေပြီ။

ကျွန်တော်သည် လေးလေးမြင့်၏ အပြုအစု၊ အယုအယနှင့် အကြင်အနာ အလိုက်အလျောတို့ဝယ် သာယာနေမိသည်

မှာ အမှန်ပင်။ ဤမျှသော အကျဉ်းအကျပ်တွေကြားဝယ် လေး လေးမြင့်ကို ကျွန်တော် စိတ်ဝင်စားမိသည်။

"ကျွန်တော့မှာ သံသယတွေ အနန္တပါပဲ လေးလေး အစိက သံသယကတော့ လေးလေးနဲ့ ပတ်သက်ပါ တယ်"

"သံသယဆိုတာ ရင်မှာဖြစ်တတ်တာပဲ ကိုရင်၊ သူ့အတွက် ဖြေဆေးဟာ နှုတ်ကမွင့်ဟလာမှုပဲ၊ ကဲ ... ပြော၊ လေးလေး နဲ့ပတ်သက်ပြီး ကိုရင့် ရင်ထဲက သံသယတွေ"

"ကျွန်တော့်အကြောင်းကို လေးလေး အားလုံးသိပြီ ကျွန်တော်ဟာ ကိုယ့်ဇနီးကိုယ် သတ်မိလေပြီး ပြေးလာ တဲ့ တရားခံပြေးတစ်ယောက် ဖြစ်ချင်ဖြစ်နေမယ်၊ ဘယ် လောက် စက်ဆုပ်စရာကောင်းတဲ့ ကျွန်တော်လဲ၊ ဒါပေမဲ့ လေးလေးက ကျွန်တော့်ကို နှာခေါင်းမရှုံ့ဘူး၊ တက္ကသိုလ် တုန်းက လေးလေး လက်ရုပ်တီးပြဘာပေးခဲ့ကဲ့ ခင်မင် သက်အသွင်နဲ့ အသိအမှတ်ပြုပြီး ဆက်ဆံနေတယ်၊ ကျွန်တော် ကျွန်တော့်ရဲ့အဆိုးမှန်သမျှကို လျစ်လျူရှုထားသလိုပဲ၊ ဒါ ဟာ ကျွန်တော်က လေးလေးကို ဖြစ်နေရတဲ့ သံသယပါ"

ဤမေးခွန်းဝယ် လေးလေးမြင့်မှာ အဖြေခက်ယာ ရှိလေသည်။ သို့သော် ပြေတော့ ဖြေပေ၏။

"မိုးမှောင်ညရဲ့ လကွယ်သန်းခေါင်ကို ကြုံဖူးတဲ့လူအဖို့ အမှောင်ဆိုတာ မဆန်းတော့ဘူးပေါ့ ကိုရင်"

"အဲဒီစကားကို အနက်ဖွင့်မှ ကျွန်တော် နားလည်မှာ လေးလေး"



"အလွယ်လေးပါ ကိုရင်၊ ကိုရင်က ကိုယ့်ဇနီးတစ်ဦးကို အမှတ်မထင် သတ်များသတ်မိလေသလား အထင်နဲ့ ပရမ်းပတာ ကြောက်လန့်ထွက်ပြေးလာခဲ့တဲ့ လူသားပါ၊ လေးလေးအဖို့မှာက လူတွေကို တကယ်သတ်နေကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ နေ့စဉ်လိုလို ဆက်ဆံရတယ်လေ"

ကျွန်တော့်အဖို့ ထပ်တွန်းပဟေဠိသာ ဖြစ်ပြန်သည်။ လေးလေးမြင့်သည် အိုက်ပန်၏အခန်းသို့ မေးကလေးဆတ်ပြ လိုက်သည်။

"အိုက်ပန်ကို ကြည့်စမ်း ကိုရင်၊ ငယ်ငယ်ကတည်းက မိခိုင်နဲ့ ကစားဖက်ပေါ့၊ အိုက်ပန် အသက်ရှိလှမှ မိခိုင် လောက်ပေါ့၊ ဒါပေမဲ့ သူက သေနတ်ကြီးကိုင်လို့လေ"

လေးလေးမြင့် မျက်ရည်ဝိုင်းလေပြီ။ ကျွန်တော်ကမူ ဆေး၍သာ ကြည့်နေမိသည်။

"တကယ် လေးလေး ချစ်မြတ်နိုးတာက အနုစာပေပါ ကိုရင်၊ တကောင်းအဘိရာဇာခေတ်ကနေပြီး အင်းဝ ကုန်း ဘောင်ခေတ်ဆုံးထိ စာဆို စာဆိုကြီးတွေရဲ့ စာပေပရိယာယ် တွေ၊ ရေးဟန်တွေ၊ အတွေးအခေါ်တွေကို လေ့လာချင် တာပါ၊ ဆည်းပူးချင်တာပါ၊ တက္ကသိုလ်ရောက်တော့ လေးလေးက ရာဇဝင်လို၊ စိတ်ကြိုက်မြန်မာစာလို၊ မနုဿ ဗေဒလို အဲဒီဘာသာရပ်တွေကို တွဲချင်တာ၊ ဒါပေမဲ့ ဦးကြီး ဦးပန်းနိုင်က သတ္တဗေဒအခြေခံတဲ့ ဆရာဝန် ဖြစ်စေရမယ် တဲ့၊ ဒါဟာ တစ်ချက်လွှတ်အမိန့် ကိုရင်၊ ဒါကြောင့် လေးလေး ဆရာဝန်ဖြစ်လာရတယ်၊ ဆရာဝန်ဖြင့်လာပြန်

တော့ လေးလေးရဲ့ဆန္ဒက အပ်နဲ့ထိုး ငွေရှာတဲ့ ဆရာဝ
မျိုး မလုပ်လိုဘူး၊ ပြည်သူ့ဆေးရုံတွေလို ကုသိုလ်ဖြစ်
ဆေးရုံတွေမှာ လုပ်ချင်တယ်၊ လူနာဆိုရင် ကိုယ်က ဆေး
ခိုက်ကုပေးရသေးတဲ့ ဂေါ်ရင်ဂျီကုလားဖြစ်ဖြစ် ဓေတာနာ
ကုချင်တယ်၊ ဒါပေမဲ့လည်း မဖြစ်ပါဘူး ကိုရင်၊ ဦးကြီးက
ကိုယ်ပိုင်ဆေးတိုက်ဖွင့်စေတယ်၊ မြို့ပေါ်က အပြင်လူနာကို
ဟန်ပြကုစေတယ်၊ တကယ် လေးလေးကုနေတာက ဦးကြီး
ရဲ့လူနာတွေကိုသာပါ"

"ကျွန်တော့်လိုနဲ့ အိုက်ပန်လို့ လူနာမျိုးပေါ့"

"ကိုရင်ကတော့ ဦးကြီးနဲ့ မဆိုင်ပါဘူး၊ ဦးကြီးကိုတော
ကိုရင် မြင်ဖူးသေးတာမှ မဟုတ်တာ၊ မိနိုင်ကြောင့် ကိုရင
ကို ကုပေးရတာပါ၊ အဲ ... အိုက်ပန်ကျတော့ ဦးကြီးရဲ့
လူနာပေါ့လေ၊ အိုက်ပန်လို လူနာတွေ ဒီပြင်အခန်းမှာရှိ
သေးတယ်၊ ကဲ ... လေးလေးဘဝက သံပတ်ပေး ရလုတ်
နိုပ် မဆန်ပေဘူးလားဟင်၊ ဒီလောက်ဆိုးရွားတဲ့ လူနာတွေ
ကို ဒီလိုရည်ရွယ်ချက်နဲ့ ဆေးကုပေးနေရတဲ့ လေးလေး
အဖို့ ကိုရင့်ကို ဘာလို့ ဆက်ဆုပ်ရတော့မှာလဲ၊ လေးလေး
နေ့တိုင်းတွေ့နေတာက ကိုရင့်ထက် အပြန်တစ်ရာဆိုးတဲ့
လူတွေလေ"

ရှင်းပါ၏။ လေးလေး၏ ရှင်းပြချက် အနက်
အဓိပ္ပာယ်သည် ကွက်ကွက်ကွင်းကွင်း ရှိပေသည်။

ကျွန်တော့်ရင်ဝယ် လေးလေးမြင့်အတွက် ခံစားချက်
တစ်မျိုးကို ခံစားရသည်။



"သဘောပေါက်ပြီ လေးလေး၊ ကျွန်တော် နောက်တစ်ခု
သိချင်တာက လေးလေးရဲ့ဦးကြီး ဦးပန်းနိုင်ဟာ ဘာတွေလုပ်
နေတာမို့ လေးလေး ဒီလိုလူနာမျိုးတွေ ကုပေးနေရတာလဲ"

လေးလေးမြင့်သည် ကျွန်တော့်လူနာခုတင်ဘေးမှ
စားပွဲတွင်ရှိနေသော ကုလားထိုင်၌ ထိုင်လိုက်သည်။ ကျွန်တော်
က ခုတင်ပေါ်တွင် ထိုင်နေသူမို့ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိ
နေကြသည်။

"ပြောပြမယ်လေ၊ ဒီနေ့ ဒါကိုပြောချင်လို့လည်း ဒီကိုလာ
ခဲ့တာပဲ ကိုရင်၊ ဆေးတိုက်ကို မလာခင် စောစောက
ဦးကြီးဦးပန်းခုံင်ပေါ့။ လေးလေးကို မေးတယ်၊ မိနိုင်နဲ့
ကိုရင့်ရဲ့ အခြေအနေမှန်ကို လေးလေး သိသလားတဲ့၊
လေးလေးက ပြောပြလိုက်တယ်၊ ကိုရင်က မိနိုင်ကို
သံယောဇဉ်တော့ ရှိပုံပဲ၊ ဒါပေမဲ့ မရိုးမသား သံယောဇဉ်
မျိုး ဟုတ်ပုံမရဘူး၊ ညီမလေးလေး တစ်ယောက်ကို ခင်
တွယ်နည်းမျိုး ခင်တွယ်ပုံရတယ်လို့၊ ဒါပေမဲ့ မိနိုင်ကတော့
ကိုရင့်အပေါ်မှာ တိမ်းတိမ်းညွတ်ညွတ် ရှိနေတယ် ထင်ပါ
ရဲ့လို့လည်း ပြောပြလိုက်တယ်၊ ကိုရင်က ပေါ့ပေါ့ရမ်း
ရမ်းလူ မဟုတ်တာမို့ မိနိုင်အတွက် စိတ်ပူစရာ မရှိကြောင်း
ပါပေါ့လေ"

ကျွန်တော့်လက်ဝယ် စီးရက်မှာ တိုလှပေပြီ။ စားပွဲ
ပေါ်ရှိ ပြာခွက်ကို ကျွန်တော့်လက်တံဝဲကာ စီးရက်ကို ထိုးခြေလိုက်
စဉ် ပြတင်းပေါက်မှလေသည် ဝေပြီးအခန်းထဲသို့ ဆောင့်ဝင်လာ
သည်။

ဆေးလိပ်ခွက်ထဲမှ ပြာများသည် လေးလေးမြင့် ပေါင်ပေါ်သို့ ပြန့်ကျဲသွားတော့သည်။

"အဲဗျာ ..."

ကျွန်တော်သည် အမှတ်တမဲ့ပင် လေးလေးမြင့် ပေါင်ပေါ်မှ ဆေးလိပ်ပြာများကို ကပျာကယာ ပွတ်သပ်ကာ ပုတ်ထုတ်မိသည်။

လေးလေးမြင့်ကို အားနာစွာ ကျွန်တော် မော့ကြည့်လိုက်သည်။ သူမခမျာ မျက်နှာတွင် ရှက်သွေးများ ဖြာနေရှာ၏။

"အား ... တမင်လုပ်တာ မဟုတ်ဘူးနော် လေးလေး အမှတ်တမဲ့ ဖြစ်သွားလို့ပါ"

လေးလေးမြင့်က ကျွန်တော့်ကို မျက်စောင်းတစ်ချက် ပစ်ထိုး၏။

"ဘယ်သူကတော့ သူ့ကို ဘာပြောလို့လဲ၊ တကတဲ"

ကျွန်တော်သည် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်နေလိုက်သည်။ လေးလေးမြင့်က စကားဆက်သည်။

"နည်းနည်းတော့ ဆန်းနေတယ်၊ ကိုရင့်ကို ဦးကြီးက တွေ့ချင်သတဲ့၊ သူနဲ့ ကိုရင် မတွေ့သေးခင် ဦးကြီးက သူ့လုပ်ငန်းအကြောင်းတွေ ကိုရင့်ကို ပြောထားနှင့်ပါတဲ့၊ ဆန်းတယ် ကိုရင်၊ သူ့လုပ်ငန်းအကြောင်းတွေကို ပြောရမယ်ဆို ကောင်းသောလုပ်ငန်းတွေအကြောင်း မဟုတ်လို့ဘဲ၊ လူသိမခံသင့်တဲ့ကိစ္စတွေကို ဖွင့်ပြောနိုင်းတာကို လေးလေး အံ့ဩနေမိတယ်"

"ယုံယုံကြည်ကြည် ပြောနိုင်ပါတယ် လေးလေး"



"ဟုတ်ပါပြီ၊ ပြောလည်း ဒီက ပြောမှာပါ၊ ဦးကြီးရဲ့အမိန့်ပဲ၊ ပြောကို ပြောရမှာပေါ့၊ ဒီလို ကိုရင်၊ ဦးကြီးမှာ လက်ဖက်နဲ့လိမ္မော်ခြံတွေ ကျောက်မဲ၊ သီပေါ၊ နမ့်စန်မှာ တော်တော်များများရှိတယ်၊ အဲဒီကထွက်တဲ့ အသီးအရွက်တွေ ဟာပဲ သူတို့ကို ချမ်းသာလောက်ပါတယ်၊ ဒါပေမဲ့ ဦးကြီး က လောဘကြီးတယ်၊ နယ်ခြားအဆက်အသွယ်ယူပြီး မဟုတ်တာတွေ လုပ်တယ်လေ"

"ဘယ်လိုများလဲ လေးလေး"

"ဘိန်းနဲ့ ရွှေချောင်းပေါ့၊ လက်ဖက်စို၊ လက်ဖက်ခြောက် နဲ့ လိမ္မော်သီးတွေ ရေ့ကစမ်းပြပြီး ဘိန်းနဲ့ ရွှေချောင်းက အမြဲပါတယ်၊ ဒီလုပ်ငန်းကို ဦးကြီးက ကျင်ကျင်လည်လည် လုပ်လာတာလည်း ကြာပြီ၊ အန္တရာယ် အင်မတန်များတဲ့ အလုပ်ပါ၊ အစိုးရက မိရင်ဖမ်းတယ်၊ အဖွဲ့ချင်းတွေ့တော့ လုတယ်၊ တိုက်တယ် နိုက်တယ်၊ ဟိုတလောက ကိုဝဏ္ဏ ကို နမ့်စန်ဘက် လွှတ်တာလည်း ဒါပဲ၊ သိန်တို့အုပ်စုက သတင်းရထားတယ် ထင်ပါရဲ့၊ ကြားဖြတ်ပြီး ခေါင်းတုံးပေါ် ထိပ်ကွက်လိုက်တယ် ကိုဝဏ္ဏက ကိုယ်လွတ်ရုန်း ရှောင်ပြေးတယ်၊ သူ့အပြောကတော့ သူ့ကိုမိရင် သိန်က အသေသတ်မှာမို့ပါတဲ့၊ အိုက်ပန်က အတတ်နိုင်ဆုံး အခြေအနေကိုထိန်းရင်း ပန်းမှာ ထိလာတာပဲ၊ အပြေကတော့ ဦးကြီး ခံလိုက်ရတယ်ပေါ့၊ ဒီကိစ္စကစပြီး ဦးကြီးဟာ ကိုဝဏ္ဏကို မကျေနပ်ဘူး၊ အိုက်ပန်ကလည်း နမ့်စန်ကိစ္စ

မှာ မခံသင့်ဘဲ ခံရတယ်၊ လူအား လက်နက်အားမညီ ကိုဝဿ ရှော်ရှို့ ခံရတာလို့ ဦးကြီးကို ဝေဖန်ပြတယ် နောက်ဆုံး ဦးကြီးရဲ့စိတ်မှာ ကိုဝဿဟာ သစ္စာဖောက်ပြီး သိမ်နဲ့ တိတ်တိတ်ပူးပေါင်းတယ်လို့တောင် ထင်နေတယ်"

နဂိုက ရိပ်မိရုံသာရှိသည်။ ယခုမူ အတိအလင်း အားလုံးသိရပေပြီ။ ထူးဆန်းနေသည်မှာ ဦးပန်းခိုင်သည် ဤလို့ရက် အကြောင်းများကို ကျွန်တော့်အား အဘယ်ကြောင့် သိစေလိုနေ ပါသနည်း။

ကျွန်တော်သည် စီးကရက်ဘူးကို လှမ်းလိုက်မိပြန် သည်။ လေးလေးမြင့်သည် ကျွန်တော့်လက်ကို ပုတ်လိုက်၏။

"ဘာလဲ ... ပြာခွေဦးမလို့လား၊ ဟွန်း"

ကျွန်တော် စီးကရက်ဘူးကို ပြန်ချထားလိုက်မိသည်။ လေးလေးမြင့်သည် ကျွန်တော် ပြန်ချထားသည့် စီးကရက်ဘူးကို ကောက်ယူကာ တစ်လိပ်ထုတ်ယူလိုက်သည်။ နှုတ်ခမ်းပန်းနုကြား တွင် စီးကရက်ကို ခဲလိုက်၏။ မီးညှိသည်။ ကျွန်တော်သည် လေးလေးမြင့် စီးကရက်သောက်သည်ကို တစ်ခါမျှ မတွေ့ဖူးရှိ ငေးကြည့်နေမိသည်။

"ရော့ပါ၊ အလကား နောက်တာကို ကြောက်တတ်လိုက် တာ လွန်ရော"

လေးလေးမြင့် ပေးသော စီးကရက်ကို ကျွန်တော် ယူလိုက်သည်။ စီးရက်ဖြူဖြူလေး၏ ဖင်ဝယ် ပန်းနုရောင်စွန်းကျန် ခဲ့သည်။ ကျွန်တော်က အားပါးတရ ရှိုက်ဖွာလိုက်သည်။



"ဦးကြီး စိတ်ထဲမှာ သိပ်ခံပြင်းနေပုံရတယ်၊ သူတို့အလုပ် က နယ်ခြားဖောက်သည်ကို ဖမ်းကြရတဲ့ အလုပ်မို့လား၊ သိမ်ဟာ ဦးကြီးရဲ့တပည့်ရင်း တစ်ယောက်ပဲ၊ ဟိုတုန်းက တော့ သိမ်ဟာ ဦးကြီးရဲ့လက်ရုံးပေါ့၊ သိမ်က လုပ်ရင်း ကိုင်ရင်း ဖောက်သည်ဆက်တွေနဲ့ ရင်းနှီးလာတော့ ဦးကြီး ဆီက ခွဲထွက်ပြီး တစ်စင်ထောင်တယ်၊ အခု အခြေအနေ ကိုကြည့်ရင် သိမ်က ဦးကြီး အပေါ်မှာတောင် ခေါင်းအုံး ပေါ် ထိပ်ကွက်လာတယ်၊ ဒီလို ထိပ်ကွက်နိုင်တာဟာ ဒီက အတွင်းလူပါလို့လို့ ဦးကြီးက ထင်တယ်၊ အိုက်ပန် ကလည်း ဒီလိုပဲ ထင်တယ်"

"ထားပါတော့၊ ဖြစ်မယ်ဆိုလည်း ဖြစ်နိုင်တာကိုး၊ ဒါပေမဲ့ ဦးပန်းခိုင်က ဘယ်လိုသဘောနဲ့ ဒါတွေကို ကျွန်တော် သိစေချင်တာလဲ လေးလေး၊ အံ့ဩစရာပဲနော်၊ ကျွန်တော့် ကိုတောင် သူက မြင်ဖူးသေးတာမှ မဟုတ်တာ"

လေးလေးကလည်း ကျွန်တော် လုပ်ပြခဲ့သလို ပခုံး ဝိုင်းဝိုင်းကလေးကို တွန့်ပြလိုက်သည်။

"လေးလေး ကိုယ်တိုင် အံ့ဩပါတယ်လို့ ပြောထားသား ပဲ၊ တစ်ခုတော့ တွေးလို့ရတယ် ကိုရင်"

"ဘယ်လို"

"ဦးကြီးမှာ လက်ရှိအခြေအနေအရ အားကိုးရမယ့်လူလို နေတဲ့ အချိန်ပဲ၊ ကိုရင့်ကိုများ သူက မျှော်ရည်ရွယ်လား မှ မသိတာ"

"မဖြစ်နိုင်ပါဘူး၊ ကျွန်တော်ကလည်း သူ့ကိုမသိ၊ သူက လည်း ကျွန်တော့်ကိုမသိနဲ့ ယုံယုံကြည်ကြည် ဘယ်ဖြစ်မလဲ။ ကျွန်တော်နဲ့စာရင် ကိုစွန်နောင်းဟာ သူ့အတွက် ပိုပြီး အဓိပ္ပာယ်ရှိမနေဘူးလား"

"ဟင်း … ကိုစွန်နောင်းလိုလူက ဒီအလုပ်မျိုး လုပ်မတဲ့လား ဒါပေမဲ့ မပြောတတ်ဘူးလေ၊ ခုတလော ကိုစွန်နောင်း တစ်ယောက်လည်း ဦးကြီးဆီ အလာတော်တော်များတယ်၊ မိနိုင် ရှိနေလို့ လာတာပဲလား၊ ဒါမှမဟုတ် ဦးကြီးရဲ့ဆေး အရများ လာနေတာလား မသိဘူး"

ကျွန်တော်သည် ခုတင်မှဆင်းကာ ပြတင်းပေါက်သို့ သွားရပ်မိသည်။ ခန်းဆီးစိမ်းကို ဘေးသို့ဆွဲကာ ပြင်ပသို့ ကြည့်မိ၏။ ထုံးစံအတိုင်း ကျောက်မဲ၏ရှုခင်းက လှပလျက်ရှိနေသည်။ တောင်များသည် မှိုင်းနေသည်။ တောပင်များသည် စိမ်းနေ၏။ တောင်ယာများသည် နီတွေးလျက်ပင်တည်း။

လေးလေးမြင့်၏ ထင်မြင်ချက်ကို ကျွန်တော် စဉ်းစား ကြည့်သည်။ ဦးပန်းနိုင်သည် ဝရွာကို လက်လွှတ်ချင်ဟန်တူ၏။ ထိုနေရာတွင် ကျွန်တော့်အား အသုံးပြုရန် ရည်ရွယ်လေသလား မသိဟု လေးလေးမြင့်က ထင်မြင်သည်။ ဖြစ်နိုင်စရာလည်း ရှိနေသည် ထင်ပါသည်။ ဤလုပ်ငန်းမျိုးဆိုသည်မှာ ဦးနှောက်ရော လက်ရုံးရည်ရော၊ သတ္တိရော လိုပေသည်။ စောသီရိနိုင်သည် အနီးစခန်း၌ ဝရွာနှင့် ကျွန်တော်၏ သတ်ပုတ်ပွဲကလေးကိုများ သူ့ဘဘအား ပြောခဲ့လေသလား။ စောသီရိနိုင်၏ ထောက်ခံချက်



ကြောင့်ဆိုလျှင် စောသီရိနိုင်သည် သူ့အစ်ကို ကျွန်တော့်အား အထင်ကြီး စေ့ဆိုတွယ်သည်နှင့်အမျှ ကျွန်တော့်ကို သူရဲကောင်းကြီး လို ဝိုဝိုနီနီ ပြောမည်မှာ မုချ။

ကိုစွန်နောင်းနှင့် အိုက်ပန်သည် ဆေးတိုက်ပေါ်ဝယ် သေနတ်ကိုင် ဝရွာကိုပင် ဒဏ်ရာကြီးနှင့်မ ကျွန်တော်က မျက်နှာ မပျက် ရင်ဆိုင်သည်ကို ဦးပန်းနိုင်အား ပြန်လည်ဖောက်သည်ချ ခဲ့လေသလော။

ကျွန်တော်သည် ဝါသနာနှင့် အလေ့အကျင့်အရ သတ်ပုတ်တိုက်ခိုက်မှုတွင် စွမ်းဆောင်နိုင်သည်မှာ မှန်ပါသည်။ သို့သော် ကိုယ်ခံတိုက်ခိုက်မှုစွမ်းရည်ဖြင့်တော့ ဒုစရိုက်မလုပ်လိုပါ။ ဤပညာရပ်များသည် ကိုယ်က သူများအား အနိုင်ကျင့်စော်ကား ရန်ဟု မခံယူခဲ့ပေ။ ကိုယ့်ကို အနိုင်ကျင့် စော်ကားပါမှ ခုခံရန် ကိုယ်ခံပညာများ ဖြစ်စေရမည်။ ကျွန်တော်၏ပင်ကိုစိတ်ကို ပြန် လည်ဆန်းစစ်ကြည့်မိသည်။

ကျွန်တော့်အပေါ်တွင် နှားလုပ်ခဲ့သော၊ ဖောက်ပြန် ခဲ့သော၊ မထီမဲ့မြင်ပြုခဲ့သော ကျွန်တော်၏ဇနီး သစေင်မြိုင်ကို ကျွန်တော်သည် သတ်ပစ်ချင်လောက်အောင် နာကြည်းစေကာမူ တစ်ကြိမ်တစ်ခါမျှ သူမအား သတ်ပစ်ရန် မရည်ရွယ်ပါ။ အနု နည်းနှင့် သစေင်မြိုင်အား ရှောင်ခွာရန်သာ ကျွန်တော့်စိတ်ရင်း၌ ရှိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ အကယ်၍ ဟိုညက သစေင်မြိုင့်ကို ကျွန်တော် ပစ်သတ်မိသည် ဆိုပါလျှင်လည်း ပင်ကိုစိတ်ပျောက် အောင် အမူးလွန်ခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။

ဖြစ်မှုတစ်ခုအတွက် ထွက်ပြေးခဲ့ရင်း ကိုယ့်ဟာကိုယ် နောင်တရ၍မဆုံးသေးမီပင် ကျွန်တော်သည် ဦးယန်းနိုင်၏ ဒုစရိုက်သားကောင်အဖြစ် ခံလေဦးမည်လား။

ဘယ်နည်းနှင့်မျှ ဒုစရိုက်သားကောင် မဖြစ်စေရဟု ကျွန်တော် ဆုံးဖြတ်ပါသည်။

အပြင်ကိုငေးရာမှ အတွင်းသို့ ပြန်လှည့်လိုက်သည်။ ဘယ်အချိန်က ကျွန်တော့်ကျောအက်တွင်ကပ်၍ ကျွန်တော့်ကို ပြင်ပသို့ လေးလေးမြင့် ငေးနေသည်မသိ။ ကျွန်တော်အလှည့်တွင် လှချင်းမှာ ရင်ချင်းအပ်မတတ် နီးကပ်လျက် ရှိသွားသည်။

လေးလေးမြင့်သည် ကျွန်တော့်အား မော့မော့ကလေး ကြည့်နေသည်။ ကျွန်တော်သည် လေးလေးမြင့်ကို ကြည့်မိသည်။ ကျွန်တော့်ရင်ဝယ် စောစောက ခံစားရသော ရှိန်းမြမြ အရသာ ထပ်မံခံစားရပြန်သည်။ လေးလေးမြင့်၏ ထွက်သက်သည် ကျွန်တော့်ရင်အုံကို ပူနွေးစေသည်။ ကျွန်တော်၏ထွက်သက်တို့ကလည်း လေးလေးမြင့်၏ နဖူးဆံစများကို ကွေးစေ ကစေသည်။

ကျွန်တော့်တွင် ဒုက္ခတွေ ပင်လယ်ဝေနေသည်မှန်၏။ ဤအချိန်အခါနှင့် ဤအခြေအနေဝယ် ကျွန်တော်သည် ချစ်ရေး ကြိုက်ရေးကို ဦးစားပေးရော မဟုတ်ပါ။ ဒါက ဦးနှောက်၏အသိသာလျှင် ဖြစ်ပေသည်။ တကယ့်နှလုံးသားနှင့် ဆိုလေလျှင်ကား ...

"ကျွန်တော့်ဘဝမှာ ချစ်ပါတယ်ဆိုတဲ့ စကားတစ်လုံးပြောလိုက်ရဘဲ အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ရပါတယ် လေးလေး၊ အခု လေးလေးကိုတော့ ချစ်တယ်၊ သိပ်ချစ်



တယ်လို့ ပြောစမ်းပါရစေ၊ အာကာသတွေ၊ မေဃတွေ၊ သမုဒ္ဒရာတွေ စတဲ့အဖွဲ့အနွဲ့တွေ အားလုံးထက်ပိုလို့ သာလို့ လေးလေးကို ကျွန်တော်ချစ်တယ်၊ ယုံပါ၊ ကျွန်တော့်ကိုတော့ လေးလေး ပြန်ချစ်ချင်မှ ချစ်ပါ၊ လေးလေးရဲ့ အချစ်ကို ရယူဖို့ထက် ကျွန်တော့်တစ်သက်မှာ ကျွန်တော် ဘယ်သူ့ကိုမှ မပေးရသေးတဲ့ ကျွန်တော့်အချစ်တွေ လေးလေးကို ပေးရရင် ကျေနပ်ပါပြီ"

ကျွန်တော်၏အသံသည် တုန်နေသည် ထင်ပါသည်။ ကျွန်တော်၏ တစ်ကိုယ်လုံးမှာလည်း တုန်ယင်နေ၏။ မည်သို့ဆိုစေ တစ်သက်တွင် သည်တစ်ခါသည် ကျွန်တော့်ကို အကြည်နူးဆုံးဆိုသည်ကို ဝန်ခံရပါမည်။

"လွှတ်ဦးကွယ်၊ အသက်ရှူလို့ မရတော့ဘူးနော်"

ကျွန်တော်သည် လျော့ရဲစွာပင် လေးလေးမြင့်ကို လွှတ်ပေးလိုက်ပါသည်။ လေးလေးမြင့်သည် နောက်သို့ မသိမသာ ဆုတ်သွားသည်။ မျက်နှာအမူအရာမှာ ကျွန်တော့်အား လက်ခံသည်လည်းမဟုတ်၊ ငြင်းပယ်သည်လည်း မဟုတ်၊ ကျွန်တော် လေးလေးကို တောင်းပန်စကား ဆိုရသည်။

"ခွင့်လွှတ်ပါ လေးလေး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ချစ်တယ်ဆိုတဲ့ စကားကိုတော့ လေးလေး အသိအမှတ်ပြုပါ၊ တကယ်တော့ ကျွန်တော်ဟာ လေးလေးရဲ့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်တဲ့လူလည်း မဟုတ်ပါဘူး၊ လေးလေးကိုလည်း ကျွန်တော်က လက်ဝယ်ရရှိပိုင်ဆိုင်အောင် မကြိုးစားပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော်က ကြိုး

စင်ပဲတက်မလား၊ ကျွန်းကိုပဲ သွားမလားဆိုတဲ့ တရား ပြေးတစ်ယောက်သာပါ လေးလေး။ တက္ကသိုလ်တုန်းက လေးလေး လက်ဖဝါးတွေ နာကျင်သွားအောင် ညြှတာ ခဲ့ရတဲ့ ခင်မောင်သက် ဘဝမျိုး မဟုတ်တော့ပါဘူး လေး လေးရယ်"

လေးလေးမြင့်သည် ကျွန်တော်ပြောသမျှကို ငြိမ် နားထောင်သည်။ ကျွန်တော့်အား တွေဝေငေးစိုက်ကြည့်ပြီး မိန် မောနေ ရှာသည်။ ကျွန်တော်၏ စကားကိုမူ တစ်လုံးတလေမျှ ခွန်းတုံ့မပြန်ပေ။ သူမ၏ မျက်အိမ်ဝယ် ဝဲတက်လာသော မျက်ရည် တို့ကို ကျမလာအောင် အားတင်း၍ ထိန်းရှာသည်။

ထို့နောက်မှာတော့ လေးလေးမြင့်သည် ရှာခန်းလှ ကာ အခန်းတံခါးဆီသို့ အပြေးကလေး ထွက်သွားပါတော့သည်။

ကျွန်တော်သည် စုတင်ပေါ်သို့ ပစ်လှဲလိုက်သည်။ ဖြူဖွေးသော မျက်နှာကြက်ကို ငေးစိုက်ကြည့်နေမိသည်။ တစ် ထ၍ထိုင်လိုက်မိပြန်သည်။ ကျွန်တော့်စိတ်တွေ လှုပ်ရှားလွန်း သည်။ မည်သို့ဆိုစေ မည်သည့်အကြောင်းတွေကိုပဲ ကြည့်ကြ ကျွန်တော်သည် ဤနေရာ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်၌ ဆ လက်မနေသင့်တော့ပေ။ လေးလေးမြင့်အဖို့လည်း မကောင်း ဒေါသီရိနိုင်အဖို့လည်း မကောင်း၊ ကိုခွန်မျှောင်းအဖို့လည်း မကောင်း အားလုံးအတွက် ကျွန်တော် ရှိနေခြင်းသည် အနှောက်လကျ လျှင် ပြနေ၏။ ကျွန်တော့်အတွက်ကော ဤမှာ ဤအတိုင်း ကောင်းပါလေသလော၊ အဖြေသည် "မကောင်း" ဟူ၍သာ ဖြစ် သည်။



စုတင်အောက်တွင်ရှိသော ကျွန်တော့် ခရီးဆောင် သေတ္တာကို ဆွဲထုတ်လိုက်သည်။

ကျွန်တော်သည် မဆုံးလေသော ခရီးကို ဆက်လက် ထွက်ပါလေဦးမည်။

ကျွန်တော်သည် မချစ်မနစ်သက်သော့နှင့် ပေါင်း ဖက်၍ရှုံးသကဲ့သို့ပင် ချစ်ခင်နှစ်သက်သူနှင့် ကွေကွေကွင်းကွင်း ဖြစ်ရန်အတွက် ခရီးဆက်ရပေလေဦးမည်။

ဆက်လက် ထွက်ခွာရပါလေဦးမည်။

● ● ●

## ၉

သုံးယောက်နှင့် တစ်ယောက် ပွဲမပို့ အကဲကတော မဟာန်ပေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်ရမည်သာ။

လေးလေးမြင့်၏ဆေးတိုက်မှ လက်ဆွဲသေတ္တာကို ဆွဲကာ ကျွန်တော်သည် နောက်ပေါက်မှ လစ်ထွက်လာခဲ့သည်။ အကယ်၍ ရှေ့ပေါက်မှ ထွက်ပါလျှင် လေးလေးမြင့်နှင့် တွေ့နိုင်သည်။ တွေ့ပြန်လျှင် တားလေမည်။

လေးလေးမြင့် တားလာလျှင် ကျွန်တော်၏ဆုံးဖြတ်ချက်သည် ပျက်ပြယ်မည်သာ ဖြစ်၏။

စောသီရိနိုင်သည် ကျွန်တော် ဤကဲ့သို့ တိတ်တ ဆိတ် ထွက်ခွာပြေးမည့်အရေးကိုမြင်၍ ကျွန်တော့်ကားကို သူမ၏ အိမ်၌ သိမ်းထားပါသည်ဟု ဆိုဖူးလေသည်။ သူမအိမ်သည် ဆေးရုံအနီး၌ရှိကြောင်းလည်း ပြောဖူးသည်။ ဆေးရုံကိုမူ ကျွန် တော် သွားတတ်ပါ၏။ တစ်ကြိမ်က လေးလေးမြင့်နှင့် လာ လျှောက်ထွက်ခဲ့ဖူးသည် မဟုတ်ပါလား။ ဆေးရုံနှင့် မလှမ်းမကမ်း



ခားလွယ်ခုတ် ကုန်းမြင့်မြင့်ကလေး၌ အောင်စေတီရှိမှန်း ကျွန်တော် သတိရမိသည်။

ဆေးရုံအနီးတွင် ရှိလေမည့် စောသီရိနိုင်၏အိမ်သို့ ကျွန်တော် ပထမသွားရမည်။ ၎င်းမှ ကျွန်တော့်ကားကိုယူကာ ဘယ်ကိုဖြစ်ဖြစ် အလျှဉ်းသင့်သလို ကျောက်မဲမှ ကျွန်တော်ထွက် ခွာသွားမည်။ စောသီရိနိုင်က မေးလျှင် ကိစ္စတစ်ခုကြောင့် ဟိုနား ဒီနား ခဏသွားမည်။ ချက်ချင်း ပြန်လာခဲ့မည်ဟု ကျွန်တော် မုသားသုံးပါမည်။

တဖြည်းဖြည်း လျှောက်ခဲ့ရင်း မြို့ပြင်သို့ ရောက် လာခဲ့သည်။ လူနေအိမ်ခြေများ ကျဲလာပါ၏။ ဘောလုံးကွင်းကြီး အနီးသို့ ရောက်လာခဲ့သည်။

ကျွန်တော့်ရှေ့တူရူမှ ကားတစ်စီး မောင်းလာသည် ကို တွေ့ရသည်။ နှစ်ဆန်းပက်ထရို ကားဝါတစ်စီး ဖြစ်လေ၏။ ထိုကားသည် ကျွန်တော့်ကို ပထမလွန်သွားပြီးမှ ရပ်လိုက်သည်။

ကားပေါ်မှ လူသုံးယောက် ဆင်းလာသည်။ အားလုံး အမျိုးသားချည်းဖြစ်၏။ ကျွန်တော့်စိတ်ဝယ် သူတို့ဘာသာ သူတို့ ကိစ္စဖြင့် ကားပေါ်မှ ဆင်းလာကြသည်ဟုသာ သာမန်တွေးလိုက် သည်။ တွေးလည်း တွေးသင့်၏။ ဤလူသုံးဦးစလုံးကို ကျွန်တော် သည် တစ်ကြိမ်တစ်ခါမျှ တွေ့ဖူး၊ သိဖူးသည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

ပထမတော့ ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ မြင်ဖူးသူများ မဟုတ်လေသဖြင့် ကျွန်တော်နှင့် မပတ်သက်ဟု ထင်မိသည်။ ဣန္ဒြေမပျက်ပင် ဆက်လျှောက်လာမိသည်။

သို့သော် သူတို့မျက်လုံးသုံးစုံသည် ကျွန်တော့်ကိုသာ စူးစိုက်ကြည့်နေကြသည်။ မျက်နှာထားများကလည်း တင်းတင်းမာ နေကြ၏။ အဆိုးဆုံးမှာကား သူတို့သုံးဦးသည် ဗုံးကပ်၍လာကြ သည်မဟုတ်။ အလယ်လူကို ဗဟိုပြုကာ ဘယ်တောင်ပံ၊ ညာ တောင်ပံဝိုက်၍ ကျွန်တော့်အား ဝိုင်းဝန်းလိုသည့် သဘောတွေ ပြလာသည်။

ကျွန်တော် နားလည်ရလေပြီ။ ဤလူဆိုးသုံးဦးသည် ကျွန်တော့်အား ရန်မူလိုသောဆန္ဒ ရှိနေကြောင်း သူတို့အမူအရာ နှင့် အပြုအမူက သက်သေခံနေကြသည်။

ကျွန်တော်သည် ဖျတ်လတ်သွက်လက်စွာပင် ဘော လုံးကွင်း၏ အုတ်နံရံသို့ ကျောကပ်ထားလိုက်သည်။ အရေးကြီး သည်မှာ နောက်လုံဖို့ဖြစ်၏။ ရှေ့ကိုမဲ၍ တိုက်ခိုက်စဉ် နောက်မှ အလစ်ဝင်မခံရဖို့ အရေးကြီးသည်။

အလယ်လူက စကားစပြောပေ၏။

“သတင်းစကားအရ ဆိုရင်တော့ ကိုယ့်လူက လူစွမ်းကောင်း ပါ၊ ကျွန်စစ်သား ဝင်စားသလားတောင် အောက်မေ့ရသတဲ့ အခုတော့ ကျုပ်တို့သုံးယောက်ကလေးများကိုတောင် နောက် ဆုတ်ပြီး နံရံကျောကပ်ထားရသလား၊ ကြေ့ ကိုယ့်လူမှာ အရိုးမာလုံ လိုနေပြီထင်တယ်”

စကားကို ရိသဲ့သဲ့ပြောသော အလယ်လူသည် သူတို့ သုံးဦးတွင် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ ထိုလူက ရယ်ပြီးစကား ပြောနေစဉ် ဘေးဝဲယာလူနှစ်ဦးကလည်း ရယ်နေကြသည်။ အလယ် လူရှေ့တိုးလျှင် ဘေးလူနှစ်ဦးလည်း တိုးလာမည်ဖြစ်ပြီး အလယ်



လူက စတင်တိုက်ခိုက်လျှင် သူတို့အားလုံး ကျွန်တော့်အား တိုက် ခိုက်လိမ့်မည်ဟု ခန့်မှန်းရသည်။

အလယ်လူသည် ရည်မွန်လေသည်။ ရုပ်လည်း ဘေးလူနှစ်ဦးထက် သန့်၏။ ကျွန်တော်သည် သူတို့သုံးဦးစလုံး ကို မျက်ခြည်မပြတ်စေရန် သတိထားရသည်။ သုံးယောက်နှင့် တစ်ယောက်မို့ အနည်းငယ်တော့ ကျွန်တော်စိတ်တွင် စိုးရိမ်မှုရှိ သည်။ ယခုပွဲသည် ကြည့်ကောင်းအောင် ပရိသတ်ရှေ့တွင် ဟန် ရေးပြ တိုက်ခိုက်ရသည့် စင်မြင့်သတ်ပွဲ မဟုတ်ပေ။ ဘေးက သတ်ခုပ်တီး ဩဘာပေးမည့်သူလည်း မရှိ။ ဖျန်ဖြေပေးမည့် ဒိုင် လူကြီးလည်း မရှိ။ ဝင်ကွက် တိုက်ကွက်မှားသောကြောင့် အပြစ် ပေး အမှတ်လျှော့မည့်သူလည်းမရှိ။ သူ့အသက် ကိုယ့်အသက် ဘာကယ့်ပွဲသာ ဖြစ်ပေသည်။

ကျွန်တော်သည် အချည်းနှီးမစွန့်စားလို၍ ဤသို့ အင်အားမမျှသည့်ပွဲတွင် သေနတ်ကိုသုံးရန် သတိရမိသည်။ အိတ် ထောင်းသို့နှိုက်ရန် လက်ပြင်လိုက်၏။

“အာ ... အာ ... ဒီလို မှဘူးလေ၊ ကိုယ့်လူမှာက သေနတ် တစ်လက် ကျည်ဆန်သုံးတောင့်တည်း မဟုတ်လား၊ ကျုပ် တို့မှာ သေနတ်သုံးလက် ကျည်ဆန်တွေက အများကြီး၊ ပစ်ကြ ခတ်ကြစတမ်းဆိုရင် ကိုယ့်လူ မှုမှုကြေသွားမှာပေါ့၊ ပြီးတော့ ဒီနားမှာက ဆေးရုံနဲ့လည်းနီးတယ်၊ စစ်တပ်နဲ့ လည်းနီးတယ်၊ သေနတ်သံတွေပေးလို့ မသင့်တော်ဘူး၊ ကိုယ့်လူကို ကျုပ်တို့က သတ်ပစ်ဖို့ မရည်ရွယ်ပါဘူး၊ ဆွေးနွေးချင်တာလောက်သာပါ”

ကျွန်တော် အံ့သြမိသည်။ ကျွန်တော့်တွင် ကျည်ဆ
သုံးတောင့်သာကျန်သော သေနတ်ရှိမှန်း သူတို့ သိနေကြသည်။
သူတို့သည် မည်သူတွေနည်း။ ကျွန်တော်နှင့် ကျွန်တော့်အကြောင်း
ကို သေချာသိထားပြီးမှ ရင်ဆိုင်ကြသူများ ဖြစ်သည်။ ရေးသွ
ဟန်လွဲ အနိုင်ကျင့်သည့်ပုံစံမျိုး မဟုတ်ပေ။ အလွန်သတိထားသ
ပေသည်။ အလယ်လူ၏စကားကို ကျွန်တော် လက်ခံပေသည်။
သူတို့သည် ကျွန်တော့်အား သတ်ပစ်ရန်အထိ ရည်ရွယ်ဟန်မတူ။
သူတို့ထံ၌ သေနတ်သုံးလက်ပါမည်မှာ ကေန်မုချ။ သို့သော
ထုတ်မကိုင်ပေ။ ကျွန်တော်ကသာ သေနတ်ကို ဖွက်ထုတ်လျှ
သူတို့ကလည်း ညှာမည်မဟုတ်၊ ကျွန်တော် သေနတ်ထုတ်
လက်လျှော့လိုက်သည်။

ကျွန်တော်သည် ကျွန်တော့်လက်ကို ဘေးသို့
အတိုင်း ပြန်ချထားလိုက်သည်။ ကျန်သောလက်တစ်ဖက်က
လက်ဆွဲသေတ္တာကို ဆွဲကိုင်ပြီး ကိုင်ထားလျက် ရှိနေ၏။

အလယ်လူသည် စကားပြောပြန်သည်။

"ကိုယ့်လူ ဒီမြို့ကအမြန်ဆုံး ထွက်သွားရင် ပြဿနာအ
လုံး ပြီးကြမှာပါ၊ ကိုယ့်လူ ဒီကိုရောက်လာမှ မလိုအပ်
ကိစ္စတွေ ဖြစ်လာရတယ်၊ ဒီလိုဆိုလိုက်လို့ ကိုယ့်ဟာကို
လည်း အထင်မကြီးသွားနဲ့ ကိုယ့်လူ၊ ကျုပ်တို့မှာ ကို
လူလို လူပေါင်းတစ်ရာလောက်ကို အလွယ်တကူ နှင
နိုင်အောင် အဖွဲ့တောင့်တယ်၊ ဒါပေမဲ့ စည်းမဲ့ကမ်းမဲ့မလု
ချင်ပါဘူး၊ အဲဒီတော့ ဒီမြို့က အသာတကြည်သာ ထွ
သွားပေတော့"



ကျွန်တော်သည် သည်မြို့မှထွက်ခွာရန်ပင် ထွက်လာခဲ့ခြင်းဖြစ်၏။ ကျွန်တော် ထွက်ခွာလိုသည်မှာ ကျွန်တော် သောက်ထားရသော အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည်။ ယခုမူ သူတို့ကိုကြောက်၍ ထွက်သွားရသလိုလို ဖြစ်ရတော့မည်။ ခံပြင်းစရာကောင်းလှ၏။ သည်လူစုသည် မည်သည့်ပုံစံမျိုးနှင့် ကျွန်တော့်အား ခြိမ်းခြောက်နေပေသနည်း။ အဖြစ်နိုင်ဆုံးမှာ ဝတ္ထု၏တပည့်သက်သားများသာ ဖြစ်ပုံရသည်။ ကျွန်တော့်လက်ဝယ် ကျည်ဆန်သုံးတောင့်သာရှိကြောင်းမှအစ သူတို့ သိနေကြသည်။

ကျွန်တော်က သည်မြို့မှ အမြန်ဆုံးသွားပါမည်ဟု သူတို့အား ကတိပေးဝန်မခံချင်ပြန်ပေ။ အညှံခံရာ ရောက်သွားမည်ကို ကျွန်တော် မလိုလား။ လူဆိုသည်က စက်လှသည်။ မိမိဆန္ဒအရ ဘာကိုပဲ လုပ်ရ လုပ်ရ ကျေနပ်သည်။ အနိုင်ကျင့်ခြိမ်းခြောက်နိုင်းစေချက်မျိုးကျလျှင် တတ်နိုင်ပါက ဆေနိုင်းချက်နှင့် ဆန့်ကျင်ဘက်ကိုသာ ပြုချင်တတ်သည်မှာ လူ့စိတ်ဟုဆိုရတော့မည်။

"ကျွန်တော် ဒီမြို့က မသွားဘူး ဆိုရင်ကော"

အလယ်လူက ရယ်လိုက်၏။

"ကိုယ့်လူမှာ အာရောဂျ မရပမ်လာဘဲ ဖြစ်လာမှာ မဟုတ်တော့ဘူးပေါ့"

ကျွန်တော်သည် ပခုံးတွန့်ပြလိုက်မိသည်။ ဘာမဆိုင်ဆိုင်ရန်ကိုလည်း ဆုံးဖြတ်လိုက်၏။

"ဒါဖြင့် မသွားဘူးပေါ့ဗျာ"

အလယ်လူ၏မျက်နှာ တင်းမာသွားလေ၏။ ထို နောက် ရပ်နေရာမှ တစ်လှမ်းချင်း ကျွန်တော့်ဆီသို့ တိုးကပ်လာ သည်။ ထိုလူတိုးလာသောအခါ ဘေးလူနှစ်ယောက်ကလည်း တိုးလာသည်။ သုံးဖက်သုံးတန်ညှပ်၍ တိုက်ဟန်ပြင်ဆင်ခြင်းပင်

ကျွန်တော်က စောင့်နေသည်။ အနည်းငယ် [illegible] ကပ်စေလိုသေး၍ဖြစ်၏။ လွယ်မည်တော့ မဟုတ်မှန်း ကျွန်တော် သိသည်။ နှစ်ယောက်နှင့် တစ်ယောက်ဆိုလျှင် ကျွန်တော် မကြောက်။ အလွန်ဆုံး ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထား၍ တိုက်ခိုက်ရန်သာရှိသည်။ ရှေ့တစ်ယောက်ကို အလဲ[illegible] နိုင်လျှင် ကျန်တစ်ယောက်အတွက် မခဲယဉ်းတော့။ သုံးယောက် နှင့်တိုက်ရသည်မှာမူ ကျပ်ကျပ်တည်းတည်း ဖြစ်ပေသည်။ [illegible] ဝင်ကြသည်လည်း မဟုတ်။ စနစ်တကျ ဝဲယာနှင့်ရှေ့မှ ဖြစ်[illegible] သည်။

မည်သို့ဆိုစေ ကျွန်တော် တိုက်ပါမည်။ နောက်[illegible] ကြိုးစင် သို့မဟုတ် ကျွန်းသို့ မျှော်လင့်ထားရသည့် ကျွန်တော် အဖို့ ဤနေရာနှင့် ဤတိုက်ပွဲကမှ ကျွန်တော့်ခွန်၊ ကျွန်တော့်[illegible] ဖြင့် ရင်ဆိုင်ကာ အသက်ဆုံးစေကလည်း ဆုံးစေတော့။

ကျွန်တော့်လက်တံမှာ နှစ်ပေပိုပိုရှည်သည်။ လက်[illegible] သေတ္တာသည် တစ်ပေခွဲခန့် အလျားရှိ၏။ သေတ္တာတစ်ခုလုံးသည် ခြောက်ပိဿာထက်မနည်း အလေးချိန်ရှိသည်။

လက်ဝဲဘက်မှ ရန်သူသည် ကျွန်တော်နှင့်မြေ[illegible] ပေအကွာခန့် ဘေးတိုက်အနေအထားသို့ ရောက်လာသည်။



လျှပ်တစ်ပြက် ကျွန်တော်သည် လက်ဝဲဘေးသို့ ခြေတစ်ကား အရယူလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် လက်ထဲမှ လက်ဆွဲသေတ္တာသည် လက်ဝဲလူ၏မျက်နှာသို့ ချိန်သားကိုက် စွာဖြင့် ရိုက်ချလိုက်သည်။

ကျွန်တော်၏ခြေတစ်ကားသည် သုံးပေထက်မနည်း ရှိသည်မို့ ချိန်သားကိုက်လှ၏။ ရန်သူ၏မျက်နှာတည့်တည့်သို့ပင် ခြောက်ပိဿာအလေးချိန်သည် လက်လွှဲသည့်အရှိန်ကိုပါ ထည့်ဝင် စေသောကြောင့် အရိုက်ခံရသူမှာ ခဏတစ်ဖြုတ်လောက် လဲကျ မေ့မောရတော့သည်။

လက်ဝဲခြေတစ်ကား လှမ်းလိုက်သည့်အတွက် လက် ယာလူနှင့် ကျွန်တော် ဝေးသွားသည်။ အမှတ်မထင် ကျွန်တော်က စတင်တိုက်ခိုက်သည်မို့ ကျန်လူနှစ်ဦး ကြောင်သွားပုံရသည်။ ဒါကိုလည်း ကျွန်တော် အခွင့်အရေးယူ၏။ ကျွန်တော်နှင့် ယခု ဒုတိယအနီးဆုံးလူမှာ ခေါင်းဆောင် အလယ်လူဖြစ်သည်။ စက္ကန့် မဆိုင်း သူ့ထံသို့ ကျွန်တော် အရောက်ပြေးသွားသည်။ အစုန်အပျံ အလူးအလိမ့်၊ အတိမ်းအစောင်း၊ အထပ်းအပိုးနှင့် အပစ်အပေါက် တို့ကို သင်တော်သော အနေအထားယူကာ သူ့နေရာနှင့်သူ သုံး သွားခြင်းပင် ဖြစ်သည်။

ကျွန်တော် ပြေးဝင်ချိန်တွင် အလယ်လူသည် ကြောင် ခြင်း၊ ဝေးခြင်း မရှိတော့။ အသင့်ဆီးကြို တိုက်ခိုက်နိုင်သည့် အနေအထား ရှိနေသည်။ ကျွန်တော်သည် ဝဲလူမှာကဲ့သို့ အလယ်လူအား သေတ္တာဖြင့် ရိုက်ပုတ်၍ မရမှန်း ချက်ချင်းသတိ ထားမိသည်။ ကျွန်တော်က သေတ္တာနှင့်ရိုက်လျှင် သူကရှောင်လေ

မည်။ ကျွန်တော်၏ ရိုက်အားနှင့် အမြေးရှိန်ကို ကျွန်တော်ပ
ကျွန်တော် ထိန်းနိုင်မည်မဟုတ်။

ထိုအလယ်လူ မချော်လင့်သည်ကို ကျွန်တော် မြ
ရှုပြန်သည်။ လက်ထဲမှသေတ္တာကို သူ့ဆီသို့ ပစ်ပေါက်ထည့်လိုက်
ခြင်းပေတည်း။ ဝခနဲ သူ့ဆီရောက်လာသော သေတ္တာကို ထိုလူ
လွတ်အောင်ရှောင်ရလေသည်။ ထို့ကြောင့်ပင် ထိုလူ၏ ကိုယ်ဟ
အနေအထား ပျက်သွား၏။ ဒါကိုပဲ ကျွန်တော်က လိုချင်သည်
သူ့အနေအထားကို စနစ်တကျ ပြန်လည်မတည့်မတ်နိုင်မီ သူ
နှောကိုယ်ကို ကျွန်တော့်ပခုံးစောင်း၌ တင်လိုက်ကာ မြှော့၍
ပတ်ကျွမ်း လည်သွားအောင် မြေပေါ်သို့ ပစ်ချလိုက်သည်။

ကိုခေါင်းဆောင် အလယ်လူလည်း ချက်ချင်းပြန်ထ
နိုင်ဦးမည်မဟုတ်။ ကျွန်တော်က ကျန်သောလက်ယာလူကို လှ
၍ အကဲခတ်လိုက်သည်။

အံ့သြစွာ တွေ့ရသည်။

ကိုခွန်နောင်းပင် ဖြစ်တော့၏။ သူသည် ကျွန်တော်၏
လက်ယာလူအား လှပသော ထိုးနှက်ချက်တို့ဖြင့် မြေသို့သိပ်
လိုက်ပြီး ဖြစ်ပါတော့သည်။ ကိုခွန်နောင်းကို ကြည့်လျှင် အေး
အေးစက် ထင်ရသော်လည်း သူ၏ ထိုးနှက်ချက်များက ကျစ်လျစ်
မာကျောပုံရသည်။ အတိုက်အခိုက်တွင် သူ့၌ လုံးဝတုန်လှုပ်
မပေါ်ပေ။ ထုံးစံအတိုင်း ကိုခွန်နောင်းသည် ကျွန်တော့်ကိုပြုံး
ရင်း သူ့ကိုယ်တွင် ပေကျံသွားသော မြေနီမှုန့်များကို လက်ကိုင်
ပဝါဖြင့် ပုတ်ထုတ်ကာ နေသေး၏။ ပြီးမှ လမ်းဘက်သို့ ကျွန်
တော့်အား လက်ညှိုးညွှန်ပြလိုက်သည်။



လမ်းဘေးတွင် ကားအဝါကြီး ရပ်ထားလျက်ရှိသည်။ ကားဘေးတွင် လူသုံးဦးရှိနေကာ ကျွန်တော်တို့၏ သတ်ပုတ်ပွဲဆီသို့ လှမ်းငေးနေကြလေသည်။ သည်ဘက်ဘေးဆုံးတွင် ရပ်နေသူမှာ အိုက်ပန်ဖြစ်၏။ အလယ်တွင်ရပ်နေသူမှာ စောသီရိနိုင်ပင်။ စောသီရိနိုင်နှင့် ကပ်လျက်ရပ်ပြီး စောသီရိနိုင်အား လက်တစ်ဖက်ဖြင့် ထိန်းချုပ်ထားသူမှာ ဖြူဖြူခန့်ခန့် လူကြီးတစ်ဦးဖြစ်၏။

အခြေအနေအားလုံးမှာ ရန်သူသုံးဦးစလုံးကို မြေသို့မှောက်လှဲအိပ်စေသော အခြေအနေ ဖြစ်နေပေပြီ။ စောသီရိနိုင်အား ကိုင်ထားသော လူကြီးသည် ထိုအချိန်ကျမှ စောသီရိနိုင်အား လွှတ်ပေးလိုက်၏။

ကျွန်တော်သည် ကိုခွန်နောင်းထံသို့သွားကာ ကျွန်တော့်အား ကူညီပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကာ လက်ဆွဲနှုတ်ဆက်နေမိသည်။

"အစ်ကို ဘာမှ မဖြစ်ပါဘူးနော်"

ကျွန်တော်တို့နှစ်ဦးအနီးသို့ စောသီရိနိုင် ရောက်လာကာ မေးမြန်းသဖြင့် ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"အစ်ကို ခွန်နောင်းကော"

ကိုခွန်နောင်းကလည်း ခေါင်းယမ်းပြသည်။

အိုက်ပန်လည်း ကွင်းထဲရောက်လာသည်။ ထိုစဉ်မှာပင် ဖြူဖြူခန့်ခန့်လူကြီးသည်လည်း အိုက်ပန်ဘေးသို့ ရောက်လာသည်။

ယခုအချိန်၌ ရန်သူသုံးဦးစလုံးသည် သူတို့၏ခြေထောက်များပေါ်၌ မတ်မတ်ပြန်ရပ်နိုင်ပြီဖြစ်သည်။

လူကြီးသည် ရန်သူခေါင်းဆောင် လူစွယ်ထံသို့ အေးဆေးတည်ငြိမ်စွာ လျှောက်သွားသည်။ ထိုလူကြီးသည် ရန်သူ ခေါင်းဆောင်အား လှမ်းပြောလိုက်သည်။

"ဒီမှာ ဝေလု၊ မင်းဆရာကို ပြောလိုက်၊ ပြဿနာဟာ ဒီလောက်နဲ့ မဆုံးသေးပါဘူးလို့"

ဝေလု အမည်ခံ ခေါင်းဆောင်သည် တစ်လုံးမျှပြန် မပြောဘဲ ရှာခနဲလှည့်ကာ စောစောက သူတို့ရပ်ထားသော ပက် ထရိုနစ်ဆန်း ဂျစ်ကားဆီသို့ လျှောက်သွားသည်။ သူ့တပည့်နှမ် ယောက်လည်း သူ့ဆရာလို တပ်ခေါက်သွားကြ၏။ ပြီး ကားကို စိတ်ဆိုးမာန်ဆိုး ဆောင့်အောင့်မောင်းထွက်သွားကြတော့သည်။

ဖြူဖြူခန့်ခန့် လူကြီးသည် ကျွန်တော်တို့ဆီသို့ တိုးကပ်လာသည်။

"နိုင့်ဘဘပါ အစ်ကို"

နိုင့်ဘဘဆိုလျှင် ထိုဖြူဖြူခန့်ခန့်ကြီးသည် ဦးပန်းနိုင် ပင်တည်း။ အသက်ငါးဆယ်ကျော် ပိုမည်မဟုတ်သေးပေ။ ဘူတာ ကြီး ဆိုသော်လည်း ဗိုက်မရွဲ၊ တုတ်ခိုင်သောကိုယ်နှင့် ထော မောင်းသောအရပ်ကို ပိုင်ဆိုင်သည်။ မြင်ရုံနှင့် တစ်ဖက်လူ လေး စားလောက်သော ရုပ်ရည်မျိုးဖြစ်၏။ ပင်နီရောင် ရှမ်းဘောင်းဘီ ကို ဝတ်ထားသည်။ စတစ်ကော်လာအဖြူ ရှပ်အင်္ကျီပေါ်တွင် နုံ့သာရောင် အပေါ်ဖုံးတိုက်ပုံကို သေသပ်စွာ ဆင်မြန်းထား၏။ ဘယ်လိုကြည့်ကြည့် ခန့်ညားသော ဦးပန်းနိုင် ပါပေ။ မျက်နှာ အမူအရာမှာလည်း မရယ်မပြုံး တည်တည်ကြည်ကြည်ဖြစ်သည်။



ကျွန်တော်သည် ဦးပန်းနိုင်အား ဦးညွှတ်နှုတ်ဆက် သည်။ သူက သူ၏ဦးခေါင်းကို မသိမသာညိတ်ပြပြီး အေးဆေး တည်ငြိမ်စွာပင် သူ၏ကားဆီသို့ လျှောက်သွား၏။ သူ၏ ဆရာ ကြီး ထွက်ခွာသွားပြီမို့ အိုက်ပန်က နောက်မှ လိုက်သွားသည်။ လမ်းတွင် စောစောက ဝေလုဆိုသူအား ပစ်ပေါက်ခဲ့သည့် ကျွန် တော့်လက်ဆွဲသေတ္တာကို ဦးပန်းနိုင်က လက်ညှိုးရိုးပြရင်း သွား မြဲသွားသည်။ အိုက်ပန်က ကျွန်တော့်သေတ္တာကို ကောက်ယူ၍ နောက်မှ ဆက်လိုက်သွားသည်။

"ဦးကြီးပန်းနိုင်ဟာ စိတ်ကောင်းတော့ ရှိတယ် ကိုခင်မောင် သန်း၊ ဒါပေမဲ့ ဖော်ရွေမှု နည်းတယ်ဗျ"

ကိုစွန်နောင်းက စကားပြေ ပြောပေသည်။

"ဟုတ်တယ် အစ်ကို၊ ဘဘက အစ်ကိုစွန်နောင်းပြောသလို ပါ၊ ကဲ ... လာ၊ သွားစို့ အစ်ကို"

"ဘယ်ကိုသွားစို့လဲ နိုင်"

"အွန် ... ခက်လိုက်တဲ့ အစ်ကိုနယ်၊ နိုင်တို့အိမ်ကိုသွားစို့ ပေါ့၊ စောစောက ဘဘရယ် နိုင့်ကိုခေါ်ပြီး ဆေးတိုက်က နင့်အစ်ကိုဆီ သွားရအောင်တဲ့လေ၊ နင်နဲ့ မိတ်ဆွေဆိုပြန် တော့ ငါ့မှာ ဝတ္တရားရှိတယ်တဲ့၊ အနာပျောက်ပြီဆိုရင် တို့အိမ်မှာ တည်းပါစေတဲ့၊ ဒါကြောင့် အစ်ကိုစွန်နောင်း ရော ဘဘပါ ဆေးတိုက်လိုက်လာကြတာ၊ ဟုတ်တယ် နော် အစ်ကိုစွန်နောင်း"

"အား ... သိပ်ဟုတ်တာပေါ့၊ ဆက်ပြော စောသီရိ၊ ဆက် ပြော"

"အလယ် ... အစ်ကိုခွန်နောင်းကြီးတောင် ပြောင်စပ်စပ် ပြောတတ်လာပြီ၊ ဘယ်ဆိုးလို့တုန်း"

ကိုခွန်နောင်းက ထုံးစံအတိုင်း ပြုံးနေပြန်သည်။ သို့သော် သူ၏မျက်လုံးများသည် စောသီရိနိုင်ကိုသာ စူးစူးစိုက်စိုက်ကလေး ရှိနေရှာသည်။

"ဆေးတိုက်ကျတော့ အစ်ကို့ကို ရှာမတွေ့တော့ဘူး လေးလေးကိုမေးတော့ လေးလေးတစ်ယောက်ထည်း ဘာဖြစ်နေမှန်း မသိဘူး၊ အိုးတိုးအီတနဲ့ မျက်နှာလည်းမကောင်းဘူး၊ အစ်ကို ဆေးတိုက်မှာ မရှိတာတောင် နိုင်တို့ပြောမှ သိသလိုပဲ၊ မဟုတ်ဘူးလား အစ်ကိုခွန်နောင်း"

"ဟုတ်အားပဲ၊ ဆက်ပြော စောသီရိ၊ ဆက်ပြော"

"အဲဒီတုန်း အိုက်ပန် ထွက်လာတယ်၊ အစ်ကို့ကို သူမြင်လိုက်တယ်တဲ့၊ လက်ဆွဲသေတ္တာဆွဲပြီး နောက်ပေါက်က ထွက်သွားသတဲ့၊ ဒါဆိုရင် အစ်ကိုလစ်တာပဲလို့ နိုင်သိတာပေါ့၊ ဒါပေမဲ့ ဒါကျောက်မဲပဲ၊ ကားမရှိတဲ့အစ်ကို ဘယ်လိုလစ်မလဲ၊ အိမ်ကိုသွားပြီး ကားယူမှာ သေချာတယ်လို့ဆိုပြီး နောက်က လိုက်လာကြတာ၊ အစ်ကိုက ဘောလုံးကွင်းနားမှာ သုံးယောက်နဲ့တစ်ယောက် ဆော်ပလော်တီးနေကြတာကိုး၊ အစ်ကိုခွန်နောင်းကလည်း ကားတောင် စက်မသတ်ရသေးဘူး၊ ချက်ချင်း ကွင်းထဲဆင်းပြေးပြီး အစ်ကို့ဆီကိုအတင်းဝင်တော့မယ့် ညာဘက်ကလူကို ဝင်တီးပစ်လိုက်ရတာ၊ မဟုတ်ဘူးလား အစ်ကိုခွန်နောင်း၊ ဟင်း ... ဟုတ်သားပဲ၊ ဆက်ပြော စောသီရိလို့ ပြောဦးမှာ မဟုတ်လား"



သည်တစ်ချီမှာတော့ စောသီရိနိုင်က ကိုခွန်နောင်းကို မေးရင်း ကိုခွန်နောင်း မဖြေမီ ကိုခွန်နောင်း၏ လက်သုံးစကားကို ဦးအောင်ပြောလိုက်သည်မို့ ကျွန်တော်ရော ကိုခွန်နောင်းပါ ဟားလိုက်မိကြသည်။

ကျွန်တော် အကဲခတ်ကြည့်မိသည်။ စောသီရိနိုင်သည် ကိုခွန်နောင်းကိုမူ ကိုဝဏ္ဏအား ဆက်ဆံသလို မဟုတ်ဘဲ အလေးအနက် ထားပုံရသည်။ ကိုခွန်နောင်းကလည်း စောသီရိနိုင်အား စိတ်ဝင်စားနေမှန်း သိသာသည်။ လေးလေးမြင့်၏စကားအရမူ စောသီရိနိုင်၏မယ်မယ်က မလေ့ထုံးစံအရ ကိုခွန်နောင်းနှင့် စောသီရိနိုင်ကို သဘောတူသည်။ ဦးပန်းနိုင်ကမူ သူ့လုပ်ငန်း၌ အသုံးချနေရသော ဝဏ္ဏနှင့်သဘောတူပုံရ၏။ သို့သော် ယခုလက်ရှိအခြေအနေမှာ ပြောင်းလဲသွားလေပြီ။ ဦးပန်းနိုင်သည် ဝဏ္ဏအား အယုံအကြည် မရှိတော့ပေ၊ မိမိအယုံအကြည်မရှိသူတစ်ဦးအား ဆက်လက်၍ သမီးနှင့်စဉ်းစားလိမ့်မည် မဟုတ်ဟု ယူဆရသည်။

စောသီရိနိုင်အနေနှင့် ကိုဝဏ္ဏကိုမူ အစကတည်းက မနှစ်သက်ခဲ့ပေ။ ကိုခွန်နောင်းမှာလည်း နိုင်ငံခြားသွားနေသည်။ သူမကိုယ်တိုင်ကလည်း တစ်နှစ်မှတစ်ခါ ကျောင်းပိတ်မှ ပြန်ရပုံပေါ်သည်။ ထို့ကြောင့် ကိုခွန်နောင်းနှင့် အနေဝေးခဲ့ဟန်တူ၏။ ယခုတစ်ခေါက် ပြန်လာသောအခါတွင် ကိုခွန်နောင်းကလည်း ပြန်ရောက်နေ၏။ စောသီရိနိုင်၏ မယ်မယ်ကလည်း ကိုခွန်နောင်းနှင့် အတိအလင်း သမီးကို နားချနေဟန်တူသည်။ ကိုခွန်နောင်းကလည်း စောသီရိနိုင်တို့၏အိမ်သို့ နေ့စဉ်အရောက်အပေါက်

အလည်အပတ်များ ရှိနေသည်။ ဇောသီရိနိုင်ဝယ် ဝမ်းထဲက မိဘ ရည်ရွယ်ထားသူတစ်ဦးအဖြစ် ခါတ်ခံအသိ ရှိနေသည့်အဖြစ် ကိုစွန်နောင်း၏ အပြုအမူ၊ အပြောအဆိုနှင့် ဥပဓိရုပ်ရည်ကလည်း ဆွဲဆောင်နိုင်မှု ရှိနေသည်။ ဇောသီရိနိုင်အတွက် ကိုစွန်နောင်း သည် အရုပ်သစ်ကလေး ဖြစ်လာစရာရှိ၏။ အဲသည်လိုဖြစ်ပါစေ ဟူ၍လည်း ကျွန်တော်သည် ကျွန်တော်၏ညီမငယ် ဇောသီရိနိုင် အတွက် ဆုတောင်းဒိပါသည်။

“ဟုတ်တယ် နိုင်၊ ကိုစွန်နောင်းသာ ဝင်မကူရင် အစ်ကို အတွက် မလွယ်ဘူး၊ ဟိုခေါင်းဆောင်နဲ့ နွဲနေတုန်း အဲဒီ ညာလူဟာ အစ်ကို့နောက်ကျောဘက်က ဝင်လာနိုင်တယ်၊ နောက်ကနေ ခေါင်းကိုတီးလိုက်ရင် အစ်ကို ဘာမှတတ်နိုင် မှာ မဟုတ်တော့ဘူး”

“မဟုတ်တာတဲ့ ကိုခင်မောင်သန်း။ တယ်တော့ ကိုခင်မောင် သန်း တစ်ယောက်တည်းနဲ့ သုံးယောက်ကို တိုက်ခိုက်နိုင် တဲ့ အနေအထားပါ၊ ကျွန်တော် ဝင်တာတောင် အပိုဖြစ် သွားတယ် ထင်တယ်”

ထိုစဉ်မှာပင် ကားကြီး၏ဟွန်းသံ ထွက်လာသည်။ ကျွန်တော်တို့သုံးဦးသား လှမ်းကြည့်လိုက်သည်။ အိုက်ပန်သည် ဒရိုင်ဘာနေရာတွင်ထိုင်ပြီး ဦးပန်းနိုင်က နောက်ကူရှင်အစွန်း တွင် ထိုင်နေသည်။

“ဦးကြီးပန်းနိုင် ခေါ်နေပြီ၊ သွားကြစို့”

ဇောသီရိနိုင်က အလယ်မှ ကျွန်တော်နှင့် ကိုစွန်နောင်း က ဘေးတစ်ဖက်တစ်ချက်မှ သုံးယောက်တန်း ကားဆီသို့လာခဲ့၏။



“ဘာဘက ဘယ်လိုမှန်း မသိဘူး၊ အစ်ကိုနဲ့ ဟိုကောင်တွေ သတ်ပုတ်နေတုန်း နိုင်က အဲဒီကွင်းထဲ ပြေးလာမလို့ဟာ ဘာဘရယ် အတင်းဆွဲထားတယ်၊ သုံးယောက်ချင်းဖြစ်အောင် အိုက်ပန် လိုက်သွားဖို့ နိုင်က ပြောတော့လည်း နေပါစေ မသွားနဲ့တဲ့၊ ဘာဘ သူတို့သတ်တာ ကြည့်ချင်လို့တဲ့လေ”

ဇောသီရိနိုင်က လွှတ်ခနဲ ပြောစေကာမူ ထိုစကားစု သည် ကျွန်တော့်အတွက် စဉ်းစားစရာ ဖြစ်နေပေသည်။ ကျွန်တော် သတ်ပုတ်နေပုံကို ဦးပန်းနိုင်က ကြည့်လိုဟန်ရှိ၏။ ဦးပန်းနိုင် ကြည့်လိုခြင်းမှာလည်း လေးလေးမြင့် ထင်သလိုများ ဖြစ်နေ၍ လား မပြောတတ်။

လေးလေးမြင့်က ဦးကြီးမှာ လက်ရှိအခြေအနေအရ အားကိုးရမယ့်လူ လိုနေတဲ့အချိန်ပဲ၊ ကိုရင်ကိုများ သူကမွေးဖို့ ရည်ရွယ်လားမှ မသိတာဟု ပြောခဲ့သည်။

ကျွန်တော်တို့ ကားကြီးဆီသို့ ရောက်လာသည်။

သူတို့လာစဉ်က ထိုင်သလိုပင် ဖြစ်မည်ထင်သည်။ နောက်တံခါးကိုဖွင့်ကာ နောက်ကူရှင်တွင် ဇောသီရိနိုင်ကအလယ် မှ နေရာယူလိုက်သည်။ ကိုစွန်နောင်းက သည်ဘက်ဘေးဆုံးထိုင် ချလိုက်၏။ အိုက်ပန်က သူ့ဘေးကူရှင်တွင် ထိုင်ရန် ကျွန်တော့် အတွက် တံခါးဖွင့်ပေးသည်။

“ကဲ ... တက်ပေါ့ မောင်ခင်မောင်သက်”

ဦးပန်းနိုင်က “မောင်ခင်မောင်သက်” ဟု ခေါ်လိုက် သလို ကျွန်တော် ကြားသည်ဆိုလျှင်ပင် ကျွန်တော့်တစ်ကိုယ်လုံး သည် ကျဉ်စက်နှင့် တို့လိုက်လေသလား ထင်မိသည်။ ဦးပန်းနိုင်

သည် ကျွန်တော့်အမည်မှန်ကို သိပါလေပြီ။ ဤကျောက်မဲတွင် ကျွန်တော့်အမည်မှန်နှင့် ကျွန်တော့်အကြောင်းကို သိထားသူမှာ တစ်ဦးတည်းသာရှိ၏၊ ကျွန်တော့်ရင်မှ မေတ္တာများစွာဖြင့် ချစ်ရသော ဒေါက်တာလေးလေးမြင့်။

လေးလေးမြင့်သည် ကျွန်တော့်၏သရုပ်မှန်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟမပြောပါဟု အောင်စေတီကိုယ်တော်မြတ်ထံတွင် တိုင်တည်ကတိပေးခဲ့ဖူးလေသည်။ ယခုမူကား ...

"အစ်ကို့နာမည်က ခင်မောင်သန်းပါ ဘဘ"၊

"ဟုတ်လား၊ ဘဘက ခင်မောင်သက် ဆိုလားလို့ပါ"

ကျွန်တော်သည် အိုက်ပန်အားတွင် ဝင်၍နေရာယူလိုက်သည်။ တံခါးကို ခပ်ဆောင့်ဆောင့်ပင် ကျွန်တော် ပိတ်လိုက်မိ၏။ အိုက်ပန်သည် ကျင်လည်စွာ မောင်းနှင် ထွက်ခွာလာခဲ့သည်။

● ❁ ●

ကုန်းမြင့်ဆန်သော်လည်း မြေမှာပြန့်ပြူး၍ ကျယ်ကျယ်ဝန်းဝန်းရှိသည်။ မြေပြင်ကျယ်ကို ရေနံချေးရောင် ဝနေသော နှစ်တစ်လက်မ သစ်သားတိုင် စိပ်စိပ်ကလေးများဖြင့် ခြံကာထားသည်။ သစ်သားတိုင်ကလေးများ အဆုံးတွင် သံဆူးကြိုးသုံးတန်းဖြင့် ထပ်ဆင့်ထား၏။ ခြံဝင်းတံခါးမကြီးမှာ အစိမ်းနုရောင် ဆေးသုတ်ထားသည်။



ခြံတွင် မော်တော်ကားလမ်း တစ်ဖက်တစ်ချက်ဝယ် နှင်းဆီများ စိုက်ထားသည်။ နှင်းဆီနက်များဖြစ်၍ ရှားပါးသောမျိုးဖြစ်သည်။ ကြိုကြိုကြားကြားတွင် ထင်းရှူးပင်ပေါက်ကလေးများနှင့် ယူကလစ်ပင် ပေါက်ကလေးများလည်း ရှိနေသည်။ ခြံတွင်းသို့ ဝင်မိလျှင်ပင် နှင်းဆီနံ့မွှေးမွှေး၊ ယူကလစ်နှင့် ထင်းရှူးနံ့သင်းသင်းကလေးများ ရှူရှိုက်ရသည်။

အိမ်မှာမူ တစ်ထပ်တိုက်ဖြစ်သည်။ ခေတ်မီလှပသော တိုက်ကလေး ဆိုစေကာမူ ကျယ်ပြန့်စွာ ဆောက်ထားသည်။ တိုက်ကလေးကို နို့နှစ်ရောင် သုတ်ခြယ်ထားသည်။ မြေကြီးနီနီနှင့် နို့နှစ်ရောင်တို့သည် ပနံရပေ၏။ ဆင်ဝင်အောင် နံရံများတွင် တိုင်ကပ်ပန်းများက ယှက်နွယ်နေသည်။ ခြံဝင်းရော တိုက်အိမ်ပါ ပသာဒဖြစ်လှသည်။

တစ်ထပ်တိုက်၏ ပတ်ပတ်လည်တွင် လှပသေသပ်သော သီးခြားအဆောက်အအုံကလေးများ စိစိရိရိ ရှိနေကြသည်။

ဆင်ဝင်အောက်သို့ ကားထိုးရပ်လိုက်သည်။ ဦးပန်းခိုင်နှင့် အိုက်ပန်သည် အရင်ဆင်း၏။ ကျွန်တော်ကမူ ဧည့်သည်ပို့ အိမ်ရှင်၏နေရာချထားမှုကို စောင့်ရပေမည်။

"နှင့်အစ်ကို့,ကို အထူးဆောင်မှာ နေရာချပေးလိုက် မိနိုင်"

ကျွန်တော်က စောသီရိနိုင်ကို လှည့်ကြည့်လိုက်သည်။ သူမက ပြုံးပြသည်။ သူမ၏မျက်လုံးများသည် အရည်လဲ့နေသည်ဟု ကျွန်တော် ထင်ပါသည်။

ကိုခွန်နောင်းသည် တစ်ထပ်တိုက်ကလေးထဲသို့ လိုက်ဝင်သွားသည်။

"ကဲ … လာ အစ်ကို၊ အထူးဆောင်သွားစို့။ တစ်ခုတော့ အစ်ကို ခွင့်လွှတ်နော်၊ ဘယ်လိုစည်သည်ပဲလာလာ ဘဘက အိမ်ကြီးပေါ်မှာ တည်းခိုင်းလေ့မရှိပါဘူး၊ ထိပ်တန်းအရေး ပေးရမယ့် ဧည့်သည်ဆိုရင်တောင် အထူးဆောင်မှာပဲ ထားလေ့ရှိတယ်၊ အစ်ကို့ကို ဘဘက ထိပ်တန်းမှာ ထား တာပါ အစ်ကို၊ ဘာပဲဖြစ်ဖြစ် နိုင်ကတော့ အစ်ကို ဒီမှာ လာနေတာကိုပဲ မျှော်နေပါတယ် အစ်ကို"

"ဒါပေါ့ နိုင်၊ ယမမင်း ဆိုတော့ ယမမင်းရဲ့အဆောင် အယောင်တွေနဲ့ ဖြစ်ရမှာပေါ့"

"ဟင်း … အစ်ကိုပြောတာ တစ်မျိုးကြီးပဲ၊ ယမမင်းဆို တာက ငရဲမင်းကို ဆိုလိုတာလား အစ်ကို"

"အလကား နောက်တာပါ နိုင်၊ ကဲ … သွားစို့"

စောသီရိနိုင်က ရှေ့မှသွား၍ ကျွန်တော်သည် နောက် မှလိုက်သွားသည်။

ဟုတ်တော့လည်း ဟုတ်ပေသည်။ ဦးပန်းနိုင်၏ အထူးဧည့်သည်ထားသော အထူးဆောင်မှာ တကယ်ပင် အထူး ပြုပြင်ထားလေသည်။ ခမ်းလည်း ခမ်းနားလှ၏။

ဧည့်ခန်းဝယ် စေတ်ပေါ်ဆိုဖာပုကလေးများ ထားရှိ သည်။ ပြတင်းခန်းဆီးစများသည် လှပသော ပွင့်ရိုက်များဖြစ်သည်။ အခန်းတွင်းနံရံ၌ ခြယ်သုတ်ထားသော မိုးပြာရောင်နှင့် ဟပ်မိသော ခန်းဆီးပွင့်ရိုက်များဖြစ်သည်။

အခန်းမှာ ထိပ်တန်းပင်။ တစ်ယောက်အိပ်ခုတင် ပုပုလှလှလေးတွေ မြေမြှုပ်မွေ့ရာ၊ နိုင်လွန်ခြင်ထောင်၊ သက္ကလတ်



စောင်ချောကြီးများ ရှိနေကြသည်။ ရေချိုးခန်းနှင့် ရေအိမ်သည် နံရံကြွေပြားကပ်နှင့် ကြွေခွက်များဖြစ်သည်။ ရေကိုလည်း ပိုက် လိုင်းနှင့် စနစ်တကျ သွယ်ထား၏။

"မီးဖိုတော့ မရှိဘူး အစ်ကို၊ အထူးဆောင်က အထူးဧည့် သည်ဆိုရင် အိမ်ကြီးက အစားအသောက် အားလုံးပို့ပေး တယ်"

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် အထက် တန်းဟိုတယ်ကြီးတစ်ခု၌ တည်းခိုနေသလား ထင်ရသည်။ စော သီရိနိုင်သည် မြူးကြွနေသော သမင်မလေးပမာ တစ်ခန်း ပြီးတစ် ခန်းကို သွက်လက်ချက်ချာစွာ ပြသနေတော့သည်။

"ကဲ … နိုင် သွားဦးမယ် အစ်ကို၊ လိုချင်တာရှိ မှာလိုက် လေ"

"အစ်ကို့ဖို့ အရက်တစ်ပုလင်း ပေးပါလား နိုင်"

"ဟယ် … အစ်ကို အရက်သောက်မယ်"

"ပင်ပန်းလွန်းလို့ပါ နိုင်၊ အရက်သောက်ပြီး အစောကြီးအိပ်ပစ် ပါရစေလား"

"အစ်ကို အရက်သောက်မယ်ဆိုတော့ နိုင့်ရင်ထဲမှာ မကျေ နပ်သလိုကြီးပဲ အစ်ကို၊ ဒါပေမဲ့ နိုင်ပို့ပေးပါ့မယ် အစ်ကို"

အခန်းတံခါးပိတ်ပြီး စောသီရိနိုင်သည် ဖြည်းလေး စွာ ထွက်ခွာသွားတော့သည်။

စောသီရိနိုင် ထွက်သွားပြီး မိနစ်နှစ်ဆယ်အကြာ ခန့်တွင် ကျွန်တော်၏ အထူးဆောင်သို့ အိုက်ပန် ရောက်လာတော့ ၏။ သူ့လက်ထဲဝယ် လင်ပန်းတစ်ချပ် ကိုင်လာသည်။ ဆောင်းပန်း

ထဲတွင် ပုလင်းပုဝိုင်းဝိုင်း နက်ကျောကျောကြီးတစ်လုံး၊ ဆော်ဒါ ပုလင်းနှစ်လုံးနှင့် အမြည်းပန်းကန်များ ပါလာသည်။ ပုလင်းနက် ကျောကျောကြီးမှာ အသစ်စက်စက်ဖြစ်၏။ ဘူးဆို့တွင် ရွှေရောင် စက္ကူပတ်ပင် မခွာရသေး။ နိုင်ငံခြားအရက် "ဇက်-၆၉"အမျိုး အစားဖြစ်သည်။

ညနေစာ စားပွဲတွင် အိုက်ပန်သည် လင်ပန်းကို မှ လိုက်သည်။ ထို့နောက် ပြန်ထွက်သွားရန် အိုက်ပန်က ဟန်ပြင် သည်။

"အိုက်ပန်ကော သောက်ပါလား"

"ဟာ ... ဘယ်ဖြစ်မလဲ အစ်ကို"

"ဘာပြုလို့"

"အိုက်ပန်တို့က အချိန်မရွေး အသတ်အပုတ်သမားတွေ ပါ အစ်ကို၊ အရက်ဟာ သောက်ရင်မူးတာပဲ၊ မူးနေရင် ကိုယ်ခံရမှာပေါ့၊ အရက်ဆိုတာက မွှောကိုယ်ရော ဦးနှောက် ပါ အချိန်အဆတွေ လွဲကုန်တတ်တာပဲ"

အိုက်ပန်၏ စကားသည် ကျွန်တော်၏ နှလုံးကို ဆူးနှင့် ဝင်မြှပ်ရပေသည်။ အိုက်ပန်ပြောသည်မှာ မှန်ပါ၏။ အရက်ဆို သည်မှာ ကိုယ်ရော စိတ်ပါ အချိန်အဆများ ကင်းလွတ်စေနိုင် ပါသည်။ လွဲချော်စေနိုင်ပါသည်။ ကျွန်တော်သည် သစင်မြိုင်သေ ဆုံးသောညက အရက်ဝိုင်းသာ မလုပ်မိပါလျှင် သစင်မြိုင်လည်း ယင်းသို့ သေဆုံးလိမ့်မည် မဟုတ်။ ယခုမှ အရက်မူးလွန်မိသော ကြောင့် ဘယ်လိုက ဘာတွေဖြစ်ခဲ့မှန်း ကျွန်တော် ဘာမျှမသိ။ သစင်မြိုင်အား ကျွန်တော် သတ်မိသလား၊ မသတ်မိလေသလား



ပင် ကျွန်တော့်ကိုယ် ကျွန်တော် မသိခဲ့။ ယခုတစ်ဖန် ကျွန်တော် အရက်သောက်ရန် တာစူနေပြန်လေပြီ။

အိုက်ပန် ပြန်ထွက်သွားသည်။ ကျွန်တော် အရက် ပုလင်းကိုကြည့်၍ ငေးနေမိသည်။ အရက်သည် ကျွန်တော့်အတွက် အာဟာရမဟုတ်။ အစွဲအလမ်းလည်းမရှိ။ သို့စဉ်လျက် ကျွန်တော် က ဘာပြုလို့များ အရက်သောက်လိုပါသနည်း။

"ဘယ်လိုလဲ ကိုခင်မောင်သန်း၊ ကသိုဏ်းရှလှချည်လား၊ ဇက်စစ်စတီနိုင်းကို မကြိုက်လို့လား"

ကိုစွန်နောင်သည် ပြောပြောဆိုဆို ဝင်လာသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဆိုဖာပုတွင် ဝင်၍ထိုင်လိုက်သည်။ အပေါ်မှ ကုတ်အင်္ကျီကို ချွတ်လာပြီး ရှပ်လက်ရှည်ကို လက်ပင့် ထားသည်။

ကိုစွန်နောင်သည်လည်း ကာယဗလသမား တစ် ယောက်မှန်း သိသာသည်။ လုံးဝန်းဖုထစ်သော ကြွက်သားများ ကို တွေ့ရသည်။

"ကျွန်တော် ဘာအရက်ကိုမှ မကြိုက်တတ်ပါဘူး ကိုစွန် နောင်၊ အရက်ရဲ့အရသာကို မခံစားတတ်သေးပါဘူး၊ ကျွန်တော် သောက်မှာက မူးချင်တာ သက်သက်ပါ"

ထုံးစံအတိုင်း နှစ်လိုဖွယ် အပြုံးကို ကိုစွန်နောင် ပြုံးလိုက်လေသည်။

"အရက်ကို မကြိုက်ရင် မသောက်တာ အကောင်းဆုံးပဲ လို့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ အကြံပေးရင် ကိုခင်မောင်သန်း စိတ်များဆိုးမလားဗျာ"

"လက်ခံပါတယ် ကိုစွန်နောင်း၊ ဒေတနာကိုလည်း ကျေ
းဇူးတင်ပါတယ်၊ ကျွန်တော် မသောက်တော့ပါဘူး"

ကိုစွန်နောင်းသည် နေရာမှထကာ ကျွန်တော့်ကျော
ကို ညင်သာစွာ ပုတ်လိုက်သည်။ ရင်းနှီးသည့်သဘောမျိုး ဖြ
ဖြစ်သည်။

"ကိုခင်မောင်သန်းကို ဒုတိယအကြိမ် ကျွန်တော် ထပ်ပြေ
ဦးမယ်၊ ကိုခင်မောင်သန်းဟာ ဘယ်ကလာပြီး ဘယ်ကို
သွားလို့ ဘာတွေလုပ်နေတယ် ဆိုတာတော့ မသိဘူးပေ
ဗျာ၊ ဒါပေမဲ့ ကိုခင်မောင်သန်းဟာ စိတ်ဝင်စားဖို့ကောင်း
တဲ့ လူတစ်ယောက်မှန်းတော့ ကျွန်တော် ကိုယ်တိုင်ဝန်
မိတယ်၊ စောသီရိဆိုရင် ကိုခင်မောင်သန်းကို တော်တော်
စိတ်ဝင်စားနေရှာတယ်"

ကျွန်တော်သည် ကိုစွန်နောင်းကို မျက်ခနဲ မော့ကြည့်
လိုက်သည်။ ကိုစွန်နောင်းသည် ကျွန်တော်နှင့် စောသီရိနိုင်
အခြေအနေမှန်ကို သိလို၍ စကားလာနှိုက်နေခြင်းပေလော
ကျွန်တော် နေရာမှထကာ သူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏
သူ့လိုပင် သူ့ပခုံးကို ရင်းနှီးစွာ ဆုပ်ကိုင်လိုက်သည်။

"မစိုးရိမ်ပါနဲ့ ကိုစွန်နောင်း၊ တကယ်လို့သာ ကျွန်တော်
ဟာ အရာခပ်သိမ်းကို ဖန်ဆင်းနိုင်တဲ့ တန်ခိုးရှိပုဂ္ဂိုလ်တစ်
ဦးသာဖြစ်ရင် စောသီရိနိုင်ကို ကျွန်တော်က ကျွန်တော့်ညီမ
လေးအရင်းတစ်ယောက် ဖြစ်သွားအောင် ဖန်ဆင်းပစ်လိုက်
မှာပါ၊ တခြား ဘာမှဖန်ဆင်းစရာ မရှိပါဘူး"



"အေးဗျာ... ကျွန်တော် မစိုးရိမ်သင့်တာ စိုးရိမ်ပြီး သံသယ
စကား ပြောမိတာကို တောင်းပန်ပါတယ်၊ တကယ်တော့
ကျွန်တော် စိုးရိမ်တာဟာ အကြောင်းရှိနေတယ် ကိုခင်မောင်
သန်း၊ ကျွန်တော်တို့ရဲ့ထုံးတမ်းစဉ်လာအရ ဆိုရင်တော့
တစ်နေ့နေ့မှာ စောသီရိနဲ့ ကျွန်တော် လက်ဆက်ကြရမှာ
ပါ၊ ဒါပေမဲ့ ပထမစိုးရိမ်စရာကောင်းနေတာက စောသီရိ
ကိုပဲ၊ စောသီရိဟာ ကိုခင်မောင်သန်းကို စိတ်ဝင်စားလွန်း
နေတာ ကျွန်တော် တွေ့နေရလို့ပါ"

"အဲဒီ ပထမစိုးရိမ်မှုကို ဦးနှောက်ထဲမှာ လုံးဝမထားပါနဲ့
ကိုစွန်နောင်း၊ ကျွန်တော်ဟာ လူကောင်းတစ်ယောက်
ဟုတ်ချင်မှ ဟုတ်ပေမယ့် လူ့ကျင့်ဝတ်ကို ထိန်းသိမ်းနိုင်
တယ်ဆိုတာ ယုံပါ၊ ကဲ ... ဒုတိယစိုးရိမ်မှုကို ဆိုပါဦး"

"ဦးကြီးပန်းနိုင်ပါ ကိုခင်မောင်သန်း၊ စောသီရိရဲ့မယ်မယ်
ကျွန်တော့်ရဲ့ဆွေးတော်က ဦးပန်းနိုင်ကို လွှန်ဆန်နိုင်တဲ့
အခြေအနေမှာ မရှိပါဘူး၊ မကြာသေးခင်အချိန်အထိ
ဦးကြီးပန်းနိုင်က စောသီရိကို ဝဠ္ဍနဲ့ ရည်ရွယ်ခဲ့တယ်၊
အခု ဝဠ္ဍဟာ သူ့အပေါ် သစ္စာဖောက်တယ် ထင်လို့
တစ်မျိုးတစ်မည် ဖြစ်သွားတာ၊ ဒါပေမဲ့ ဦးကြီးပန်းနိုင်မှာ
စိတ်ကူးတစ်မျိုး ဖြစ်နေပြန်ပြီ ကိုခင်မောင်သန်း"

ကျွန်တော် နားထောင်နေပါသည်။ ဦးပန်းနိုင်သည်
ဉ်ဆွေမျိုးစု တစ်စုလုံးအား ကျကျနန ချုပ်ကိုင်နိုင်သည်ကို
ပ်တလဲလဲပင် ကျွန်တော် တွေ့နေရသည်။ ကိုစွန်နောင်းသည်
တင်းမှ လှမ်းမြင်နေရသော တိုက်ကြီးအား မေးထိုးပြလိုက်သည်။

"ဦးကြီးပန်းနိုင်က ကိုခင်မောင်သန်းကို တော်တော်မျက်နှာတွေ့သွားတယ်၊ ဖြတ်ထိုးဉာဏ်ကောင်းပြီး တိုက်ရည်ခိုက်ရည်အတန်းမြင့်သတဲ့၊ ဟုတ်လည်း ဟုတ်တယ် ကိုခင်မောင်သန်း၊၊ စောစောက ကိုခင်မောင်သန်း ကိုင်ပေါက်ခဲ့တဲ့ ခေါင်းဆောင် ဝေလု ဆိုတဲ့ကောင်က ဒီနယ်မှာတော့ သိုင်းသမား ဆရာတစ်ဆူပဲ၊ သူ့ကို သိကြာက လက်သ မွေးထားတာ၊ ဝေလု ခေါင်းဆောင်တဲ့ လူသုံးယောက်ကို ကိုခင်မောင်သန်းက အနိုင်ယူနိုင်ခဲ့တယ် မဟုတ်လား"

"နှစ်ယောက်တည်းပါ ကိုစွန်နောင်"

"ထားပါတော့လေ၊ ကျွန်တော် ဝင်မလာလည်း နိုင်ခြေ ကိုခင်မောင်သန်းမှာ ရှိနေတာပါ၊ နှစ်ကောင်က မြေကြီးမှာ ကျောကပ်နေပြီပဲ၊ ကျန်တဲ့တစ်ယောက်ကို ကျွန်တော်လှဲမ လည်း ကိုခင်မောင်သန်း အလွယ်တကူ လှဲချပစ်နိုင်သားပဲ"

ကျွန်တော့်စိတ်ဝယ် စောစောက ဝေလု ခေါင်းဆောင် သော သုံးဦးအဖွဲ့သည် သိမ်၏လူများဖြစ်ကြောင်း ကြားရ၍ အံ့ဩသွားမိသည်။ သိမ်ကို ကျွန်တော် လုံးဝမသိပေ။ သို့သော် သူ့အဖွဲ့သား ဝေလုသည် ကျွန်တော့်သေနတ်ထဲမှာ ကျည်ဆံ သုံးတောင့်ရှိသည်ကိုပင် အတိအကျ သိနေသည်။ ဒါကိုတော့ လျှင် ဝဏ္ဏသည် ဦးပန်းနိုင်အား သစ္စာဖောက်ကာ သိမ်နှင့်တွဲနေ ကြောင်း မှန်သင့်သလောက် မှန်မည်ဟု ကျွန်တော် ယူဆမိ သည်။

"ဆက်ပြောပါဦး ကိုစွန်နောင်"



"ဆက်ပြောပါ ဆိုရင်တော့ အိမ်ကြီးပေါ်မှာ သားအဖ စကားများနေကြပြီလေ၊ ဦးကြီးပန်းနိုင်က ဝဏ္ဏကို အတိအလင်း မောင်းထုတ်လိုက်ပြီ၊ ဝဏ္ဏ နေရာကို ကိုခင်မောင်သန်းကို အသုံးပြုမယ်လို့ဆိုတယ်၊ ဒါကို စောသီရိက အကြီးအကျယ် ကန့်ကွက်တယ်၊ ဒီသူငယ်မကတော့ စပဲဗျို့၊ ဦးကြီးပန်းနိုင်ကို ဘယ်သူမှ ခံပြောလေ့မရှိကြဘူး၊ စောသီရိကတော့ ပြန်နက်နေလေရဲ့၊ သူ့မိတ်ဆွေ ကိုခင်မောင်သန်း အပေါ်မှာ မတရားအမြတ်ထုတ်တာတဲ့၊ ဒီလုပ်ငန်းမျိုးအတွက် သူ့မိတ်ဆွေ ကိုခင်မောင်သန်းကို မသုံးသင့်ပါဘူးတဲ့၊ ပြောလည်းပြော ငိုလည်းငိုပေါ့ဗျာ၊ ဒါကြောင့် ဒီဘက် ကျွန်တော် ထွက်လာခဲ့တာ"

"ဦးပန်းနိုင်က ဘာဆက်ပြောလဲ"

"စောသီရိကို ငေါက်တာပေါ့၊ ချွေးမလေး ... အလိုလိုက်လို့ အရိုက်ခေါ်ကားသတဲ့၊ လူကြီးတွေလုပ်ငန်းမှာ ဝင်မစွက်နဲ့တဲ့၊ ဒီမှာ ကိုခင်မောင်သန်း၊ တကယ်တော့ စောသီရိက သူ့ဘာဘာ ဒီလုပ်ငန်းတွေ လုပ်နေတာ အခုအခေါက်မှ သိတာဗျ"

"ဩော် ... ဟိုတုန်းက မသိဘူးတဲ့လား"

"ဘယ်သိမလဲ၊ ကျွန်တော်လည်း နံမိစန်ကိုစွမှာ ဝဏ္ဏ ကြောင်သွားမှ ဦးကြီးပန်းနိုင် ဒါတွေလုပ်နေမှန်း သိတာ၊ စောသီရိလည်း ကျွန်တော့်လိုပဲ၊ အခုအခေါက် ပြန်လာမှသိတယ်ဆိုတာ အမှန်ပဲ၊ စောသီရိဟာ ဒီအရွယ်ထိ ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား နေခဲ့ရတာပဲ၊ တစ်နှစ်မှတစ်ခါ

သူ့အိမ်ပြန်တယ်၊ စောသီရိပြန်လာတဲ့ ကျောင်းပိတ်ရက် ပိုင်းမှာဆိုရင် ဦးကြီးပန်းနိုင်က သူ့လုပ်ငန်းကို ရပ်ထား တယ်"

"အခုတော့ ဘာလို့သိသွားတာလဲ"

"ဝဏ္ဏက ဖော်တာလေ၊ ဒီလူက ကျားနာဖြစ်နေပြီပဲ၊ ဦးကြီးပန်းနိုင်က သူ့ကိုဖယ်ထုတ်တော့မယ်ဆိုတာ သိထား နဲ့ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့သဘောလေ၊ ဦးကြီးပန်းနိုင် နဲ့ ဒွေးတော်က သူ့သမီးရှက်မှာစိုးလို့ တမင်လျှို့ဝှက်ထား တဲ့ လုပ်ငန်းကိစ္စကို ဖော်လိုက်ရင် ဦးကြီးပန်းနိုင် စိတ်ထိ နိုက်ရမယ်ဆိုတဲ့ သဘောပေါ့၊ ဒါကြောင့်လည်း ဦးကြီး ပန်းနိုင်က ဝဏ္ဏကို အပြီးအပိုင် ဖယ်ထုတ်ပစ်တာ"

"ထားပါတော့၊ ဒါတွေဟာ ကိုစွန်နောင်းရဲ့ ဒုတိယစိုးရိမ် မှုနဲ့ ဘယ်လိုပတ်သက်သလဲ"

"ကိုခင်မောင်သန်းကို သူ သုံးဖို့ ဆုံးဖြတ်ပြီလေ၊ အခုတော့ ဦးကြီးပန်းနိုင်က ကိုခင်မောင်သန်းကို မျက်စိတွေ့နေတာပဲ၊ သူသုံးရင် ဒီထက် သဘောကျသွားရင်ပေါ့ဗျာ၊ သူက ကျွန်တော်တို့ ဒွေးတော်တို့ရဲ့ မလေ့ထုံးစံကို ကျော်လွှား ပစ်ချင်ပစ်မှာ"

"ဪ … ဒီဘူတာပဲ ဆိုက်တာပါလား ကိုစွန်နောင်း၊ ဦးပန်းနိုင်က ဘယ်လိုသဘောကျကျ ကျွန်တော့်အတွက် စောသီရိနိုင်နဲ့ ပတ်သက်ရင် စိတ်ချပါလို့ ကျွန်တော် ကတိပြုပါတယ် ကိုစွန်နောင်း"



ကိုစွန်နောင်းသည် ကျေနပ်စွာ ပြုံးလိုက်သည်။ ပြီး လက်ကမ်းပေး၏။

ကျွန်တော်တို့နှစ်ဦးသည် နှစ်ထောင်း အားရစွာ တစ်ဦးလက်ကိုတစ်ဦး ဆွဲကိုင်လှုပ်ယမ်းမိကြသည်။

"နောက်တစ်ခု ရှိသေးတာက ကျွန်တော်ဟာ ဦးပန်းနိုင် နိုင်းတိုင်း လုပ်ချင်မှ လုပ်မှာမို့ပဲ ကိုစွန်နောင်း၊ ကျွန်တော့် ဘဝမှာ ဒုစရိုက်နဲ့ပတ်သက်တာ ရှိချင်လည်း ရှိခဲ့ဖူးမှာပေါ့၊ ဒါပေမဲ့ ဝဏ္ဏနေရာကို ကျွန်တော်ယူပြီးလုပ်ဖို့ မရည်ရွယ် ပါဘူး"

ကိုစွန်နောင်းက ခေါင်းခါပြလိုက်သည်။

"ကျွန်တော်တော့ မထင်ဘူး ကိုခင်မောင်သန်း၊ ဦးကြီး ပန်းနိုင်အကြောင်း ကျွန်တော် သိတယ်၊ အလုပ်တစ်ခုကို လုပ်ပြီဆိုရင် အစီအစဉ်နဲ့ အကွက်ရိုက်ပြီးမှ လုပ်တတ် တယ်၊ ဥပမာ ကိုခင်မောင်သန်းကို ကျေနပ်လောက်တဲ့ ငွေကြေးတွေ ပစ်ပေးမယ်ဆိုရင်ကောဗျာ"

"ဒီငွေကို ကျွန်တော်က ငြင်းမယ်"

"ဒီလိုဆိုရင် တခြားတစ်နည်းနည်း သူသုံးမှာပဲ၊ ကိုခင်မောင် သန်း မလုပ်ဘဲ မနေနိုင်တဲ့ နည်းတစ်မျိုးမျိုးကိုပေါ့"

"ဘယ်လိုနည်းမို့လဲ ကိုစွန်နောင်း"

"ဒါတော့ ကျွန်တော်လည်း ဘာသိမလဲ၊ ဒါပေမဲ့ ဦးကြီး ပန်းနိုင် လုပ်လေ့လုပ်ထနဲ့ လုပ်နည်းလုပ်ဟန်တွေ ရှိတယ် လို့သာ ကျွန်တော် ပြောတာပါ"

ကျွန်တော်စိတ်ဝယ် ထင့်ခနဲ ဖြစ်သွားရသည်။ ဦးပန်းနိုင်သည် ကျွန်တော်၏အမည်မှန် ခင်မောင်သက်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ကျွန်တော့်အကြောင်းတွေကိုကော သူသိနေပြီလားဟု စဉ်းစားစရာ ရှိလာသည်။

ကျွန်တော်၏တရားခံပြေးဘဝကိုဆုပ်ကိုင်ကာ အနိုင်အထက်များ နိုင်းချင်၍ပေလား။ ယင်းသို့သာဆိုလျှင် ခေါက်တာလေးလေးမြင့်သည် လိမ္မာပါးနပ်စွာဖြင့် ကျွန်တော့်အကြောင်းအားလုံးကို ကျွန်တော့်ထံမှ အယုံသွင်းနှိုက်ယူခဲ့ကာ သူ၏ဦးကြီးအား ပြောခဲ့ပေပြီလား။ ဤနေရာ ဤအခေါ်သဝယ် ကျွန်တော့်အကြောင်း သိသူမှာ ခေါက်တာလေးလေးမြင့်သာ ဖြစ်သည်။ ကျွန်တော့်အကြောင်းကို မည်သည့်သတင်းစာတစ်စောင်တလေမျှ ဖော်ထုတ်ခဲ့သည် မဟုတ်။

ကျွန်တော်သည် တောက်တစ်ချက်ကို နာကြည်းစွာ ခေါက်မိသည်။ ကျွန်တော်သည် ထောင်ချောက်မိလေပြီကော။

ကိုစွန်နောင်သည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကာ နှစ်သိမ့်သည့်သဘောဖြင့် ကျွန်တော့်လက်ကို ဖျစ်ဖျစ်ညှစ်ညှစ်လေး လာကိုင်ပေသည်။ ထိုအခါမှ ကိုစွန်နောင်းအနားတွင် ရှိနေသေးကြောင်း ကျွန်တော် သတိရမိ၏။

"တစ်ခုတော့ ရှိတယ်ပေါ့ ကိုခင်မောင်သန်း၊ အခု ဦးကြီးပန်းနိုင် ကိုခင်မောင်သန်းကို ရည်ရွယ်တဲ့နေရာကို သူ့တပည့်တွေထဲ အများကြီး လိုချင်တဲ့လူ ရှိနေကြတာပါ၊ ဒါပေမဲ့ ဦးကြီးပန်းနိုင်က ကိုခင်မောင်သန်းကိုသာ သဘောတွေ့တာကိုး"



"သူ များထဲမှာပါ ကိုစွန်နောင်း၊ တကယ်တော့ ဒီနေရာဟာ ကိုစွန်နောင်းနဲ့သာ အသင့်ဆုံးပါ၊ ကိုစွန်နောင်းကို ထားရင် ဘောဂဗေဒက ကိုစွန်နောင်း နိုးရိမ်ခဲ့တဲ့ ပထမအချက်၊ ဒုတိယအချက်တွေကို အလိုလို ပြေလည်သွားမှာ မဟုတ်လား"

ကိုစွန်နောင်းသည် ပခုံးတွန့်ပြလိုက်၏။

"ကျွန်တော့်မှာ အဲဒီအရည်အချင်းမျိုး မရှိပါဘူး ကိုခင်မောင်သန်း၊ ဦးကြီးပန်းနိုင် မျက်စိတွေ့လောက်တဲ့ လက်ရုံးရည်မျိုးလေ၊ ပြီးတော့ ဒီလုပ်ငန်းမျိုးကို ကျွန်တော် လက်မခံ အားမပေးလိုဘူး၊ ကျွန်တော် လုပ်ချင်တာက ကောနေတဲ့မြေတွေပေါ်မှာ သင့်တော်တဲ့ အသီးအပင်တွေ စိုက်ချင်တာမျိုးပါ ကိုခင်မောင်သန်း"

မှန်ပါ၏။ ကျွန်တော်သာ တိုင်းပြည်အတွက် အင်ဂျင်နီယာကောင်းတစ်ဦး ဖြစ်မလာတော့ဘဲ တရားခံပြေးတစ်ဦး ဖြစ်သွားရစေကာမူ ကိုစွန်နောင်းသည် တိုင်းပြည်အတွက် စိုက်ပျိုးရေးသမားကောင်းတစ်ဦး ဖြစ်လိုက်စေပါတော့။

၁၀

ဦးတင်ကိုကိုသည် နိုင်မြဲသော သီအိုရီတစ်ခုကို ချမှတ်လိုက်သည်။ သူ၏သီအိုရီမှာ ရရှိထားသော သဲလွန်စများကို သံကြိုးကွင်းဆက်သကဲ့သို့ တစ်ခုပြီးတစ်ခု ဆက်နွယ်ပြီးမှ ချယူသော သီအိုရီမျိုးဖြစ်သည်။

ပထမဦးစွာ သစင်မြိုင်သည် သေနတ်ဒဏ်ရာနှင့် သေဆုံးရခြင်းအတွက် သူ့ကိုယ်သူ သတ်သေရခြင်းလေလားဆို သည့် အချက်ကို အနိုင်အမာ ရှာဖွေခဲ့သည်။ သစင်မြိုင်တွင် မိမိကိုယ်ကို သတ်သေချင်လောက်သော ပြဿနာရှိခဲ့ပါ၏လော။ ရှိတော့ ရှိသည်။ ဆရာဝန် ထွက်ဆိုချက်အရ မိမိ၏ခင်ပွန်း ဦးခင်မောင်သက်နှင့် မပတ်သက်နိုင်သော ကိုယ်ဝန်သန္ဓေသားသည် သစင်မြိုင်ဝယ် သုံးလသားအဖြစ်ပင် တည်ရှိခဲ့သည်။ ထိုသန္ဓေသားကို ခင်မောင်သက်က ငြင်းဆိုသောအခါတွင် သစင်မြိုင် စိတ်ညစ်ရမည်မှာ မုချ။ ဤအတွက် သစင်မြိုင် မိမိကိုယ်ကို သတ်သေမည်လား။



ဤနေရာတွင် လူ၏စိတ်ဓာတ်နှင့် အခြေအနေကို တွက်ဆရပေမည်။ သစင်မြိုင်ကဲ့သို့ အမျိုးသမီးမှာ အရာရာတွင် ငွေတန်ခိုးဖြင့် အုပ်စိုးလျက်ရှိ၏။ အကြောင်းအရာ မှန်သမျှတွင် သစင်မြိုင်သည် ပေါ့ပေါ့တွေး၍ ပေါ့ပေါ့သာ နေတတ်မည့် စိတ်ဓာတ်မျိုးရှိခဲ့ကြောင်း ဦးတင်ကိုကိုက သိထားခဲ့သည်။ ပြဿနာ အဝဝသည် သစင်မြိုင်အဖို့ အခက်အခဲ မဟုတ်စကောင်းပေ။ အရာရာကို ငွေနဲ့ချေဖျက်နိုင်ခဲ့သူဖြစ်၏။ ဤသန္ဓေအတွက် သစင်မြိုင် စိတ်ညစ်ရာမရှိ။ ငွေထု ငွေထည်ကို တွေးခန့်ပေးပြီးဖျက် လျှင် ဖျက်ခနဲ ပျက်သွားနိုင်သည်သာ။

ထို့ပြင် သန္ဓေသားကို မဖျက်ဆီးလင့်ဦး၊ သစင်မြိုင်သည် အမျိုးဘဝဖြင့် သန္ဓေသားရသည် မဟုတ်။ သူ့တွင် တရားဝင်ခင်ပွန်း ဦးခင်မောင်သက်ရှိ၏။ အများသည် ဦးခင်မောင်သက်နှင့်ရသည့် သားဟုသာ ယူဆပါမည်။ ဦးခင်မောင်သက် ကိုယ်တိုင်နှင့် ဦးခင်မောင်သက် အကြောင်းကို သိထားသော ဆရာဝန်များကသာ စာစ်မှန်ကို သိနိုင်မည်။ အကယ်၍ ဦးခင်မောင်သက် မကျေနပ်လျှင် လင်မယားကွာရှင်းရုံသာတည်း။ သစင်မြိုင်အတွက် နဂိုကပင် ဦးခင်မောင်သက်အပေါ် ချစ်ခင်စွဲလမ်းမှု နည်းလေသောကြောင့် ပေါက်ပြန်ခဲ့ပြီဖြစ်ရာ၌ ကွာရှင်းကြ၍သော သစင်မြိုင်သည် ဝမ်းနည်းပါမည်လား။ သစင်မြိုင်အတွက် ကောင်းသေသော် ရွေးအဆင်သင့်ရှိမည်သာ။ သန္ဓေသားကိစ္စလောက်နှင့်တော့ သစင်မြိုင်လို စိတ်ဓာတ်ရှိသော မိန်းကလေးသည် ကိုယ့်ကိုယ်ကိုယ် သတ်သေမည်ဟု ဦးတင်ကိုကို မယူဆ။

အရာခပ်သိမ်း လက်ညှိုးညွှန်ရာ ရေဖြစ်နေသည့် သခင်မြင့်ဘဝဝယ် အချိန်ရှိသရွေ့ အ-ှအပ၊ အညွန့်အဖူးနှင့် ပျော်မွေ့နေပါလျက် မိမိကိုယ်ကို သတ်သေပါမည်လား။ ဤကား အခြေအနေ ပတ်ဝန်းကျင်နှင့် သခင်မြင့်၏ ပင်ကိုစိတ်ဓာတ်အရ သခင်မြင့်သည် မိမိကိုယ်ကို သတ်မသေနိုင်ခြင်းဖြစ်သည်။

ကောင်းပြီ … လက်တွေ့သဲလွန်စကို ကြည့်ကြစို့။ သခင်မြင့် ရရှိထားသော သေနတ်ဒဏ်ရာများသည် ရင်ညွန့်တွင် ဖြစ်၏။ ရင်ကို သေနတ်ထိသည်နှင့် သေဖို့ဆိုသည်က မသေချာ ပေ။ မိမိသေနတ်ကို သေနတ်ပြောင်းလှည့်ကာ ကိုင်၍ချိန်ကြည့်ပါ။ အကိုင်ရ အတွယ်ရ ခက်သည်ကို တွေ့ရပါမည်။ သို့သော် မိမိ ကိုယ်ကို သတ်သေသောသူသည် ထိုထက်သေဖို့ သေချာသောနေ ရာကို ရွေးပါလိမ့်မည်။ ဥပမာ နားထင်တေ့၍လည်းကောင်း၊ ပါးစပ်ထဲ ပြောင်းငုံ၍လည်းကောင်း ပစ်ခတ်ပါလျှင် အမြန်သေ ပြီး တကယ်သေဖို့ စိတ်ချရပါသည်။

သခင်မြင့်မှာ ထိုသို့မဟုတ်၊ ရင်ညွန့်တွင် သေနတ် ဒဏ်ရာနှစ်ချက် ရှိနေ၏။ တစ်ချက်ထိပြီးလျှင် နောက်ထပ်တစ် ချက် ထပ်ဆွဲနိုင်ရန် မလွယ်ပေ။ ဆွဲနိုင်သည်ထားဦး ပထမတစ် ချက်နှင့်ပင် ကိုယ်နေကိုယ်ထားပျက်ပြီ ရင်ညွန့်သို့ထပ်၍ တည့် မတ်စွာ ပစ်နိုင်ပါဦးမည်လား။ တော့ဖြတ်သော သေနတ်ဆိုလျှင် ကျည်ဖူးဝင်ရန် အသားဆိုင်တွင် ယမ်းလောင်နေရမည်။ ဝတ်ထား သော အင်္ကျီတွင်လည်း ယမ်းလောင်နေရမည်။ ယခုမူ ထိုသို့ယမ်း လောင်သော အခြေအနေကို မတွေ့ရ။ အထူးခြားဆုံးမှာ မိမိကိုယ် ကို သတ်သေသောသူ၏ မျက်နှာအမူအရာသည် ညှိုးငယ်စွာရှိချင်



ရှိရမည်။ သို့မဟုတ် သေတော့ သေချင်၍ သတ်သေသည့်တိုင် သတ္တိနည်းပါးသူဖြစ်ပါက ကြောက်ရွံ့သော အမူအရာမျိုး ရှိရမည်။

ယခု သခင်မြင့်သည် အံ့ဩခြင်း၊ အံ့အားသင့်ခြင်း အမူအရာနှင့် အသက်ထွက်သွားပုံရသည်။ ယင်းအချက်များအရ သခင်မြင့်သည် သူ့ကိုယ်သူ သတ်သေခြင်းမဟုတ်ဘဲ အသတ်ခံရ ခြင်းသာဖြစ်သည်ဟု ဦးတင်ကိုကိုက နိုင်မာစွာ ယူဆခဲ့ပြီးလေပြီ။

ဦးစွာ သခင်မြင့် သေဆုံးသည်နှင့် ထွက်ပြေးတိမ်း ရှောင်သွားသော ဦးခင်မောင်သက်ကို စဉ်းစားသင့်၏။ ဦးခင်မောင် သက်သည် မိမိစနီး သခင်မြင့်ကို သတ်ပစ်ချင်လောက်အောင် မုံးတစ်(ဇ)ရှိနေပါသည်။ ဦးခင်မောင်သက်သည် မိမိ၏ဇနီးမယား တွင် မိမိကိုယ်တိုင် မည်သို့မျှ မပေးစွမ်းနိုင်သော သံနွှေသားရနေ သည်ဆိုလျှင် အမှန်ပင် စိတ်ထိခိုက်ရပေမည်။ ထို့ကြောင့်များ သခင်မြင့်ကို ပစ်သတ်ခဲ့လေသလား။ ဤလူ၏စိတ်ဓာတ်ကို ဦးတင်ကိုကို သိသင့်သလောက် သိထား၏။ ဤမျှ ရဲသွေးမွှမည့် သူ မဟုတ်ပေ။ သခင်မြင့်ကို လက်ထပ်ခဲ့စဉ်ကပင် မလွဲမရှောင် သာ ဦးခင်မောင်သက်က လက်ဘပ်လိုက်ရကြောင်း သတင်းထွက် ခဲ့ဖူး၏။ နောက်ဆုံး သူ မကျေနပ်လျှင် သခင်မြင့်အား ကွာရှင်း ပစ်ရန်သာရှိသည်။ သခင်မြင့်၏ဖောက်ပြန်မှုကို မကျေနပ်၍သတ် သည်ဆိုလျှင် သနွှေသား သုံးလထိအောင်ပင် စောင့်နေစရာမလို။ လင်နှင့်မယား အတွင်းသိ အပြင်သိမို့ သနွှေသားရသည့် ပထမ လကပင် သတ်ပစ်နိုင်သည်။ လူကြီးလူကောင်းတွေမို့ ဟန်ဆောင် ကာ နေခဲ့ပြီး အရက်မူးလေသောအခါမှ မထိန်းသိမ်းနိုင်တော့ဘဲ ပစ်သတ်လေသလား၊ ဒါကို စဉ်းစားမည်ဆိုက စဉ်းစားနိုင်သည်။

သို့သော် ဆရာဝန်၏ထွက်ဆိုချက်သည် ဤစဉ်းစား နိုင်သည့်အချက်ကို ပယ်ဖျက်ပြန်သည်။ အိပ်ဆေးမိနေသော ဦးခင်မောင်သက်သည် သစင်မြိုင် သေဆုံးသည့်နာရီအချိန်တွင် အိပ်မောကျလျက် ရှိနိုင်သည်ဟု ဆရာဝန်က ဆိုခဲ့၏။ ထို့ပြင် ဦးခင်မောင်သက်၏ သေနတ်သည် ဒသမသုံးနှစ်ဖြစ်ပြီး သစင်မြိုင် သေဆုံးစေသော ကျည်ဖူးမှာ ဒသမသုံးရှစ် ဖြစ်နေပြန်သည်။

ထိုအချက်များအရ လူသတ်သမားအဖြစ် ဦးခင်မောင် သက်ကို ခေတ္တ ဘေးသို့ဖယ်ထုတ်ထားလိုက်သည်။

ဦးတင်ကိုကိုသည် ဦးတင်အောင်လွင်အား လူသတ် သမားနေရာတွင် ထားကြည့်ပြန်သည်။ ဦးတင်အောင်လွင်သည် လူသတ်သမား ဖြစ်နိုင်လောက်သော မိုးတစ်(စ)တော့ ရှိသည်။ သစင်မြိုင်နှင့် ဦးတင်အောင်လွင်သည် တော်တော်တွဲခဲ့ကြသည်။ သူတို့နှစ်ဦး တွဲခဲ့ခြင်းနှင့် ချိန်းဆိုတွေ့ဆုံခြင်း၊ ကားအတူစီး သွားလာခြင်းများကို သက်သေပြသူများ တစ်ပုံကြီး ဦးတင်ကိုကို ရထားသည်။

ဦးတင်အောင်လွင်သည် မိန်းမနှင့်ပတ်သက်လျှင် စည်းမစောင့်တတ်မှန်း ဦးတင်ကိုကိုက ပုဂ္ဂိုလ်ရေးအရပင် သိထား သည်။ သစင်မြိုင်သည် အညာလွယ်လွယ်နှင့် ဦးတင်အောင်လွင် သည် ကြောင်ဖားဖြစ်၍ မစွမ်းရင်းနှင့် ကန်စွန်းခင်း ငြိကြသည် မှာ ယုံမှားစရာမရှိ။ သစင်မြိုင် သေဆုံးသွားရသောအခါ ဦးတင် အောင်လွင်သည် ခေါင်းရှောင်လေမည်သာ။ ဟိုညက ကိုခင်မောင် သက်၏ အရက်ခွက်ကို ဦးတင်အောင်လွင် ဆေးခတ်ခဲ့ခြင်းမှာ အကြံအစည်တစ်ခုခုရှိကြောင်း သက်သေပြနေသည်။ ဦးခင်မောင်



သက် အိပ်ပျော်ချိန်ဝယ် သစင်မြိုင်နှင့် လွတ်လပ်စွာ တွေ့ဆုံချင် လေသောကြောင့်ပေလား။ ဒါကိုတော့ ဦးတင်ကိုကို မဆုံးဖြတ်နိုင် ပေ။ နှစ်ဦးစလုံးသည် စကားတစ်လုံးမှ မဆိုနိုင်ခဲ့ကြဘဲ နိဂုံးချုပ် သွားကြသည် မဟုတ်ပါလား။ သို့တစေ ဦးတင်အောင်လွင်သည် ဦးခင်မောင်သက် အိပ်မောကျစဉ် သစင်မြိုင်အား တွေ့ဆုံလို၍ ဆေးခတ်သည် ဆိုပါလျှင် စဉ်းစားစရာ ရှိလာပြန်သည်။

အရက်ဝိုင်းတော်သားများသည် ညစ့နှစ်နာရီခန့် ပြန်ကြကြောင်း တညီတည်း ထွက်ဆိုကြ၍ မှန်ကန်သည်ဟု ယူဆနိုင်သည်။

သူတို့ပြန်၍ မရှေးမနှောင်း ရှစ်နာရီပတ်ဝန်းကျင် ခန့်တွင် သစင်မြိုင် အသတ်ခံရသည်ဟု ဆရာဝန်ဆေးစာကဆို သည်။ ဦးတင်အောင်လွင်သည် ဤသို့ ချက်ချင်းပြန်လာပြီး သစင်မြိုင်အား သတ်လို၍ ဦးခင်မောင်သက်အား ဆေးခတ်ခဲ့ခြင်း ပေလား။ ဖြစ်နိုင်စရာတော့ရှိသည်။

သို့တိုင် မဖြစ်နိုင်သည့် ကွင်းဆက်များကလည်း ရှိနေပြန်သည်။ မဖြစ်နိုင်သည့်ဘက်မှ အခြေအနေနှင့် အထောက် အထားက ပိုမို၍ အလေးချိန်စီးနေသည်။ ဦးတင်အောင်လွင်က သစင်မြိုင်အား သတ်လိုသည်ထား၊ သူ့ကိုကော မည်သူက သတ် ပြန်လေသနည်း။ သူတို့နှစ်ဦးစလုံး အသတ်ခံရခြင်းသည် တစ် လက်တည်းသော သေနတ်ဖြစ်နေကြောင်း ဓာတုဗေဒ အစီရင်ခံ ချက်က အခိုင်အမာ ဆိုထားသည်။

ကောင်းပြီ၊ ဦးတင်အောင်လွင်သည် ဒသမသုံးရှစ် ဘရောင်းနီ ခြောက်လုံးပြူးဖြင့် သစင်မြိုင်ကို သတ်သေပါသည်ဆို

လျှင် ပစ်ခတ်ခဲ့သော ဘရောင်းနီခြောက်လုံးပြူးသေနတ် ဘယ်မှာ
နည်း။ သေလောက်သည့်ဒဏ်ရာ ရပြီးခါမှ သေနတ်ကို ဦးတင်
အောင်လွင်က လှုံ့ဆော်ဝှက်နိုင်ပါဦးမည်လား။ အထူးသဖြင့် ဦးတင်
အောင်လွင် ရခဲ့သောဒဏ်ရာမှာ တစ်ချက်တည်းနှင့် နှလုံးသား
ထွင်းဖောက်ခဲ့ခြင်းဖြစ်ကြောင်း ဆေးစာအရ သိရသည်။ ဒဏ်
ရသည်နှင့် တစ်ချက်တည်း အသက်မဲ့သွားရပေမည်။ သေနတ်
ဝှက်ရန် တစ်လှမ်းပင် ရွေ့လျားနိုင်မည့် အခြေအနေမရှိ။ ထို့ကြောင့်
ဦးတင်အောင်လွင်သည် လူသတ်သမားအဖြစ်မှ ဦးတင်ကိုကို
ဖယ်ထုတ်ပြန်သည်။

အရက်ဝိုင်းတွင် ဝိုင်းခဲ့သော ဦးစိန်လှမောင်၊ ဦးကျော်
သူနှင့် ဦးသိန်းဖေတို့တွင် သစင်မြိုင်ကိုလည်းကောင်း၊ ဦးတင်အောင်
လွင်ကိုလည်းကောင်း သတ်နိုင်စရာ အခြေခံအထောက်အထား
အကြောင်းအရာ မိုးတစ်(ဗ)လုံးမျှမရှိ။ သူတို့သုံးဦးကိုလည်း
သတ်တရားခံအဖြစ်မှ ဦးတင်ကိုကို ဖယ်ထုတ်ပစ်ပြန်သည်။

ယင်းဆိုပါလျှင် လူသတ်တရားခံ မည်သူနည်း။

ဦးတင်ကိုကိုသည် အချက်အလက်များကို တစ်
ထုတ်ပြီးနောက် ကျန်ရှိသော အချက်များကို ပြန်လည်ရွေးထုတ်
ကြည့်ပြန်သည်။

သေသူနှစ်ဦး၏ ကိုယ်မှရရှိသော ကျည်ဆန်တို့သည်
တူညီချက် ထပ်တူထပ်မျှ ဖြစ်နေသော ဒသမသုံးရှစ် ဘရောင်းနီ
ခြောက်လုံးပြူးတစ်လက်တည်းမှ ထွက်လာသော ကျည်ဆန်များ
ကြောင်းကို ဓာတုဗေဒ စစ်ဆေးချက်က အနိုင်အမာ ပြထားသည်။
ထို့ကြောင့် လူသတ်လက်နက်သည် တစ်လက်တည်းသော သေ



နတ်ဖြစ်သည်မို့ လူသတ်သမားသည် တစ်ဦးတည်းသော လူသတ်
သမားပင်ဖြစ်ရမည်။

သေသူနှစ်ဦးလုံးသည် အံ့သြခြင်း အမူအရာဖြင့်
အသက်ကုန်ဆုံးခဲ့ရသဖြင့် ၎င်းသေသူနှစ်ဦးစလုံးက ကြောက်ရမည့်
သူ မဟုတ်ဘဲ လူသတ်သမားသည် သေသူနှစ်ဦးလုံးက မျှော်လင့်
မထားသော လူသတ်သမားမျိုး ဖြစ်ရမည်။

ဦးတင်အောင်လွင်အိမ်ရှိ မီးဖိုခန်းထဲတွင် ကျန်ရစ်
ခဲ့သော ဖိနပ်ပိုင်ရှင်သည် သစင်မြိုင်နှင့် ဦးတင်အောင်လွင်အား
သတ်ခဲ့သော လူသတ်သမား၏ ဖိနပ်ရာဖြစ်သည်ဟု ယူဆနိုင်သည်။

ထိုဖိနပ်ရာပိုင်ရှင်ကို ရှာဖွေတွေ့ရှိပြီး ထိုပိုင်ရှင်၏
လက်ဝယ် ဒသမသုံးရှစ်ဘရောင်းနီ ခြောက်လုံးပြူး လက်ဝယ်ရှိ
လျှင် ထိုသူပင်လျှင် သစင်မြိုင်နှင့် ဦးတင်အောင်လွင်ကို သတ်ခဲ့
သော လူသတ်သမား ဖြစ်ရမည်။

ဖိနပ်ခြေရာရှင်ကို ရှာပါလေပြီ။

ဦးတင်ကိုကိုသည် ဓာတ်ပုံရိုက်ယူထားသော ဖိနပ်
ခြေရာ၏ ဆိုးလ်အောက်ခံကို သေချာစွာ ကြည့်ရှုသည်။ မှတ်သား
ထားသော အတိုင်းအထွာကိုလည်း စစ်ဆေးကြည့်၏။

ဖိနပ်အောက်ခံဆိုးလ်သည် အလျား ၁၁ လက်မ၊
ဗြက် ၄ လက်မရှိသည်။ ထိုအရွယ်အစားသည် ဖိနပ်ဆိုက် ၅ ခွဲ
သို့မဟုတ် ၆ ဖြစ်နိုင်၏။ ဆိုးလ်ကို ကြည့်ခြင်းဖြင့် ရှူးဖိနပ်ဖြစ်
သသည်။

ဦးတင်ကိုကိုသည် တောင်ငူမြို့ပေါ်တွင်ရှိသော ဖိနပ်ဆိုင်များစာရင်းနှင့် ဖိနပ်ချုပ်ဆိုင်စာရင်းကို အိတ်တွင်ထည့်လိုက်၏။ ဓာတ်ပုံနှင့် ဖိနပ်အတိုင်းအထွာကိုလည်း အိတ်ထဲသို့ ထည့်ပြန်၏။ ထို့နောက် ရဲစခန်းသုံး ဂျစ်ကားပြာဖြင့် မြို့ထဲသို့ ထွက်လာခဲ့သည်။

ပထမဦးစွာ ဈေးကြီးပယ်လည်ရှိ ဖိနပ်ဆိုင်များကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝင်ရောက်ကြည့်ရှု စစ်ဆေးရှာဖွေသည်။ ဖိနပ်စိုက် ၅ ခွဲနှင့် ၆ ကို အထူးသတိထားစစ်ဆေးကြည့်၏။

ဓာတ်ပုံပါ တူညီသော ဆိုးလ်ဖြင့် ဖိနပ်များကို မတွေ့ရပေ။

ဖိနပ်ဆိုသည်ကလည်း ခက်လှသည်။ အဖြို့ဖြို့ အရွာရွာတွင် ရောင်းသောပစ္စည်းဖြစ်သည်။ ဖိနပ်၏ဆိုးလ်များကလည်း ပုံစံအမျိုးမျိုး ရှိတတ်သည်။ ဓာတ်ပုံထဲတွင် ရိုက်ယူထားသော ဆိုးလ်နှင့်ဟူညီသော ဆိုးလ်ကို တွေ့ရှိသည်ထား သည့် ဆိုးလ်မျိုးနှင့် ဖိနပ်များကို လူပေါင်းအသချေအနန္တ က ဝယ်ယူကြပေမည်။ လူသတ်သမားသည် အခြားတစ်မြို့မြို့က ဝယ်ရှိသော ဖိနပ်ဖြစ်ဘိမူ ဦးတင်ကိုကို ဘာတတ်နိုင်မည်နည်း။

ရဲတပ်ဖွဲ့၏စုံထောက်လုပ်ငန်းသည် ဆရာဝန်ဆေး သော လုပ်ငန်းနှင့် တူသည်ဟု ဆိုလိုက်ချင်သည်။ ဆရာဝန်သည် ရောဂါ၏သဲလွန်စကို နည်းအမျိုးမျိုးနှင့် ရှာဖွေကြည့်ရသည်။ မအပ်စပ်ပါက ရောဂါတခြား ဆေးတခြား ဖြစ်ရတတ်သည်။

ရဲတပ်ဖွဲ့၏စုံထောက်လုပ်ငန်းမှာလည်း ဤကဲ့သို့ပင် သဲလွန်စနှင့် အထောက်အထားကို ရှာဖွေရတတ်သည်။ တစ်



တစ်ရံ ရရှိထားသော သဲလွန်စတို့သည် တရားခံ၏လှည့်ကွက် ဖြစ်နေပါက အချာပတ်ချာ လိုက်သွားတော့သည်။ ဤလုပ်ငန်းနှစ်ခုလုံးတွင် ကံလိုသည်ဟု ဆိုနိုင်ပါသည်။ ကံကလေးမလျှင် သဲလွန်စအောင်မြစ်မှန်သို့ ပို့ပေးတတ်လေသည်။

ဤတစ်ချီတွင်မူ ဦးတင်ကိုကို၌ ကံမလိုက်ဟု ထင်ပါသည်။ ဖိနပ်ဆိုင်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် ဖတ်ဖတ်မောသွားစေကာမူ လိုချင်သည့် ဆိုးလ်ပုံစံကို မတွေ့ရသေးပေ။

ဖိနပ်သက်သက်ရောင်းသော ဆိုင်များ ကုန်လေပြီ။

ဦးတင်ကိုကိုသည် အလျှော့မပေး။ ဖိနပ်ချုပ်ပြီးရောင်းသော ဆိုင်များသို့ ဝင်ပြန်သည်။ ဈေးပတ်ဝန်းကျင် ဖိနပ်ချုပ်ဆိုင်အားလုံးကိုပင်ဖြစ်၏။ မတွေ့သေး။

ဈေးထဲမှ ဖိနပ်ချုပ်ဆိုင်သို့ ဦးတင်ကိုကို ရောက်လာရပြန်သည်။ မှန်ဗီရိုထဲမှ ချုပ်ပြီးသားဖိနပ်တွေကို တစ်ရန်ပြီးတစ်ရန် ဆိုးလ်များကို လှန်ကြည့်သည်။

တွေ့ပါလေပြီ။

မီးခိုးရောင် ဦးချွန်ဟက်(ဗ်)ရှူးတစ်ရန်၏ ဆိုးလ်သည် ဦးတင်ကိုကို ဓာတ်ပုံထဲမှ ဆိုးလ်ပုံစံ အကွက်အကြောင်းအတိုင်း ဖြစ်နေသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဦးတင်ကိုကိုမျာ ထခုန်မိတော့မလား အောက်မေ့ရသည်။

ထုံးစံအတိုင်း ဖိနပ်ဆိုင်ရှင်အား မေးခွန်းများ တရစပ်ထုတ်ရလေတော့၏။ ရဲလုပ်ငန်းသည် မောင်ပေါက်ကျိုင်း၏ဆောင်ပုဒ်တစ်ခုကို အစဉ်အမြဲ အဓိကထားရ၏။ "မေးပါများ စကားရပင် ဖြစ်ပါသည်။

"ခင်ဗျားက ဆိုင်ရှင်လား"

"ဟုတ်ပါတယ်"

ဆိုင်ရှင်၏ မျက်နှာသည် နည်းနည်းစူလာ၏။ စော စောက ဖိနပ်ဝယ်မည်ထင်ပြီး တစ်ရန်ပြီးတစ်ရန် စိတ်ရှည်ရှည် ပြနေသော်လည်း အစစ်အဆေးများ နိဒါန်းပျိုးလာသောအခါ ဆိုင်ရှင်ခမျာ ကျွဲမြီးတိုလာဟန်တူသည်။

"နာမည်က ဘယ်သူတဲ့လဲ"

"ညွန့်ဝေပါ"

"ကဲ ... ကိုညွန့်ဝေ၊ ဟောဒီ မီးနီးရောင်ဖိနပ်က ဆိုးလ် မျိုးတွေ ခင်ဗျားမှာ ဘယ်လောက်များများရှိသလဲ"

"ကျုပ်ဝယ်ထားတုန်းကတော့ အစုံသုံးဆယ်ပဲဗျ"

"အဲဒီဆိုးလ်နဲ့ချုပ်ပြီး ဘယ်နရန်ရောင်းပြီးပြီလဲ"

ကိုညွန့်ဝေ ခေါင်းကြီးကိုမော့ကာ စဉ်းစားရင်း ...

"အင်း ... တစ် နှစ် သုံး လေး၊ အား ... ဆယ့်လေးငါး ရန်လောက် ရှိပြီထင်တာပဲ၊ သေချာတော့ မမှတ်မိဘူး၊ သေချာအောင်ဆိုရင် ကျန်သေးတဲ့ ဒီလိုဆိုးလ်တွေကို ရေ ကြည့်မှ သိတာ"

"ကဲ ... ဒါဖြင့် ကျန်တာတွေ ရေကြည့်ပေးစမ်းပါဦးဗျာ ဒုက္ခပေးတယ်လည်း မအောက်မေ့ပါနဲ့"

"ဘာလို့လဲဗျ၊ ကျုပ်တို့က ကောင်းကောင်းမွန်မွန် လုပ် စားနေတဲ့ လူတွေပါ"

"ဟုတ်ပါပြီ ကိုညွန့်ဝေရာ၊ ကိုညွန့်ဝေကို ဘာပြုလို့မှ မဟုတ်ပါဘူး။ ကျွန်တော် သိချင်လို့ပါ"



ကိုညွန့်ဝေသည် ညည်းညည်းညူညူဖြင့် ခေါင်းကုတ် ကာ အတွင်းသို့ လှမ်းအော်လိုက်သည်။

"အုံးမောင် ... ဟေ့ ... အုံးမောင်၊ ဒီကိုလာစမ်းကွာ၊ ခဏ လောက်"

အုံးမောင် ဆိုသူသည် အတွင်းခန်းမှ ထွက်လာ၏။ လက်ထဲ၌ ချုပ်လက်စ ဖိနပ်တစ်ဖက်လည်း ပါလာသည်။ အုံး မောင်သည် ဖြူဖြူပုပု သေးသေးဖြစ်၏။ ပြောင်စပ်စပ် မျက်နှာ မျိုးဖြစ်သည်။ ဖိနပ်ချုပ် အလုပ်သမားတစ်ဦး ဖြစ်ပေမည်။

ကိုညွန့်ဝေသည် မီးနီးရောင် ဟက်(ဖ်)ရှူး၏ ဆိုးလ် ကိုပြကာ ၎င်းဆိုးမျိုး လက်ကျန်များ ယူလာခဲ့ရန် ပြောကြားလိုက် သည်။ အုံးမောင်သည် တစ်ခဏအတွင်း တစ်မှူ့တစ်ပိုက်ဖိနပ် ဆိုးလ်တွေ ယူလာကာ ဗီရို၏ မှန်ချပ်ပေါ်သို့ တင်ပြတော့သည်။ ကိုညွန့်ဝေသည် တစ်စုံနှစ်စုံ စသည်ဖြင့် ရေတွက်တော့၏။

"အားလုံး တစ်ဆယ့်နှစ်စုံ ကျန်သေးတယ်ဗျ၊ အဲဒီမီးနီး ရောင် ဟက်(ဖ်)ရှူးဆိုးရယ်၊ အခု အော်ဒါချုပ်လက်စ တစ်စုံရယ် ဆိုရင် အားလုံး လက်ကျန်ဆိုးလ် တစ်ဆယ့် လေးစုံ၊ ဒီတော့ တစ်ဆယ့်ခြောက်စုံ ရောင်းပြီးပြီပေါ့ဗျာ"

"အဲဒီရောင်းပြီးတဲ့ ဆယ့်ခြောက်ရန် လက်ခံဘောက်ချာ တွေကော ပြပါလား ကိုညွန့်ဝေ၊ ဘယ်သူတွေ ဝယ်တယ် ဆိုတာ သိချင်လို့ပါ"

"ဒါကတော့ ဒီလိုလေ၊ ရယ်ဒီမိတ်ရောင်းတာတွေတော့ ဘယ်ဘောက်ချာတွေ ဘာတွေ ရှိမလဲ၊ အော်ဒါဖိနပ်ဆို ရင်တော့ ခြေအတိုင်းအထွာစာအုပ်နဲ့ လက်ခံဘောက်ချာ ရှိတတ်တယ်"

"အဲဒါတွေ ခဏလောက် ကြည့်ရအောင်ဗျာ"

ကိုညွန့်ဝေသည် ခြေတိုင်းစာအုပ်ကြီးနှင့် လက်ခံဘောက်ချာစာအုပ် ယူလာခဲ့သည်။

"ဒီခြေတိုင်း စာအုပ်ထဲမှာတော့ အော်ဒါထည်တွေ အများကြီးပေါ့ဗျာ၊ ဒါပေမဲ့ အစုပြတဲ့ ဆိုးလ်နဲ့ အော်ဒါဖိနပ်ကို အင်္ဂလန်အယ်(လ်)ကိုက်ဆိုးလ်လို့ ရေးထားပါတယ်၊ အော်ဒါမှာတဲ့လူရဲ့ ခြေဖဝါးပုံစံရော နေရပ်လိပ်စာတွေပါ ပါတယ်"

ဦးတင်ကိုကိုသည် အင်္ဂလန်အယ်(လ်)ကိုက်ဆိုးလ်ဖြင့် မှာသော ခြေဖဝါးပုံစံနှင့် လိပ်စာများကို စိတ်ရှည်လက်ရှည် ရှာတော့သည်။

စတုတ္ထမြောက် ခြေရာပုံစံတွင် ဦးတင်ကိုကို၏ မျက်လုံးအစုံမှာ စီးကွက်ဖြစ်သွားပါလေတော့၏။ ဤခြေပုံစံနှင့် ဤအမည်၊ ဤနေရပ်လိပ်စာတို့သည် ဦးတင်ကိုကိုအား မျက်လုံးပြူးသွားအောင်ပင် အံ့ဩရလေတော့သည်။

● ❀ ●



## ၁၁

မှန်မဝီ ရွှေမချရုံတစ်မည်ရှိသော အထူးဆောင်၏ တံခါးကိုပိတ်ကာ ကျွန်တော်သည် ဆိုဖာပုလေး၌ ထိုင်ချလိုက်မိသည်။ ဇက်(ဖြ)နက်ကျောကျော အရက်ပုလင်းကို ကျွန်တော် စိုက်ကြည့်နေမိသည်။ ဤအရက်ပင်လျှင် ကျွန်တော့်အား ဤဘဝသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ အရက်ပုလင်းကို မျက်နှာလွှဲလိုက်သည်။ ဆုံးဖြတ်ချက်လည်း ချလိုက်မိ၏။ အရက်ကို ဘယ်သောအခါမှ ဘယ်သို့သော အခြေအနေမှာပဲဖြစ်ဖြစ် မသောက်တော့ဟူ၍ ဖြစ်သည်။

အိပ်ခန်းထဲသို့ ဝင်လာခဲ့ကာ အိစက်ညက်ညောသော ရေမြှုပ်မွေ့ရာကြီးဝယ် ကျွန်တော် ပစ်လှဲလိုက်မိသည်။ အိပ်၍ကား မပျော်သေး။ အတွေးများသာလျှင် ကျွန်တော့်ဦးနှောက်ဝယ် ပလုံစီလာခဲ့ရသည်။

ကျွန်တော် ချစ်ရပါသော ဓေါက်တာလေးလေးမြင့်ကို တွေးမိကာ ကျွန်တော် အံကြိတ်မိ၏။ နှုတ်ခမ်းကိုက်မိသည်။

လေးလေးမြင့်သည် တက္ကသိုလ်ပြပွဲ ပြိုင်ပွဲများက တည်းကပင် တိတ်တခိုး ကျွန်တော့်အား လက်စုပ်တီး ဩဘာပေး နေရသူပါဟု ဆိုလာသည်။ ဒါကို ကျွန်တော် ယုံစားမိသည်။ ကျေနပ်မိသည်။ လူဆိုသော အထွဋ်ဘောကြီးသည် အမြောက်ကြိုက် တတ်လွန်း၏။ မိမိတတ်ကျွမ်းမှုနှင့် အောင်မြင်မှုကို အခြေခံကာ မြှောက်ကာ ပင့်ကာ ပြောလာလျှင် တယ်ပြီးသဘောကျတတ်သည်။ ဤနည်းဖြင့် လေးလေးမြင့်သည် ကျွန်တော်နှင့် သစင်ဖြိုင်၏ အတွင်းရေးများကို ချုသွားနိုင်ခဲ့သည်။ ကျွန်တော့်အကြောင်းကို မည်သူ့ကိုမျှ မပြောပါဟု အောင်စေတီကိုယ်တော်မြတ်ထံ၌ပင် လေးလေးမြင့်သည် ကျိန်ဆိုသေးသည်။ တတ်လည်း တတ်နိုင်သည်။ လူလူချင်းသာမက ဘုရားကိုယ်တော်မြတ်ကိုပင် လိမ်လည်နိုင်သော မိလေးလေးမြင့်ပါပေ။

လေးလေးမြင့်သည် ပင့်ကူမတစ်ကောင်ပင်တည်း။ လှပသော အိမ်ကလေးကို ဝန်းဝန်းဝိုင်းဝိုင်းဖြင့် ဆောက်ပေးထား၏။ အိမ်ကလေးသို့ ယောင်တိယောင်ကန်း ဝင်လာခဲ့၍ ငြိမ်တွယ် နေပြီး ရုန်းမထွက်နိုင်သော ကျွန်တော်၏ဦးနှောက်ကို သူမသည် ဖောက်စားခဲ့သည်။ သူမ၏ပရိယာယ် ကွန်ယက်ဝယ် ကျွန်တော် သည် ရိုးရိုးစင်းစင်းပင် အမိခံလိုက်ရသည်။

သို့တိုင်အောင် လေးလေးမြင့်ကို ကျွန်တော်ချစ်သည်။ ကျွန်တော်က ချစ်ရသောအကြောင်းကိုသာ ကျွန်တော်ဖွင့်ဟခဲ့သည်။ သူမထံမှ အချစ်ကိုပင် ကျွန်တော် မတောင်းခံခဲ့။ ကျွန်တော့်အား ပေါင်းစပ်ခြင်းဖြင့် သူမတွင် ထိခိုက်နစ်နာသွားမည်ကို ကျွန်တော် နိုးရိမ်ခဲ့သည်။ ဤမျှကိုပင် လေးလေးမြင့်အား ကျွန်တော်ချစ်မိပါ၏။



အကယ်၍သာ သူမ၏ဦးကြီးအလိုကျ ဆောင်ရွက် ပေးပါဟု လေးလေးမြင့်က ရိုးရိုးသားသား ကျွန်တော့်ကို ပြောလာ လျှင် ကျွန်တော်က ငြင်းဆန်မည်လည်း မဟုတ်ပါ။ ကျွန်တော့် ဘဝက ဘာများပိုထူးတော့မည်မို့နည်း။ သို့သော် လေးလေးမြင့် သည် တစ်ဖက်မှ ကျွန်တော့်အား ကွန်ယက်ဖြန့် အမိဖမ်းကာ အခြားတစ်ဖက်မှ သေချာသော အကျပ်ကိုင်နည်းကို သုံးလိုက် သည်။ သူ့ဦးကြီးအား ကျွန်တော့်အကြောင်းတွေ ဖွင့်ပြောပြခြင်း ဖြင့် ကျွန်တော် မလှုပ်နိုင်အောင် ချည်တုပ်လိုက်သည်။ ခံပြင်း စရာနှင့် နာကြည်းစရာပင်။

ခြံထဲမှ ကားတစ်စီး မောင်းထွက်သွားသံသည် ကျွန်တော့်အတွေးကို ရပ်သွားစေသည်။ ပြတင်းပေါက်မှ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကားအဝါကြီးပင်။ ကိုစွန်နောင်းက မောင်း ပြီး စောသီရိနိုင်က ဘေးမှထိုင်လိုက်သွား၏။ ကျွန်တော်သည် ကျေနပ်စွာ ခေါင်းညိတ်မိသည်။

"ဒေါက် ... ဒေါက်"

အပြင်မှ တံခါးခေါက်သံမို့ ကျွန်တော် အိပ်ခန်းမှ ထွက်ခဲ့ကာ တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

လေးလေးမြင့်ပေတည်း။ သူမလက်ထဲဝယ် ကျွန် တော့်အတွက် ညစာကို လင်ပန်းဖြင့် ထည့်ယူလာခဲ့သည်။ အထူး ဆောင်မှ ဧည့်သည်အား အိမ်ကြီးမှ သည်လိုပင် ပေးပို့ဧည့်ခံသည် ဟု စောသီရိနိုင် ပြောခဲ့သည်။

"ဪ ... ဒေါက်တာမကြီး လေးလေးမြင့်ပေကိုး။ အား နာစရာဗျာ၊ ကိုယ်တိုင်များ ထမင်းလာပို့ရတယ်လို့၊ ဒီလို

မပြုစုလည်း ကျွန်တော်က ဦးပန်းနိုင် နိုင်းသမျှ လုပ်ပေးရမယ့်လူပါ"

လေးလေးမြင့်သည် ကျွန်တော့်ကို ကြောင်၍ကြည့်နေရှာသေးသည်။ ပြီးမှ စားပွဲပေါ်သို့ လင်ပန်းတင်လိုက်၏။ မည်းကြွတ်ကြွတ် ဗက်(၆၉) အရက်ပုလင်းကို လေးလေးမြင့် တွေ့သွားသည်။

"ကိုသက် အရက်တွေသောက်တယ်"

"ဗျာ ... ဗျာ ... ဘယ်လို၊ ခုန ဒေါ်လေးလေးမြင့် ကျွန်တော့်ကို ခေါ်လိုက်တာ ကိုသက်တဲ့၊ ဟုတ်ရဲ့လား"

ဟု ပြောရင်း ကျွန်တော်သည် ဟားတိုက်ရယ်မောလိုက်၏။ ဒါကို လေးလေးမြင့်က ကြင်နာသော မျက်လုံးများဖြင့် ကြည့်ရင်း ...

"ကိုသက် မူးနေပြီကိုး၊ မနက်တုန်းက လေးလေးက အဖြေမပေးလို့ ကိုသက် မကျေမနပ် လစ်ပြေးတာမဟုတ်လား၊ အခုလည်း ဒါကြောင့် အရက်တွေသောက်နေတယ်ပေါ့၊ လေးလေးလေ ကိုသက်ကို ချစ်ပါတယ်ကွယ်၊ အခုမှ မဟုတ်ပါဘူး၊ ဟိုကျောင်းသူဘဝကတည်းကပါ"

ကျွန်တော် ထပ်၍ရယ်ပြန်သည်။ ရယ်ချင်၍ ရယ်သည်တော့ မဟုတ်။ လေးလေးမြင့်၏စကားကို တမင်ဟားပစ်နေခြင်းသာ ဖြစ်ပေသည်။

"လာပြန်ပြီလား၊ ဒီကျောင်းသူဘဝကတည်းကဆိုတဲ့ စကားလုံးကလေးတွေ၊ ဒီမှာ ဒေါ်လေးလေးမြင့်၊ နွားဆိုရင် နဖားကြိုးကို ဖွတ်ထိုးလိုက်၊ ပြီးတော့ နိုင်း၊ အဲ ... သူက



နိုင်းသမျှလုပ်ရော၊ ဒါပေမဲ့ လူကျတော့ အဲဒီလို နဖားကြိုး ဖွတ်ထိုးလို့ မရပြန်ဘူး၊ ဒီတော့ မက်လုံးပေးရတယ်၊ ကြိုက်လုံးပေးရတယ်၊ ဒေါက်တာမကြီး ဒေါ်လေးလေးမြင့်က ကျွန်တော့်ကို ချစ်ပါတယ်၊ ဟိုကျောင်းသူဘဝကတည်းက ချစ်ခဲ့မိတာပါလို့ ပြောတာနဲ့ ကျွန်တော်ကလည်း ဦးပန်းနိုင်ကြီး နိုင်းသမျှ လုပ်ရမယ်ပေါ့၊ ဟုတ်ရဲ့လား၊ ဒါကိုပဲ ဒေါ်လေးလေးမြင့် လိုချင်တာ မဟုတ်လား"

လေးလေးမြင့်သည် စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်သည်။

"ကိုသက် သိပ်မူးနေပြီကိုး"

"မမူးပါဘူး၊ လုံးဝမမူးပါဘူး ဒေါ်လေးလေးမြင့်၊ ကျွန်တော်က အရက်ကို တစ်စက်မှ မသောက်ရသေးတာ ဘယ်လိုလုပ်ပြီး မူးရမလဲ၊ ပုလင်းဘူးဆို့က စက္ကူပတ်ပဲ ကြည့်ပါဦး၊ လုံးဝပုလင်းကို မဖွင့်ရသေးပါဘူး ဒေါ်လေးလေးမြင့်၊ တစ်ကြိမ်က အရက်ကြောင့် အမှားကြီး မှားခဲ့ရတဲ့ ကျွန်တော်ဟာ နောက်တစ်ခါ အရက်ကြောင့်ဖြင့် ထပ်မမှားစေရပါဘူး"

"ဒါဖြင့် ကိုသက် ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာတွေပြောနေသလဲ ဟုတ်လား၊ ရှင်းပါတယ် ဒေါ်လေးလေးမြင့်၊ ကျွန်တော်ပြောတာတွေ ရှင်းနေပါတယ်၊ ဦးပန်းနိုင်က ကျွန်တော့်ကို သူ့လုပ်ငန်းမှာ သုံးချင်နေတယ်၊ ဒါကြောင့် ဒေါ်လေးလေးမြင့်က ကျွန်တော့်ကို ကျူးသွင်းနေတာပဲ မဟုတ်လား"

"တော် ... ကိုသက်၊ ကိုသက် စကားတွေက လွန်လာပြီ၊ ဒါဟာ လေးလေးရဲ့နှလုံးသားက မေတ္တာကို စော်ကားနေတာပဲ"

"ဗျာ ... နှလုံးသားကမေတ္တာ၊ ဟုတ်ပါရဲ့လား ဒေါ်လေးလေးမြင့်ကြီးရယ်၊ မေးစမ်းပါရစေ၊ ရင့်ကျက်လှတဲ့ ဆရာဝန်မကြီး ဒေါ်လေးလေးမြင့်မှာ နှလုံးသားဆိုတာ အဟုတ်တကယ်ကော ရှိလို့လား၊ မယုံပါဘူးဗျာ၊ မယုံပါဘူး။ တကယ်သာ ဒေါ်လေးလေးမြင့်မှာ နှလုံးသားရှိရိုးမှန်ရင် အောင်စေတီကိုယ်တော်မြတ်မှာ ဘယ်သူမှ အသိမပေးပါဘူးလို့ တိုင်တည်ကျိန်ဆိုလျက်နဲ့ ခင်မောင်သက် ဆိုတဲ့ တရားခံပြေးအကြောင်းကို ဒေါ်လေးလေးမြင့်ရဲ့ဦးကြီးပန်းနိုင်ကို ဘာဖြစ်လို့များ ဖွင့်ပြောခဲ့သေးလဲလို့"

လေးလေးမြင့်၏ မျက်နှာနှစ်ဖက်မှာ မြင့်တက်သွား၏။ ပါးစပ်ကလေးမှာ "အို"ဟူသော အာမေဋိတ်ဖြင့် ဝိုင်းစက်သွားသည်။ ကျွန်တော်၏စကားကို တကယ်ပင် အံ့ဩသွားဟန်တူသည်။ ရုပ်ရှင်ထဲမှာသာဆိုပါလျှင် လေးလေးမြင့်၏ ဤအမူအရာသည် ရွှေစင်ရုပ်ဆုကို လှမ်းလိုက်သော အကွက်ဟုပင် ကျွန်တော် ဆိုလိုက်ချင်ပါ၏။

"လေးလေး ဦးကြီးကို လုံးဝမပြောဘူး"

"ဟုတ်ပါ့မလား ဒေါ်လေးလေးမြင့်ရယ်၊ ဒီကျောက်ခဲမှာ ကျွန်တော့်ကိုသိတာနဲ့ ကျွန်တော့်အကြောင်းတွေကို သိတာ ဒေါ်လေးလေးမြင့် တစ်ယောက်တည်းသာပါ၊ ဦးဝန်းနိုင်က ကျွန်တော့်နာမည်ကို တစ်တစ်ခွခွကြီး ဖော်ထုတ်ခဲ့ပြီပဲ၊ ဒေါ်လေးလေးမြင့်သာ မပြောဘူး ဆိုရင်တော့ ဦးပန်းနိုင်ဟာ အကြားအမြင်ပေါက်နေတဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်နေလို့သာပေါ့"

"အို ... လေးလေး ကိုသ...အကြောင်း ဦးကြီးကို တစ်ခါမှ မပြောပြခဲ့ဘူး၊ ဘယ်သူ့ကိုမှလဲ မပြောခဲ့ဘူး၊ ဘုရားမှာ သစ္စာဆိုရဲတယ် သိလား"

ကျွန်တော်သည် ခြောက်ကပ်ကပ်ပင် ရယ်လိုက်ပါ၏။

"အောင်စေတီ ကိုယ်တော်က အရုပ်ဘုရားမို့ တန်ခိုးရှိချင်မှရှိမယ် ဒေါ်လေးလေးမြင့်၊ ဒီအနီးအနားမှာဆိုရင် သိပေါနားမှာရှိတဲ့ ဆော်ကြီးဘုရားကတော့ တန်ခိုးကြီးပါတယ်၊ အဲဒီဆော်ကြီးဘုရားကြီး တစ်ဆူလုံးကိုမျိုပြီး သစ္စာဆိုတောင်မှ ကျွန်တော်က ယုံပါ့မလား ဒေါ်လေးလေးမြင့်ရယ်"

လေးလေးမြင့်သည် စံနိုင်စွမ်း မရှိရှာတော့ပေ။ အနီးရှိ ဆိုဖာတွင် ထိုင်ချလိုက်သည်။ ထို့နောက် မျက်နှာကိုလက်ဝါးနှစ်ဖက်အုပ်ကာ တစ်ကိုယ်လုံး သိမ့်သိမ့်ခါသည်အထိ ငိုရှိုက်လေတော့၏။

သည့်နောက် နေရာမှထကာ ကျွန်တော်က မည်သို့မျှ မတားဆီးနိုင်မီ အပြင်သို့ ပြေးထွက်သွားပါလေတော့သည်။

◆

မိုးစင်စင်သာ လင်းခဲ့သည်။ တစ်ရေးမျှ ကျွန်တော် အိပ်မပျော်ပေ။

တစ်ညလုံး လေးလေးမြင့်ကိုသာ တွေးနေမိသည်။ လေးလေးမြင့်အား ကျွန်တော့်ဘဝတွင် တစ်ခါဖူးမျှ မချစ်ဖူးခဲ့ သေးသော အချစ်ဖြင့် ချစ်နေပေသည်။ သို့သော် ချစ်လွန်းမိလေ သောကြောင့် ထင်သည်။ စိတ်လည်း နာခဲ့ရသည်။ စိတ်နာဖွယ် ကောင်းအောင်လည်း လေးလေးမြင့်သည် ကျွန်တော့်အား သစ္စာ ဖောက်ခဲ့သည်။ ရှိစေတော့။ အချစ်ရေးနှင့် ပတ်သက်လာလျှင် ကျွန်တော်၏ ကံဇာတာကိုကပင် အရှုံးဆီသို့ ညွှန်းလေသည် ထင် ပါသည်။

စောစောစီးစီးပင် အိုက်ပန်သည် ကျွန်တော့်ထံ ရောက်လာသည်။

"ဆရာကြီးက ခေါ်နိုင်းတယ် အစ်ကို"

ကျွန်တော် အိပ်ရာမှ ထလိုက်သည်။ အိုက်ပန်သည် စားပွဲပေါ်တွင် လုံးဝအနေအထား မပျက်သော အရက်ပုလင်း၊ အမြည်းများနှင့် ညစာထမင်းပွဲကို တွေ့ရှိသွားသည်။

"အစ်ကို မနေ့ညက ဘာမှမစားဘူးပေါ့"

ကျွန်တော်သည် အိုက်ပန်၏အမေးကို ပြန်မဖြေ ဘဲ...

"လာ ... သွားစို့ အိုက်ပန်"



ဟု ခေါ်ကာ ရှေ့မှဆင်းလာခဲ့ပါသည်။ လမ်းတွင် အိုက်ပန်က လေရှည်ပြန်သည်။

"အိုက်ပန်ဟာ လူရာမဝင်ပါဘူး အစ်ကို၊ ဒါပေမဲ့ အိုက်ပန် မှာ နားရယ်၊ မျက်လုံးရယ်၊ ပါးစပ်ရယ်ရှိနေတယ်၊ ဒီတော့ ကြားတာရယ်၊ မြင်တာရယ်ကို ပြောပြတယ် အစ်ကို"

ကျွန်တော်က နားထောင်ရင်း ဆက်လျှောက်လာ သည်။

"မနေ့ကညပိုင်း တစ်ချိန်လုံး ဘာဖြစ်ကြတယ် မသိဘူး၊ မမလေး ဇောသိရီလည်း ငိုတယ်၊ လေးလေးလည်း ငိုတယ်၊ အစ်ကိုလည်း ထမင်းမစားဘူး၊ ဒါတွေဟာ မကောင်းတဲ့ လက္ခဏာတွေလို့ အိုက်ပန် ထင်တယ်၊ ဒီအချိန်မှာ သိမ် က အောင်ပွဲခံနေလိမ့်မယ် အစ်ကို၊ အိုက်ပန်တို့အားလုံး ဟာ တက်တက်ကြွကြွ ရှိနေသင့်ကြတာပေါ့"

အဝင်ဝတွင် သစ်ခွပန်းများက ကြိုဆိုလျက်ရှိသည်။ တွဲရရွဲခိုကျကာ အပွင့်၏ အရောင်အသွေးတို့သည် ပြာသည်လည်း ပါ၏။ ဝါသည်လည်း ပါ၏။ ရေမ်းနှင့် ပန်းရောင်များလည်း ပါ ရှိသည်။ အဝင်ဝမှာပင် သစ်ခွပန်းများကို ကြည့်မြင်ရရုံနှင့် ကြည်နူးဖွယ် ရှိလှသည်။

ကျွန်တော်သည် ဧည့်ခန်းထဲသို့ တန်းရှဲဝင်လာခဲ့ ပေသည်။ ခမ်းနားလှသည်မှာ ပြောဖွယ်မရှိ။ ဆိုဖာကြီးများလည်း ထိုင်ရက်စရာပင် မကောင်းအောင် လှပအိစက်ကြသည်။ ဆင်စွယ် ရောင် မွေးပွကော်ဇောကြီးများ ဧည့်ခန်း ခန်းလုံးပြည့် ခင်းထား သည်။

ငွေလည်း ရှိသည်။ ငွေတန်ဖိုးဖြင့် စက်၍လည်း စိမ်ယူတတ်သည်။ ထို့ကြောင့်ပင်လျှင် စိမ်သည်ထက် စိမ်နိုင်စေရန် ငွေသည်လည်း လိုသည်ထက် လိုလာရပေမည်။ ဦးပန်းနိုင်သည် လက်ဖက်ခြံ၊ လိမ္မော်ခြံများနှင့် ချမ်းသာစေကာမူ အရလွယ်သော ငွေအမည်းကို အမှောင်ဝယ် ထပ်ဆင့်ရှာဖွေနေခြင်းသာ ဖြစ်ပါမည်။

အသားဖြူဖြူ၊ မဟာဝနမှူးအထက်တွင် ရေဘီးစပတ်ကို သေသပ်စွာ ထုံးထားသည်။ လက်ထဲဝယ် တုတ်နိုင်သော သနပ်ဖက်ဆေးပေါ့လိပ်တိုကို ကိုင်ထား၏။ ခန့်ညားထည်ဝါပြီး မဟာဆန်သော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသည်။ စောသိရိနိုင်၏ မယ်မယ် ကိုခွန်နောင်း၏ ခွေးတော်ပင် ဖြစ်တန်ရာသည်။ သူမသောနှ့် ဆိုဖာကြီးတွင် ဦးပန်းနိုင်သည် ခပ်စောင်းစောင်းထိုင်နေသည်။ သူတို့နှစ်ဦးစလုံး ကျွန်တော် ဝင်လာသည်ကို သတိပြုမိဟန် တူပါသည်။ သူတို့နှစ်ဦးမှလွဲပြီး ဧည့်ခန်းထဲဝယ် အခြားမည်သူမျှ မရှိ။ စောသရိနိုင်နှင့် ကိုခွန်နောင်းကိုလည်း မတွေ့ရပေ။

"လာလေ မောင်ခင်မောင်သက်"

ကျွန်တော့်အား ဖိတ်ခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် စောစောက သနပ်ဖက်ဆေးပေါ့လိပ်နှင့် မဟာနမှူးအမျိုးသမီးကြီးကို ဦးပန်းနိုင်က တစ်ချက် လှမ်းကြည့်လိုက်သည်။ အမျိုးသမီးကြီးသည် တည်ငြိမ်အေးဆေးစွာပင် ထိုင်ရာမှထကာ အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ ကျွန်တော် နောက်သို့ပြန်ကြည့်မိသည်။ အိုက်ပန်ကိုလည်း မတွေ့ရတော့ပေ။ ဦးပန်းနိုင်သည် အားလုံးအပေါ်တွင် ဩဇာထက်လှကြောင်းမှာ ထင်ရှားလှသည်။



ဧည့်ခန်းဆိုဖာတစ်လုံး၌ ကျွန်တော် ဝင်ထိုင်လိုက်သည်။ ဦးပန်းနိုင်သည် ကျွန်တော့်ရှေ့သို့ စီးကရက်ဘူး ထိုးပေးလိုက်သည်။

ကျွန်တော်က ယူမသောက်ဘဲ ဦးပန်းနိုင်ကိုသာ တည်တည်ငြိမ်ငြိမ် ကြည့်နေမိသည်။

"မောင်ခင်မောင်သက်ရဲ့ ဥပမိရုပ်ကိုရော။ လှုပ်ရှားမှုအရည်အချင်းရော၊ ပြီးတော့ အတတ်ပညာကိုရောပေါ့ကွယ်၊ အားလုံး ဦး သဘောကျမိတယ်"

ကျွန်တော်သည် ပြောသမျှ နားထောင်ရန်သာ စိတ်ကူးမိသည်။ ဦးပန်းနိုင် ပြောသော စကားများထဲမှ ကျွန်တော့် အကြောင်းကို ဦးပန်းနိုင် မည်မျှသိထားကြောင်း ကျွန်တော် အကဲခတ်လို၍ ဖြစ်ပေသည်။

"အဲဒါကြောင့် မောင်ခင်မောင်သက်ကို ဦးက ခေါ်တွေ့တာပါ၊ ဦး ခေါ်ယူရတဲ့အကြောင်းကို အားလုံးမသိတောင် အရိပ်အမြွက်လောက်တော့ မောင်ခင်မောင်သက် သိနေမှာပါ"

ဦးပန်းနိုင်သည် သူ၏ ခမ်းနားလှသော အိမ်ကြီးတစ်ခုလုံးကို လက်ညှိုးနှင့်ဝိုက်ပြီး ပြလိုက်သည်။

"တကယ်တော့ ဦးမှာက ပစ္စည်းဆိုတာ ချမ်းသာလှပြီပဲ မောင်ခင်မောင်သက်၊ ဒါပေမဲ့ ဦးက လုပ်ငန်းတွေ လုပ်နေတုန်းပါ၊ ဒါကို မိလေးလေးက မောင်ခင်မောင်သက်ကို ပြောသင့်သလောက် ပြောပြီးရောပေါ့၊ တကယ်တော့ ဒုစရိုက်လုပ်ငန်းကို ဦး လုပ်နေသေးတာဟာ ဒီလုပ်ငန်းကို

အားပေးချင်လို့လည်း မဟုတ်ဘူး၊ အေး ... စွန့်စားပြီး ရှာဖွေရတာကို ဝါသနာကြီးလွန်းလို့ပဲ မောင်ခင်မောင်သက်"

ကျွန်တော်သည် ပြုံးလိုက်မိသည်။ သရော်ပြုံး ဖြစ်နေပေမည်။

အကင်းပါးလှသော ဦးပန်းနိုင်က ကျွန်တော်၏ အပြုံးကိုကြည့်ပြီး ချက်ချင်းပင် တန်ပြန်ပြုံးပြလိုက်လေသည်။

"အေးလကွယ်၊ ဦးပြောပုံက နိုးတော့ မနိုးချင်ဘူး၊ ကြောင်ရုပ် ထိုးထားလို့ပါ ဆိုတာမျိုး ဖြစ်နေပြီ ထင်ပါရဲ့"

သူ့ဟာသူ သဘောကျသွားသလို တဟဲဟဲ ရယ်နေသေးသည်။ ဦးပန်းနိုင်ရယ်လေမှ စောသီရိနိုင်၏ မျက်နှာလေးကို ကျွန်တော် ကွက်ခနဲ စိတ်ထဲမှ မြင်မိသည်။ ဦးပန်းနိုင်သည် သူ၏ရုပ်ရည်နှင့် ပတ်သက်သော အလှအပ အမွေအနှစ်များကို စောသီရိနိုင်အား တော်တော်များများ ပေးခဲ့လေသည်။ ဦးပန်းနိုင်၏လက်ယာပါးတွင် ပါးချိုင့်ကို ကျွန်တော် တွေ့ရသည်။ သို့သော် ရောပိုင်း ရောက်နေ၍ တွန့်စပြုနေပြီဖြစ်သော ပါးရေများပေါ်ဝယ် ပါးချိုင့်မှာ မထင်မရှားသာ ရှိနေလေတော့ပြီ။ ဦးပန်းနိုင် ငယ်စဉ်ကဆိုလျှင် စောသီရိနိုင်လိုပင် ရယ်လိုက်တိုင်း ပါးရေတင်း မို့မို့ဝယ် ချိုင့်ခွက်သော ပါးချိုင့်ဖြင့် ကြည့်ကောင်းလှပေမည်။

"တစ်ခုတော့ မင်း လက်ခံရလိမ့်မယ် မောင်ခင်မောင်သက်၊ လူတွေဟာ ငယ်စဉ်က ကျင်လည်ခဲ့ရတဲ့ ပတ်ဝန်းကျင်ကို အမြဲမြဲပြီး အသက်ကြီးတဲ့အထိ ငယ်စဉ်က အစွဲပါလာတတ်တယ်၊ ဒါကို စိတ်ပိုင်းဆိုင်ရာနဲ့ တွေးခေါ်ကြည့်မှဖြစ်မယ်၊ မောင်ခင်မောင်သက်ဟာ ခေတ်ပညာတတ် အင်္ဂလိပ်



နီယာတစ်ယောက်ပဲကွယ်၊ ဦးပြောပြတာလောက်ကို သဘော ပေါက်နိုင်မှာပါ"

ကျွန်တော်သည် ဆိုဖာတွင် နေရာပြင်ထိုင်လိုက်မိ၏။ မျက်နှာမပျက်စေရန်လည်း ကိုယ့်ဟာကိုယ် သတိထားလိုက်ရသည်။ ဦးပန်းနိုင်သည် ကျွန်တော် အင်ဂျင်နီယာတစ်ယောက် ဖြစ်နေသည်ကအစ သိနေလေပြီ။

ဒေါက်တာမကြီး ဒေါ်လေးလေးမြင့်၏ လက်သံ ပြောင်မှုများသာတည်း။

"ခုန မောင်ခင်မောင်သက် ပြုံးပုံမျိုးက မယုံသင်္ကာနဲ့မို့ ဦးက ငယ်ငယ်က စလာရတဲ့ ဦးအကြောင်းကို ပြောပြချင်လာတယ်၊ ဦးလေး ငယ်ငယ်က ဆင်းရဲတယ်ကွယ့်၊ မိလေးလေး အဖေက ဦးရဲ့ညီ၊ ဦးတို့အတူတူပဲ ဆင်းရဲကြတာပေါ့ကွယ်၊ ထားပါတော့၊ မိလေးလေးရဲ့အဖေအကြောင်း အခု ဦးပြောမယ့်ကိစ္စတွေနဲ့ မပတ်သက်လို့ ထည့်မပြောတော့ဘူး၊ ဦးအကြောင်းပဲ ဆက်ပြောပြမယ်၊ ဦးတို့ခေတ်နဲ့ ဦးတို့ ဆိုတော့ (......)ကျောင်းမှာ ဦး နေခဲ့ရတယ်၊ ဒီကျောင်းမျိုးမှာက တရုတ်တွေ၊ ကုလားတွေ။ ဘိုကြက်ချေးတွေ များတယ်၊ ဦးက တရုတ်သူဌေးသားတွေနဲ့မှ ပေါင်းတာကွယ့်၊ ဒီကောင်တွေက တယ်ပြီးငွေပေါတာပဲ၊ ဒီကောင်တွေမှာ ဘာလို့ ဒီလောက်ငွေပေါလဲဆိုတာ ဦး အမြဲသိချင်နေတယ်၊ သူတို့ကိုလည်း ဦး ဆင်းရဲတဲ့သူပီပီ သိပ်အားကျမိတယ်၊ သူတို့က ဦးကို ခင်ကြပါတယ်၊ အဲဒီလို ကျောင်းမျိုးမှာက ကျောင်းသားချင်း ဂိုဏ်းကွဲလေးတွေရှိ

ကြတယ်၊ ဂိုဏ်းချင်းလည်း ခိုလ်လုကြရတယ်၊ ဦးက တရုတ်သူဌေးသားတွေရဲ့ဂိုဏ်းမှာ ခေါင်းဆောင်လုပ်တယ်၊ သူတို့အားကိုးတဲ့ အထိလည်း သတ္တိပြရတယ်ပေါ့ကွာ"

ဦးပန်းနိုင်သည် ငယ်စဉ်ဘဝက အကြောင်းတွေ ပြောနေရ၍လားမသိ၊ သူ၏အမူအရာမှာ ပြုံးပြုံးရယ်ရယ်နှင့် ငယ်မူ ငယ်သွေးတွေ ပြနေလေသည်။ သူ၏စကားခံချက်ကပင် ငယ်စဉ်က ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်၏ အစွဲအလမ်းကို စကားခံခဲ့သည် မဟုတ်ပါလား။ ကျွန်တော့်အဖို့မှာလည်း စိတ်ဝင်စားဖွယ် ပုံဝတ္ထုတစ်ခုကို နားထောင်နေရသကဲ့သို့ ဖြစ်နေလေသည်။

"ဒီလိုနဲ့ ဦးဟာ ဆယ်တန်းကို အောင်ခဲ့တယ်၊ ဦးတို့ခေတ်က လခစား အလုပ်တစ်ခုရဖို့ လခမစားရသေးခင် အကူစာရေးဘဝနဲ့ ခါးချည့်အောင် လုပ်ပေးရတယ်၊ ရတဲ့လခကျတော့ ဆယ့်ရှစ်ကျပ်တို့၊ နှစ်ဆယ့်လေးကျပ်တို့ပေါ့ကွယ်၊ ဘယ်မှာ မက်မောစရာရှိလို့လဲ၊ ဦးက ကျောင်းသားကတည်းက တရုတ်သူဌေးတွေကို အားကျလာတဲ့လူဆိုတော့ ဒီလောက်လခစား အလုပ်ကို စိတ်ကူးထဲတောင် မထည့်မိဘူး၊ ဒီတော့ ကျောင်းသားဘဝက တရုတ်သူဌေးသားတွေကို ကျောင်းထွက်ပြီးတဲ့နောက် ချဉ်းကပ်ရတယ်၊ သူတို့ကလည်း ငယ်ပေါင်းတွေပေါ့၊ ယုံယုံကြည်ကြည်နဲ့ ငွေများများရတဲ့ အလုပ်ကို ဦးကို ပေးကြပါတယ် မောင်ခင်မောင်သက်၊ အဲဒီအလုပ်က ဘာအလုပ် ထင်သလဲ"

ကျွန်တော် မဖြေတတ်။ ခေါင်းကို ယမ်းပြလိုက်၏။



"ဘိန်းချတာပေါ့ကွယ်၊ အဲဒီကစပြီး ဒီလုပ်ငန်း အဆက်အသွယ်တွေ ရခဲ့တယ်၊ ဦးမှာ ငွေစုမိလာတော့ ဦးရဲ့ကိုယ်ပိုင်စွမ်းကိုယ်စနဲ့ ခွဲလုပ်ခဲ့တယ်၊ ဦး ရှာသမျှငွေတွေဟာ စွန့်စားပြီးမှ ရလာတဲ့ငွေတွေပဲကွယ့်၊ ငွေရှာတဲ့ အခါတိုင်းနဲ့ အခေါက်တိုင်းမှာ ဦးစိတ်တွေဟာ လှုပ်ရှားနေရတယ်၊ အဲဒီလို စွန့်စားရတာတွေဟာ ကြာတော့ ဝါသနာဖြစ်လာတော့တာပဲ၊ စိတ်လှုပ်လှုပ်ရှားရှားနဲ့ စွန့်စားပြီး ရှာလို့ရတဲ့ငွေကျမှ တန်ဖိုးရှိသလိုလို ဦးစိတ်မှာ စွဲလမ်းလာတယ်၊ အဲဒီလိုနဲ့ မိနိုင်ရဲ့မယ်မယ်နဲ့ တွေ့ကြတယ်၊ သူတို့က ဆွေကြီးမျိုးကြီးတွေကလား၊ ဒါပေမဲ့ မိနိုင်ရဲ့မယ်မယ်ဟာ အရာရာကိုစွန့်ပြီး ဦးကို ရွေးချယ်ခဲ့ပါတယ် ...

"ပထမတော့ ဆွေစုမျိုးစု တစ်ခုလုံး ဂယက်တော့ ရိုက်ကြသေးတာပေါ့၊ နောက်တော့လည်း အထိုက်အလျောက်ဖြစ်လာပြီး မိနိုင်ရဲ့မယ်မယ် ရသင့်တဲ့ လယ်ယာမြေတွေ၊ လီမွော်မြေတွေကို ပေးကြတယ်၊ ဒါပေမဲ့ ဦးအနေနဲ့ကတော့ ခုနပြောသလို စိတ်ငြိမ်ငြိမ်သက်သက်နဲ့ ရတဲ့ငွေထက် စွန့်စားလှုပ်ရှားပြီးမှ ရတဲ့ငွေကို ပိုမက်မောမိတယ်၊ ဦးပြောသလိုပေါ့ကွယ်၊ လူတွေဟာ ငယ်စဉ်က ကျင်လည်လာခဲ့ရတဲ့ ပတ်ဝန်းကျင်ကို အခြေပြုပြီး အသက်ကြီးတဲ့အထိ အစွဲပါလာတတ်တယ် ဆိုတာလေ"

ဦးပန်းနိုင်က စကားကိုနားကာ ကျွန်တော့်ရှေ့ခ်ရောက်နေသော စီးကရက်ဘူးကို လှမ်းယူပြီး တစ်လိပ်ထုတ်ကာ သောက်လိုက်သည်။ စီးကရက်ငွေများကို မှုတ်ထုတ်ရင်းလည်း

ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေလေ၏။ ကျွန်တော်သည် ဖြည်းလေးစွာပင် ဦးပန်းနိုင်အား မေးခွန်းတစ်ခု ပြန်မေးလိုက်မိသည်။

"ဦး ကျွန်တော့်ကို အစက ပြောချင်တာ ဒီဟာတော့ မဟုတ်သေးပါဘူးနော်"

"မဟုတ်သေးပါဘူး၊ ဒါပေမဲ့ ဒီဟာတွေ ပြောပြတာက နောက်ပြောချင်တာတွေနဲ့ ဆက်နွယ်မှု ရှိနေလို့ ဆိုပါတော့၊ ပြီးတော့ စောစောက မောင်ခင်မောင်သက် ပြုံးပြလိုက်ပုံမျိုးကို ဦး စိတ်ထဲမှာ မခံချင်ဖြစ်သွားလို့ အခြေခံလာရတဲ့ ဦးရဲ့ငယ်စဉ်ဘဝကို ပြောမိတာပါ၊ ကဲ ... ဒီလောက်ပြောရင် မောင်ခင်မောင်သက် ယုံချင်ယုံ မယုံချင် မယုံနဲ့ပေါ့ကွာ၊ ဦးဟာ ဒီလောက်ချမ်းသာနေဝါလျက်နဲ့ ဒီလုပ်ငန်းတွေ လုပ်မိနေတာ စွန့်စားရှာဖွေတဲ့ ဝါသနာအရင်းခံမိလို့ ဆိုတာ၊ အေး ... ဒါပေမဲ့ အခုတော့ ဦးမှာက အသက်ကလေး ထောက်လာခဲ့ပြီ၊ အထူးသဖြင့် ဦးရဲ့သမီး မိနိုင်ကို ဦး သိပ်ချစ်တယ်၊ ဦး လုပ်ငန်းကြောင့် မိနိုင် သိမ်ငယ်သွားမှာ၊ မိနိုင်ရဲ့ဂုဏ်သိက္ခာ ထိခိုက်သွားမှာ သိပ်ကိုနိုးတယ်၊ ဒါကြောင့် ဟိုတုန်းကဆိုရင် ဒီလုပ်ငန်းကို မိနိုင် မသိစေဘဲ ဦး တိတ်တိတ်နိုးလုပ်ခဲ့တယ်၊ သူ့ဘဘဟာ ဒါမျိုးတွေ လုပ်နေပါလားဆိုတဲ့ အသိနဲ့ ဦးအပေါ်မှာ အထင်သေး အချစ်ပေါ့သွားမှာကိုလည်း တကယ် နိုးရိမ်မိတယ်၊ ဒါကြောင့် တိတ်တနိုး လုပ်ခဲ့တာ"

"အခုတော့ကော ဦး"



ဦးပန်းနိုင်သည် ညင်သာစွာ ခေါင်းညိတ်ဝန်ခံလိုက်သည်။

"အခုတစ်ခေါက် မိနိုင် ပြန်အလာမှာ ဝဏ္ဏရဲ့ နှုတ်မစောင့်စည်းမှုကြောင့် မိနိုင် သိသွားပြီပေါ့၊ မိနိုင်က ငိုတယ်၊ ဦးလည်း ကိုယ့်ဟာကိုယ် တော်တော်ရှက်တယ်၊ မိနိုင်ရဲ့ မယ်မယ်လည်း ယူကျုံးမရ ဖြစ်ရရှာတယ်၊ ဒါကြောင့် ဒီဒုစရိုက်လုပ်ငန်းကို ဦးဟာ ခြင်းချက်တစ်ခုထားပြီး အပြီးအပိုင် ဖျက်သိမ်းလိုက်ပါတော့မယ်လို့ မိနိုင်ကိုရော သူ့မယ်မယ် ကျုပ်စနီးကိုပါ ဦး ကတိပေးပြီးပါပြီ၊ ဦးဟာ ကတိတစ်လုံး ပေးခဲ့ပါတယ်၊ ပေးပြီးရင်လည်း ဖျက်ခဲပါတယ်၊ ယုံပါ မောင်ခင်မောင်သက်၊ ဒီလုပ်ငန်းကို ဦး အပြီးအပိုင် ဖျက်သိမ်းဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဒါဖြင့် အခု ကျွန်တော့်ကို ခေါ်ရတာကကော"

"ပြောပါ့မယ် မောင်ခင်မောင်သက်၊ ဒါကို ပြောချင်လို့ တမင် မောင်ခင်မောင်သက်ကို ခေါ်တာပါ"

ဟု ပြောရင်း စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးခြေနေပါသေးသည်။

"ဦးအနေနဲ့ ဘိန်း၊ ရွှေချောင်း ဒုစရိုက်ကို မလုပ်တော့ဘူးဆိုတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဦးစိတ်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေတာ တစ်ခုတော့ ရှင်းလိုက်ချင်သေးတယ် မောင်ခင်မောင်သက်၊ ဒီထက် ရှင်းရှင်းပြောရရင် လက်ကျန်အလုပ်ကလေး တစ်ခုတော့ လုပ်ချင်သေးတယ်၊ ဒါကြောင့်လည်း စောစောက ဦး ပြောတဲ့အထဲမှာ ခြွင်းချက်တစ်ခုထားပြီးလို့ ပြောခဲ့တာပေါ့ မောင်ခင်မောင်သက်"

"ဘယ်ကိစ္စလဲ ဦး"

"သိမ်တို့ပေါ့ကွယ်၊ မကြာသေးခင်က ဒီကောင် ခေါင်းဆောင်တဲ့အဖွဲ့က ဦးကို ထိပ်ကွက်ခဲ့တယ်၊ ဦးမှာ ဆုံးရှုံးနစ်နာသွားရတဲ့ တန်ဖိုးအပေါ်မှာ ဦး ပဓာနမထားပါဘူး၊ ငါ့ကို ဒီလိုလုပ်ရင် မင်းလည်း ဒီလိုခံရမယ်ဆိုတာလောက်တော့ ဦး တန်ပြန်ချင်တယ်"

"သိမ်က ထိပ်ကွက်သွားတဲ့အကြောင်း လေးလေးမြင့်က ကျွန်တော့်ကို ပြောတော့ ပြောပြဖူးပါတယ်၊ ဒါပေမဲ့ အသေးစိတ် ကျွန်တော် မသိပါဘူး"

"ဦးရဲ့လက်ဖက်ခြောက်တွေ နမ့်စန်မှာ သွားတင်တာပေါ့ကွယ်၊ တကယ်တော့ လက်ဖက်ခြောက် လုပ်ရိုးလုပ်စဉ်ပါ၊ နမ့်စန်က အပြန်မှာ ပန်လုံတက် ပြန်တယ်၊ ပန်လုံကနေပြီး မယ်ဆိုင်ကို သွားနိုင်းတယ်၊ မယ်ဆိုင်နဲ့ လားရှိုးကနေရာသီဆိုရင် ကားလမ်းပေါက်ပါတယ်၊ ဦးရဲ့ဖောက်သည်ကို အဲဒီမယ်ဆိုင်က စောင့်စေပြီး အရောင်းအဝယ် လုပ်ကြစေဖို့ ဦး စီစဉ်ပေးလိုက်တယ်"

"ဘာပစ္စည်းလဲ ဦး"

"ရွှေချောင်းပါ၊ ဒါမျိုးကို ရက်ချိန်းယူတာ၊ နေရာရွေးတာ၊ ဖောက်သည်ဆက်တာ ဈေးပြောတာတွေ အားလုံး ဦးက အသေးစိတ် အစီအစဉ်နဲ့ စီစဉ်ပြီး လျှို့ဝှက်လုပ်ရတယ်၊ ဒါတွေအားလုံး စီစဉ်ပြီးသွားတော့မယ့် နာရီပိုင်းကျမှ ခေါင်းဆောင် ဝဏ္ဏကို အစီအစဉ် ပြောပြတယ်၊ သဘောကတော့ ဦးအစီအစဉ်ကို ရက်ကြိုပြီး ဝဏ္ဏတောင် မသိစေ



ဘူး၊ အိုက်ပန်တို့လို အစောင့်အရှောက်တွေဆိုရင် ခရီးသာထွက်သွားတယ်၊ သူတို့ ဘယ်သွားမယ်ဆိုတာ လုံးဝမသိစေရဘူး၊ ချုကြေပော့ဆိုရင် သူတို့က ချုကြေပဲ၊ မယ်ဆိုင်မှာ ပစ္စည်းတင်၊ ပန်လုံကို ပြန်ဆင်းပြီး သီပေါကို ဆက်မောင်းတယ်၊ သီပေါကို ဆက်အလာမှာ သိမ်တို့က ကားကိုဝင်စီးတာပဲ၊ သူတို့ သတင်းအတိအကျ မရရင် ဘာမှကို မလုပ်နိုင်အောင် ဦးဟာ အင်မတန် သိုသိုသိပ်သိပ် စီစဉ်လျက်နဲ့ သူ့တို့က ဦးရဲ့ကားပြန်မယ့်လမ်း ပါမယ့်ပစ္စည်းကအစ အားလုံး တိတိကျကျသိပြီး ဝင်စီးနိုင်ခဲ့တယ်၊ ဒါကို ဦး ခံပြင်းတယ်"

"ဦးရဲ့အစီအစဉ်ကို ဝဏ္ဏကလွဲပြီး တခြား ဘယ်သူမှမသိနိုင်တာ သေချာရဲ့လား"

"တစ်ခုတော့ ရှိတယ်ဟေ့ မောင်ခင်မောင်သက်၊ ဦးရဲ့ဖောက်သည်ရောင်းသူက သိမ်ကို သတင်းပေးရင်တော့ ဖြစ်နိုင်တာပေါ့၊ ဒါပေမဲ့ ဒီဖောက်သည်တွေဟာ ဒီလိုလူစားတွေ မဖြစ်နိုင်ပါဘူး၊ ဦးတို့က ပစ္စည်းတင်ပြီးလမ်းမှာ ကားပြောင်းသေးတယ်၊ အဲဒီကားပြောင်း အစီအစဉ်ကလည်း ဝဏ္ဏက သူ့ဟာသူ အလျဉ်းသင့်သလို စီစဉ်ရတာ၊ ရောင်းသူက ဘယ်ကား ဘယ်လမ်းက လာမယ်လို့ သတင်းပေးနိုင်ဖို့ ခက်ပါတယ်၊ ဒီကိစ္စမှာ ဝဏ္ဏကဖောက်တာကို ဦး အမိကမထားပါဘူး၊ အဓိကထားတာက သိမ်က အနိုင်ယူသွားတဲ့ ကိစ္စပါ"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးစေချင်လို့လဲ ဦး"

"ဝတ္ထုဟာ သတ္တိရှိတယ်၊ မိုက်တယ်၊ ဒါပေမဲ့ ဒီကောင်က ဉာဏ်မရှိဘူး၊ ပြီးတော့ ဦးကို သစ္စာဖောက်ခဲ့ပြီမို့ အပြီးအပိုင် လမ်းခွဲလိုက်ပြီ၊ နောက်တစ်ချက်က ဦးဟာ ဒီလုပ်ငန်းတွေကို ဆက်မလုပ်တော့ဘူး၊ အေး ... မောင်ခင်မောင်သက်ကတော့ ခေတ်ပညာတတ် တစ်ယောက်မို့ ဉာဏ်ရှိတာ အထူးပြောဖို့ မလိုဘူး၊ ပြီးတော့ သတ္တိနဲ့ တိုက်ရည်ခိုက်ရည် အားလုံး ဝတ္ထုထက်သာတယ်။ ဦးက သိမ်အဖွဲ့ ပစ္စည်းချလာမယ့် သတင်းကို စုံဝမ်းမယ်၊ တိတိကျကျ ရရင် ဦးခံလိုက်ရသလို လမ်းကဖြတ်ပြီး မောင်ခင်မောင်သက်က သူတို့ကို တိုက်ခိုက်ပစ်စေချင်တယ်၊ တတ်နိုင်ရင် မော်တော်ကားပါ အစပျောက်အောင် မီးရှို့ပစ်စေချင်တယ်၊ အဲဒီကိစ္စကို မောင်ခင်မောင်သက်က ခေါင်းဆောင်ပေးဖို့ပါ၊ လိုအပ်တဲ့ လက်နက်နဲ့ နောက်လိုက်ကို ဦး စီစဉ်ပေးမယ်၊ ဒါပြီးရင် ပြီးရောပါ မောင်ခင်မောင်သက်၊ ဒီပြင် ဆက်လုပ်မယ့် အစီအစဉ် ဦးမှာ ဘာမှမရှိတော့ပါဘူး၊ ယုံပါ၊ ဦး ကတိပြုပါတယ်"

ဦးပန်းခိုင်သည် ဥပဒေကို ဆန့်ကျင်သော လုပ်ငန်းကြီးတစ်ခုလုံး ရွှန့်ပစ်မည်ဆိုသည့်အတွက်ကိုမူ ကျွန်တော်သည် စောသီရိနိုင်အပေါ်တွင် သံယောဇဉ်ထားသူအနေနှင့် ဝမ်းသာမိသည်။ သိမ်အား လက်စားချေလိုမှုတွင် ကျွန်တော့်အား ခေါင်းဆောင်တင်၍ ဆောင်ရွက်စေလိုသည်ကို ကျွန်တော် ငြင်းဆန်ပါကလည်း ကျွန်တော်၏နောက်ကြောင်းကိုဆုပ်ကာ လေးလေးမြင့်မှတစ်ဆင့် ကျွန်တော် အင်ဂျင်နီယာခင်မောင်သက်မှန်းကိုပင် အတိအလင်း ထုတ်ဖော်ပြောဆိုနေပြီ မဟုတ်ပါလော။



"ဘယ်လိုလဲ ကိုခင်မောင်သက်၊ ဦးကို ကူညီမယ် မဟုတ်လား"

"ကျွန်တော်က ငြင်းရင်ကော ဦးက ကျွန်တော့်ကို အကျပ်ကိုင်မှာပဲ မဟုတ်လား ဦး"

ဦးပန်းခိုင်သည် ကျွန်တော့်အား နားမလည်သလို လှမ်းကြည့်သည်။ ပြီး သူ၏ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းပြသည်။

"မောင်ခင်မောင်သက်ကို ဦးက ဘယ်လိုများ အကျပ်ကိုင်ရမှာလဲ၊ မောင်ခင်မောင်သက်ဟာ မိနိုင်ရဲ့မိတ်ဆွေ ဖြစ်တယ်၊ သိမ်ကို ရင်ဆိုင်နိုင်တဲ့ အရည်အချင်း ရှိတယ်လို့ ဦးယူဆတယ်၊ ဦးမှာကလည်း အခုအနိုက်အတန့်မှာ ထိပ်ကွက်သွားတဲ့ သိမ်ကို လက်စားချေချင်တယ်၊ အဲဒါတွေကို အရင်းခံပြီး မောင်ခင်မောင်သက်ကို ဦးက အကူအညီတောင်းတာပါ၊ ပြီးတော့ သိမ်ကို လက်စားချေမှုက ဦးရဲ့ဆန္ဒဖြစ်ပေမယ့် မှောင်ခိုဂိုဏ်းတစ်ခုကို မောင်ခင်မောင်သက် ဝင်ဖြိုပေးတာဟာ ဥပဒေဆန့်ကျင်တာကို ဦး နှိမ်နင်းနေတာမှ မဟုတ်ဘဲ၊ မောင်ခင်မောင်သက်က ဆန္ဒမပါလို့ ငြင်းရင်စိတ်ချ၊ ဦးက ထပ်ပြီး မောင်ခင်မောင်သက်ကို မတိုက်တွန်းဘူး၊ ဦးမှာ ကြိုတင်စဉ်းစားချက်တွေ ရှိပါတယ်၊ ဒီကိစ္စကို မောင်ခင်မောင်သက် ငြင်းခဲ့ရင် ဦးက သိမ်အဖွဲ့ တကယ်ပစ္စည်းချလာမယ့် အချိန်မှာ ရဲတပ်ဖွဲ့ကို တိတိကျကျ သတင်းပေးလိုက်မယ်လို့၊ ဒါပေမဲ့ အဲဒီလို လက်စားချေမှုကျတော့ ပျော့တယ်လို့ ဦး ထင်မိတယ် ...

"ဦးရဲ့ အစီအစဉ်၊ ဦးရဲ့လူတွေနဲ့ လုပ်လိုက်ရတာမှ တကယ် အရသာလို့ ဦးက ယူမှတ်တာကိုး၊ ဒါကြောင့် မောင်ခင်မောင်သက်ကို ခေါ်ဆွေးနွေးကြည့်တာပါ၊ ကိစ္စမရှိဘူး မောင်ခင်မောင်သက်၊ ဒီကိစ္စမှာ မောင်ခင်မောင်သက် ငြင်းနိုင်ခွင့် ရှိပါတယ်၊ ဆန္ဒမပါရင် ဦးရဲ့စကားကို ဦးကပဲ ပြန်ရုပ်သိမ်းပါတယ် မောင်ခင်မောင်သက်၊ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ မောင်ခင်မောင်သက်က အညွန့်တလူလူတက်နေတဲ့ လူငယ်အင်ဂျင်နီယာ တစ်ယောက်ပဲ၊ အခုလုပ်ရမယ့် အလုပ်က အနည်းနဲ့အများ စွန့်စားရမယ်၊ အသက်အောနီးတယ်၊ ဦးဆန္ဒအရ စွန့်စားပေးဦးတော့ မောင်ခင်မောင်သက် အဖို့က စဉ်းစားသင့်တယ်၊ မိနိုင်ကလည်း မောင်ခင်မောင်သက်ကို ဦးက အသုံးပြုဖို့အတွက် သဘောမတူခဲ့ရှာပါဘူး၊ ကဲ ... မောင်ခင်မောင်သက် အထွေဆောင်ကို ပြန်လိုက ပြန်နိုင်ပါပြီ၊ ဦးလုပ်ငန်းကို မဆောင်ရွက်ပေးလို့ စိတ်တော့မငယ်နဲ့၊ မိနိုင်မိတ်ဆွေဟာ ဦးမိတ်ဆွေပါ၊ ဦး ညှိသည်အဖြစ် ကျောက်မဲမှာ ပျော်သလောက်နေပါ"

ဦးပန်းနိုင်၏စကားအရ ကျွန်တော့်တွင် စဉ်းစားရန်တွေ ဖြစ်ပေါ်လာခဲ့သည်။ ဦးပန်းနိုင်သည် သူ၏ဒုစရိုက်လုပ်ငန်းတွင် ပဲ့ထွက်သွားသော ဝဏ္ဏနေရာကို ကျွန်တော့်အား အစားထိုးကာ ကျွန်တော်က ငြင်းဆန်ပါက ကျွန်တော်၏နောက်ကြောင်းဖြင့် အကျပ်ကိုင်နိုင်းလိမ့်မည်ဟု ကျွန်တော် ယူဆခဲ့သည်။ မှ



မှ ကျွန်တော့်အား ဒုစရိုက်လုပ်ငန်းတွင် အစားထိုးမည်မဟုတ်ဘဲ သူကိုယ်တိုင်ပင် ၎င်းလုပ်ငန်းကိစ္စကို စွန့်လွှတ်လိုက်ကြောင်း ပြောခဲ့သည်။ ကျွန်တော့်အား လုပ်ဆောင်စေချင်သည်မှာ သူ၏ဆန္ဒအရ သိစ်အား ကလဲ့စားချေမှုဖြစ်သည်။ ဒါကို ကျွန်တော်က ဆန္ဒမရှိပါကလည်း ငြင်းပိုင်ခွင့်ရှိနေသည်။

သို့စေကာမူ ဦးပန်းနိုင်သည် ကျွန်တော့်အား ခင်မောင်သက်မှန်းလည်း သိသည်။ အင်ဂျင်နီယာတစ်ဦးဖြစ်မှန်းလည်း သိနေသည်။ လေးလေးမြင့်ကလည်း ဦးပန်းနိုင်အား ကျွန်တော့်အကြောင်း လုံးဝဖွင့်မပြောခဲ့ပါဟု ငိုယိုကာ ငြင်းဆိုခဲ့သည်။ မည်သို့မည်ပုံတွေ ဖြစ်ပျက်ကုန်ပြီနည်း။ ကျွန်တော်သည် ကျွန်တော်၏အကြောင်းတွေကို ဦးပန်းနိုင်က မည်သို့သိနေသနည်းဟု မေးလိုက်သည်။ ယခု ဦးပန်းနိုင် ပြောပုံတွင် ကျွန်တော်သည် ခင်မောင်သက်ဖြစ်ပြီး အင်ဂျင်နီယာတစ်ယောက် ဖြစ်သည်ဆိုတာလောက်သာ သူကဆိုခဲ့သည်။ သခင်မြိုင်၏ခင်ပွန်း၊ လူသတ်တရားခံဆိုသည့် စကားတစ်လုံးမျှ ဦးပန်းနိုင်က မဆိုခဲ့ပေ။ ကျွန်တော်က ကျွန်တော့်အကြောင်းကို မည်သို့သိသနည်းဟု မေးခါမှ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ်တွင် သွားမည်ကိုလည်း စိုးရသည်။ ထို့ကြောင့် ကျွန်တော်သည် မမေးတော့ပေ။

သို့သော် ဦးပန်းနိုင်၏ ယခုပြောဆိုချက်များကိုမူ ကျွန်တော် လေးစားမိသည်။ ယုံကြည်မိသည်။ ထို့ကြောင့်ပင် ကျွန်တော့်ဆန္ဒအရ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတော့သည်။

"ကောင်းပါပြီ ဦး၊ ဦးဆန္ဒကို ဖြစ်မြောက်ရပါစေမယ်လို့ အာမ,မခံနိုင်ပေမယ့် ကျွန်တော် အစွမ်းကုန် ဆောင်ရွက် ပါမယ် ဦး"

ဦးပန်းနိုင်သည် ကျွန်တော့်အဖြေစကားကြောင့် မျက်လုံးများ အရောင်တောက်လာသည်။ မျက်နှာဝင်းပလာသည်။ သူ၏ မျက်နှာတစ်ခုလုံးသည် ကျေနပ်မှုအသွင်များကို အားလုံး ပေါ်လွင်လာသည်။ ဦးပန်းနိုင်သည် နေရာမှ ထလာက ကျွန်တော့် အား ဖက်လဲတကင်းပင် နှုတ်ဆက်ရှာတော့သည်။

"ဦးရဲ့ဆန္ဒကိစ္စမှာ မောင်ခင်မောင်သက် ဆောင်ရွက်ပေး မယ်ဆိုလို့ ဦး ဝမ်းသာလှပါပြီကွယ်၊ အောင်မြင်တာ မအောင်မြင်တာ ဆိုတာကတော့ ကံတရားပေါ့၊ အောင်မြင် ရင် ဦးရဲ့ရင်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေရတာကြီး တစ်ခု ပြေပျောက်သွားမှာပေါ့၊ မောင်ခင်မောင်သက်က ကြိုးစားဆောင်ရွက်ပေးလျက်နဲ့မှ မအောင်မြင်ပြန်တော့ လည်း ဘာတတ်နိုင်မလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် မောင်ခင်မောင် သက် ဆောင်ရွက်ပေးချက်ကိုတော့ ဦးက အသိအမှတ်ပြု မှာပါ"

ကျွန်တော်သည် ကျေနပ်အားရနေသော ဦးပန်းနိုင် အား နှုတ်ဆက်ပြီး အိမ်ကြီးပေါ်မှ ကျွန်တော်၏အထူးဆောင်ဆီ သို့ လာခဲ့တော့သည်။

❁ ❁ ❁



"ယော ... နိုင်"

ကျွန်တော်၏ အထူးဆောင်ဧည့်ခန်းဝယ် စောသီရိ နိုင်သည် ဆိုဖာပုကလေးတစ်ခုတွင် ပုံ့ပုံ့ကလေးထိုင်၍ စောင့်နေ ပါလေသည်။ စောစောက အိမ်ကြီးပေါ်ဝယ် သူမ၏ဘဘ ဦးပန်း နိုင်နှင့် ကျွန်တော် ဆွေးနွေးစဉ်က စောသီရိနိုင်သည် လာရဲ့ဟန် မတူဘဲ ဤနေရာမှနေ၍ ကျွန်တော် ပြန်အလာကိုသာ စောင့်စား နေဟန် တူရှာသည်။

"ဟုတ်ပါတယ် အစ်ကို၊ နိုင် အစ်ကို့ကို စောင့်နေတာပါ၊ ဒီကနေပြီး ကားလမ်းအတိုင်း ဟိုဘက်ကို နည်းနည်းသွား လိုက်ရင် နန္ဒမာလာဥယျာဉ်ရှိတယ် အစ်ကို၊ အဲဒီကိုလမ်း လျှောက်ရအောင်လား"

ကျွန်တော်က သဘောတူပေသည်။ နှစ်ယောက်သား ခြံပြင်ထွက်လာကာ ကတ္တရာလမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ သည်။

နန္ဒမာလာဥယျာဉ်သည် လားရှိုး၊ သီပေါနှင့် ကျောက် မဲတို့၏ လမ်းခွဲလမ်းဆုံထောင့်နှင့် မလှမ်းမကမ်းတွင် ရှိလေသည်။ နန္ဒမာလာဥယျာဉ်၏ ခြံဝင်းတံခါး ဖြူဖြူကလေးသည် ပိတ်လျက် သားရှိနေ၏။

တံခါးဖြူကလေး၏ သံထိပ်ကွင်းကိုဖြုတ်ပြီး ကျွန် တော်နှင့် စောသီရိနိုင်တို့သည် ဥယျာဉ်အတွင်းသို့ ဝင်လာခဲ့ကြ

သည်။ နန္ဒမာလာဥယျာဉ်ကလေးသည် သာယာကြည်နူးဖွယ် ဥယျာဉ်ကလေးပင် ဖြစ်ပေသည်။ နှင်းဆီ၊ စံပယ်နှင့် သော်ကပင်များ ရှိနေသည်။ ထင်းရှူးပင်ကလေးများသည်လည်း ဟိုမှာတစ်ပင်၊ သည်မှာတစ်ပင် ရှိနေကြသည်။ အလယ်တွင် ရေအိုင်ကလေးတစ်ခု ရှိနေသည်။ လမြမ်းသဏ္ဌာန် တံတားဝါဝါကလေးက ရေအိုင်ကိုဖြတ်၍ ဆောက်လုပ်ပေးထားသည်။ သံကြိုးတပ်ခုံးများလည်း ရှိကြသည်။

ခုံးကလေးတစ်ခုတွင် စောသီရိနိုင်သည် စပ်စွဲ့စွဲ့ထိုင်ချလိုက်သည်။ ကျွန်တော်ကမူ မထိုင်သေး။ ခုံးသံကြိုးတန်းကိုကိုင်ကာ ရပ်နေသည်။

"ဘာဘာပြောတာကို အစ်ကို လက်ခံလိုက်သလား အစ်ကို"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ စောသီရိနိုင်က ထိုင်နေသည်မှ ကျွန်တော့်အား မော့မော့လေး ကြည့်နေရှာသည်။ လည်တိုင်မှ သွေးကြောကလေးများသည် စိမ်းမြမြရှိကြ၏။ ကြေင်ဆောက်ရင် မြင်ရမလောက်ပင်ဆိုသည့် စကားကို ကျွန်တော် သတိရမိသည်။

"ဘာလို့ လက်ခံရသလဲ အစ်ကို၊ အစ်ကို့မှာ ငြင်းပယ်ခွင့် ရှိစေရမယ်လို့ ဘာဘာကို နိုင် ပြောထားသားပဲ၊ သိစ်တို့က တကယ့်လူကြမ်းလူရမ်းတွေပါ၊ အစ်ကို့လို တန်ဖိုးရှိတဲ့လူနဲ့ မယှဉ်သင့်ပါဘူး"

"အစ်ကိုကတော့ ဘာများတန်ဖိုးရှိနေလို့လဲ နိုင်၊ အစ်ကိုက မော်တော်ကား မောင်းတယ်၊ ပုံကျလုပ်စားတယ်၊ အဲဒါပဲဟာ အစ်ကို့ရဲ့အသက်မွေးဝမ်းကျောင်း မဟုတ်လား၊ ဖိုးသူ



အစ်ကိုနဲ့ သိစ်ဟာ ဘာများထူးလို့လဲ၊ ဘူဘူချင်း တွယ်ကြမှာပဲဟာ"

နိုင်လည်း သက်ပြင်းချလိုက်ရှာသည်။

"ပြော ... ပြော၊ အစ်ကို ကြိုက်သလိုသာပြော၊ တကယ့်ကိုခက်တဲ့ အစ်ကိုပါပဲ၊ အစ်ကို့အကြောင်း နိုင်က မသိရင် ခက်မယ်"

"သိရင်တော့ လွယ်မှာပါ နိုင်"

ဟု ကျွန်တော်က ရည်ရွယ်ချက်မရှိဘဲ စကားကို တန်ပြန်ပြောဆို နောက်ရှတ်လိုက်ခြင်း ဖြစ်ပေသည်။

"သိရင်လည်း မလွယ်ပါဘူး အစ်ကို၊ ဟွန်း ... အစ်ကိုဟာ တောင်ငူမြို့က အင်ဂျင်နီယာ ဦးခင်မောင်သက်မှန်း နိုင် သိရပေမယ့် ဘာကိစ္စ ဘာစိတ်ကူးနဲ့ နိုင်နဲ့အတူ ကျောက်မဲ ပါလာရတယ်ဆိုတာကိုတော့ နိုင် သိဖို့မလွယ်ပါလား အစ်ကို"

ကျွန်တော် နှုတ်ဆွံ့သွားလေသည်။ မှင်တက်လည်း မိသွားရပါ၏။

စောသီရိနိုင်ပင်လျှင် ကျွန်တော်၏ အမည်မှန်နှင့် အလုပ်အကိုင်ကို သိနေပါလေပြီကော။ ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ အဝေးသို့မျှော်ကြည့်နေမိသည်။ တောင်နီးများသည် တငွေ့ငွေ့တက်ကာ မိုးကောင်းကင်ဝယ် ပျောက်ကွယ်သွားကြသည်။ ဘတ်နိုင်ပါလျှင် ကျွန်တော်သည် တောင်နီးများလိုပင် မိုးကောင်းကင်၌ ကိုယ်ယောင်ပျောက်လိုက်ချင်လှသည်။ ဦးပန်းနိုင်သည် သူ၏မကောင်းမှုကို သမီးလေး မိနိုင် သိသွားမည် စိုးရိမ်

မိသလို ကျွန်တော်၏ စနိုးသတ်တာရားခံပြေး ဘဝကိုလည်း ညီမ
ထွေး စောသီရိနိုင် သိသွားမည်ကို ကျွန်တော် စိုးရွံ့မိသည်။

"နိုင့်ကို ဘယ်သူ ပြောလဲ"

"အစ်ကို မှတ်မိမှာပေါ့၊ နောင်ချိုမှာ နိုင်တို့ ရှမ်းခေါက်ဆွဲ စားပြီး ထွက်လာတော့ အစ်ကို့ကို လူတစ်ယောက်က ပြုံး နှုတ်ဆက်နေတယ်လေ၊ အစ်ကိုကတောင် ကားထွက်လာတဲ့ အထိ နောက်ပြန်လှည့်ကြည့်နေသေးတဲ့လူပေါ့၊ သူ့နာမည် က မောင်မောင်ဦးတဲ့အစ်ကို၊ ဟိုတုန်းက ကန်ထရိုက်လုပ် တယ်၊ အစ်ကိုတို့ ဆောက်လုပ်ရေးကို ကျောက်တွေဘာ တွေ သွင်းသတဲ့၊ ရေတာရှည်မှာ နေခဲ့ဖူးတယ်တဲ့လေ၊ အစ်ကို့ကို သူက သိနေတယ်၊ ဒါပေမဲ့ အစ်ကို အင်ဂျင်နီ ယာအဖြစ် ပြောင်းလာပြီးတဲ့နောက် သူတို့က ကန်ထရိုက် အလုပ် မလုပ်တော့ဘူးတဲ့၊ အစ်ကိုကတော့ သူ့ကိုသိချင်မှ သိမှာပါတဲ့၊ သူ့မှာ ကန်ထရက် မလုပ်ရတော့တဲ့ အတူတူ အခု လက်ဖက်ခြောက်ကုန် ကူးနေတယ်၊ ဘဘရဲ့ မောက် သည်တစ်ယောက်ပါ၊ ဟိုတလောလေးက အိမ်ကိုလာရင်း နိုင့်ကို တွေ့သွားတယ်၊ သူက မှတ်မိတယ်၊ ဒါကြောင့် နောင်ချိုမှာ သူ နိုင်နဲ့ အစ်ကို့ကို တွေ့ခဲ့တာကို ပြောပြရင်း အစ်ကို့အကြောင်း သူက ပြောပြတယ်"

"အစ်ကို့အကြောင်း ဟုတ်လား၊ ဘာတွေပြောလဲ နိုင်"

"အဲဒါကိုပဲ နိုင်က သိချင်နေတာပေါ့၊ ဒါပေမဲ့ ကိုမောင် မောင်ဦးကြီးက အစ်ကို့ကို အင်ဂျင်နီယာ ဦးခင်မောင်သက် တောင်ငူဆောက်လုပ်ရေးမှာ လုပ်တယ်ဆိုတာကပဲပြီး ဘာ မှ မသိဘူးတဲ့၊ ဒီလူကြီးက ရေတာရှည်က ခွဲလာခဲ့တာ ကြာပြီတဲ့၊ သူက လက်ဖက်ခြောက်ကို ရန်ကုန်တိုက်ရိုက် ချယူပြီး ရန်ကုန်မှာပဲ နေနေတော့တာပါတဲ့။ ပြောစမ်းပါ ဦး အစ်ကို၊ အစ်ကိုဟာ အင်ဂျင်နီယာတစ်ယောက်လုံး ဖြစ်လျက်နဲ့ ဖိုးသုညကြီးယောင်ဆောင်လို့ ကိုယ့်ဟာကိုယ် လျှို့လျှို့ဝှက်ဝှက်လုပ်ပြီး နိုင့်ကို ဘာလို့ ကျောက်မဲ လိုက်ပို့တာလဲ အစ်ကို"



နိုင်သည် သည်အမေးကို အမြဲမေးခဲ့သည်။ ဤမျှ အချိန်အထိ ကျွန်တော် ဖုံးကွယ်နေခြင်းအားဖြင့်လည်း နိုင့်အား လှည့်စားရာ ရောက်နေသည်။ ကျွန်တော့်အကြောင်းမှန်ကို မသိ သေးသရွေ့ နိုင်သည် ကျွန်တော့်အား အထင်ကြီးမှုတို့ကို အမြဲ ခံကာ တိမ်းညွတ်နေပေမည်။ ကျွန်တော့်အပေါ်တွင် နိုင် တစ် ယောက် တိမ်းညွတ်နေသရွေ့ နိုင့် ဘဝအတွက် ရင်လေးစရာ ကောင်းနေသည်။ ကျွန်တော်၏ဘဝမှန်ကို သိသွားသဖြင့် နိုင်က ကျွန်တော့်အား ရွံမုန်းသွားမည်ကို စိုးရွံ့ခြင်းဖြင့် ဆက်လက်ဖုံး ကွယ်ထားပါလျှင် ကျွန်တော်သည် အလွန် တစ်ကိုယ်ကောင်း ဆန်နေပေသည်။ နိုင့်လို ကျွန်တော့်အပေါ်တွင် အမြဲစေတနာ ထားခဲ့သော ညီမငယ်အား ဆက်လက် မလှည့်စားသင့်တော့ဘဲ အရင်းကို အရင်းအတိုင်း ဖော်ထုတ်ပြသင့်သည့် အချိန်ကာလသို့ ရောက်ပြီဟုလည်း ကျွန်တော် ယူဆမိသည်။

သို့တိုင်အောင် ကျွန်တော်သည် ကျွန်တော်၏ဇာတ် ကြောင်းမှန်ကို နှုတ်မှဖွင့်ဆိုပြောရန် ဝန်လေးလှသည်။ ဒါကလည်း လူတွေ၏ သဘာဝသာ ဖြစ်ပါ၏။ လူဆိုသည်သဏ္ဍာဝါသည် ၎၎

၏ကောင်းသတင်းဆိုလျှင် သွက်သွက်ကလေး ထုတ်ဖော်ဝန်ခံချင်ကြသော်လည်း မိမိ၏မကောင်းသတင်း၊ ဆိုးသတင်းကိုမူ ဖွင့်ဟဝန်ခံရန် ဝန်လေးကြသည်မှာ ဓမ္မတာ။

ကျွန်တော်သည် လူထဲက လူတစ်ယောက်သာတည်း။

"ဟုတ်တယ် နိုင်၊ အစ်ကို့နာမည် ခင်မောင်သက်ဆိုတာလည်း အမှန်ပဲ၊ အင်ဂျင်နီယာတစ်ယောက် ဆိုတာလည်း အမှန်ပဲ၊ တောင်ငူကဆိုတာလည်း အမှန်ပဲ၊ အစ်ကို ဘာလို့ လျှို့လျှို့ဝှက်ဝှက် ရှိနေရတယ်ဆိုတာ ပြောရမှာတော့ ဝန်လေးတယ် နိုင်၊ နိုင် သိချင်ရင် နိုင့်ရဲ့လေးလေးကိုသာ မေးကြည့်ပေတော့"

"အယ် ... အစ်ကိုကလည်း ပြောရှာမယ်၊ လေးလေးက အစ်ကို့အကြောင်း ဘာသိမှာလဲ၊ နိုင်နဲ့ပါလာမှ လေးလေးက အစ်ကို့ကိုမြင်ဖူးတာ၊ ဪ ... အစ်ကို၊ လေးလေးဆိုမှ လေးလေးအကြောင်း အစ်ကို မသိသေးဘူး ထင်တယ်နော်"

"ဘာလို့လဲ၊ လေးလေး ဘာဖြစ်လို့လဲ နိုင်"

ကျွန်တော်သည် သိလိုစောဖြင့် ဟန်မူမဆောင်နိုင်ဘဲ တွန်းမေးလိုက်မိသည်။ ကျွန်တော်၏ ပျာပျာသလဲ အမူအရာကို စောသီရိနိုင်သည် တစ်စုံတစ်ခုကို သဘောပေါက်သွားသလို ခေါင်းညိတ်လိုက်ပြီးမှ ဟဲခနဲ ရယ်သွမ်းသွေးလိုက်ပေသည်။

"လေးလေး အကြောင်းဆိုတာနဲ့ အစ်ကို့မှာက ထိတ်ထိတ်ပျာပျာ နိုင်လှချည်လား အစ်ကို၊ တကတဲ ... နိုင်မြင့်အစ်ကို့ကိုကြည့်ပြီး ဘာဆက်ပြောရမှန်းတောင် မသိတော့



ဘူး၊ လေးလေးရယ်ပေါ့ အိမ်က ထွက်သွားပြီ အစ်ကို၊ ဟောဒီစာ နိုင့်စားပွဲပေါ်မှာ ထားပြီး ထွက်သွားတာပဲ"

စောသီရိနိုင် လှမ်းပေးသော စာရွက်ကလေးကို ကျွန်တော် ယူလိုက်သော်လည်း ဖွင့်မဖတ်နိုင်ဘဲ ခဏ ငိုင်သွားမိသည်။ ကျွန်တော်သည် ကြီးစွာသော အမှားတစ်ရပ်ကို ကျူးလွန်မိပြန်လေပြီ။ မနေ့ညနေက လေးလေးအား ကျွန်တော်သည် တစ်ဖက်သတ် စွဲချက်တင်၍ တစ်ဖက်သတ် စီရင်ချက်ချခဲ့မိသည်။ လေးလေးမြင့်သည် ကျွန်တော်၏အကြောင်းများကို သူမ၏ဦးကြီးကိုလည်းကောင်း၊ အခြားမည်သူ့ကိုမျှလည်းကောင်း မပြောခဲ့ပါဟု မျက်စိသူငယ်နှင့် ထုချေရှာခဲ့သည်။ ဒါကို ကျွန်တော် နားမဝင်ခဲ့။ ယခုတော့ ရှင်းပါလေပြီ။

ဦးပန်းနိုင်နှင့် စောသီရိနိုင်သည် ယခင် ကျောက်ကန်ထရိုက်တာ၊ ယခု လက်ဖက်ခြောက်ကုန်သည် ကိုမောင်မောင်ဦးဆိုသူထံမှ ကျွန်တော့်အမည်နှင့် အလုပ်အကိုင်ကို မစို့မပို့သိရခြင်းသာဖြစ်သည်။ ကိုမောင်မောင်ဦး ဆိုသူသည် ကျွန်တော်နှင့် သဇင်မြိုင်ကိစ္စကို လုံးဝသိဟန်မတူ။ သူကိုယ်တိုင် တောင်ငူ၊ ရေတာရှည်ကို စွန့်ခွာခဲ့သည်မှာ ကြာမြင့်ခဲ့ပုံရသည်။ အကယ်၍ အခွင့်အခါပေး၍ လေးလေးနှင့်သာ ထပ်မံဆုံစည်းရပါလျှင် လေးလေးအား ကျွန်တော်သည် ကျေနပ်သည်အထိ၊ ခွင့်လွှတ်သည်အထိ တောင်းပန်ရလေဦးမည်။

စာရွက်ခေါက်ကို ဖြည်းလေးစွာပင် ကျွန်တော် ဖွင့်ကြည့်မိသည်။

"မိနိုင် ...

လေးလေး ကိစ္စတစ်ခုကြောင့် ကနေ့မနက် အစောကြီး ထွက်သွားခဲ့တာပါ၊ ဘာကိစ္စဆိုတာတော့ လေးလေး ဖွင့်မပြောလိုဘူး၊ သာမန်အားဖြင့် လေးလေးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ တစ်ခုကြောင့်လို့သာ မိနိုင် နားလည်ထားစေချင်ပါသေးတယ်၊ လေးလေး ပြန်ရောက်လာတဲ့အခါမှာ မိနိုင်ကို လေးလေးရဲ့ကိစ္စ အားလုံး ပြောပြမှာပဲပေါ့၊ တစ်လောကလုံးမှာ လေးလေးနဲ့ မိနိုင်ဟာ တစ်စုံတည်းရှိနေရတဲ့ ညီအစ်မ မဟုတ်လား။

လေးလေးအတွက် မိနိုင် ဘာကိုမှ စိတ်မပူလေနဲ့၊ လေးလေးဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတတ်ပြီပဲကွယ်။

ထပ်ပြီး မှာချင်တာ တစ်ခုက ကိုခင်မောင်သက်ကို ပြောဖြစ်အောင် ပြောလိုက်စမ်းပါ မိနိုင်၊ မိနိုင်ရဲ့သချာနည်းနဲ့ပဲ ပြောပြလိုက်စမ်းပါ၊ ပုစ္ဆာတိုင်းမှာ အဖြေမှန်ဆိုတာ ရှိစမြဲပါလို့။

တကယ်လို့များ အဖြေဟာ မှားနေရင် တွက်တဲ့လူက တွက်နည်းအမှားကြီးနဲ့ တွက်လို့သာ ဖြစ်မှာပါလို့ မိနိုင်။

ဒါလောက်ပါ မိနိုင်။

မိနိုင်ရဲ့

လေးလေး"

လေးလေး၏စာကို တစ်လုံးချင်းဖတ်ပြီးနောက် စောသီရိနိုင်၏လက်သို့ ကျွန်တော် ပြန်ပေးလိုက်သည်။



"ဒီစာအတိုင်းဆိုရင် လေးလေးနဲ့ အစ်ကိုကြားမှာ ပုစ္ဆာတစ်ပုဒ်တောင် ရှိနေကြပြီကိုးနော်၊ ဒါပေမဲ့ အစ်ကိုတို့ပုစ္ဆာမှာ တွက်နည်း မှားနေတယ်လို့ လေးလေးက ဆိုတယ်၊ ဘယ်လိုများ တွက်နည်းအမှားကို တွက်နေကြမိလို့လဲ အစ်ကို"

ကျွန်တော်ကပြုံး၍ ခေါင်းခါပြလိုက်ပါသည်။ လေးလေးနှင့် ကျွန်တော်တို့နှစ်ဦး၏ အကြောင်းကို စောသီရိနိုင်ရိပ်မိသွားပေပြီ။ သည်အတွက် ကျွန်တော့်စိတ်ဝယ် ကျေနပ်မိသည်။

"တွက်နည်း မမှားတော့ပါဘူး နိုင်၊ လေးလေးနဲ့ အစ်ကို့ကြားမှာ တွက်နည်းမှန်လို့ အဖြေလည်း မှန်သွားပါပြီ၊ အဲ... ဒါပေမဲ့ နိုင့်မှာတော့ တွက်နည်းတစ်ခု မှားနေတယ် နိုင်၊ နိုင့်ပုစ္ဆာမှာ အဖြေမှန်ထွက်လိမ့်မယ် နိုင်"

"ဘယ်လိုများ နိုင်က တွက်နည်းမှားနေလဲ အစ်ကို"

"သချာဆိုတာက ကိန်းဂဏန်းတွေကြားမှာ ပေါင်းနုတ်မြှောက်စား လက္ခဏာလေးခုကို မှန်အောင်ထားသိပြီး တွက်ပါမှ အဖြေမှန် ထွက်မယ် နိုင်"

"နိုင့်အမှားကို ပြောပါ အစ်ကို"

"နိုင်လေ ... နိုင်က နုတ်သင့်တဲ့နေရာမှာ ပေါင်းနေလို့ပေါ့၊ အနုတ်ရဲ့လက္ခဏာက ထုတ်ပယ်ခြင်းသဘော မဟုတ်လား၊ တကယ်လို့များ အခု နိုင်တွက်နေတဲ့ပုစ္ဆာကို ဒီအတိုင်း ဆက်တွက်ရင်တော့ အဖြေမှားကြီးပဲ ထွက်လိမ့်မယ် နိုင်၊ တစ်နေရာမှာ နိုင် ထည့်တွက်ထားတဲ့ အပေါင်းလက္ခဏာကြီးကို နုတ်ပစ်လိုက်ကြည့် နိုင်၊ နိုင့်အဖြေဟာ မှန်လာမှာ သေချာပါတယ်"

"ဟုတ်တယ်၊ ကိုခင်မောင်သက် ပြောတာ မှန်တယ်ဗျ၊ ဒီသူငယ်မ စောသီရိက အနုတ်ပြရမယ့်နေရာမှာ အပေါင်းလက္ခဏာကိုထားပြီး အပေါင်းလက္ခဏာနေရာမှာ အနုတ်ကြီး ထည့်တွက်နေတယ်"

ကျွန်တော်ရော စောသီရိနိုင်ပါ အသံလာရာသို့ လှည့်လိုက်ကြသည်။ ဘယ်အချိန်က ရောက်နေသည် မသိသော ကိုစွန်နောင်းသည် ကျွန်တော်တို့အား ထုံးစံအတိုင်း အပြုံးဖြင့် နှုတ်ဆက်လိုက်လေသည်။ ကိုစွန်နောင်းသည် စပို့ရှပ်ကျပ် အပြာရင့်ရင့်ကြီး ဝတ်ထားသည်။ သူ၏ဖြူသောအသားကို အပြာရင့်က ပိုမိုပေါ်လွင်စေ၏။ ခါးတွင် ချည်ချောလုံချည်အဖြူခံတွင် အနက်ကွက်စိပ်ကို ဝတ်ထား၏။ ခြေဖဝါးတွင် ကတ္တီပါသည်းကြိုးအသေးနှင့် ညှပ်ဖိနပ်စီးထားသည်။ ကြည့်၍ကောင်းပေသည်။ လူခန့်လူချောတစ်ဦး ဖြစ်လေ၏။

ကျွန်တော်သည် နိုင့်ကိုကြည့်ကာ ကိုစွန်နောင်းဆီသို့ မေးတစ်ချက် ဆတ်ပြလိုက်ရင်း ...

"အစ်ကို တည့်တည့်ပဲ ပြောပါရစေ နိုင်၊ နိုင့်ပုစ္ဆာမှာထည့်ရမယ့် အပေါင်းလက္ခဏာဟာ ကိုစွန်နောင်းပါ၊ အစ်ကိုက အနုတ်လက္ခဏာ ဖြစ်ရပါမယ် နိုင်"

စောသီရိနိုင်သည် ခေါင်းငုံ့နေရှာတော့သည်။ လက်ခံသည့်သဘောကိုလည်း မပြ။ ငြင်းဆန်သည့် အမူအရာလည်း မရှိပေ။ အမှန်တော့ စောသီရိနိုင်တို့၏ ဆယ်ကျော်သက်သာသာ အရွယ်သည် ဤသို့သာ ဖြစ်ရလေမည်။ ကျွန်တော်နှင့် လေးလေး၏အခြေအနေကို စောသီရိနိုင် ရိပ်မိခဲ့ပြီ။ လေးလေးမှာ အခြားသူ



လည်း မဟုတ်။ သူမ၏ချစ်စွာသောအစ်မ ဖြစ်နေသည်။ မျိုးရိုးမလေ့ထုံးစံကို ထိန်းသိမ်းရမည့် တာဝန်အရ တစ်နေ့ကျလျှင် ကိုစွန်နောင်းသာလျှင် သူမ၏အပေါင်းလက္ခဏာ ဖြစ်ရမည်မှန်း သူမ သဘောပေါက်ထားသည်။

ယခုတစ်ခေါက်တွင် ကိုစွန်နောင်း ပြန်လည်ရောက်ရှိနေသည်နှင့် ကြုံကြိုက်ပြီး အတွဲများခဲ့ရသည်။ ဆန့်ကျင်ဘက်လိင်နှစ်ဦး၏ အနေနီးစပ်မှုသည် စောသီရိနိုင်အဖို့ အရိပ်သစ်ကလေးတစ်ခု ထပ်တွေ့သည်နှင့်လည်းတူသွားပုံရသည်။ ထိုထိုဤဤသော အကြောင်းခံချက်များအရ စောသီရိနိုင်သည် လက်ခံခြင်းကို မဖော်ပြသေးသော်လည်း ငြင်းဆန်သည့် အရိပ်အခြည် မတွေ့ရတော့ပေ။ ဤအတွက် ကျွန်တော် တကယ်ပင် ဝမ်းသာမိပါသည်။

ကိုစွန်နောင်းသည် ကျွန်တော်တို့အနီးသို့ ရောက်လာခဲ့၏။

"ဦးကြီးပန်းနိုင်က ကျွန်တော့်ကို အားလုံးပြောပြတယ် ကိုခင်မောင်သက်၊ သူက သူ့လုပ်ငန်းကို စွန့်ပယ်တော့မယ်ဆိုလို့ ကျွန်တော်တို့ ဝမ်းသာနေရတယ်၊ ကျွန်တော်က ဦးကြီးပန်းနိုင်ကိုတောင် ကတိတစ်ခု ပေးလိုက်သေးတယ်"

"ဘာကတိလဲ အစ်ကိုစွန်နောင်း"

ဟု စောသီရိနိုင်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ဪ ... ကိုခင်မောင်သက်နဲ့ သိမ်တို့ ရင်ဆိုင်မယ့်ပွဲ မှာ ကိုခင်မောင်သက်ကို ကျွန်တော်ကပါ ကူညီလက်တွဲဖို့ကိုလေ"

"အယ် ... ဖြစ်ပါ့မလား အစ်ကိုစွန်နောင်း၊ နိုင် ဆိုလိုတာက အစ်ကို့အနေနဲ့က အတိုက်အခိုက် အသတ်အပုတ်ကို ကျွမ်းကျင်ပြီးသား၊ အစ်ကိုစွန်နောင်းမှာက မတိုက်တတ် မရှောင်တတ်နဲ့မို့ပါ"

"ဟုတ်တယ် ကိုစွန်နောင်း၊ ကျွန်တော်လည်း ကန့်ကွက်တယ်၊ ကျွန်တော်က ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်မို့ ဒီပွဲမျိုးကို ရင်ဆိုင်ဖို့ စွန့်ပြီးလက်ခံတာ"

"အစ်ကိုစွန်နောင်းကို ဒီလောက် အထင်မသေးစမ်းပါနဲ့ စောသီရိ၊ အစ်ကိုစွန်နောင်း ယောကျ်ားပါ၊ ပြော်... ကျွန်တော်ကလည်း အကြောင်းမဲ့ ဒီပွဲကိုပါဝင်တာ မဟုတ်ပါဘူး၊ ကိုခင်မောင်သက် သိမ်တို့ရဲ့လုပ်ငန်းကိုဝင်ပြီး ဖျက်ဆီးပစ်တာဟာ ဥပဒေဆန့်ကျင်သူကို ပြည်သူတစ်ယောက်က ဝင်ပြီးဆုံးမချင်တဲ့ သဘောနဲ့ရယ်၊ ပြီးတော့ ဦးကြီးပန်းနိုင် ကိုယ်တိုင်လည်း ဒီလုပ်ငန်းကို စွန့်လိုက်ပြီဆိုတာ ဝမ်းသာလွန်းတဲ့ အထိမ်းအမှတ်နဲ့ ဦးကြီးဆန္ဒကို ကူညီချင်တဲ့ သဘောရယ်ပါ၊ တကယ်လို့ ဝဏ္ဏနေရာမျိုး ထားပြီး ဒီလုပ်ငန်းဆက်လုပ်ဖို့ဆိုရင်တော့ ဘာပဲပြောပြော ကျွန်တော်က နီးပါပဲ ကိုခင်မောင်သက်"

ကျွန်တော် ထပ်၍ စောဒက မတက်တော့ပါပေ။ ဆက်လက်၍ ကျွန်တော်က ကန့်ကွက်ပါလျှင် ကိုစွန်နောင်းသည် သူ့အား အထင်သေးသည်ဟု ထင်မြင်သွားမည်ကို စိုးရသေးသည်။ စောသီရိနိုင်ကလည်း ကျွန်တော်၏ သဘောထားမျိုးပင် ရှိဟန်တူ



သည်။ ဘာမှမပြောတော့ဘဲ ကိုစွန်နောင်းအား ရိုသေသော မျက်လုံးဝိုင်းကြီးဖြင့် တစ်ချက်မော့ကြည့်ကာ ခန်းပေါ်မှ ထလိုက်လေသည်။

ကျွန်တော်တို့သုံးဦးသား နန္ဒမာလာဥယျာဉ်မှထွက်လာခဲ့ကြသည်။

"အစ်ကိုစွန်နောင်းကို ဘဘက လေးလေးနဲ့ ပတ်သက်ပြီး ပြောပြသေးလား အစ်ကိုစွန်နောင်း၊ ပြီးတော့ ဘဘက လေးလေးကို ဆူနေသေးလားဟင်"

"လေးလေးအကြောင်း ပြောပါတယ် စောသီရိ၊ ဦးကြီးပန်းနိုင်က သူ့တူမလေးအပေါ်မှာ ယုံကြည်မှု ရှိပုံပဲ၊ မဆူပါဘူး၊ လေးလေးဟာ ငယ်စဉ်ကတည်းက အဓိပ္ပာယ်မရှိတဲ့အလုပ် မလုပ်ခဲ့ဖူးဘူးတဲ့၊ လုပ်ရပ်တိုင်းမှာ အဓိပ္ပာယ်ရှိတတ်တယ်တဲ့၊ အခုလို တိတ်တိတ်ထွက်သွားတာကလည်း လေးလေးမှာ အဓိပ္ပာယ်တစ်ခုခုရှိပြီး အသိမပေးဘဲ ထွက်သွားသင့်တဲ့ ကိစ္စမျိုးမို့ အသိမပေးဘဲ ထွက်သွားတာဖြစ်ရမယ်တဲ့လေ"

"ဟုတ်တယ် အစ်ကိုစွန်နောင်း၊ လေးလေးအကြောင်းကို နိုင်လည်း ဘဘလိုပဲ သဘောပေါက်တယ်၊ ဒါကြောင့် စိတ်မပူဘဲ နေမိတာပေါ့၊ လေးလေး ပြန်လာရင်တော့ ထူးခြားတဲ့ကိစ္စတစ်ခုခု ပါလာမှာ မုချပဲ"

မှန်ပေသည်။ လေးလေးမြင့် ထွက်သွားသောကိစ္စသည် လေးလေးမြင့် ပြန်လာလျှင် ရှင်းပေမည်။ လေးလေးမြင့်

ပြန်ရောက်လာသည်အထိကော ကျွန်တော်သည် ကျောက်မဲတွင် ရှိလေပါဦးမည်လား။ အကယ်၍ ရှိနေသည် ဆိုစေဦးတော့ လေးလေးမြင့်ကို ထပ်မံအတွေ့မခံတော့ရန် ကျွန်တော် စိတ်ကူးမိသည်။ ကျွန်တော်သည် လေးလေးမြင့်အား ချစ်ခင်မိကြောင်း ဖွင့်ဟပြီးခဲ့လေပြီ။

သို့တစေ လေးလေးမြင့်၏ တုံ့ပြန်သောမေတ္တာကို ကျွန်တော် မျှော်လင့်ချက်မထားလိုပေ။ ကျွန်တော့်အခြေအနေနှင့် ဘဝက လေးလေးမြင့်နှင့် ပေါင်းစပ်နိုင်စရာမရှိ။ တစ်နေ့မဟုတ် တစ်နေ့ ကျွန်တော်သည် ဥပဒေစက်ကွင်းသို့ ဝင်ရမည့်သူသာဖြစ်သည်။ ထိုအဖြစ်ကို သိလျက်နှင့်ပင် လေးလေးမြင့်သည် ကျွန်တော့်မေတ္တာကို လက်ခံရုံမက သူ၏မေတ္တာကိုပင် တုံ့ပြန်ကြောင်း မနေ့ညနေက ဖွင့်ဟခဲ့သည်။

ကျွန်တော်သည် ရယူလိုမှု တစ်ခုတည်းဖြင့် လေးလေးမြင့်အား ရယူမိချေသော် လေးလေးမြင့်အား ချစ်ရာမရောက်နိုင်။ ကျွန်တော်၏ နစ်နေသော ဘဝထဲသို့ ဆွဲခေါ်သည်နှင့်သာ တူချိမ့်မည်။

ဦးပန်းနိုင်၏ ဆန္ဒအရ သိမ်တို့နှင့် ရင်ဆိုင်ရာ၌ ကျွန်တော်သည် သေလိုက သေစေတော့။ မသေဘဲ ကျန်ခဲ့ပါသော်လျှင်လည်း ၎င်းကိစ္စပြီးလျှင်ပြီးချင်း ကျောက်မဲမှ တခြားသို့ လေးလေးမြင့် မရောက်မီ ကျွန်တော် ထွက်ခွာရပေမည်။

"မမလေးရဲ့ဆေးတိုက်ကိစ္စကိုကော ဘဘက ပြောသေးလား အစ်ကိုခွန်နောင်။"



"ပြောပါတယ်၊ လေးလေး ဝါသနာနဲ့ ဆန္ဒရှိတဲ့အတိုင်း လေးလေးဘာသာ ဆက်လုပ်ပါစေတော့လို့ ပြောတာပဲ စောသိရီ"

ထိုစကားကို ကျွန်တော်သည် လေးလေးအတွက် ဝမ်းသာရပြန်သည်။ ပြည်သူများအတွက် အကျိုးပြုသော ပြည်သူ့ဆေးရုံ၌သာ လုပ်ချင်ရှာသည့် လေးလေးမျှော် သူမ၏ဆန္ဒပြည့်သွားရှာလေပြီ။ လေးလေးသည် ဆက်လက်၍ သံပတ်ပေးစေလုတ်နိုင် စက်ရုပ်တစ်ရုပ် မဟုတ်တော့ပါလေတကား။

● ● ●

## ၁၂

"ဦးဘမြိုင်ခင်ဗျား ...

ဤစာကြောင့် ဦးဘမြိုင်သည် အထိတ်တလန့်ဖြစ်သွားမည်ဆိုပါက အထိတ်တလန့်ဖြစ်ရန် မလိုကြောင်း တင်ကြို၍ ကျွန်တော် ပြောထားပါရစေ။

ဦးဘမြိုင်ကဲ့သို့ တွင်ကျယ်အောင်မြင်နေသည့် စီးပွားရေးသမားတစ်ဦးအဖို့ ငွေသည် မည်မျှတန်ဖိုးကြီးကြောင်း အထူးပြောပြနေရန် လိုမည်မထင်ပါ။

ကျွန်တော်သည် လူသားတစ်ဦးဖြစ်သည်နှင့်အညီ ငွေအလုံးအရင်းကို မျှော်မှန်းတောင့်တခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော်၏ဘဝတွင် မည်သို့ပင် ချမ်းသာကြွယ်ဝစွာနေလို ခဲ့ပါသော်လည်း တစ်ကြိမ်တစ်ခါမျှ ဆန္ဒမပြည့်ဝခဲ့ပါ။ ဖြိုးဖြိုးဖြိုးဖြိုး စားဝတ်သုံးစွဲခဲ့ရသည့် လခစားဘဝဖြင့်သာ ကျင်လည်ခဲ့ရပါသည်။

ယခုမှ ကျွန်တော်သည် စိုင်ကော်၍ ချုပေါ်ရောက်ရပါပြီ။ အဘယ်ကြောင့်ဟူမူ ဦးဘမြိုင်သည် ကျွန်တော့်



အား ငွေတစ်သိန်းတိတိ ချီးမြှင့်လိမ့်မည်ဟု ယုံကြည်မိသောကြောင့် ဖြစ်ပါသည်။

ဦးဘမြိုင်သည် စာကိုဖတ်ရင်း မျက်မှောင်ကြုတ်လာသည်။ ပထမတွင်တော့ လာရိုးလာစဉ် စာတစ်စောင်ဟု ထင်မှတ်ကာ ဖောက်ဖတ်ခြင်းမျှသာ ဖြစ်သည်။ သို့သော် စာ၏အဓိပ္ပာယ်မှာ အလှူခံစာလိုလို၊ ခြိမ်းခြောက်ငွေညှစ်စာလိုလို သက်ရောက်လာသဖြင့် မျက်မှောင်ကြုတ်လာရခြင်းဖြစ်သည်။ ဦးဘမြိုင်သည် စာရွက်များ၏ နောက်ဆုံးစာရွက်အောက်ခြေရှိ လက်မှတ်ရေးထိုးသည့် စာရေးသူကို ကမန်းကတန်း ရှာဖွေကြည့်လိုက်သည်။

လက်မှတ်ထိုးနေရာတွင် မည်သည့်အမည်နာမတစ်ခုမှ တပ်မထားဘဲ "မျက်မြင်သက်သေ"ဟု ရေးထား၏။ စာ၏သဘောမှာ ပစ်စာမှန်း သိသာလောက်ပေပြီ။ ဦးဘမြိုင်၏ရင်ဝယ် ဒိတ်ခနဲ ခုန်သွားရ၏။ ကမန်းကတန်း ပစ်စာကို ဆက်ဖတ်တော့သည်။

ကျွန်တော်တောင်းခံသော ငွေတစ်သိန်းကို ဦးဘမြိုင်သည် ကျေကျေနပ်နပ် ပေးလိမ့်မည်ဟု တစ်ထစ်ချ ကျွန်တော်ယုံကြည်ထားပါသည်။ ဦးဘမြိုင်အနေနှင့် ကျွန်တော့်အား ငွေတစ်သိန်းမပေး၍လည်း ဖြစ်မည်မဟုတ်ပါ။ ပေးကိုပေးရပါမည်။ ဦးဘမြိုင်၏အသက်နှင့်ခန္ဓာသည် ငွေတစ်သိန်းမက များစွာ အဖိုးတန်နေသောကြောင့် ဖြစ်ပါသည်။

ဦးဘမြိုင်၏(အရင်းမဟုတ်သော)သမီး သစင်မြိုင်ကို ဦးဘမြိုင်ကိုယ်တိုင် သေနတ်နှင့် ပစ်သတ်ခဲ့သည်ကို ကျွန်တော်သည် ကိုယ်တိုင်တွေ့မြင်ခဲ့ရသူ ဖြစ်နေပါသည်။

မျက်မြင်သက်သေ၏ပစ်စာကို ဦးဘမြိုင် အမှန်ပင် တုန်လှုပ်ခဲ့ရပေပြီ။ ဤစာပစ်သူသည် သဇင်မြိုင်ကို မိမိသမီးအရင်း မဟုတ်သည်ကိုပင် သိရှိနေပြီဖြစ်၏။ အတော်ပင် နိုက်နိုက်ချွတ်ချွတ် သိနေသူပင်။ အမှန်မှာ ဦးဘမြိုင်သည် ဒေါ်သက်မေနှင့် ပေါင်းသင်းပြီး ဤတောင်ငူ၌ပင် သဇင်မြိုင်အား အထင်ကရမွေးခဲ့ခြင်းဖြစ်သည်။ ဦးဘမြိုင်၏ပတ်ဝန်းကျင် အားလုံးသည် သဇင်မြိုင်ကို ဦးဘမြိုင်၏သမီးရင်း ဟူ၍သာ နားလည်ထားခဲ့သည်။

စင်စစ်မူကား မိမိ ဒေါ်သက်မေကို လက်ထပ်ရသည့် အချိန်တွင် ဒေါ်သက်မေ၌ သဇင်မြိုင့်ကိုယ်ဝန် လေးလရှိခဲ့လေပြီ။ ဒေါ်သက်မေသည် သစ်စက်ပိုင်ရှင်၏ သူဌေးသမီးဖြစ်၍ ဦးဘမြိုင်က ဒေါ်သက်မေတို့၏ သစ်စက်စာရေးတစ်ဦးမျှသာ ဖြစ်ခဲ့သည်။ ဒေါ်သက်မေသည် မည်သည့်အမှားမျိုးတွေကို တိတ်တဆိတ်ကျူးလွန်ခဲ့သည် မသိ။ ဒေါ်သက်မေ၏ မိဘများဖြစ်သော အလုပ်ရှင်များက ဦးဘမြိုင်အား မန်နေဂျာအဆင့်နှင့် လခတိုးပေးမည်၊ မသက်မေကို လက်ထပ်ယူရမည် ဆိုသည်ကို မိမိ သဘောတူ လက်ထပ်သည့်တွင် မသက်မေ ဤကိုယ်ဝန်လေးလ ပါလာသည်ကို တွေ့ရတော့သည်။ လက်ထပ်ပြီး ငါးလပိုပိုတွင် သဇင်မြိုင်ကို မွေးဖွားခဲ့စဉ်က ကွယ်ရာတွင် ဓာတ်သိများသည် နှာခေါင်းရှုံ့ကြသည်ကို ဦးဘမြိုင် ခံခဲ့ရသော်လည်း ယခုအချိန်တွင်မူ နှစ်ပေါင်းအတော်ကြာခဲ့ပြီမို့ ထိုကိစ္စအား သိသူပင် အတော်ရှားနေလေပြီ။ သို့သော် မျက်မြင်သက်သေ ပစ်စာရှင်သည် ဒါကိုပင် သိထားလေဟန် တူပေသည်။



မယုံမရှိပါလေနှင့် ဦးဘမြိုင်။ ဦးဘမြိုင်နှင့် ဒေါ်သက်မေ လက်ထပ်ခဲ့သည့် နေ့စွဲနှင့် သဇင်မြိုင် မွေးဖွားခဲ့သော နေ့စွဲသည် ကျွန်တော့်တွင် အတိအကျပင် ရှိပါသည်။

သဇင်မြိုင့်ကို ဦးဘမြိုင် ပစ်သတ်လိုက်ရသော အကြောင်းရင်းကိုလည်း ကျွန်တော် သိပါသည်။ ဦးဘမြိုင်ရှိ ပစ္စည်းအားလုံး အမွေပိုင်ဆိုင်မှုတွင် သဇင်မြိုင်သည် တရားဥပဒေအရ ပိုင်ဆိုင်ခွင့် ရှိနေသော တစ်ဦးတည်းသော သမီး ဖြစ်သော်လည်း အမှန်စင်စစ် သဇင်မြိုင်မှာ ဦးဘမြိုင်၏သမီးအရင်း မဟုတ်ရခြင်းကြောင့် ဦးဘမြိုင်သည် သဇင်မြိုင်အား ပေးလိုစိတ်မရှိပါ။

ဦးဘမြိုင် တကယ်ပေးလိုသည်မှာ အုတ်တွင်းရှိ ဦးဘမြိုင်၏ ဒုတိယဇနီးမှမွေးသော ဦးဘမြိုင်၏သမီးရင်း 'သန်းသန်းမြိုင်'ကိုသာ ပေးလိုခဲ့ပေသည်။ ထို့ကြောင့်လည်း ဦးဘမြိုင်သည် ငွေရင်းဖြင့် မြှုပ်နှံဝယ်ယူရသည့် ပစ္စည်းမှန်သမျှ ဦးဘမြိုင်အမည်နှင့်သာ တရားဝင် ဝယ်ယူခဲ့သည်ဖြစ်ကြောင်း ဦးဘမြိုင် မငြင်းနိုင်ပါ။ မည်သို့ဆိုစေ တရားဝင် အမွေပိုင်ဆိုင်ခွင့်ရှိသူမှာ သဇင်မြိုင်ပင် ဖြစ်နေသောကြောင့် သဇင်မြိုင်အား ဦးဘမြိုင်· သတ်သည့် အကြောင်းသည် မိုတစ်(ဗ)အရ ခိုင်လုံလျက် ရှိနေပါသည်။ အထူးသဖြင့် သဇင်မြိုင်သည် ဦးဘမြိုင်၏ဒုတိယဇနီးမှမွေးသော 'သန်းသန်းမြိုင်'အပေါ်တွင် အသိအမှတ် မပြုခဲ့ရုံမက တစ်ဖက်သတ် နှိမ်ခဲ့သည်ကိုလည်း ဦးဘမြိုင် ခံပြင်းရပါသည်။

ထိုညကဖွဲ့ခဲ့သော အရက်ဝိုင်းတွင် ကျွန်တော်သည် ကိုခင်မောင်သက်၏ မိတ်ဆွေဝိုင်းတော်သားတစ်ဦးအဖြစ် ပါဝင်ခဲ့ပါသည်။ အရက်ဝိုင်းတွင် ကိုတင်အောင်လွင် ထူရွှေပျက်နေသည်ကို အကဲခတ်မိသည်မှစပြီး တစ်ခုခု တော့ ဖြစ်တော့မည်ဟု ကျွန်တော် တွေးတောပူပန်ခဲ့ပါသည်။

ကျွန်တော်၏ တကယ့်စိတ်ရင်း စေတနာမှာ ခင်မင်ကြသော ဤမိတ်ဆွေစုထဲဝယ် မလိုအပ်သော ကိစ္စတစ်ခုခု မဖြစ်စေလိုသောကြောင့် အရက်ဝိုင်းလူစုကွဲလျှင်ကွဲချင်း ကျွန်တော်သည် ကိုခင်မောင်သက်၏ အိမ်သို့ပြန်၍ပြေးလာကာ အခြေအနေကို ပုန်းကွယ် ချောင်းမြောင်းစောင့်ကြည့်မိပါသည်။ ကျွန်တော် မျှော်လင့်ထားမိသည်မှာ ကိုတင်အောင်လွင်သည် အရက်ဝိုင်း၌ ကိုခင်မောင်သက်၏ ခွက်ထဲသို့ အိပ်ဆေးခတ်ခဲ့ခြင်း၏ အကြောင်းရင်းကို သိလိုစိတ်ကြောင့် ကိုတင်အောင်လွင်ကိုသာ မျှော်လင့်ခဲ့မိပါသည်။ အကြောင်းဆက်နွယ်မှုကလည်း ရှိနေပါသည်။

ကိုခင်မောင်သက်နှင့် သစင်မြိုင်သည် လင်မယား အဆင်မပြေ ဖြစ်နေကြသည်။ သစင်မြိုင်နှင့် ကိုတင်အောင်လွင်ကလည်း တတွဲတွဲ ရှိနေကြသည်။ ကိုခင်မောင်သက်၏ အရက်ခွက်ထဲသို့လည်း ကိုတင်အောင်လွင်က ဆေးခတ်ခဲ့သည်။ ထို့ကြောင့် ပွဲကြီးပွဲကောင်းတစ်ခု ကျွန်တော် မြင်ရမည်ဆိုပြီး ချောင်းမြောင်းကြည့်ရှုခဲ့ခြင်း ဖြစ်ပါသည်။



များမကြာမီ သစင်မြိုင်၏အိပ်ခန်းသို့ သေနတ်ကိုင်ထားသော လူတစ်ယောက် ဝင်လာပါသည်။ ထိုစဉ်က ကိုခင်မောင်သက်မှာ ကျွန်တော်တို့ ထားခဲ့သည့် ပုံစံအတိုင်း သစင်မြိုင်၏အိပ်ခန်းကြမ်းပြင်တွင် အိပ်မောကျလျက် ရှိနေပါသည်။ သစင်မြိုင်ကမူ တစ်စုံတစ်ယောက်အား စောင့်စားနေကြောင်း ထင်ရှားပါသည်။ ကိုတင်အောင်လွင်နှင့် ချိတ်ဆက်လုပ်ထား၍ ကိုတင်အောင်လွင်အား စောင့်စားနေခြင်း ဖြစ်နိုင်ပါသည်။

သို့သော် အခန်းတွင်းသို့ သေနတ်နှင့်ဝင်လာသူမှာ ကိုတင်အောင်လွင် မဟုတ်ပါ။ ဦးဘမြိုင်ကို ကျွန်တော် တွေ့ရပါသည်။

ဦးဘမြိုင် ဝင်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရသော သစင်မြိုင်သည် အံ့ဩကာ ခုတင်ပေါ်မှ ဆင်းလာသည်ကို ဦးဘမြိုင်က သစင်မြိုင်အား သေနတ်ဖြင့် နှစ်ချက်ဆင့် ပစ်ခတ်လိုက်ပါသည်။ သစင်မြိုင်မှာ ကိုခင်မောင်သက် အိပ်မောကျနေသော ကြမ်းပြင်သို့ လဲကျသွားပါသည်။

ဆက်လက်၍ ဦးဘမြိုင်သည် ကိုခင်မောင်သက်၏ အိပ်ခန်းထဲသို့သွားကာ ကိုခင်မောင်သက်၏ သေနတ်ကို ယူလာခဲ့ပြန်ပြီး ခေါင်မိုးပေါ်သို့ နှစ်ချက်ဆင့်၍ ပစ်ပေါက်လိုက်ပါသည်။ ရဲတပ်ဖွဲ့က သေချာကြည့်လျှင် မျက်နှာကြက်၌ ကျည်ဆန်ဖောက်ထွင်းသွားသည့် အပေါက်ကလေး နှစ်ခု မြင်တွေ့မှာ သေချာပါသည်။ ကိုခင်မောင်သက်၏ အိမ်ရှိရာ အုတ်ကျွတ်တန်းသည် ရန်ကုန်–မန္တ လေးလမ်းမ

ကြီးဖြစ်၍ ဥဒဟိုသွား ကားများသည် တဝေါဝေါမြည်နေ တတ်ကာ တစ်ခါတစ်ရံ မော်တော်ကား စီးနိုးပိုက်များမှ တထိုင်းထိုင်း မစ်(စ်)ဖားယားသံ ဖြစ်တတ်၍ ၎င်းပတ်ဝန်း ကျင်သည် သေနတ်သံကို ကားအိပ်ဇောသံဟု မှတ်ထင် ကာ အရေးတယူ မရှိကြသည်မှာ မဆန်းပါ။ ကိုခင်မောင် သက် သေနတ်ကို ပစ်ပြီးနောက် လက်ရာမျောက်ကာ အိပ်မောကျနေသည့် ကိုခင်မောင်သက်အေားတွင် ချထားခဲ့ ပါသည်။

ဦးဘမြိုင် လာလမ်းအတိုင်း ပြန်သွားသည့်အချိန်၌ တင်အောင်လွင် ရောက်ရှိလာပါသည်။ တင်အောင်လွင် သည် ဦးဘမြိုင် ထွက်သွားသည့်ဘက်သို့ ကြည့်နေပြီးမှ သဇင်မြိုင်၏ အခန်းထဲသို့ ဆက်လက်ဝင်လာခြင်း ဖြစ်ပါ သည်။ ဦးဘမြိုင်ကလည်း တင်အောင်လွင် ရောက်လာခြင်း ကို မြင်တွေ့သွားသည် ဖြစ်ရပါမည်။

ကိုတင်အောင်လွင်သည် အိပ်မောကျလျက်ရှိနေသော ကိုခင်မောင်သက်နှင့် သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိ သော သဇင်မြိုင်ကို တွေ့သွားခဲ့ပါသည်။ ယင်းအချက် ကြောင့်ပင် ဦးဘမြိုင်သည် ကိုတင်အောင်လွင်အား ထပ် ဆင့်နှုတ်ပိတ်လိုက်ပါသည်။

မည်သို့ဆိုစေ ...

သဇင်မြိုင်အား သတ်ပစ်သူမှာ တင်အောင်လွင်သော် လည်းကောင်း၊ ဦးဘမြိုင် ဆင်ထားခဲ့သည့်အတိုင်း သဇင် မြိုင်၏ ခင်ပွန်း ကိုခင်မောင်သက်သော်လည်းကောင်း ဖြစ်



ရမည်ဟု ရဲက ယူဆပါမည်။ ကျွန်တော့်အား လာရောက် စစ်ဆေးစဉ်ကလည်း ကျွန်တော် ချောင်းမြောင်း တွေ့ရှိခဲ့ ရသော ဦးဘမြိုင်အကြောင်းကို ကျွန်တော် မဖော်ထုတ်ခဲ့ပါ။

မဖော်သည့် အကြောင်းသည် ငွေတစ်သိန်းတိတိ ဦးဘမြိုင်ထံမှ လိုချင်သော စိတ်ကူးရလာ၍သာ ဖြစ်ပါသည်။ ဦးဘမြိုင်ကလည်း ဦးနောက်ကောင်းသူမို့ မများလောက်သော ငွေတစ်သိန်းကို ကျေနပ်စွာ ကျွန်တော့်အား စွန့်ကြဲလိမ့် မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ဦးဘမြိုင် ဆက်လက်ဆောင်ရွက်ရန် ကျွန်တော်ညွှန် ကြားပါမည်။ ဤစာရသော ယနေ့ည(၁၂)နာရီတိတိတွင် မြို့ပြင်ဘက်ရှိ 'တပင်ရွှေထီးထန်းတော'သို့ ဦးဘမြိုင်တစ် ယောက်တည်း (အဖော်လုံးဝ မပါစေရပါ) ငွေတစ်သိန်း နှင့်အတူ လာခဲ့စေလိုပါသည်။ ငွေသားသက်သက် ဖြစ်ရ ပါမည်။ ငွေစက္ကူအသစ် မလိုပါ၊ နံပါတ်မှတ်မည်ကို ကျွန်တော် စိုးရိမ်ပါသည်။ စက္ကူဟောင်းများသာ ယူခဲ့စေ လိုပါသည်။ ချက်လက်မှတ်ဆိုလျှင် ကျွန်တော် လုံးဝလက်ခံ မည် မဟုတ်ပါ။

အဖော်ခေါ်မလာဖို့ရန် အထူး ကျွန်တော် သတိပေး ပါသည်။ အဖော်ပါလျှင် ကျွန်တော် လုံးဝအတွေ့ခံမည် မဟုတ်ပါ။ ကျွန်တော်ကလည်း မည်သည့်အဖော်ကိုမျှ ခေါ်ယူမည် မဟုတ်ပါ။ ဦးဘမြိုင်နှင့် ကျွန်တော်မှလွဲ၍ အိမ်ကစနီးသားမယားပါ အသိပေးသင့်သော ကိစ္စမဟုတ် မှန်း ဦးဘမြိုင် သဘောပေါက်လောက်ပါသည်။

အကယ်၍ ဦးဘမြိုင်သည် ကျွန်တော်၏ ချိန်းဆိုချက်ကို ဖျက်ကွက်ခဲ့ပါလျှင် ကျွန်တော့်တာဝန်ကုန်ပါပြီ။ နောက်တစ်နေ့ ရုံတင်ပွဲမှ ဤအမှုကိုကိုင်နေသော ဦးတင်ကိုကိုအား သခင်မြိုင် အသတ်ခံရမှုနှင့် ကိုတင်အောင်လွင် အသတ်ခံရမှုအတွက် ကျွန်တော်သည် မျက်မြင်သက်သေတစ်ဦးအဖြစ် ဖော်ရပါမည်။

တန်ဖိုးကြီးသော တန်ဖိုးငွေ တစ်သိန်းဖြင့် ကျွန်တော့်ပါးစပ်ကို ဦးဘမြိုင် ပိတ်စေနိုင်ဖို့ အရေးကြီးလှပါသည်။

မျက်မြင်သက်သေ"

● ❁ ●

ဤနေရာသည် တောင်ငူမြို့၏ အလှအပ တစ်နေရာဖြစ်ပေသည်။

မီးရထားလမ်းသည် တောင်နှင့်မြောက်သို့ ဖြောင့်ဖြောင့် တန်းနေသည်။ မီးရထားလမ်းကို မျဉ်းပြိုင်မော်တော်ကားလမ်းက ပြိုင် တန်းနေပါ၏။ အစွန်းတွင် တောင်ငူဘူတာရှိသည်။ ဘူတာမှ ဆင်းလိုက်လျှင် လှပသော မီးရထားဘက်ဆိုင်ရာ အမှုထမ်းတို့၏ ကွာတာရှိ၏။ ဘူတာမှဆင်းပြီး မျဉ်းပြိုင်တန်းနေသော မော်တော်ကားလမ်းအတိုင်း မြောက်ဘက်သို့ အနည်းငယ် လာမိလျှင် ရှေးဟောင်း "ကေတုမတီစေတီ" မြို့ရိုးမှိုင်းမှိုင်းကြီး ရှိလေသည်။



တောင်ငူသည် နယ်နယ်ရရ မဟုတ်။ မင်းတရားရွှေထီးလက်ထက်တွင် တောင်ငူကို ခြေကုပ်ယူကာ ဒုတိယမြန်မာနိုင်ငံကြီး တည်ထောင်နိုင်ခဲ့သည်။ သို့သော် မင်းတရားရွှေထီးသည် ဘုန်းလက်ရုံး အာဏာ ပညာအမြော်အမြင်နှင့် ပြည့်စုံသော မင်းတစ်ပါး ဖြစ်သော်လည်း ပေါ်တူဂီလူမျိုးတစ်ဦးနှင့် ပေါင်းမိပြီး အရက်သေစာ စွဲလမ်းကာ ပျက်စီးခြင်းသို့ တိုင်ခဲ့ရသည်။

ဂျစ်ကားမှာ နို့နှစ်ရောင်ဖြစ်သည်။ အမှန်မှာမူ ဂျစ်ကားကလေးက စိတ်ဝင်စားဖွယ် ကောင်းလှသည်မဟုတ်ပေ။ ဂျစ်ကားပေါ်မှ လှပသော အမျိုးသမီးကလေး နှစ်ဦးက စိတ်ဝင်စားဖွယ် ကောင်းနေခြင်းဖြစ်သည်။ ဂျစ်ကားကလေးသည် မြို့ရိုးဟောင်းကြီးဘေး မော်တော်ကားလမ်းအတိုင်း မောင်းနှင်နေပေသည်။

အမျိုးသမီးနှစ်ဦးအနက် တစ်ဦးသော လှပသည့် အမျိုးသမီးသည် မြို့ရိုးဟောင်းကြီးကို ကြည့်နေရှာသည်။ တစ်ချိန်က သန့်ရှင်းချောမွတ်ပြီး ကျက်သရေဖြာခဲ့သော မြို့ရိုးသည် ယခုမူ ပဉ္စောင်နွယ်ယှက်၍ ပျက်စီးခြင်း၏ သင်္ကေတကို တိတိပပ ဖော်ပြလက် ရှိနေလေတော့ပြီ။

အမျိုးသမီးသည် မြို့ရိုးဟောင်း မြို့ရိုးပျက် မှိုင်းမှိုင်းကြီးကို ကြည့်နေရာမှ မသိမသာ သက်မလေး ချလိုက်ရှာသည်။

"ဟေး ... မိလေးခဲလေး၊ ဆေးလှ တွေးလှပါလားကွ"

"ဩော် ... မိသက်ရယ်၊ ဒီမြို့ရိုးကြီးကိုကြည့်ပြီး တရားကျနေမိတာပါကွာ၊ မင်းတရားရွှေထီးဟာ ရာဇဝင်မှာ အကျော်အမော် ဘုန်းလက်ရုံးမင်းတရား မဟုတ်လားကွ၊ တကယ်

လို့သာ သူဟာ အရက်သေစာကြောင့် မပျက်စီးရရင် မြန်မာနိုင်ငံသမိုင်းဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာမလားလို့၊ အရက်ဆိုတာက တယ်လည်း ခပ်ပါလား မိသက်ရယ်"

"အမယ် ... အရက်ဆိုတာ ဘာခက်ရမှာလဲ မိလေးလေး၊ အရက် ဆိုတာ အယ်(လ်)ကိုဟော(လ်)ပေါ့၊ အယ်(လ်)ကို(လ်)ဟော သွေးသားထဲကို လိုတာထက် ပိုဝင်ရောက်ရင် အဆိပ်တစ်မျိုးပေါ့ကွာ၊ ဆရာဝန် လုပ်နေပြီး အရက်က တယ်ခက်တယ်လို့ ညည်းနေသေးတယ်၊ နို့ နေပါဦး မိလေးလေး၊ မင်းအဆက်က အရက်သမားကြီးမို့ ဒီလောက် ညည်းညည်းညူညူ ခက်နေတာလားကွ"

လေးလေးမြင့်က ပြုံးပြသော်လည်း အဖြေမပေးပေ။ လေးလေးမြင့်၏စိတ်ထဲတွင်မူ သူမ၏ကိုသက်သည် အရက်သမားကြီး မဟုတ်ပါဟု ငြင်းဆန်နေမိသည်။ သို့သော် တပင်ရွှေထီးလိုပင် အရက်ကြောင့် မှားခဲ့သည်ကိုတော့ လေးလေးမြင့်က ကျိတ်၍ ဝန်ခံနေမိ၏။

မြို့ရိုးကြီး၏ဂိတ်ပေါက်မှနေ၍ ဂျစ်ကားလေး ဝင်ခဲ့သည်။ ဂိတ်တွင် အစောင့်ချထားသော်လည်း ဒေါက်တာဒေါ်သက်သက်အား ခင်မင်သိကျွမ်းနေဟန်တူသော အစောင့်များက တားဆီးခြင်း၊ မေးမြန်းခြင်းပင် မရှိပေ။

"ဟေး ... မင်းတို့ဆရာ ဦးတင်ကိုကို ရှိရဲ့လားကွ၊ အပြင်များ ထွက်သွားသလား"

"ထွက်သွားတာ မမြင်ပါဘူး ဒေါက်တာ၊ ဆရာဦးတင်ကိုကို သူ့အိမ်မှာပဲ ရှိမှာပါ"



ဒေါက်တာဒေါ်သက်သက်က ဆက်၍မောင်းလာခဲ့သည်။ ဤမြို့ရိုးကြီးထဲဝယ် ရဲတပ်ဖွဲ့ကွာတာများ ဆောက်ထားသည်။ တောင်ကုန်းမြင့်မြင့်ကလေးပေါ်တွင်လည်း အဆောက်အအုံများရှိနေသည်။ အနီမှုံပိုင်း၌လည်း ရှိနေကြ၏။

ဒေါက်တာ ဒေါ်သက်သက်သည် အတော်နှံ့စပ်ပုံရှိပြီး ဦးတင်ကိုကိုနှင့်လည်း ခင်မင်ပုံရ၏။ သူမသည် တောင်ကုန်းမြင့်ကလေးတစ်ခုသို့ မောင်းတက်ကာ မျဉ်ထောင်တစ်ထပ်ကွာတာတစ်ခုရှေ့သို့ ရပ်လိုက်သည်။ ပလစ်စတစ် အနက်ခံတွင် အဖြူတပ် ပလတ်စတစ်စာလုံးဖြင့် "ဦးတင်ကိုကို၊ ရဲအုပ်" ဟူသော ဆိုင်းဘုတ်ကလေးက အိမ်ရှေ့တွင် တွဲလောင်းလေးရှိနေသည်။

"အာယိုယို ... ကျွန်တော်တို့မြို့ရိုးကွာတာထဲ ဘာရောဂါတွေများ ဖြစ်နေလို့ ဒေါက်တာမကြီး ကြွလာပါလိမ့်များ"

မော်တော်ကားစက်သံကြား၍ ထင်သည်။ အိမ်ထဲမှ လူရွယ်တစ်ဦး ထွက်လာ၏။ စွပ်ကျယ်လက်ပြတ်နှင့်မို့ ကျယ်သောရင်အုပ်၊ ဖုထစ်သော လက်မောင်းသားများကို တွေ့နေရသည်။ ကြွံနိုင်ထောင်မောင်းရုံမက စူးရှသော မျက်လုံးများသည် တရားခံဆိုပါက အလိုလို ရှုံ့သွားနိုင်လောက်ပေသည်။

"မြို့ရိုးကွာတာထဲမှာတော့ ဘာရောဂါမှ မဖြစ်ဘူးဟေ့၊ မောင်ရင့်မှာ ဘာရောဂါဖြစ်နေပြီလဲလို့ လာစစ်တာကွ"

ဦးတင်ကိုကိုသည် အသက်သုံးဆယ်ပင် ပြည့်ဦးမည်မဟုတ်၊ ဒေါက်တာဒေါ်သက်သက်ထက် နှစ်နှစ်၊ သုံးနှစ်ခန့်ငယ်ပေမည်။

"မလုပ်ပါနဲ့ မမသက်ရယ်၊ ကျွန်တော့်မှာ နာခေးရောဂါ တော့င် မရှိပါဘူး၊ ကဲ ... အထဲကြွကြပါ"

ဧည့်ခန်းထဲသို့ ဝင်လာကြ၏။ ရှပ်ဖွေနေသည်ကို တွေ့သဖြင့် ဒေါက်တာသက်သက်သည် နှာခေါင်းရှုံ့လိုက်သည်။

"ဗရုပ္ပဲ မမသက်ရေ၊ ရှင်းပေးမယ့် အိမ်ရှင်မကလည်း မရှိနိုင်သေးဘူး မဟုတ်လား"

"အမယ် ... မောင်ရင်က အပျိုနှစ်ယောက်လာလို့ လုပ်ပြီး စကားပြောတာလား၊ မရှည်ရွယ်နဲ့ မောင်ရေ၊ အားလုံး မှတ်ပုံတင်ပြီးသားတွေ"

"ဟာ ... မမသက်ကတော့ စွတ်တင်တာပဲ၊ ကျွန်တော်က ရိုးရိုးပြောတာပါ"

ဦးတင်ကိုကိုသည် လေးလေးမြင့်အား အားနာသလို တစ်ချက်ကြည့်ရင်း ညည်းညည်းညူညူ ပြောနေရှာသည်။ သူတို့ သုံးဦးလုံးဧည့်ခန်းထဲရှိ ဖုန်အလူးလူး ဆက်တီကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ ဒေါက်တာသက်သက်ကပင် ဆက်လက်၍ မိတ်ဆက်ပေး၏။

"အဲဒါ ရဲအုပ်ဦးတင်ကိုကိုပဲ မိလေးလေး၊ တောင်ငူမှာတော့ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် တစ်ခိုင်ပေါ့ကွာ"

"လုပ်လာပြန်ပြီ မမသက်က"

"အေး ... ဟောဒီ အမျိုးသမီးချောချောကလေးက ဒေါက်တာ လေးလေးမြင့်တဲ့ကွ၊ ကျောက်မဲက"

ဦးတင်ကိုကိုနှင့် လေးလေးမြင့်သည် ယဉ်ကျေးစွာ တစ်ဦးကိုတစ်ဦး ပြုံးပြကြသည်။



"တောင်ငူဆေးရုံကို ပြောင်းလာတယ် ထင်ပါရဲ့"

"မဟုတ်ဘူးကွ၊ သူက ကျောက်မဲမှာ ကိုယ်ပိုင်ဆေးတိုက်နဲ့၊ တို့လို ကချေလာ မဟုတ်ဘူး"

"ဪ ... မိသက်ကလည်းကွယ်"

ဟု လေးလေးမြင့်က မျက်စောင်းထိုးလိုက်သည်။

"အခု မမသက်တို့လာတဲ့ကိစ္စကတော့"

ဒေါက်တာသက်သက်သည် လေးလေးမြင့်အား လက်ညှိုးထိုးပြလိုက်သည်။ စကားကိုလည်း ရွတ်နောက်နောက် မဟုတ်ဘဲ တည်တည်တံ့တံ့ ပြောလာတော့သည်။

"မောင်ရင်ကိုင်နေတဲ့ ကေ့(စ်)တစ်ခုနဲ့ ပတ်သက်ပြီး မိလေးလေးက သိချင်တာ ရှိလို့တဲ့ကွ၊ ကဲ ... ပြောလေ မိလေးလေး"

"ဒီလိုပါ ဦးတင်ကိုကို၊ သစင်မြိုင် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုစင်မောင်သက် အခြေအနေကို သိချင်လို့ပါ"

ဦးတင်ကိုကိုသည် ငြိမ်သက်စွာ လေးလေးမြင့်ကို စိုက်ကြည့်နေသည်။ ဖြန်းခနဲ စကားပင် မပြောပေ။ သစင်မြိုင် အသတ်ခံရမှုတွင် ကျောက်မဲက ဆရာဝန်ဒေါ်လေးလေးမြင့်သည် ဘယ်လိုပတ်သက်လာပြန်သနည်းဟု စဉ်းစားနေသည်။

"ဝမ်းနည်းပါတယ် ဒေါက်တာ၊ ကေ့(စ်)က တော်တော် ကွန်ပလီကေးတက် ရှုပ်ထွေးပါတယ်၊ ဒီကေ့(စ်)ဟာ ကျွန်တော်တို့အတွက် ထိပ်တန်းလျှို့ဝှက်ပါ၊ မမသက်လည်း

သိသားပဲ၊ သစင်မြိုင်လိုပဲ ကိုတင်အောင်လွင်ကပါ အသတ်ခံနေရတယ် မဟုတ်လား"

"ရှင် ... ကိုတင်အောင်လွင် ဆိုတာ ဘယ်သူလဲ"

ဒေါက်တာသက်သက်သည် သစင်မြိုင် သေဆုံးပြီးနောက် ကိုတင်အောင်လွင် သေဆုံးပုံကိုပါ တွေ့ရကြောင်း အကျဉ်းချုပ် ရှင်းပြလိုက်လေသည်။ လေးလေးမြင့်အား ကိုခင်မောင်သက်က ပြောပြစဉ်က ကိုတင်အောင်လွင် အကြောင်း တစ်လုံးမှ မပါခဲ့ပေ။ ကိုခင်မောင်သက်သည် သစင်မြိုင် သေဆုံးနေသည်ကိုတွေ့ပြီး ထိတ်လန့်ထွက်ပြေးခဲ့သူဖြစ်၍ တင်အောင်လွင်အကြောင်း ဘာမျှသိဟန်မတူချေ။ ဒါကပင်လျှင် သူမ၏ကိုသက်သည် ဤလူသတ်မှုတွင် ပါဝင်ပတ်သက်ခြင်း မရှိ၍သာဟု လေးလေးမြင့်က ကိုယ်လိုရာဆွဲပြီး မှတ်ချက်ပြုလိုက်သည်။

"လေးလေး နားလည်ပါတယ် ဦးတင်ကိုကို၊ တာဝန်ရှိနေတဲ့ ဦးတင်ကိုကိုမှာ လျှို့ဝှက်ရမယ်ဆိုတာ၊ လေးလေး အခုမေးနေတာက ကေ့(စ်)တစ်ခုလုံးရဲ့ အဖြစ်အပျက် အခြေအနေကို မဟုတ်ပါဘူး၊ ရဲတပ်ဖွဲ့အနေနဲ့ ကိုခင်မောင်သက်ကို ဘယ်လိုမြင်ထားသလဲ ဆိုတာလောက်ပါ"

"ကဲပါကွာ ... မင်းမှာ တာဝန်အရ မထိခိုက်နိုင်တဲ့စကားမျိုးလောက်နဲ့ပဲဖြစ်ဖြစ် ပြောပြနိုင်သလောက် ပြောပြလိုက်ပါ"

တင်ကိုကိုသည် သူ၏လှိုင်းတွန့်ဆံပင်ထဲသို့ လက်ဆယ်ချောင်းလုံး သွင်းလိုက်ပြီးမှ ...



"ခက်တာပါပဲ မမသက်ရာ၊ တရားခံအစစ်ကို မမိသေးသရွေ့ ဘယ်သူဟာ တရားခံဖြစ်ရမယ်ဆိုတာ ကျွန်တော်တို့က မသတ်မှတ်ပါဘူး၊ မဟုတ်တဲ့လူကို ရဲတပ်ဖွဲ့က ဖမ်းမိသွားပြီး လူကောင်းတစ်ယောက် နစ်နာသွားမှာကို ကျွန်တော်တို့ အလွန်မှုရတာပါ၊ ဒါကြောင့် သိပ်ချိန်ဆရပါတယ်၊ အဲ ... တစ်ခုတော့ ကျွန်တော် ပြောပါ့မယ်၊ ဒါလည်း လူတိုင်းသိနေတဲ့ ကိစ္စပါ၊ ကိုခင်မောင်သက်ကို ကျွန်တော်တို့ မရှာဖွေသေးဘူး၊ အကြောင်းကတော့ ကိုခင်မောင်သက်ဟာ လူသတ်တရားခံတစ်ယောက် အနေနဲ့ အထောက်အထား သဲလွန်စ သိပ်နည်းနေလို့"

လေးလေးမြင့်၏ မျက်နှာမှာ ဝင်းပသွားသည်။

"ရာခိုင်နှုန်းအားဖြင့် ဆိုရင်ကော ဦးတင်ကိုကို"

ဦးတင်ကိုကိုသည် ပြုံးလိုက်၏။ ထို့နောက် ခေါင်းကို တဆတ်ဆတ်ညိတ်ပြကာ ...

"ကိုခင်မောင်သက်ဟာ လူသတ်တရားခံအဖြစ်က ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက် လွတ်နေပါတယ်ဗျာ၊ ကဲ ... ကျေနပ်ပြီလား"

လေးလေးမြင့်သည် ကျေနပ်ကြောင်းကို မဖုံးနိုင်မကွယ်နိုင် ခေါင်းကလေး ညိတ်ပြလိုက်သည်။ မျက်လုံးများမှာ ရီဝေကာ နှုတ်ခမ်းမှာ ပြုံးနေတော့၏။

"ဒေါက်တာက မမသက်တို့အိမ်မှာပဲ တည်းတာမဟုတ်လား၊ ကျွန်တော် ဒီအမှုနဲ့ပတ်သက်ပြီး အားလုံးဖွင့်ပြောနိုင်တဲ့ အခြေအနေနဲ့ အဖြစ်မှန်ပေါ်ပေါ်ချင်း ဒေါက်တာ

ဆီကို ကျွန်တော် လာပြောပြပါမယ် ဒေါက်တာ၊ ပြီးတော့ အမှုဟာ ပေါ်တော့မယ်ဆဲဆဲကလေး ရောက်နေပါပြီ"

လေးလေးမြင့်က ကျေးဇူးတင်စကား ဆိုလိုက်ပါသည်။ ထို့နောက် နေရာမှ ထလိုက်သည်။

"ဪ ... ဒေါက်တာလေးလေးမြင့်ကို မေးပါရစေ၊ ဒေါက်တာက ကိုခင်မောင်သက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဘာလို့ ကိုခင်မောင်သက်အတွက် ဒီလောက်စိတ်ပူနေရတာလဲဗျာ"

လေးလေးမြင့်သည် ပြန်ရန်အတွက် တံခါးမကြီးဆီ လျှောက်လာခဲ့သည်။ ပြီးမှ သမင်လည်ပြန်လှည့်ကာ ဦးတင်ကိုကိုအား ဖြေကြားလိုက်သည်။

"ဦးတင်ကိုကို မေးတာကို မဖြေနိုင်လို့ ဝမ်းနည်းပါတယ်ရှင်၊ ဒီကိစ္စဟာ လေးလေးအတွက် ထိပ်တန်းလျှို့ဝှက်ပါ၊ အခြေအနေနဲ့ အဖြစ်မှန်တွေအားလုံး ပေါ်ပြီးတဲ့အခါ လေးလေးကိုယ်တိုင် ဦးတင်ကိုကိုဆီလာပြီး ကိုခင်မောင်သက်အတွက် ဘာလို့ စိတ်ပူရတယ်ဆိုတာ ပြောပြပါ့မယ်ရှင်"

"မှတ်ကရော".ဟု ဒေါက်တာသက်သက်က ပြောကာ ရယ်ချလိုက်သည်။ ဦးတင်ကိုကိုလည်း အားရပါးရ ရယ်မော၍ ကျန်ခဲ့ပါတော့သည်။



ညသည် ပိုးတဝါး နိုင်လှသည်။

လဆုတ်ရက်ဖြစ်၏။ ကြည်လင်သော ကောင်းကင်ဝယ် လရောင် မရှိစေကာမူ ကြယ်ပွင့်များက စိန်၏တောက်ပခြင်းမျိုးဖြင့် တဖျိုးဖျိုး တဖျပ်ဖျပ် တောက်ပလျက် ရှိသည်။ ထို့ကြောင့်သာလျှင် ပိုးတဝါး မြင်နိုင်ခြင်းဖြစ်၏။

တပင်ရွှေထီး ထန်းမတောဝယ် ထန်းတစ်ပင်၏ ပင်စည်ကိုမှီကာ လူတစ်ဦး ရပ်နေသည်။ ထိုလူသည် တစ်ကိုယ်လုံး အမည်းရောင် အဝတ်အစားကို ဆင်ထား၏။ ဦးထုပ်ကအစ အမည်းဖြစ်သည်။ ပိုးတဝါး ကြယ်ရောင်ကြောင့် သူ၏မျက်နှာ ခပ်ဖြူဖြူကိုသာ မတွေ့ရလျှင် လူတစ်ယောက် ရပ်နေသည်မှန်းပင် သိနိုင်မည်မဟုတ်။ ထန်းငုတ်တိုတစ်ပင်ဟုသာ ထင်နိုင်လောက်သည်။ ထိုလူသည် မော်တော်ကားလမ်းသို့ မျှော်ကြည့်နေသည်။ ထိုလမ်းသည် ရန်ကုန်–မန္တလေးလမ်းမကြီးပင် ဖြစ်၏။ ရန်ကုန်–မန္တလေးလမ်းမကြီးမှနေ၍ တပင်ရွှေထီး ထန်းတောထဲ အနည်းငယ် ကွာဝေးသော မြေလမ်းကို လျှောက်လာရပေဦးမည်။

ထိုလူသည် ညကြည့်နာရီကို မျက်နှာနှင့် အနီးကပ်ကြည့်လိုက်သည်။ အိမ်မြှောင်တိုသည် ဂဏန်း ၁၂ အနီးသို့ထိလုမတတ် ရောက်နေပြီး အိမ်မြှောင်ရှည်က ၉ ၌ ရောက်နေ၏။

ည ၁၁ နာရီ၊ ၄၅ မိနစ်။

ည သန်းခေါင်တိတိရောက်ရန် ဆယ့်ငါးမိနစ်သာ လိုတော့သည်။ ဤအချိန်ဝယ် ရန်ကုန်–မန္တလေး ကတ္တရာလမ်းကြီးပင် မြွေမည်းကြီးတစ်ကောင် အိပ်မောကျနေသလို ငြိမ်ငြိမ်သက်သက် ရှိနေသည်။ ကုန်တင်လော်ရီကားကြီးများပင် ဖြတ်သန်းသွားလာခြင်း မရှိတော့ပေ။

ည ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် တောင်ဘက်မှ သေးငယ်သော မီးပွင့်နှစ်ပွင့်သည် တရွေ့ရွေ့ မြောက်ဘက်သို့ ကတ္တရာလမ်းကြီးအတိုင်း ရွေ့လျားလာသည်ကို ထန်းပင်ရင်းမှ လူက စူးစိုက်ကြည့်နေသည်။

တောင်ငူမြို့ဘက်မှ ထွက်လာသော ကားတစ်စီးပင် ဖြစ်ပေချိမ့်မည်။ ကား၏မီးကြီးနှစ်လုံးကို မထွန်းဘဲ အားပျော့သော မီးလုံးနှစ်လုံးသာ ထွန်းလာသည်။

ထန်းပင်ရင်းမှလူသည် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ၏ဦးခေါင်းထက်မှ ဦးထုပ်အမည်း၏ ရှေ့အနားသားကို မျက်နှာတစ်ဝက် ဖုံးသည်အထိ အောက်စိုက်၍ ပြင်ဆောင်းလိုက်သည်။ ထို့နောက် ထိုလူသည် ရှည်လျားသော လေချွန်သံတစ်ခုကို ခပ်ရှည်ရှည်ဆွဲပြီး ချွန်လိုက်သည်။ မြွေတွန်သံနှင့် တူလှ၏။ တစ်ခုခုကို အချက်ပေးလိုက်သည့် အသံမျိုးဖြစ်တော့သည်။

မီးလုံးလေးဖြင့် မော်တော်ကားသည် တရွေ့ရွေ့ နီးကပ်လာသည်။ တပင်ရှေ့ထီး ထန်းတောသို့ သွားသည့် မြေလမ်းကလေး တည့်တည့်၌ ထိုကားရပ်သွား၏။ စက်ကိုရပ်၍ မီးပိတ်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် မှိုး



တဝါး ပြန်ဖြစ်သွား၏။ မိနစ်ပိုင်းခန့်ထိ မည်သည့်လှုပ်ရှားမှုကို မတွေ့ရ။ အရိပ်အခြည်ကို သူကြည့် ကိုယ်ကြည့် ကြည့်ရှုအကဲခတ်နေသည့် ဟန်၏။ ထို့နောက် ကားပေါ်မှလူသည် ကားတံခါးကို ညင်သာစွာဖွင့်ကာ ဆင်းလာသည်။ တစ်ယောက်တည်းဖြစ်၏။ ကားကူရှင်ပေါ်မှ လက်ဆွဲအိတ်တစ်လုံးကို လှမ်းယူပြီး ကားတံခါးကို အသံကျိုးခနဲ ချောက်ခနဲ မြည်မသွားစေရန် ထိန်းကာ ပိတ်လိုက်သည်။ ခဏတွေ၍ ရပ်နေပြီးမှ တစ်လှမ်းချင်း တပင်ရှေ့ထီး ထန်းတောသို့သွားရာ မြေလမ်းကလေးကို လျှောက်လာခဲ့သည်။

ထန်းတော၏ ထန်းတစ်ပင်ကိုမှီကာ စောင့်နေသူသည် ဤခြေရလှသည်။ ထန်းပင်၏ ပင်စည်ကို မှီမှီထားသည်။ မှီထားသည် ဆိုခြင်းထက် သူ၏ခန္ဓာကို ထန်းပင်၏ပင်စည်ဖြင့် အကာအကွယ် ယူထားသည် ဆိုပါက ပို၍မှန်ပေမည်။ ထိုထန်းပင်အမှီသမားလူကို မြေလမ်းမှ လျှောက်လာသူက မမြင်ပေ။ ထန်းတော၏ အဝင်ဝတွင် အထုပ်နှင့် လူသည် ခေတ္တကျီးကြည့် ကြောင်ကြည့် ကြည့်ကာ တစ်ခုခုကို ရှာဖွေနေသလို အမူအရာ ရှိနေသည်။

“ဒါလာခဲ့ရဲ့လား၊ ငွေစက္ကူသောင်း တစ်သိန်းတိတိနော်”

အသံကြားမှ အထုပ်နှင့်လူက ရုတ်တရက် လန့်သွားသလို အသံလာရာသို့ မျှော်ကြည့်လိုက်သည်။ သူ၏လက်တစ်ဖက်သည် ကုတ်အင်္ကျီဘေးအိတ်သို့ ရောက်သွား၏။ သို့တိုင် အသံလာရာမှ လူကိုမမြင်ရပေ။ အသံပေးသောလူသည် ထန်းပင်၏ပင်စည်အနောက်တွင် ရှိနေပေသည်။

"အထုပ်ကိုချထားခဲ့၊ ခင်ဗျား ပြန်ချင်ပြန်တော့၊ အထဲမှာ ကျွန်တော်ပြောတဲ့ ငွေစက္ကူဟောင်း ငွေတစ်သိန်း မပြည့်ရင် ခင်ဗျားက ကျုပ်ကိုပတ်တာပဲ၊ ဒါဆို ကျုပ်က ခင်ဗျားကို မိုးလင်းလင်းချင်း ပြန်ပတ်မယ်၊ သိလား"

"ကိုယ့်လူက မာလှချည်လားကွယ်၊ တကယ်ဆို ဒီငွေထုပ်ကိုဖွင့်ပြီး ကိုယ်တိုင် ကြည့်ဖို့ကောင်းတာပေါ့"

"ဒါဖြင့် ရှေ့ကိုတိုးပြီး ယူလာခဲ့လေ"

အထုပ်ကိုင်လူသည် လက်တစ်ဖက်မှ ကုတ်အင်္ကျီအိတ်တစ်ဖက်ကိုနှိုက်ရင်း ရှေ့သို့တိုးလာသည်။ အနီးကပ်လောက်မှ ထန်းပင်၏ ပင်စည်နောက်မှလူသည် ထွက်လာကာ အထုပ်ကိုင်လူ၏လက်မှ လက်ဆွဲအိတ်ကို လှမ်းယူလိုက်သည်။

လျှပ်တစ်ပြက်ခန့် အတွင်းမှာပင် အဖြစ်အပျက်များသည် မြန်ဆန်လွန်းလှတော့သည်။ လက်ဆွဲအိတ်ကို ထိုးပေးလိုက်သောလူသည် တစ်ချိန်တည်းမှာပင် သူ့အင်္ကျီအိတ်တွင် အသင့်နှိုက်ထားသောလက်ကို ဆွဲနုတ်လိုက်သည်။ ကြယ်ရောင်ဖြင့် ထိုလူ၏လက်ထဲမှ သေနတ်ရောင်သည် လက်ခနဲ ဖြစ်သွား၏။

ဒိုင်းခနဲ သေနတ်သံတစ်ချက် ထွက်လာသည်။

ထန်းပင်နောက်ကွယ်မှလူသည် သေနတ်ကိုင်လူ၏ လက်ကောက်ဝတ်ကို ပြတ်တွနင့်ညှပ်သလို ဆွဲကိုင်ထားကာ ကောင်းကင်သို့ ထောင်လိုက်သည်။ ထို့နောက် သူ၏လက်သီးသည် သေနတ်ကိုင် ငွေထုပ်ပိုင်ရှင်၏ မေးရိုးဆီသို့ ခွပ်ခနဲ ခေါက်ခနဲ ဘယ်ညာပစ်သွင်းလိုက်သည်။ သေနတ်သမား ငွေထုပ်ပိုင်ရှင်မှာ မဟန်နိုင်ဘဲ မြေသို့ကျသွားသည်။ လက်သီးသမားက



လည်း ထိုသူနှင့်အတူ မြေသို့ပူးကပ်ကာ သေနတ်သမား၏လက်ကို မလွတ်တမ်း လိမ့်ချလိုက်သည်။

ယင်းအခိုက်မှာပင် ...

နေရာအနှံ့အပြားမှ မီးရောင်များ လင်းလာသည်။ ငွေထုပ်ပိုင်ရှင် သေနတ်သမား၏ လက်များသို့လည်း ဖြောက်ခနဲ လက်ထိတ်ခတ်ပြီးသား ဖြစ်နေတော့သည်။

မီးရောင်များကြောင့် သဲကွဲစွာ မြင်ရပါတော့သည်။

"သြော် ... ဦးတင်ကိုကိုကိုး"

"သိပ်ဟုတ်တာပေါ့ ဦးဘမြင့်၊ ကျွန်တော်ဟာ တင်ကိုကို အစစ်ပါပဲ"

ဦးဘမြင့်၏လက်ထဲမှ သေနတ်ကို ဦးတင်ကိုကိုသည် မီးရောင်တွင် ထောင်ကြည့်လိုက်သည်။

မှန်ပေ၏။ ဘရောင်းနီဖြောက်လုံးပြူးတစ်လက် ဖြစ်ပါတော့သည်။ ထိုဘရောင်းနီ ဖြောက်လုံးပြူးကို လက်ကိုင်ပဝါဖြင့် ပတ်ထုပ်လိုက်သည်။ ဓာတုဗေဒစစ်ကြည့်ရန်အတွက် ဦးတင်ကိုကိုက ပေးပို့ရပါမည်။

● ❁ ●

## ၁၇

တံခါးခေါက်သံသည် ပြင်းထန်လှန်းလေ၏။

တံခါးခေါက်သည်နှင့်မတူ၊ တံခါးကို ရဲတင်းတစ်ရနှင့်များ ခုတ်ဖွဲ့နေသလား ထင်ရသည်။

ကျွန်တော် အိပ်ရာထဲမှ ခေါက်ခနဲ ထထိုင်မိသည်။ ခေါင်းအုံးအောက်မှ ကျည်ဆန်သုံးတောင့်သာရှိသော သေနတ်ကို ကောက်ကိုင်လိုက်၏။

"အစ်ကို ... အစ်ကို"

"ဗျို့ ... ကိုခင်မောင်သက်"

အပြင်ဘက်မှ တံခါးကိုထုရင်း ခေါ်သူတွေမှာ စောသီရိနိုင်နှင့် ကိုစွန်နောင်း၏အသံ ဖြစ်နေသည်။ အချိန်မဟုတ်ကြီးမို့ တစ်ခုခုတော့ အရေးကြီး ထူးခြားနေပေပြီဟု ကျွန်တော် ချက်ချင်း ကောက်ချက်ပြုမိသည်။ ထို့ကြောင့် ကျွန်တော်၏အထူးဆောင်ဝင်ပေါက်တံခါးကို အလျှင်အမြန် ပြေးဖွင့်လိုက်၏။

တံခါးဝတွင် လူသုံးဦးကို အမြွတ်လိုက် တွေ့ရသည်။



စောသီရိနိုင်၊ ကိုစွန်နောင်းနှင့် အိုက်ပန်တို့ ဖြစ်၏။ စောသီရိနိုင်မှာ မျက်နှာတစ်ခုလုံး မို့မို့နီအောင် ငိုထားသည်။ ကိုစွန်နောင်းနှင့် အိုက်ပန်၏ မျက်နှာကြီးများသည် တင်းမာသော အသွင်ကို ဆောင်ထား၏။

"လုပ်ပါဦး အစ်ကို၊ ဘဘကို ပြန်ပေးဖမ်းသွားကြပြီး သူတို့ ဘဘကို သတ်ပစ်ကြမှာ အစ်ကို"

စောသီရိနိုင်သည် အခန်းတွင်းသို့ ပြေးဝင်လာကာ ကျွန်တော့်လက်မောင်းကို လှုပ်ခါရင်း ပြောပြလေသည်။ ကိုစွန်နောင်းနှင့် အိုက်ပန်သည် တစ်လှမ်းချင်း အထဲဝင်လာကာ တံခါးကို ပြန်ပိတ်လိုက်သည်။

"နေဦး နိုင်၊ အစ်ကို့ကို ရေရေလည်လည် ပြောမှပေါ့"

"ဦးကြီးပန်းနိုင်ကို ပြန်ပေးဖမ်းသွားကြတာပဲ ကိုခင်မောင်သက်၊ ရော ... ဒီစာဖတ်ကြည့်"

ကျွန်တော်သည် ကိုစွန်နောင်း လက်ထဲမှစာကိုယူ၍ ဖတ်လိုက်သည်။

"စောသီရိ ...

မင်းဘဘအတွက် ငွေသိန်းငါးဆယ် အသင့် စီစဉ်ထားပါ၊ မည်သို့အပေးအယူ လုပ်ရမည်ကို ဆက်လက်အကြောင်းကြားမည်။

ရဲကိုဖြစ်စေ၊ မင်းအားကိုးသူ မည်သူ့ကိုပင်ဖြစ်စေ တိုင်နိုင်သည်၊ အကူအညီ တောင်းနိုင်သည်။"

စာမှာ လက်မှတ်တစ်စုံတစ်ရာ ရေးထိုးထားခြင်း မရှိပေ။ ကျွန်တော်သည် စာကို သေချာဖတ်ကြည့်သည်။ ဦးပန်း

နိုင်အား ပြန်ပေးဆွဲသွားသည့် သဘောဖြစ်သည်။ သို့သော် စာ၏ဒုတိယအပိုဒ်က ကျွန်တော့်စိတ်အား စနောင့်စနင်း ဖြစ်စေ၏။ ရိုးရိုးပြန်ပေးသဘော မဟုတ်ကြောင်း အကဲခတ်နိုင်သည်။ ရဲကိုဖြစ်စေ၊ မင်းအားကိုးသူ မည်သူ့ကိုပင်ဖြစ်စေ တိုင်နိုင်သည်၊ အကူအညီတောင်းနိုင်သည်။

"ထိုင်ပါ ကိုစွန်နောင်း၊ အိုက်ပန်လည်း ဆိုင်ကွာ၊ အခြေအနေနဲ့ အစီအစဉ်ကို သေချာအေးအေးနဲ့ ချကြည့်ကြစို့လား"

ဆိုဖာပုကလေးတွင် အားလုံးထိုင်ကြသည်။

"ဒီစာရဲ့ ဒုတိယပိုဒ်ကို ကိုစွန်နောင်းရော နိုင်ပါ သေချာ ဖတ်ကြည့်စမ်း၊ သဘောက စိန်ခေါ်တဲ့ သဘောပဲ၊ ဒါပေမဲ့ သူ့စိန်ခေါ်သံက အောက်ကလီအာသံ ပါနေတယ်ဆိုပါတော့၊ မခံချင်သံ ပါနေတယ်၊ ပြီးတော့ ဒီလက်ရေးဟာ ဖျက်ရေးထားတဲ့ လက်ရေးပဲ၊ အဲဒီ လက်ရေးဟာ ဘယ်သူ ရေးတယ်လို့ ခန့်မှန်းနိုင်မလား နိုင်၊ ကိုစွန်နောင်းနဲ့ အိုက်ပန်ကော ခန့်မှန်းနိုင်မလား"

သူတို့သုံးဦးလုံး စာကို အတန်ကြာသည်အထိ ငေးစိုက်ကြည့်နေကြ၏။ ဇောသိရီနိုင်ကပင် တွက်ဆကျက်ကို ပထမဆုံး ဖော်ထုတ်ပြတော့သည်။

"စာရဲ့အစမှာ ဇောသိရီလို့ ရေးထားတာရယ်၊ မင်းဘာဘလို့ ရေးထားတာရယ်ကို နိုင့်နားထဲမှာ ကိုဝဏ္ဏသုံးလေ့ရှိတဲ့ အသုံးအနှုန်းမျိုး နားထဲမှာ ကြားလာတယ် အစ်ကို"

"သိပ်ဖြစ်နိုင်တာပေါ့ နိုင်၊ အစ်ကိုလည်း ဒီလိုထွင်လို့ ပြန်ဖတ်နိုင်းတာပါ၊ စာရဲ့ဒုတိယပိုဒ်ကိုကြည့်၊ အခုလော



လောဆယ် နိုင်က အစ်ကိုနဲ့ ကိုစွန်နောင်းကို အားကိုးနေတာ ဝဏ္ဏ သိတယ်၊ ဒါကို မခံချင်စိတ်နဲ့ ရေးချတဲ့သဘောမျိုးလို့ ယူဆနိုင်တယ် နိုင်"

"ဟုတ်တယ် ... သိပ်ဖြစ်နိုင်တယ်၊ ခုတလော ဝဏ္ဏ တစ်ယောက် ပျောက်နေတယ်၊ တစ်ခုခု ကျိတ်ကြံနေတာ ဖြစ်မှာပေါ့"

ပြောသမျှကို ငြိမ်၍ နားထောင်နေသော အိုက်ပန်သည် အားပါးတရ စားပွဲကို သူ့လက်ဝါးဖြင့် ပုတ်လိုက်သည်။

"အိုက်ပန် ပြောနိုင်ပြီ အစ်ကိုစွန်နောင်း၊ အခုကိစ္စဟာ ဆရာဝဏ္ဏရဲ့လက်ချက်ဆိုရင် ဆရာကြီးကို သူတို့ခေါ်သွားနိုင်မယ့် နေရာနှစ်ခု အိုက်ပန် ပြောနိုင်ပြီ"

"ဒါဖြင့် ပြောစမ်း အိုက်ပန်"

ဟု စိတ်အားထက်သန်စွာ အားလုံးက မေးလိုက်ကြမိသည်။

"ဆရာဝဏ္ဏမှာ အဖွဲ့မရှိဘူး အစ်ကို၊ သူ့ သိမ်အဖွဲ့နဲ့ပဲ ပေါင်းရမယ်၊ ဒါကို အိုက်ပန် ကောင်းကောင်းသိတယ်၊ အိုက်ပန်တို့ နောက်ဆုံးအခေါက် ဉသိမ်တို့နဲ့တွေ့ပြီး ခံလိုက်ရတဲ့နေရာဟာ သီပေါနားမှာ၊ ကျောက်မဲနဲ့ သီပေါဟာ မိုင်နှစ်ဆယ်ကျော်ပဲဝေးတာ၊ မီးရထားလမ်းနဲ့ မော်တော်ကားလမ်းနှစ်ခုကြားမှာ တောင်နဲ့တောတွေရှိတယ်၊ အစ်ကိုစွန်နောင်းတော့ သိပါတယ်၊ ဟိုတုန်းက ဓော်ဘွားတွေ တောသွားပစ်ရင်နားတဲ့ ကြပ်ကုန်းသွားတဲ့လမ်းလေ"

"အေး ... သိတယ် အိုက်ပန်"

"ဆရာဝဣှာဟာ သိမ်အဖွဲ့နဲ့ ကျွန်တော်တို့ နောက်ဆုံး အခေါက်က ချနေကြတုန်း အဲဒီကြပ်ကုန်းလမ်းထဲ ပြေးဝင်သဘားတာ အိုက်ပန် မျက်စိနဲ့တွေ့တယ်၊ နောက် သိမ်တို့ ပြန်ဆုတ်သွားတော့လည်း အဲဒီကြပ်ကုန်း လမ်းကိုပဲ အစ်ကိုစွန်ခ်နောင်း"

ကိုစွန်နောင်းသည် အိုက်ပန်၏စကားကို လက်ခံပေသည်။

"ဟုတ်တယ် ကိုစင်မောင်သက်၊ ဟိုခေတ်တုန်းကတော့ ဓော်ဘွားတွေ အမဲပစ်ထွက်တဲ့အခါ ကြပ်ကုန်းမှာ စတည်းချတယ်၊ တောကြားတောင်ကြားမှာ ခေါင်တော့ တော်တော်ခေါင်တယ်၊ အခုခေတ်တော့ အရပ်သားတွေ လုံးလုံးမသွားကြဘူး၊ ဓားပြတွေ ကျက်စားနေတဲ့ နေရာမျိုးပဲ၊ သိမ်တို့အဖွဲ့ အဲဒီနေရာကို ခြေကုပ်ယူမယ်ဆို ယူနိုင်လောက်တဲ့ ယုတ္တိရှိတယ်၊ ဒီကောင်တွေ ကိုယ်တိုင်က ဓားပြဂိုဏ်းနဲ့ ဆက်ချင်ဆက်နေမယ့် ကောင်တွေပဲ"

"အဲဒီမှာ အဆောက်အအုံရှိလား"

"ရှိတာပေါ့၊ ဟိုတုန်းက ဓော်ဘွားတွေ စတည်းချတဲ့ နေရာဆိုတော့ တော်တော်ကောင်းတဲ့ အဆောက်အအုံတွေ ဆောက်ထားတာပဲ၊ ဘိုတဲလိုပေါ့"

"ထားပါတော့၊ ကဲ ... အိုက်ပန် ကြပ်ကုန်းပြီးရင် နောက်တစ်နေရာကောကွာ"



"မြို့ထဲက သိမ်တို့တိုက်ပေါ့ အစ်ကို၊ အိုက်ပန် ကြားသလောက်ဆိုရင် သိမ်က သူ့ရဲ့တိုက်အောက်မှာ မြေတိုက်ခန်း တူးထားတယ်တောင် ကြားတယ်၊ သူ့အဖွဲ့ကောင်တွေ အရက်မူးမူးနဲ့ပြောတာ အိုက်ပန် ကြားဖူးတာပါ"

ကျွန်တော် ဘာဆက်လုပ်ရမည်ကို စဉ်းစားနေမိသည်။ ဦးပန်းနိုင်အား ခေါ်သွားနိုင်မည့် နေရာသည် နှစ်နေရာရှိနေပေသည်။ လောလောဆယ် အခြေအနေတွင် သူတို့သည် ငွေသိန်းငါးဆယ် တောင်းခံထားပြီး မည်သည့်နေရာတွင် အပေးအယူလုပ်မည်ကို ဆက်လက် အကြောင်းကြားမည် ဆိုခြင်းကြောင့် ဦးပန်းနိုင်အား ဖျောက်ဖျက် မပစ်သေးမည်မှာ သေချာသည်။ အချိန်မီ အုပ်နိုင်ဖို့ အရေးကြီးပေ၏။

"နောက်တစ်ခု အိုက်ပန်စိတ်ထဲမှာ ရှိသေးတယ် အစ်ကို"

ကျွန်တော်တို့သည် အိုက်ပန်စကားကို နားစွင့်ရပြန်သည်။ ဦးပန်းနိုင်၏ လုပ်ငန်းတွင် အိုက်ပန်သည် တော်တော်ပါဝင်လုပ်ကိုင်ခဲ့ဖူးသည်မို့ အိုက်ပန်၏ အယူအဆတို့သည် အလေးအနက်ထား စဉ်းစားရမည့် အခြေအနေ ရှိပေသည်။

"သူတို့ဆရာကြီးကို ပြန်ပေးဆွဲတာ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်တာဖြစ်မယ် အစ်ကို၊ သိမ်ဟာ ပထမဆရာကြီးစီက ပိုက်ဆံခွဲခွဲချင်တော့ ဆရာကြီးလုပ်လို့ထင်ပြီး နယ်ခြားဖောက်သည်တွေက သူနဲ့အရောင်းအဝယ်လုပ်တယ်၊ နောက် ဆရာကြီးက သူ့နယ်ခြားဖောက်သည်တွေဆီကို သိမ်ဟာ သူ့လူမဟုတ်တဲ့အကြောင်း အကြောင်းကြားလိုက်တယ် ထင်တယ်၊ သိမ် ဘာမှဆက်လုပ်လို့မရဘူး၊ ဒါကြောင့်

ဆရာကြီးတင်လာတဲ့ပစ္စည်းကို လုနိုက်လုပ်ပြီး လမ်းက ဖြတ်ပြီးလုယူခဲ့တာ၊ အခုလည်း နယ်ခြားဖောက်သည်တွေဆီကို သိမ်ကိုပါ ဆက်သွယ်ရောင်းချပါဆိုတဲ့စာမျိုး ဆရာကြီးဆီက သူတို့ ဖွတ်တောင်းမှာပဲ၊ တစ်ဖက်ကလည်း ငွေသိန်းငါးဆယ် အရောင်ရမယ်ဆိုတဲ့ သဘောမျိုး လုပ်တာနေမှာပါ အစ်ကို"

အိုက်ပန်၏စကားသည် အများကြီး စဉ်းစားစရာကောင်းသော စကားဖြစ်၏။ အိုက်ပန် ပြောသည်သာ မှန်လျှင် ဦးငန်းနိုင်အား သိမ်အဖွဲ့က နည်းအမျိုးမျိုး ညှဉ်းဆဲပြီး နယ်ခြားဆက်သွယ်နိုင်သည့်စာကို တောင်းခံမည်မှာ အမှန်ဖြစ်သည်။ ဦးပန်းနိုင်လိုလူသည် အလွယ်တကူ အရေးပေးမည့်လူ မဟုတ်။ ယင်းသို့ဆိုလျှင် သူတို့သည် ဦးပန်းနိုင်အား လော့လောဆယ် အသက်သေဆုံးသည်အထိ ဘာမှမလုပ်သေးဟု ယူဆနိုင်လေသည်။

"အားမငယ်နဲ့နိုင်၊ ဒီအတိုင်းဆိုရင် ဦးဟာ အသက်ရှင်လျက် ရှိနေမှာ သေချာပါတယ်၊ ကဲ ... ဒီလိုလုပ်စို့၊ ကျောက်မဲရဲတပ်ဖွဲ့ကို နိုင်ကသွားပြီး အဲဒီပြန်ပေးစာကိုပြ၊ ပထမအဆင့်အနေနဲ့ မြို့ထဲက သိမ်တိုက်ကို ရှာဝရမ်းနဲ့ ဝင်ရှာပေးဖို့ နိုင်က မေတ္တာရပ်ခံပေါ့"

"အစ်ကိုတို့ကကော"

"အစ်ကိုရယ်၊ ကိုခွန်နောင်းရယ်၊ အိုက်ပန်ရယ် ကြပ်ကုန်းကို အရင်လိုက်သွားမယ် နိုင်၊ ဟိုမှာ . နိုင့်ဘဘရှိရင် အသက်ရှင်လျက် ပြန်ရအောင် အစ်ကိုတို့ အစွမ်းကုန်ကြိုးစားမယ်၊ တကယ်လို့ မြို့ထဲက သိမ်တိုက်မှာ ဦးကို



မတွေ့ရဘူးဆိုရင် အဲဒီရဲတပ်ဖွဲ့နဲ့ ကြပ်ကုန်းကို လိုက်ခဲ့ပေါ့၊ ဖြစ်မလား နိုင်"

"ဖြစ်ပါတယ် အစ်ကို"

"ကောင်းတယ်၊ ကိုခင်မောင်သက်ရဲ့ အစီအစဉ်ကောင်းတယ်၊ ကိုင်း ... အိုက်ပန်က မြင်းသုံးစီး ပြင်တော့ကွာ"

ကျွန်တော်က ကိုခွန်နောင်းကို လှမ်းကြည့်လိုက်သည်။

"မြင်းနဲ့ သွားကြရမှာလား ကိုခွန်နောင်း"

"ကြပ်ကုန်းဆိုတာက တောလမ်း တောင်လမ်းပဲ၊ မြင်းနဲ့ပဲ ခရီးတွင်မယ် ကိုခင်မောင်သက်"

● ❁ ●

## ၁၄

အပြာရောင်ဂျစ်ကလေးသည် တောင်ငူသောလုံးကွင်းနှင့် ပြည်တော်သာတိုက်ခန်းများကို လမ်းအတိုင်း ကျော်ဖြတ်မောင်းနှင်လာခဲ့လေသည်။ ထို့နောက် ညာဘက်သို့ ချိုးကွေ့လိုက်၏။ အတန်ငယ်မောင်းပြီး ညာဘက်ကုန်းမြင့်သို့ ထပ်မံချိုးကွေ့ မောင်းလာပြန်ကာ တစ်ထပ်တိုက်ကလေးတစ်လုံး၏ ဆင်ဝင်အောက်တွင် ထိုးရပ်လိုက်လေ၏။

"ဟဲ့ ... တို့ဆရာဝန်ရပ်ကွက်ထဲမှာ ဘယ်သူတွေ မဟုတ်က ဟုတ်က အလုပ်လုပ်နေကြပါလိမ့်၊ ရဲကားကြီးနဲ့ လာစစ်နေသတော့"

"လုပ်ပြီ မမသက်ကတော့"

ဦးတင်ကိုကိုသည် ယူနီဖောင်းအပြည့်ဖြင့် တိုက်ပုကလေးထဲသို့ ဝင်လာခဲ့သည်။ ဦးတင်ကိုကို အသံကြား၍ လေးလေးမြင့်သည် အခန်းထဲမှ အပြေးကလေး ထွက်လာခဲ့တော့၏။ ဦးတင်ကိုကိုအား အပြုံးကလေးဖြင့် နှုတ်ဆက်လေသည်။



"ကျွန်တော့်ကတိအတိုင်း လာခဲ့တာပါ ဒေါက်တာ ဒေါ်လေးလေးမြင့်၊ သခင်မြိုင်အမှုမှာ တရားခံအစစ်ကို ကျွန်တော်တို့ မိလိုက်ကြပါပြီ"

"အဲဟယ် ... မမသက် ာ်ချင်လိုက်တာ၊ ဘယ်သူလဲပြောစမ်း"

ဦးတင်ကိုကိုက ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ သက်သက်နှင့် လေးလေးမြင့်တို့ကလည်း ထိုင်ချကာ ဦးတင်ကိုကို၏ စကားကို စိတ်ရောကိုယ်ပါ နားစွင့်နေကြတော့၏။

"သူ့အမေ ဦးဘမြိုင်ပဲ မမသက်"

"ဗုဒ္ဓေါ"

"မဗုဒ္ဓေါနဲ့ မမသက်၊ အမှုအကြောင်းကို ကျွန်တော် အစကအဆုံး ပြောပြမယ်၊ ပြောနိုင်တဲ့ အခြေအနေလဲရှိပြီ"

ဟု အစပျိုးကာ ကိုတင်ကိုကိုသည် အရက်ပိုင်းစခဲ့သည်မှ နောက်ဆုံး ဖိနပ်ခြေရာရှင် ရှာတွေ့သည်အထိ ပြောပြလေသည်။ ထိုအထိပင် တစ်နာရီနီးပါး ပြောရလေသည်။ ဦးတင်ကိုကိုသည် အာခြောက်သွားဟန်တူ၏။

"အဲဗျာ ... မမသက်က ချက်လုံးပြူးလိုက်၊ နှုတ်ခမ်းစူလိုက်နှင့် အိုက်တင်အမျိုးမျိုးလုပ်ပြီး နားသာထောင်နေတယ်၊ ဒီမှာက အာခြောက်လှပြီ၊ ရေနွေးကြမ်းကို ဘာမှမတိုက်ဘူးဗျာ"

"အေးဟဲ့ ... ဟုတ်သားပဲ၊ ဒါပေမဲ့ မောင်ရင့်လိုပေါ၊ မမသက်မှာ အဲဒီလို လုပ်ပေးမယ့် အိမ်ရှင်အိမ်ထိန်းမှမရှိတာပဲကွာ"

လေးလေးမြင့်က ရယ်မောကာ ရေခဲသေတ္တာဆီသို့ အပြေးသွားပြီး အထဲမှ လိမ္မော်ရည်သုံးပုလင်း ဖောက်လိုက်သည်။ ပုလင်းတွင် စုပ်တံကလေးများတပ်ကာ လင်ပန်းတစ်ချပ်နှင့်ထည့် ယူလာလျက် တစ်ဦးစီ၏ရှေ့သို့ ချပေးလေ၏။

ဦးတင်ကိုကိုသည် လိမ္မော်ရည်ကို ပုလင်းတစ်ဝက် ကျိုးသည်အထိ သောက်ပြီးမှ စကားကို ဆက်ပြောတော့သည်။

"ဦးဘမြိုင်ကို စပြီးမသင်္ကာတာက ကျွန်တော်တို့ရဲ့ဆရာ ဦးကိုကိုကြီးပါ၊ သစင်မြိုင် သေဆုံးလို့ ဆရာရောက်သွားတော့ ဦးဘမြိုင်က ဒါဟာ လူသတ်မှုလို့ ချက်ချင်းကောက်ပြောတာကိုး၊ ပြီးတော့ ကိုစင်မောင်သက်ဆီကို ဦးဘမြိုင်က မြားဦးလှည့်ပြောတယ်၊ လူတစ်ယောက်ဟာ သေနတ်ဒဏ်ရာနဲ့ သေတာနဲ့ သူများသတ်တာလို့ ချက်ချင်းဘယ်ပြောနိုင်မလဲ မမသင်္ကာ၊ သူ့ကိုယ်သူ သတ်သေလို့ကော မရဘူးလား၊ ကျွန်တော့်စိတ်ထဲမှာ သစင်မြိုင်ရဲ့အလောင်း မျက်နှာမှာရော၊ ကိုတင်အောင်လွင်ရဲ့မျက်နှာမှာရော အံ့ဩနေတဲ့ အမူအရာကို တွေ့နေပြီး သူတို့နှစ်ဦးလုံးကို သတ်သွားတဲ့လူဟာ သူတို့မျှော်လင့်ထားတဲ့လူ မဟုတ်နိုင်ဘူးလို့ ယေဘုယျ မှတ်လိုက်မိတယ်"

"နေပါဦး၊ ကိုတင်အောင်လွင်ကို ဘာလို့ ဦးဘမြိုင်က ဆက်သတ်တာလဲ"

"ဦးဘမြိုင် သစင်မြိုင်ကိုသတ်ပြီး ထွက်သွားတာ ကိုတင်အောင်လွင်က မြင်တာကိုး၊ ကိုတင်အောင်လွင် ရောက်လာ



တဲ့အထိ ကိုစင်မောင်သက်က အိပ်မောကျနေတာကိုလည်း ကိုတင်အောင်လွင်က တွေ့ခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ တင်အောင်လွင်လည်း သေသာသွားရော ဦးဘမြိုင်ဟာ သူ့သမီးရင်းကို ဘာလို့ သတ်ပါလိမ့်လို့ အံ့ဩသွားရှာတယ် ထင်ပါရဲ့"

"အင်း _ ဟုတ်တယ်နော်၊ လေးလေးလည်း ဒါကို အံ့ဩတယ်"

"မအံ့ဩနဲ့ ဒေါ်လေးလေးမြင့်၊ သစင်မြိုင်ဟာ ဦးဘမြိုင်ရဲ့ သမီး မဟုတ်ဘူး၊ ကျွန်တော် ဆက်ပြောပါ့မယ်၊ ကျွန်တော်တို့ကိုယ်တိုင်လည်း သစင်မြိုင်ဟာ ဦးဘမြိုင်ရဲ့သမီးရင်းလို့ပဲ ထင်မှတ်ခဲ့တယ်၊ ကိုညွန့်ဝေရဲ့ဖိနပ်ဆိုင်မှာ ဦးဘမြိုင်ရဲ့ဖိနပ်ရာနဲ့တူတာ သွားတွေ့ပြီး ဦးဘမြိုင် ဖိနပ်မှန်းလည်း သိရော ကျွန်တော် သိပ်အံ့ဩမိတယ်၊ ဘာလို့လဲဆိုတော့ တင်အောင်လွင်ရဲ့မီးဖိုခန်းထဲက ဒီဖိနပ်ရာကို ကျွန်တော် ရခဲ့တယ်၊ ကျွန်တော် စောစောကတည်းက ရှထားတဲ့ သီအိုရီက သေသူနှစ်ဦးကိုယ်ထဲက ကျည်ဆံက သတ်သူဟာ တစ်ယောက်တည်းသော လူသတ်သမား၊ သတ်တဲ့သေနတ်က တစ်လက်တည်းသော သေနတ်လို့ ယူဆတာကိုး၊ ဦးဘမြိုင်က တင်အောင်လွင်ကို သူ့သမီး စော်ကားသူမို့ မိုးတစ်(စ်)အရ သတ်တယ်ထား၊ ဦးဘမြိုင်ဟာ သူ့သမီး သစင်မြိုင်ကို ဘာလို့သတ်ရသလဲ၊ ပြီးတော့ အရင်အသတ်ခံရတာက သစင်မြိုင်၊ သစင်မြိုင်ကို သတ်ပြီးမှ တင်အောင်လွင်ကို သတ်တာ ...

"သစင်မြိုင်ကို ဦးဘမြိုင် သတ်တယ်လို့ အချက်အလက်တွေက ညွှန်းလာတော့ ကျွန်တော့်စိတ်ထဲမှ သံသယတွေနဲ့ ဦးဘမြိုင်အကြောင်းကို ဆက်စုံစမ်းတော့တာပေါ့၊ ဟို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် ဦးဘမြိုင် ငယ်စဉ်ဘဝက စပြီး ကျွန်တော် စုံစမ်းတော့တယ်၊ ဦးဘမြိုင်က သစ်စက်စာရေးလေး၊ သူယူတဲ့မိန်းမ ဒေါ်သက်မေက သစ်စက်ပိုင်ရှင်ရဲ့တစ်ဦးတည်းသော သမီး၊ သူတို့ ဘယ်လိုညားကြသလဲ ဆိုတာကစပြီး စုံစမ်းတယ်၊ အဲဒီမှာ ဦးဘမြိုင်နဲ့ ဒေါ်သက်မေ မင်္ဂလာဆောင်စဉ်က ကမ်းတဲ့ဖိတ်စာကို သူတို့နဲ့တစ်ခေတ်တည်း ဒေါ်ကြီးတစ်ယောက်ဆီက ကျွန်တော် ရခဲ့တယ်၊ အဲဒီဖိတ်စာထဲမှာ လက်ထပ်တဲ့နေ့စွဲတွေ ပါလာတာကိုး၊ အဲဒီကနေပြီး မြို့နယ်စပယ်ရုံးက မွေးစာရင်း အဟောင်းတွေကို ကျွန်တော် သွားစစ်ပြန်တယ်၊ သစင်မြိုင်ရဲ့မွေးစာရင်းကို ကျွန်တော်တွေ့တယ်၊ ဦးဘမြိုင် မင်္ဂလာဆောင်တဲ့နေ့စွဲနဲ့ သစင်မြိုင်မွေးတဲ့နေ့ဟာ ငါးလပဲကွာတယ်၊ ကဲ ... မမသက်၊ ကလေးတစ်ယောက်ကို ငါးလတည်း ကိုယ်ဝန်နဲ့ မွေးနိုင်ပါ့မလား"

"အစောဆုံး ခုနစ်လပဲ ရှိနိုင်ပါတယ်၊ ကဲ ... ဆက်ပြောပါဦး"

"တစ်ခု ကျွန်တော် စဉ်းစားရပြန်တယ်၊ ဒေါ်သက်မေရဲ့ ကိုယ်ဝန်ဟာ သူ့ရဲ့စက်စာရေးလေး ဦးဘမြိုင်နဲ့ မင်္ဂလာမဆောင်ခင်ကတည်းက ရနေရင်တော့ သစင်မြိုင်ဟာ ဦးဘမြိုင်ရဲ့သမီးအရင်းပဲ ဖြစ်နိုင်တယ်ပေါ့၊ ဒါကို ဖိတ်စာ



ပေးတဲ့ အဒေါ်ကြီးဆီမှာပဲ အစ်အောက်ကြည့်ရတယ်၊ အဲဒီ အဒေါ်ကြီးက ဘမြိုင်နဲ့ သက်မေဟာ လူကြီးပေးစားမှ ညားရတာပါတဲ့၊ သက်မေ အကြောင်း သူသိသပေါ့တဲ့၊ ဒါပေမဲ့ ပြောလို့မကောင်းပါဘူးတဲ့၊ သူတို့ကိုယ်တိုင် မင်္ဂလာဆောင်တဲ့နေ့နဲ့ သက်မေ ကလေးမွေးတဲ့နေ့ကို တွက်ပြီး ကျိတ်ရယ်ရသတဲ့လေ ...

"သစင်မြိုင်ကို သတ်သူဟာ ဦးဘမြိုင်ရယ်လို့ အထောက်အထားတွေက ညွှန်းထားတာရယ်၊ အဒေါ်ကြီး ပြောတဲ့ စကားတွေရယ်' ဒေါ်သက်မေ မင်္ဂလာဆောင်တဲ့နေ့နဲ့ ကလေးမွေးတာ ငါးလတည်း ကြာတာရယ်တွက်ပြီး သစင်မြိုင်ဟာ ဦးဘမြိုင်ရဲ့သမီး မဟုတ်ဘူးလို့ပဲ ယူဆလိုက်တယ်၊ ဒီကြားထဲ ဦးဘမြိုင်က ဆုတ်တွင်းက မိန်းမတစ်ယောက်နဲ့ ထပ်ညားတာကိုပါ တွေ့ရပြန်တယ်။ အဲဒီမိန်းမနဲ့ညားပြီး သန်းသန်းမြိုင်ဆိုတဲ့ သမီးလေးပါ ရနေတယ်၊ ဒေါ်သက်မေရော သစင်မြိုင်ပါ ဦးဘမြိုင်ရဲ့ဆုတ်တွင်းက မယားနဲ့သမီး သန်းသန်းမြိုင် ရှိနေတာကိုလည်း သိတယ်၊ အဲဒီ သားအမိအပေါ်မှာလည်း နိုင်ထက်စီးနင်း သစင်မြိုင်တို့က လုပ်ကြတယ် ဆိုတာလည်း ထပ်ပြီးစုံစမ်းလို့ ရပြန်တယ်" ...

"အဲဒီမှာ အမွေစားမှုကို စဉ်းစားရပြန်ရော၊ ဦးဘမြိုင်ဟာ စီးပွားရှာကောင်းတဲ့လူ မှန်ပေမယ့် အမိက အခြေခံတာက ဒေါ်သက်မေရဲ့အမွေတွေပေါ်မှာ အခြေခံနေတာရယ်၊ သစင်မြိုင်သာလျှင် တရားဥပဒေအရ အမွေဆက်ခံနိုင်တာ

ရယ်ကို တွေ့ရတယ်၊ ဦးဘမြိုင်က သူ့သမီးမဟုတ်တဲ့ သစင်မြိုင်ကို အမွေတွေပေးမယ့်အစား အုတ်တွင်းက သူ့သမီးရင်း သန်းသန်းမြိုင်ကိုသာ ပေးချင်မှုရတယ်လို့ တွက်ရပြန်တယ်၊ ဒီကြားထဲမှာ သစင်မြိုင်က မအေ့ဘက်လိုက်တယ် ထင်ပါရဲ့၊ တင်အောင်လွင်နဲ့ ဖောက်လွဲဖောက်ပြန်ဖြစ်ပြီး ကိုယ်ဝန်ရလာတယ်၊ အဲဒီမှာ ကိုခင်မောင်သက်နဲ့ မကျေမနပ် ဖြစ်ကြရတယ် ...

"နောက်ဆုံး ကိုခင်မောင်သက်က သူဟာသမွေးသားမရနိုင်တဲ့လူ ဆိုတာကို အထောက်အထားနဲ့ပြောပြီး သစင်မြိုင်ရဲ့ မိဘတွေကို တိုင်တယ်ထင်ပါရဲ့၊ အဲဒီလို လင်မယားမသင့်တင့်တာကို အကွက်ကောင်းယူပြီး ဦးဘမြိုင်က သစင်မြိုင်ကို သတ်ပစ်လိုက်တာပဲ၊ ဒါက သီအိုရီပဲ ရှိသေးတယ်နော် မမသက်၊ ဖိနပ်သဲလွန်စကတော့ အထောက်အထားတစ်ခု ဖြစ်ပါရဲ့၊ မခိုင်လုံဘူး။ ဖိနပ်ဆိုးလ် ဆိုတာက လူအများ စီးနိုင်ကြတာပဲ၊ အဓိကဖြစ်ရမှာက သစင်မြိုင်နဲ့ တင်အောင်လွင်ကို သတ်လိုက်တဲ့ ဘရောင်းနီခြောက်လုံးပြူးလေ ...

ဒီခြောက်လုံးပြူးကို တရားရုံးမှာ မတင်ပြနိုင်ရင် ဦးဘမြိုင်ကို ဖွဲ့ချက်တင်ဦး၊ လွတ်သွားမှာပဲ၊ သေနတ်ဆိုတာတောင် သစင်မြိုင်နဲ့ တင်အောင်လွင်ရဲ့ ကိုယ်ထဲကရတဲ့ ကျည်ဖူးနဲ့ ကိုက်ညီပါတယ်လို့ ဓာတုဗေဒက ထောက်ခံတဲ့သေနတ်ဖြစ်မှ ခိုင်လုံမှာ"

"အဲဒီတော့ ..."



"ခုန ကျွန်တော်ရထားတဲ့ အထောက်အထားတွေရဲ့ သီအိုရီတွေနဲ့ ငွေညှစ်စာတစ်စောင် ရေးပို့ပေးလိုက်တယ်၊ ငွေညှစ်တဲ့လူက ကိုခင်မောင်သက်ရဲ့ အရက်ဝိုင်းမှာ ပါခဲ့တဲ့ လူတစ်ယောက်က ချောင်းကြည့်လို့ မျက်မြင်တွေ့တဲ့အနေနဲ့ပေါ့"

"အတော်ကြောက်စရာကောင်းတဲ့လူပဲ၊ မောင်ရင့်တော့ မမသက် ကြောက်လာပြီ၊ ဟိုလွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်က မင်္ဂလာဆောင်တာတွေ၊ ကလေးမွေးတာတောင် ပေါက်ပေါက်ရှာရှာ လိုက်စုံစမ်းတဲ့လူပဲ"

"ဒါက ကျွန်တော့် အသက်မွေးဝမ်းကျောင်း ပညာပဲ မမသက်ရဲ့၊ ပြီးတော့ တာဝန်နဲ့ ဝတ္တရားကိုး၊ ဒါကြောင့်လည်း အပြစ်မရှိတဲ့ ကိုခင်မောင်သက်လိုလူမျိုး လွတ်သွားပြီး အပြစ်ရှိတဲ့လူကို မိလာတာပဲ မဟုတ်လား"

"ဒါဖြင့် ကိုခင်မောင်သက်က ကွင်းလုံးကျွတ် လွတ်တာပေါ့၊ ဟုတ်လား ဦးတင်ကိုကို"

လေးလေးမြင့်၏ ထက်သန်လှသော အမေးကို ဦးတင်ကိုကိုက ဖြည်းလေးစွာ ဖြေကြားလိုက်ပါသည်။

"တရားရုံးမှာ သက်သေတစ်ယောက်အနေနဲ့ အစစ်ခံရမှာကလွဲရင် ကိုခင်မောင်သက်မှာ တခြား ဘာမှမရှိတော့ပါဘူး၊ ဦးဘမြိုင်ကလည်း အားလုံးဖြောင့်ဆို ဝန်ခံပါတယ်၊ သူ့ဆီကရတဲ့ ဘရောင်းနီခြောက်လုံးပြူးကိုလည်း အင်းစိန်ဓာတုဗေဒကို ပို့ထားပါတယ်၊ ဓာတုဗေဒ ရိပို့ဟာ သစင်မြိုင်နဲ့ တင်အောင်လွင့်ကိုယ်ထဲကရတဲ့ ကျည်ဖူးဟာ ဒီသေ

နတ်နဲ့ပစ်တာပါလို့ ရေးမှာမလွှဲပါဘူးလေ၊ ဘာလို့လဲဆို တော့ ဦးဘမြင့်က သူကိုယ်တိုင် ဒီသေနတ်နဲ့ပစ်ကြောင်း ဖြောင့်ဆိုနေပြီပဲဟာ"

လေးလေးမြင့်၏ မျက်နှာသည် ဝင်းပလက်နီးဆန်း လွန်းလာပေတော့သည်။

ကမ္ဘာပေါ်တွင် အလှဆုံးပွင့်ပါသည်ဆိုသည့် ပန်းပင် လျှင် လေးလေးမြင့်၏ ဝင်းပလက်နီးဆန်းရွှေသော မျက်နှာကို နိုင် အံ့မည် မထင်တော့ပါလေ။

"မိသက် ... ငါ့ကို ဆောက်လုပ်ရေးအင်ဂျင်နီယာဌာနရုံး ခေါ လိုက်ပို့ပေးကွာ၊ ပြီးတော့ ကနေ့ နေ့လယ် အမြန် ရထားမှာ အသောက်တန်းတစ်နေရာ ဘွတ်(ခ်)လုပ်ပေးကွာ၊ ကိုယ် မန္တလေးပြန်မယ်၊ မနက်ရထားနဲ့ ကျောက်မဲလိုက် မယ်၊ ပြီးတော့ ကိုယ့်ကို တောင်ငူဆေးရုံကြီးရဲ့ လျှောက် လွှာတင်ပေးကွာ"

"ဟဲ့ ... ဟဲ့ ... မိလေးလေး၊ နင့်ဟာ ဘာရောဂါလဲ၊ ဆရာဝန်အရှုင်းရှင်းဖြစ်တဲ့ ရောဂါမျိုးတော့ ငါလည်း မကုတတ်ဘူးနော်"

ဦးတင်ကိုကိုသည် သူငယ်ချင်းမနှစ်ဦးအား ကြည့် ကာ ရယ်မောနေပေသည်။

"ကဲ ... ကျွန်တော့်ကတိအတိုင်း အမှုမှန်ပေါ်ပေါ်ချင်း ကျွန်တော် လာပြီး ဖောက်သည်ချပြီးပါပြီ ဒေါက်တာ၊ ကိုစင်မောင်သက်နဲ့ ဒေါက်တာ ဘယ်လိုပတ်သက်ပြီး ဘာလို့ ဒီလောက် ပူပင်ရတယ်ဆိုတာ ပြောပါဦး"



ဒေါက်တာလေးလေးမြင့်သည် အားနာစွာဖြင့် ဦးတင် ကိုကိုအား ပြုံးပြီးပြန်ပြောလိုက်ပေသည်။

"ဝမ်းနည်းပါတယ် ဦးတင်ကိုကို၊ အခုအချိန်ထိ အဲဒီကိစ္စ က ထိပ်တန်းလျှို့ဝှက်မှုပါ၊ လေးလေးတို့ကိစ္စ အားလုံး ပြေလည်တာနဲ့ ဦးတင်ကိုကိုဆီကို လေးလေးကိုယ်တိုင် လာပြီး ပြောပါ့မယ်၊ စိတ်ချပါ"

"တော်ပြီ"

ဦးတင်ကိုကိုသည် ရယ်သွမ်းသွေးရင်း နေရာမှထ လိုက်ပါတော့သည်။

● ● ●

## ၁၅

အဆောက်အအုံမှာ ကုန်းမြင့်မြေပြန့်တွင် ဖြစ်ပါလေသည်။ အဆောက်အအုံ ပတ်ဝန်းကျင်တွင် တစ်ချိန်က ခြံဝင်းကို စနစ်တကျ ခတ်ခဲ့ဟန်တူသော်လည်း ယခုမူ မလုံမလဲ ကျိုးတိုးကျဲတဲ ခြံဝင်းသာ ရှိနေ၏။ အဆောက်အအုံ၏ ပတ်ဝန်းကျင်တွင် ချုံနွယ်များ ရှိနေသည်။ ချုံနွယ်များမှာ ဤလို ရွက်ဟောင်းကြွေ၍ ရွက်သစ်လောင်းသောလဝယ် ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေလေ၏။

ဤအခြေအနေ အားလုံးကို ကျွန်တော်သည် အကဲခတ်ရသည်။ ပြီးမှ လေသံတိုးတိုးဖြင့် ကိုစွန်နောင်းအား မေးရသည်။

"ဒီကြပ်ကုန်းက အဆောက်အအုံကို ကိုစွန်နောင်းကျွမ်းကျင်ရဲ့လား"

"ကျွန်တော်ကိုယ်တိုင် အဲဒီမှာ စခန်းချပြီး အမဲပစ်ဖူးတယ် ကိုခင်မောင်သက်၊ ဒါပေမဲ့ ခပ်ငယ်ငယ်ကပေါ့ဗျာ"



"ဦးပန်းခိုင်ကို ဘယ်လို အခန်းမျိုးထဲမှာ ထားမယ်ဆိုတာကော ကိုစွန်နောင်း ခန့်မှန်းနိုင်မလား"

ကိုစွန်နောင်းက ခေါင်းညိတ်ပြသည်။ ကျွန်တော်သည် အဆောက်အအုံကို လှမ်းကြည့်မိပြန်သည်။ အထဲတွင် မှန်အိမ်မီးတစ်ခုတော့ ထွန်းထားဟန်တူ၏။ မသဲမကွဲသော အလင်းရောင်မျိုးကို မြင်ခဲ့ပေသည်။

ဤကြပ်ကုန်း အဆောက်အအုံထဲဝယ် လူအင်အားမည်မျှ၊ လက်နက်အင်အား မည်မျှရှိသည်ကို ကျွန်တော်တို့ ပထမသိဖို့လိုသည်။

ကျွန်တော်သည် ကြိုးစား၍ ကြည့်ရပြန်သည်။ ညသည် ဝိုးတဝါးသာ ဖြစ်နေ၍ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရပေ။

"မြင်းခြောက်ကောင် ချည်ထားတာတော့ မြင်တယ် အစ်ကို"

ဟု အိုက်ပန်က တိုးတိုးကလေး ဆိုလာသည်။

မြင်းခြောက်ကောင်ဆိုလျှင် လူခြောက်ယောက်ရှိနိုင်သည်။ ဦးပန်းခိုင်ကိုနုတ်လျှင် လူငါးယောက်ရှိမည်ဖြစ်၏။ လူငါးယောက်တွင် သေနတ်ငါးလက် အနည်းဆုံးရှိနိုင်သည်။

"ကဲ ... ဒီလိုလုပ်ရို့၊ ကိုစွန်နောင်းက နောက်ဖေးဘက်က ဝင်၊ ကျွန်တော်က ရှေ့ကဝင်မယ်၊ ကိုစွန်နောင်းတာဝန်က ဦးပန်းခိုင်ကိုသာ အရထုတ်ပေတော့၊ ကိုစွန်နောင်းကို ရန်ပြုမယ့် လူမှန်သမျှ ကျွန်တော်က အမိအရပစ်မယ်၊ အိုက်ပန်က အစ်ကိုတို့ ဒီကသွားတာနဲ့ ဒီတစ်ဝိုက်က ချုံနွယ်တွေကို မီးရှို့ကွာ၊ အထဲကကောင်တွေ ထွက်လာရင် ဒီချုံတွေ မီးရှို့ထားတဲ့ အလင်းရောင်နဲ့ မင်းမြင်နိုင်တယ်၊

ပစ်ချ၊ အသေမပစ်နဲ့နော်၊ မထနိုင်ရုံ ခေါင်တို့ ဘာတို့ကို ပစ်ပေါ့ကွာ"

အိုက်ပန်က ခေါင်းညိတ်ပြသည်။ ကျွန်တော်သည် ကိုစွန်နောင်း ရှာဖွေပေးထားသည့် ဒသမလေးငါးပစ္စတိုနှင့် မဂ္ဂဇင်းကတ်ပိုများကို ပြန်လည် စစ်ဆေးကြည့်သည်။ တို့နောက် ကိုစွန်နောင်းနှင့် အိုက်ပန်ကို အချက်ပြလိုက်သည်။

ကိုစွန်နောင်းသည် လက်ဝဲရစ် ပန်းသွားကာ အဆောက်အအုံ၏ နောက်ဘက်သို့ တရွေ့ရွေ့ချဉ်းကပ်သွား၏။ ကျွန်တော်ကလည်း လက်ယာရစ်ပန်းကာ အဆောက်အအုံရှေ့သို့ ကြောင်တစ်ကောင်လို ခြေသံလုံလုံဖြင့် ချဉ်းကပ်လာခဲ့သည်။

အဆောက်အအုံရှေ့တွင် တစ်စုံတစ်ရာ အစောင့်ချထားသည်ကို မတွေ့ရပေ။ သူတို့သည် ဤကြပ်ကုန်းနေရာကို ကျွန်တော်တို့ မသိနိုင်၊ မလာနိုင်ဟု ယူဆထားပုံရသည်။

ကျွန်တော်သည် အရိပ်အမြည်ကြည့်ကာ အဆောက်အအုံရှေ့တံခါးဆီသို့ ချဉ်းကပ်ခဲ့သည်။ တံခါးမှာ ပိတ်ထားလေ၏။ ပြတင်းပေါက်များမှာ မှန်တံခါးဖြစ်သော်လည်း ဆေးစိမ်းသုတ်ထား၍ ဘာမျှ အတွင်းသို့ မမြင်ရပေ။ ဟနေသော ပျဉ်ကြားမှ ကျွန်တော် ချောင်းကြည့်မိသည်။ ညေ့်ခန်းကို မြင်ရ၏။ ညေ့်ခန်းတွင်းဝယ် စားပွဲတစ်လုံး ရှိနေ၏။ စားပွဲပေါ်တွင် ပုလင်းနှစ်လုံးနှင့် ဖန်ခွက်အချို့ကို တွေ့နေရသည်။ ကုလားထိုင်များမှာ ဟင်းလင်းဖြစ်နေသည်။ လူတစ်ယောက်မျှ မရှိ။ သူတို့သည် များမကြာမီကပင် အရက်သောက်သွားဟန် တူသည်။ ယခုမူ အစုလိုက် အပြုံလိုက် ဘယ်ကိုပျောက်နေလေသနည်း။



သူတို့သည် ကျွန်တော်တို့ လာသည်ကို သိလေသောကြောင့် တစ်နေရာရာကို အကာအကွယ်ယူကာ တန်ပြန်ချောင်းမြောင်းနေလေသလား။

မည်သို့ဆိုစေ စွန့်စားရပေမည်။ ကျွန်တော်သည် တံခါးမကြီးအား တွန်းကြည့်သည်။ အတွင်းကန့်လန့်ထိုးထား၏။ မှန်ပြတင်းသို့ ပြန်အလာ တွေးဆမနေတော့ဘဲ ဆောက်ခြေရှိမှန်တစ်ချပ်ကို ဆတ်ဆတ်ကလေး ရိုက်ခွဲလိုက်သည်။ တစ်ချိန်တည်းမှာပင် မှန်ကွဲပေါက်မှ လက်လျှို၍ ကန့်လန့်ကိုဖွင့်နိုင်သည်။ ပြတင်းကိုဖွင့်ကာ ကျွန်တော် အထဲသို့ကျော်ဝင်လိုက်၏။

ယင်းအချိန်မှာပင် နောက်ဘက်ဆီမှ ရယ်မောသံများနှင့် ဖိနပ်သံများ ကြားရသည်။ ကျွန်တော်သည် အမှောင်ကျရာ မတ်တတ်ဗီရိုကြီးဘေးထောင့်တွင် အသာရပ်နေလိုက်လေသည်။ ကျွန်တော်၏ ဒသမလေးငါးကြီး၏ မောင်းကိုလည်း ဆွဲတင်ထားလိုက်သည်။

"တကယ်တော့ မင်း လက်တွေဟာ သစ်ပင်သစ်သီးစိုက်ဖို့သာ လေ့ကျင့်လာခဲ့တာ မဟုတ်လား စွန်နောင်း၊ ဒီဘက်မှာတော့ မင်းက မကျွမ်းကျင်ဘဲ သူ့ရဲကောင်း လုပ်ချင်တာကိုးကွ၊ ဟား ... ဟား"

ထွက်လာသူများထဲတွင် ကျွန်တော်သည် ဓေလုနှင့် ဝရွှေကို သိလေ၏။ ဘောလုံးကွင်းဘေးတွင် ဓေလုနှင့်အတူ သတ်ပုတ်ခဲ့ရသော ဓေလု၏နောက်လိုက် နှစ်ယောက်ကိုလည်း ကျွန်တော် မှတ်မိလေသည်။ သူတို့အားလုံးအား ခေါင်းဆောင်သူမှာ လူထွားတစ်ယောက်ပင် ဖြစ်သည်။ နှုတ်ခမ်းမွေးကျင်စွယ်နှင့်

အသက်လေးဆယ်ခန့်ရှိသည့်ဖြစ်သည်။ သိမ်ဆိုသူပင် ဖြစ်လေမည်။ ၎င်းအုပ်စု၏ကြားတွင် ကိုစွန်နောင်းနှင့် ဦးပန်းခိုင် ရှိလေ၏။ ဦးပန်းခိုင်၏ မျက်နှာမှာ စားပွဲပေါ်မှ မှန်အိမ်မီးရောင်ဖြင့် အညိုအမည်းများကို မြင်နေရသည်။ သူတို့အုပ်စုသည် ဦးပန်းခိုင်အား အတန်ငယ် ထိုးကြိတ်နှိပ်စက်ထားပြီး ဖြစ်ဟန်တူသည်။ သူတို့လက်ထဲ၀ယ် သေနတ်များ ကိုယ်စီရှိနေကြသည်။

သူတို့အုပ်စု ကျွန်တော့်အား မမြင်မီ ကျွန်တော် တစ်ခုခု လုပ်ရပေမည်။ ကျွန်တော်သည် စားပွဲပေါ်မှ မှန်အိမ်ကို ကျည်တစ်တောင့်ဖြင့် ပစ်ချလိုက်ပေသည်။ ဒိုင်းခနဲ သေနတ်သံနှင့်အတူ မှန်အိမ်မှာ ခွမ်းခနဲကွဲကာ စားပွဲပေါ်မှ အောက်သို့လိမ့်ကျသွား၏။

“ကိုစွန်နောင်း ... ဦးပန်းခိုင် ... ပြေး ... ပြေး”

ကျွန်တော်သည် အော်ဟစ်ရင်း ကျွန်တော့်လက်ထဲမှ သေနတ်ကို တစ်ချက်ချင်း အဆက်မပြတ် ပစ်ဖောက်ကာ တစ်နေရာမှ တစ်နေရာသို့ရွှေ့ရင်း စောစောက ကျွန်တော် ၀င်ခဲ့သော ပြတင်းတင်းမှ အပြင်သို့ ခုန်ထွက်လိုက်သည်။

စားပွဲပေါ်မှ မှန်အိမ်ကျသွားချိန်တွင် ဖြုန်းခနဲ သူတို့သည် သေနတ်သံထွက်လာရာ ကျွန်တော့်ဘက်သို့ လှည့်ကြည့်လိုက်၏။ ယင်းအချိန်မှာပင် ကိုစွန်နောင်းသည် ဦးပန်းခိုင်လက်ကိုဆွဲကာ နောက်ဖေးဘက်သို့ တရစပ် ပြေးထွက်သွားကြသည်။

စားပွဲပေါ်မှ ကျသွားသော မှန်အိမ်မှ ရေနံဆီများသည် ဧည့်ခန်းကြမ်းပြင်၀ယ် ပြန့်ဆင်းသွားပြီး မီးတောက်မှာလည်း တဖြည်းဖြည်း စတင်ကြီးမားလာပြီ ဖြစ်တော့သည်။



ထိုအချိန်မှာပင် အိုက်ပန်၏လက်ချက်ဖြင့် ကြပ်ကုန်းဝန်းကျင်ရှိ ချုံပုတ်အခြောက်အသွေ့များသည်လည်း အပြင်ဘက်သို့ ပြေးထွက်ကာ မီးမကူးသေးသော ချုံကြားကို ကျော်ဖြတ်ပြီး အဝေး၌ အကာအကွယ်ယူကာ အဆောက်အအုံဆီသို့ ကြည့်နေမိသည်။ ကျွန်တော့်လိုပင် အိုက်ပန်သည်လည်း တစ်နေရာတွင် သေနတ်ကိုင်၍ ရှိနေမည်မှာ မလွဲပေ။ ကျွန်တော် ဆုတောင်းရသည်မှာ ကိုစွန်နောင်းနှင့် ဦးပန်းခိုင် လွတ်မြောက်သွားဖို့သာဖြစ်၏။ ကိုစွန်နောင်း လက်၀ယ် သေနတ်ရှိတော့မည် မဟုတ်ပေ။ ကိုစွန်နောင်း လက်မှသေနတ်ကို သူတို့သိမ်းယူပြီး ဖြစ်နေသည်မှာ သေချာပေ၏။

ကြပ်ကုန်းအဆောက်အအုံ၏ ကြမ်းပြင်ကို မီးစွဲလောင်ပြီဖြစ်သည်။ မီးတောက် မီးညွန့်များကို ကျွန်တော် ၀င်မိသောပြတင်းမှ လှမ်းမြင်နေရ၏။

အဆောက်အအုံပတ်ဝန်းကျင် ချုံနွယ်များကို မီးလောင်လျက်ရှိသည်။ အဆောက်အအုံထဲ၌လည်း လောင်စွဲသော မီးတောက်မှာ အင်အားကြီးလာပြီဖြစ်၏။ အဆောက်အအုံအပြင်၌ ချည်ထားသော မြင်းခြောက်ကောင်မှာ ကြောက်လန့်တကြား ဟီမြည်ကာ ရုန်းရင်းဆန်ခတ် ဖြစ်လာပြီဖြစ်၏။

ပထမဆုံး ၀ဏ္ဏသည် အပြင်သို့ ပြေးထွက်လာသည်။ ကျွန်တော်သည် နှစ်ချက်ဆင့်ပစ်လိုက်သည်။ ၀ဏ္ဏ အထဲသို့ပြန်ပြေးကပ်ရင်း၊ ကျွန်တော့်အား ပြန်ပစ်သည်။ ကျွန်တော်သည် ကိုယ်ကိုလိမ့်ကာ နေရာပြောင်းလိုက်သည်၏။ ထိုစဉ်မှာပင် သိမ်

လည်း ပြေးထွက်လာပြန်သည်။ တစ်နေရာမှ သေနတ်သံတစ်ချက် ကြားရကာ သိန် ရွေခနဲ လဲကျသွား၏။ အိုက်ပန်ထံမှ ပစ်လိုက် သော သေနတ်သံပင် ဖြစ်ပေမည်။

သိန်နှင့် ဝဏ္ဏတို့သည် အထဲတွင် လောင်ကျွမ်းနေသော မီးတောက်မှ အလွတ်ရုန်းကာ အပြင်ထွက်ပြီး မြင်းများနှင့်ပြေး လိုဟန် စိတ်ကူးရှိကြပုံရသည်။

ဝေလုနှင့် နောက်လိုက်နှစ်ယောက်သည် မိုက်တိ မိုက်ကန်းပင် သေနတ်များကို ပြောင်းဦးတည်ရာ ပစ်ခတ်လျက် ထွက်ထွက်လာကြသည်။ ကျွန်တော်သည် လှမ်းပစ်ရပြန်၏။ သို့သော် သူတို့သည် အငြိမ်မနေ လှုပ်ရှားလျက်ရှိခြင်းကြောင့် ထိဟန်မတူ ပေ။ အိုက်ပန်ကလည်း လှမ်းပစ်ပုံရသည်။ သူတို့သုံးဦးထံမှ သေ နတ်သံနှင့် ကျွန်တော်နှင့် အိုက်ပန် ပစ်ခတ်နေသော သေနတ်သံ တို့သည် ဆူညံလျက်ရှိနေသည်။ သူတို့သုံးဦးသည် မြင်းပေါ်သို့ အတင်းတက်ကာ မီးဝိုင်းနေသော ချုံနွယ်ကို ဖောက်ထွက်ပြီး ပြေးကြတော့သည်။

ကျွန်တော်နှင့် အိုက်ပန် ပစ်လိုက်သေးရာ နောက် ဆုံးမှလိုက်ပြေးသူ မြင်းပေါ်မှ လိမ့်ဆင်း ကျွမ်းပြန်ကျသွားတော့ သည်။ ဝေလုနှင့် သူ့တပည့်တစ်ယောက်မှာ လွတ်သွားပေတော့ သည်။

"ဟေး … ဝဏ္ဏ၊ မင်း လက်နက်ချပေတော့"

ဟု ကျွန်တော်က အသံပေးရင်း နေရာပြောင်းရပြန် သည်။



"သိန်လည်း ထိထားပြီ၊ ဝေလုနဲ့ သူ့တပည့်လည်း ထွက် ပြေးပြီ၊ မင်း မီးရောင်ထဲကို ထွက်ခဲ့"

အတန်ကြာသည်အထိ ဝဏ္ဏ ထွက်မလာပေ။

ယင်းအနိုက်မှာပင် အတော်များသော မြင်းခွာသံများ ကြားရသည်။ တဖြည်းဖြည်း မြင်းခွာသံများသည် နီးကပ်လာလေ ၏။ လောင်နေသော မီးရောင်ဖြင့် ဇောသီရိမိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ကို လှမ်းမြင်ရတော့သည်။

ကိုခွန်နောင်သည် မီးရောင်တွင် မားမားကြီးရပ်၍ ဇောသီရိမိုင်နှင့် ရဲတပ်ဖွဲ့အား လက်ပြနှုတ်ဆက်ပေသည်။

"ဟေး … ကိုခွန်နောင်း၊ နောက်ပြန်ဆုတ် … နောက်ပြန် ဆုတ်"

"ဒိုင်း"

ကျွန်တော်၏ သတိပေးသံစကားမှ မဆုံးမီ ဝဏ္ဏ သည် ပြေးထွက်လာကာ မီးရောင်တွင် မားမားကြီးရပ်နေသော ကိုခွန်နောင်းအား ပစ်ချလိုက်ရာ ကိုခွန်နောင်းသည် ကိုယ်တစ်ပတ် လည်သွားကာ ပခုံးအား လက်တစ်ဖက်ဖြင့်ဖိရင်း လဲကျသွား တော့၏။

ကျွန်တော် လက်နေး၍ မဖြစ်တော့ပေ။

သေနတ်ပြောင်းကို တည့်မတ်စွာချိန်ကာ ကိုဝဏ္ဏ အား ပစ်ချလိုက်ပါတော့သည်။ ကိုဝဏ္ဏသည် ဖွဲအိတ်လို ပုံကျ သွားတော့၏။

"အစ်ကိုခွန်နောင်း … အစ်ကိုခွန်နောင်း"

စောသီရိသည် မြင်းပေါ်မှ ပြေးဆင်းလာကာ လဲကျနေရာ ကိုခွန်နောင်းဆီသို့ ရောက်သွားလျက် မွေ့ပိုက်ထားရှာသည်။ ဦးပန်းနိုင်လည်း တစ်လှမ်းချင်း လျှောက်လာ၍ သမီးဖြစ်သူ၏ ပခုံးကို ညင်သာစွာ ကိုင်တွယ်လိုက်သည်။ ကျွန်တော်သည် လဲကျနေသော သိမ်နှင့် ဝဏ္ဏကို သွားကြည့်ရသေး၏။ နှစ်ယောက်စလုံး သေလောက်သောဒဏ်ရာ မရကြပေ။ သူတို့ထံမှ သေနတ်များကို ရဲတပ်ဖွဲ့ဝင်များက သိမ်းလိုက်သည်။ အိုက်ပန်သည်လည်း အနားရောက်လာကာ တင်းမာသောအကြည့်ဖြင့် သိမ်နှင့် ဝဏ္ဏကို တစ်ချက်ကြည့်ကာ ကိုခွန်နောင်းထံ လျှောက်သွားသည်။

ရဲတပ်ဖွဲ့သည် သူ၏တာဝန်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သူတို့သည် ဖောက်ထွင်းပြေးထွက်သွားသော စေလုနှင့်တပည့်အားလည်း လမ်းတွင်မိဟန်တူသည်။ နှစ်ယောက်တွဲကြိုးတစ်ချောင်းဖြင့် လက်ပြန်ကြိုးတုပ်ထားလေ၏။ သေနတ်ဒဏ်ရာ ရထားသည့် သိမ်၊ ဝဏ္ဏနှင့် မြင်းပေါ်မှကျခဲ့ စေလု၏တပည့်ကိုလည်း လက်ပြန်ကြိုးများ တုပ်ထားလျက်ရှိသည်။

ထို့နောက် ရဲတပ်ဖွဲ့သည် မီးလောင်လျက်ရှိသော ကြပ်ကုန်း အဆောက်အအုံကို သစ်ခက်စိမ်းများဖြင့် ငြိမ်းသတ်ရန် ကြိုးစားသော်လည်း ကြီးမားသော မီးတောက်အားကို မနိုင်တော့သဖြင့် လက်လျှော့ရမည့် အခြေအနေ ရှိနေပါလေ၏။

ကျွန်တော်သည် ကိုခွန်နောင်းဆီသို့ လျှောက်သွား၏။ ကိုခွန်နောင်း၏ပခုံးမှ သွေးများ တသွင်သွင်စီးလျက်ရှိနေ



သည်။ ကိုခွန်နောင်းသည် ဒဏ်ရာကြားမှပင် စောသီရိနိုင်အား ပြုံးကာကြည့်နေသည်။ စောသီရိနိုင်သည် ကိုခွန်နောင်း၏အင်္ကျီကိုဆွဲစုတ်ကာ ဒဏ်ရာမှသွေးထွက်ရပ်လေအောင် ပတ်တီးစည်းနေပေသည်။

ကျွန်တော် ရောက်လာသည်ကို မြင်သော ါ ကိုခွန်နောင်းသည် လှုပ်ရှားနိုင်သော ဘယ်လက်အား ကျွန်တော့်ထံသို့ ကမ်းပေးလေသည်။ ကျွန်တော်သည် အားရပါးရ ဆွဲဆုပ်ထားမိသည်။

ရဲတပ်ဖွဲ့၏အစီအစဉ်အရ ဒဏ်ရာရသူများကို အမြန်ကျောက်မဲဆေးရုံသို့ မြင်းနှင့်သယ်ယူရန် ဖြစ်လေသည်။ ကိုခွန်နောင်းကို သယ်ယူစဉ် စောသီရိနိုင်လည်း လိုက်ပါသွားလေ၏။

"မောင်ခင်မောင်သက်ကို ကျေးဇူးကြီးလှပါတယ်ကွယ်၊ ဦးအနေနဲ့ မောင်ခင်မောင်သက်ကို ဘယ်လိုကျေးဇူးဆပ်ရမယ်တောင် မပြောတတ်အောင်ဘဲ"

ဟု ဦးပန်းနိုင်သည် ကျွန်တော့်အား မဖက်ရုံတစ်မည် အသံတုန်ကြီးဖြင့် ကျေးဇူးစကား ဆိုပေသည်။ ပြီးမှ အိုက်ပန်ဘက်လှည့်ကာ ...

"အိုက်ပန်ကိုလည်း ဆရာကြီး ကျေးဇူးတင်တယ်၊ တို့တစ်တွေ ဒီလုပ်ငန်းကို စွန့်ကြမယ် အိုက်ပန်၊ ဆရာကြီးတို့တရားဥပဒေရဲ့အဆုံးအဖြတ်ကို ခံယူပြီးရင် အိုက်ပန်အတွက် ဆရာကြီးလက်ဖက်ခြံတစ်ခု လက်ဆောင်ပေးမယ်၊ အဲဒီမှာ အိုက်ပန် လုပ်စားပေါ့"

ကျွန်တော်သည် ကြပ်ကုန်းအဆောက်အအုံကြီးအား လောင်နေသေးသော မီးတောက်ကို လှမ်းကြည့်နေမိ၏။

ကျောက်မဲတွင် ကျွန်တော် ပြုလုပ်ဖွယ်ကိစ္စ အရယ်ရယ်သည် မရှိလေတော့ပြီဟု ကျွန်တော် ယူဆမိသည်။

●●●



# ၁၆

ဤမျှသော ကိစ္စကြီးတစ်ခု ဖြစ်လာသောအခါ ရဲတပ်ဖွဲ့သည် အစစ်အဆေး အမေးအမြန်းတွေကို ဆက်တိုက်စစ်မေးရတော့သည်။ ထို့ကြောင့်ပင် ကျောက်မဲတွင် နှစ်ရက် ကျွန်တော်နေရသေး၏။

ကိုခွန်နောင်းမှာလည်း ဆေးရုံတွင် အခြေအနေအလွန်ကောင်းလျက် ရှိပေသည်။ ကျွန်တော်သည် ရဲတပ်ဖွဲ့မှမေးမြန်းသည်ကို ဖြေဆိုရသည့်အချိန်မှလွဲ၍ ကျွန်တော်၏အထူးဆောင်အခန်းမှ မထွက်ပေ။ ဆောသီရိနိုင်မှာလည်း ဆေးရုံတွင် ရှိနေသောကိုခွန်နောင်းအား နေ့စဉ်သွားရောက် ပြုစုနေရသဖြင့် ကျွန်တော်နှင့် အတွေ့နည်းပေသည်။

ယနေ့တွင်မူ ...

ကျွန်တော်သည် ကျွန်တော်၏အထူးခန်းမှ အိမ်ကြီးပေါ်သို့ တက်လာခဲ့သည်။

ရောင်စုံသစ်ခွတို့သည် တိုးလိုးတွဲလောင်း လန်းလန်းဆန်းဆန်းဖြင့် အဝင်ဝမှ ကျွန်တော့်ကို ကြိုဆိုလျက် ရှိကြသည်။

ညှိခန်းဆိုဖာကြီးများပေါ်ဝယ် အမှုမှ အာမခံရထား သော ဦးပန်းနိုင်၊ စောသီရိနိုင်နှင့် သူမ၏မယ်မယ်တို့ ထိုင်လျက် သား တွေ့ရ၏။

"လာ ... အစ်ကို၊ နိုင်တောင် အစ်ကို့ဆီလာမလို့ ဘဘကို အခုပဲ ပြောနေသေးတယ်၊ အစ်ကိုက အသားဖြူအောင် အခန်းအောင်းနေတယ် ထင်လို့"

ချစ်စဖွယ်သော ပါးချိုင့်ကလေးများ ချိုင့်ခွက်သွား သည်အထိရယ်ကာ ကျွန်တော့်အား နှုတ်ဆက်ရင်း အရွှတ်အနောက် ကလေး ပြောလာလေ၏။

"လာယော့ ... မောင်ခင်မောင်သက်"

ကျွန်တော် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် ဒီနေ့ပဲ သွားတော့မယ် ဦး၊ သြော် ... နိုင်၊ အစ်ကို ဒီနေ့ပဲ သွားတော့မယ်ကွယ်"

ဦးပန်းနိုင်သည် ကျွန်တော့်အား ပြုံး၍ကြည့်ပြီး သူ့သမီး စောသီရိနိုင်အား တစ်ချက် လှမ်းကြည့်လိုက်ပြန်၏။

"နေပါဦး၊ မောင်ခင်မောင်သက်က ဘယ်သွားမှာလဲ"

"ကျွန်တော် တောင်ငူက လာတဲ့လူမှန်း ဦး သိသားပဲ၊ တောင်ငူကိုပဲ ကျွန်တော် ပြန်ပြီးအဖမ်းခံတော့မယ်"

"ဟေ ... အဖမ်းခံမယ်"

"အို ... အစ်ကိုက ဘာလို့ အဖမ်းခံမှာလဲ"

ဦးပန်းနိုင်နှင့် စောသီရိနိုင်သည် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြိုင်တူ မေးလိုက်ကြသည်။ သို့သော် သူ



တို့မျက်နှာတွင် တစ်စုံတစ်ရာ ထူးခြားနေသည်ဟု ကျွန်တော် ထင်မိ သည်။ သူတို့သည် ကျွန်တော် အဖမ်းခံရမည်ကို အံ့ဩသွားပုံ တော့ ပြကြ၏။ သို့သော် သူတို့အံ့ဩပုံမှာ တစ်မျိုးကြီးဖြစ်နေ သည်။ စိတ်ထဲမှာ တကယ်အံ့ဩသော အံ့ဩပုံမျိုး မဟုတ်ဘဲဟန် ဆောင်အံ့ဩသည့် အသွင်မျှသာ ရှိကြသည်ထင်သည်။

အမှန်မှာ စောသီရိနိုင်သည် ကျွန်တော့်ကို တကယ် ခင်မင်သူ ဖြစ်သလို ဦးပန်းနိုင်ကလည်း ကြပ်ကုန်း၌ ကျွန်တော်၏ ဆောင်ရွက်မှုကို အလေးအနက်ထားသူတစ်ဦး ဖြစ်သည်။ သူတို့ သည် ကျွန်တော် အဖမ်းခံရမည်ဆိုလျှင် တကယ်အံ့ဩကာ တကယ် ကျွန်တော်အဖမ်းခံရမှုကို မလိုလားသူများသာ ဖြစ်သင့် ပါလျက် ယခုမူ သူတို့နှစ်ဦး၏ အမူအရာမှာ ဟန်ဆောင်လုပ်နေ ကြောင်း ထင်ရှားလှ၏။

"နိုင်နဲ့ အစ်ကို နားတောင်းကျမှာ တွေ့ခဲ့တဲ့ အချိန်ကစပြီး နိုင်ဟာ အစ်ကို့ရဲ့လျှို့ဝှက်ချက်ကို အစ်အောက်မေ့ဖြန်း သိချင်နေခဲ့တာပဲ မဟုတ်လား နိုင်"

"သိပ်ဟုတ်တာပေါ့ အစ်ကို"

ကျွန်တော်သည် ဖွင့်ထုတ်သင့်သော အချိန်ရောက် ပြီမို့ အရက်ဝိုင်း စခဲ့သည်မှအစ နောက်ဆုံး ထွက်ပြေးလာခဲ့ရာမှ စောသီရိနိုင်နှင့်တွေ့ကာ ကျောက်မဲ ပါလာခဲ့ပုံကို အသေးစိတ် နောက်ကြောင်းပြန်ပါတော့သည်။

ကျွန်တော်၏ နောက်ကြောင်းပြန်မှုကို ဦးပန်းနိုင် သည် တည်တည်ငြိမ်ငြိမ် နားထောင်နေသည်။ နိုင်ကမူ ကျွန်တော်

၏စကားသွား စကားလာအရ အမျိုးမျိုး အမှုအရာလုပ်ပြကာ နားထောင်ပေသည်။ သို့သော် ဓာသီရိနိုင်၏ အမှုအရာတို့မှာ ဟန်လုပ်နေသော အမှုအရာများသာတည်း။

"အဲဒါပဲ နိုင်၊ အစ်ကိုဟာ တောင်ငူကနေပြီး တရားခံပြေး ဘဝနဲ့ ပြေးခဲ့တယ်၊ အခုတော့ ဒီလို ကျီးလန့်စာစားပြေး နေရတဲ့ဘဝကို အစ်ကိုစက်ဆုပ်မိတယ်၊ ဒါကြောင့် အစ်ကို တောင်ငူပြန်ပြီး အဖမ်းခံတော့မယ်"

"အေးပေါ့ကွယ်၊ ရာဇဝတ်ဘေးဆိုတာ ပြေးလို့ကောလွတ် ရိုးတဲ့လား၊ အခု ကြည့်ပေါ့၊ သခင်တို့အဖွဲ့ကို လက်ပူးလက် ကြပ် သုံ့တိုက်ကြီးထဲမှာ ရွှေချောင်းနဲ့ ဘိန်းတွေ့မိခဲ့တာ ရယ်၊ ကြပ်ကုန်း မီးလောင်ပြာထဲက ဖမ်းမိတဲ့ ရွှေချောင်း တွေရယ်၊ ဦးကိုပြန်ပေးဆွဲတဲ့ အတွက်ရယ်ကြောင့် နောက်ဆုံး ပြေးမလွတ် မိရတာပဲ မဟုတ်လား"

"ကဲ ... အခု အစ်ကိုပြောမယ်၊ အစ်ကိုဟာ တောင်ငူက ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦး ဖြစ်တယ် နိုင်၊ အစ်ကို နာမည်က ခင်မောင်သက်တဲ့၊ အစ်ကို့ဇနီးနာမည်က သစင် မြိုင်တဲ့၊ နိုင် သိပေါ့သွားတုန်းက လေးလေးမြင့်ကို ခတ်မိ ပေးခဲ့ပြီး နိုင်သိချင်လှပါတယ်ဆိုတဲ့ အမျိုးသမီးပါပဲ နိုင်"

"ဟုတ်တယ် အစ်ကို၊ တကယ်လို့ အစ်ကိုဟာ တောင်ငူ ကျရင် အစ်ကို့ဇနီး -- သစင်မြိုင်ကို သတ်သူမဟုတ်ဘဲ လွတ်သွားရင် အစ်ကို ဘာလုပ်မလဲ အစ်ကို၊ နိုင်တို့ဆီ ပြန်လာခဲ့ပါလား"



"အဲဒီအထိ အစ်ကို ဘာမှမစဉ်းစားဘူး နိုင်၊ တောင်ငူမှာ အစ်ကိုက ဘာတွေဖြစ်မလဲမှန်းမှ မသိတာပဲ"

နိုင်သည် ငြိုးစီစီကလေး နားထောင်နေပေသည်။ ကျွန်တော့်စိတ်ဝယ် ဓာသီရိနိုင်အား ခံပြင်းမိသည်။ ဒီသူငယ်မ သည် ကျွန်တော့်အား ခင်မင်မိပါသည် ဆိုစဉ်က တမ်းတမ်းစွဲ ဖြစ်သော်လည်း ယခု ကိုခွန်နောင်းဘက်သို့ စိတ်လည်သွားသော အခါ၌ကား ကျွန်တော့်အပေါ်တွင် မိတ်ဆွေသဘော၊ အစ်ကိုတစ် ယောက်၏သဘောမျှပင် မထားရှိသလားဟု သံသယဖြစ်မိသည်။ လူသတ်မှုဖြင့် အဖမ်းခံရမည့် အစ်ကိုတစ်ယောက်၊ မိတ်ဆွေတစ် ယောက်အတွက် မည်သူသည် ငြိုးစီစီ နေနိုင်ပါမည်နည်း။

ကျွန်တော်သည် ကျွန်တော့်အား ကျေးမွေးပြုစုမှု အတွက် ကျေးဇူးတင်စကား ပြောလိုက်ပြီး ...

"ကဲ ... နိုင်၊ အစ်ကို့ကားသော့ပေးပါ"

နိုင်သည် နေရာမှထကာ ညှိခန်းထောင့်တစ်နေရာ တွင် ချိတ်ထားသောသော့ကို သွားယူလာခဲ့သည်။

"တာတ်ဆီလည်း နိုင် အပြည့်ထည့်ထားပါတယ် အစ်ကို"

သော့ကိုယူကာ ကျွန်တော်သည် အထူးဆောင်သို့ ပြန်လာခဲ့သည်။ ကျွန်တော်၏လက်ဆွဲသေတ္တာကိုယူပြီး ကားဆီ သို့ လာခဲ့သည်။ ကားပေါ်သို့ သေတ္တာကို တင်လိုက်ကာ လက် ကိုင်ဘီးနောက်၌ ကျွန်တော် နေရာယူလိုက်၏။

ထိုအခိုက် ဓာသီရိနိုင် ပြေးထွက်လာကာ ကျွန်တော့် ဘေးတွင် အမောတကောလေး လာရပ်၏။

"အစ်ကို လာတုန်းက နားထောင်းကျကစပြီး ကျောက်မဲ အထိ နိုင်ဟာ အစ်ကို့အဖော် ဖြစ်ခဲ့ပါတယ် အစ်ကို"

"အဲဒါ ဘာဖြစ်လဲ နိုင်"

"ဪ ... အစ်ကိုက အခု တစ်ယောက်တည်း ပြန်မှာဆို တော့ နိုင့်စိတ်ထဲ တစ်မျိုးကြီးပါပဲ"

"တော်ပါတော့ နိုင်"

ဟု ကျွန်တော်က ပြောကာ သော့တံကို ဖွင့်လိုက်မိသည်။ စောသီရိနိုင်သည် သော့တံမှ ကျွန်တော့်လက်ကို သူမ၏ လက်ဖဝါးနုနုကလေးဖြင့် အုပ်ကိုင်ကာ ...

"နေပါဦး အစ်ကို၊ နိုင်ပြောတာ နားထောင်ပါဦး၊ အစ်ကို လာတုန်းက အစ်ကို့အဖော်အဖြစ် နိုင် ပါခဲ့သလို အခု အစ်ကို အပြန်မှာ အစ်ကို့အတွက် အဖော်လိုတာ အမှန်ပါ၊ နိုင်ကတော့ အစ်ကို့အဖော်အဖြစ် မလိုက်နိုင်တော့ဘူး အစ်ကို၊ အခု အစ်ကိုသွားမယ့် တောင်ငူကို အကြွလိုက်ချင်တဲ့ လူတစ်ဦး ရှိနေပါတယ်၊ သူက တောင်ငူကို အလုပ်နဲ့သွားရမယ့်လူပါ၊ အစ်ကိုလည်း အဖော်ရအောင် ခေါ်သွားပါလား အစ်ကို"

"တော်ပြီ နိုင်၊ အစ်ကို တစ်ယောက်တည်း ကောင်းပါတယ်"

"ဪ ... အစ်ကိုကလည်း၊ နိုင်ထည့်မယ့် အစ်ကို့အဖော်ကို ကြည့်ပဲကြည့်ပါဦး၊ ပြီးမှခေါ်ချင်လည်း ထားခဲ့ပေါ့၊ ဟောဟိုမှာ အစ်ကို၊ တောင်ငူပြည်သူ့ဆေးရုံကိုသွားပြီး အလုပ်လက်ခံမယ့် အစ်ကို့အဖော်လေ"



နိုင်သည် လက်ညှိုးညွှန်ပြသည်။ လက်ညှိုးညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်လိုက်၏။

ကျွန်တော် ပါးစပ်ပြဲသွားရပါတော့သည်။

အိမ်ကြီး၏အဝင်ဝ သစ်ခွရောင်စုံကြားဝယ် ဒေါက်တာလေးလေးမြင့်သည် အပြုံးကလေးနှင့် ရပ်နေရှာ၏။ သူမ၏ လက်တစ်ဖက်တစ်ချက်ဝယ် ခရီးဆောင်လက်ဆွဲသေတ္တာတစ်လုံး နှင့် အိပ်ရာလိပ်တစ်ခု ရှိနေကြသည်။

"ဟာ ... ဒါက ဘယ်လိုတွေလဲ"

လေးလေးမြင့်သည် ညင်သာစွာ ကျွန်တော်၏ကားအနီးသို့ ရောက်လာ၏။ အိပ်ရာလိပ်နှင့် လက်ဆွဲသေတ္တာကို ကားနောက်သို့ တင်လိုက်ပေသည်။

"ဘယ်လိုတွေရမှာလဲ အစ်ကို၊ လေးလေး ဒီကျောက်မဲက ထွက်သွားတာ ဘယ်ကိုလဲ သိလား အစ်ကို၊ တောင်ငူကို စုံထောက်သွားလုပ်တာတဲ့၊ အစ်ကို့အမှုအကြောင်း အားလုံး သိလာခဲ့ပြီ၊ အစ်ကိုဟာ လူသတ်တရားခံ မဟုတ်ဘူး၊ ကဲပါ ... တစ်လမ်းလုံး ဒါတွေကို လေးလေးက ပြောပြလိမ့်မပေါ့"

လေးလေးသည် ကျွန်တော့်ကို ပြုံးပြသည်။ တစ်လောကလုံးတွင် လေးလေးမြင့်၏ အပြုံးသည် ကျွန်တော့်အဖို့ မင်္ဂလာပေတည်း။ လေးလေးမြင့်သည် ကျွန်တော့်ဘေးတွင် ဣန္ဒြေ ရရယင် တက်ထိုင်လိုက်သည်။

ကျွန်တော်က မော်တော်ကားစက်ကို နှိုးလိုက်သည်။

"ဘယ်လိုလဲ အစ်ကို၊ နိုင် ထည့်ပေးတဲ့အဖော်ကို မလိုချင်ဘူးဆို၊ ဒါဖြင့် ပြန်ထားခဲ့တော့လေ"

ကျွန်တော်က ဘာမှပြန်မဖြေဘဲ နိုင်၏နဖူးပြင်ကလေးကို မနာအောင် လှမ်းထုလိုက်သည်။ ပြီး ကျွန်တော့်ကားကို နံပါတ်တစ်ဂီယာ သွင်းလိုက်သည်။

ဇောသီရိနိုင်သည် ရီဝေသော မျက်လုံးများဖြင့် ကျွန်တော်နှင့် လေးလေးမြင့်အား လက်ပြနေရှာသည်။ ဦးဝန်းနိုင်သည် အိမ်ကြီး၏အဝမှ ကျွန်တော်တို့အား ပြုံးပြုံးကြီး ကြည့်နေလေ၏။

ကျွန်တော်သည် အကြောက်အလန့်ဖြင့် မြောက်ဘက်သို့ လာခဲ့ရာတွင် ဇောသီရိနိုင်ကို အဖော်အဖြစ် တွေ့ရပြီး ကျောက်မဲတွင် ထပ်ဆင့်ပြဿနာတွေ တွေ့ခဲ့ရ၏။ ထရံတစ်ဖန် တောင်ဘက်သို့ ကျွန်တော် ပြန်လာရာဝယ် ကျွန်တော့်နံဘေးတွင် အဖော်အဖြစ် လေးလေး ပါလာခဲ့သည်။ တောင်ငူတွင် ဘာတွေ ရင်ဆိုင်ရပြီး ဘာတွေ ဖြစ်ဦးမည်တော့ မသိ။

ကျွန်တော်သည် လေးလေး၏ပခုံးလေးကို လှမ်းဆွဲကာ ကျွန်တော့်ဘက်သို့ တိုးစေသည်။

"မကဲနဲ့ ဆရာကြီး၊ ကြိုးစင်မတက်ရဘဲ ချောက်ထဲကျကြဦးမယ်၊ မောင်းရင် မဖွေ့နဲ့၊ ဖွေ့ရင်မမောင်းနဲ့တဲ့"

ကားမှာ မြို့ပြင်သို့ ရောက်ခဲ့ပြီမို့ ကျွန်တော်သည် အပင်ရိပ် ကောင်းကောင်းအောက်တွင် ရပ်လိုက်သည်။ အသွားအလာလည်း ရှင်းလှပေသည်။

"ဘာလို့ ရပ်တာလဲ ကိုသက်"



"သြော် ... လေးလေးက မောင်းရင်မဖွေ့နဲ့၊ ဖွေ့ရင်မမောင်းနဲ့ဆို၊ အဲဒါကြောင့် မမောင်းဘဲ ရပ်လိုက်တာ"

ပြောပြောဆိုဆို လေးလေးအား ကျွန်တော့်ရင်ခွင်ထဲသို့သွင်းကာ ကြူကြူပါအောင် ကျွန်တော်က ဖွေးလိုက်ပါတော့သည်။

"ဟွန်း ... လူက တော်တော်ကဲတယ်၊ လမ်းမကြီးမှာ"

ဟု ဆိုစေကာမူ လေးလေးမြင့်သည် မရုန်းကန်ဘဲ ကျွန်တော့်ဘက်သို့ အလိုက်သင့်ပါလာကာ တောင်ငူတွင် ဖြစ်နေသော ကျွန်တော်နှင့် သခင်မြှင်၏အမှုကို အားလုံးရှင်းပြပါတော့သည်။

ကျွန်တော့်ရင်ဝယ် တင်အောင်လွှင် အသသတ်ခံရမှုအတွက် စိတ်မကောင်း ဖြစ်သလို ဦးဘမြိုင် လူသတ်တရားခံဖြစ်ရသည်ကိုအံ့ဩမိပြီး ဦးတင်ကိုကို၏ စွမ်းဆောင်ချက်ကို ချီးကျူးမိသည်။

"လေးလေးလေ တောင်ငူက ကိုသက်တို့ အင်ဂျင်နီယာမှူးကြီးနဲ့လည်း တွေ့ခဲ့တယ် ကိုသက်"

"ဘာပြောလဲ လေးလေး"

"ကိုသက်က ဘာမှမစုံစမ်းဘဲ ထွက်ပြေးတာကို အပြစ်တင်တယ်၊ အလုပ်ရှင်က ကိုသက် ခွင့်မတိုင်ကြားဘဲ ထွက်သွားတာကို ပထမအကြိမ် သတိပေးမယ်တဲ့၊ ပျက်ကွက်ရက်တွေကို ခွင့်မဲ့ပျက်ကွက်ရက် သတ်မှတ်ပြီး လစာငွေထဲက ဖြတ်မယ်တဲ့"

"ဖြတ်ပါစေ၊ နောက်ထပ်တောင် ကိုသက်က ခွင့်တွေထပ်ယူဦးမှာပဲ လေးလေး"

"ဘာလို့"

"ဪ ... လေးလေးနဲ့ လက်ထပ်ရမယ်၊ ဟန်းနီးမွန်းထွက်ရမယ်လေ"

"အမယ် ... တောင်ငူကျရင် ဘယ်မှာနေကြရမှန်းတောင် မသိဘဲနဲ့များ သူက ကွက်ကျော်ရိုက်ချင်လိုက်တာ"

ကျွန်တော်သည် မြောက်ဘက်သို့ လာခဲ့စဉ်တွင် ဒုက္ခတွေ အရင်းခံခဲ့ရပေမယ့် ယခု တောင်ဘက်သို့ ပြန်ဆင်းရသည့်အခါမှာကား ကျွန်တော်၏ လောကဓိမာန်ကလေးဆီသို့ ဦးတည်နေရသည်ဟူ၍သာ မှတ်ယူမိပါတော့သည်။

မှားခြပ်ဦးနှိ

တက္ကသိုလ်ထင်မြင့်